

ဇဝနး
ဝိညာဉ်မိစ္ဆာ။
စာပေ

နုဝင်း

---

# ဝိညာဉ်မိတ္တ။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် -- ၅၀၁၅၁၇၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၅၆၁၁၀၈

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချမ်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊
ဧပြီလ၊

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ဓီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764


# နိဒါန်း

'တင်… တင်… တင်'

သံစဉ်မဟုတ်။ ဆူညံနေတာမျိုးလည်းမဟုတ်။ ကြားလိုက်တာနဲ့ နာရီသံဆိုတာကို သိသာစေသည်။ ထိုအသံကို သူသိပါသည်။

နွယ်သာကီ အသတ်ခံရသည့်ညတွင် နွယ်သာကီ၏ လွယ်အိတ်ကို ကောက်ယူခဲ့ပြီး ရွာကိုပြန်ရောက်သည့်ည သန်းခေါင်ကျော်တွင် ထိုအသံကြောင့် သူ အိပ်ယာမှလန့်နိုးခဲ့သည်။

သူငယ်ချင်း ဝင်းမော်ကတော့ အိပ်ပျော်နေပြီ။ ဘယ်ကမှန်းမသိပေမယ့် နာရီသံဆိုတာ သူသိသည်။ အိပ်ယာပေါ်က ထိုင်လိုက်သည်နှင့် ထိုအသံသည် ခေါင်းရင်းစားပွဲပေါ်က လာမှန်း ချက်ချင်းသိလိုက်သည်။

စားပွဲပေါ်မှာ ဘက်ထရီမီးချောင်းတစ်ချောင်း၊ စာအုပ်ထပ်နှစ်ထပ်နှင့် ဆေးလိပ်ပြာခွက်လေးတစ်ခု… ဒါပဲရှိသည်။

နာရီသံထွက်နေသည်က သူတင်ထားခဲ့သည် နွယ်သာကီ၏ လွယ်အိတ်လေးထဲမှဖြစ်သည်။ အထဲမှာ နာရီရှိနေတာ သူသိသည်။ ဒါ သူ့နာရီ။ သူပတ်နေသည့်နာရီကို နွယ်သာကီအား သူကိုယ်တိုင်ပေးခဲ့သည်။

ဒီနာရီဟာ နွယ်သာကီထံမပေးမီအထိ တစ်လျှောက်လုံး သူ့လက်ပေါ်မှာရှိနေခဲ့သည်။ သို့သော် ထိုစဉ်က ဘာသံမှမြည်တာမရှိခဲ့ပါ။

သူက ကမန်းကတန်းအိတ်ကိုယူလိုက်တော့ ထိုအသံက ဆက်တိုက်မှန်မှန် အသံမြည်နေရာမှ ရပ်သွားသည်။

ဒီတစ်ကြိမ်သည်ပထမအကြိမ်ဖြစ်ကာ နောက်တစ်ကြိမ်သည် သူနှင့်သက်သက်ခင်တို့လက်ထပ်ပြီး ခြောက်ရက်မြောက်နေ့ညတွင် ဖြစ်သည်။

စာကြည့်စားပွဲတွင် ထိုင်နေတုန်း လွယ်အိတ်လေးသိမ်းထားသည့်နေရာမှ ထမြည်လာတာဖြစ်သည်။ ဒါတွေကို မေမေ့ကိုပင် သူ တစ်ခါမှမပြောပြခဲ့ဘူးပါ။

အလိုလိုနေရင်း ဒီလွယ်အိတ်ကို သယ်လာခဲ့လို့ နွယ်သာကီ အခွဲကပ်ပါလာသည်ဟု စွပ်စွဲခဲ့သော မေမေ ပို၍ စိုးရိမ်သွားမည်ကို သိသောကြောင့်ဖြစ်သည်။ အခု...

တတိယအကြိမ် ကြားလိုက်ရခြင်းသည် ပို၍ ထူးဆန်းနေခဲ့သည်။ ထိုအသံကြောင့် ထွန်းဇော်ဦး ဖျတ်ခနဲ ထရပ်လိုက်မိသည်။

အသံထွက်ပေါ်ရာကို ဟိုဟိုဒီဒီ ဝေ့ဝဲလိုက်ရှာရင်းအသံနောက်ကို လိုက်ခဲ့မိသည်။ ယခင်ကြားဖူးခဲ့သည့်အတိုင်း နာရီမြည်သံမှန်းတော့ သိသည်။

'နာရီ... ဘယ်မှာလဲ၊ ငါ့ဆီမှာမှ မရှိတာ'

ဒွေးဒွေး ဆုံးသွားပြီးကတည်းက ဒီနာရီကို ဖျောက်ဖျက်ပစ်ဖို့ သူ သတိရခဲ့သည်။ သို့သော် ထားခဲ့သည့်အံဆွဲထဲမှာ နာရီကမရှိတော့။

လိုက်ရှာခဲ့သေးသည်။ ဘယ်လိုမှရှာမတွေ့တော့။ ထို့နောက်မှာတော့ 'နွယ်သာကီ'ဟု အမှတ်တရ အမည်ပေးခဲ့သည့် ခြံထဲရှိ ထိုတိုက်အိမ်ထဲတွင်ပဲ အပြီးသတ်ပိတ်ထားပစ်ခဲ့ရန် စိတ်ကူးနှင့် ဆက်မရှာဖြစ်တော့ပါ။ တကယ်လည်း ပိတ်ထားခဲ့ပါသည်။

အခုမှ ဘာဖြစ်လို့ဒီနေရာမှာလာမြည်နေရတာလဲ။ သူ တစ်လှမ်းချင်း လှမ်းလာရင်း ဘယ်ဆီကမှန်းမသိသည့် အသံကို ရှာဖွေနေမိ၏။

'အစ်ကို'

'ဟင်... ဒါ နွယ်သာကီရဲ့ ခေါ်သံပါလား'

သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။

အဝတ်ဘီဒိုရှိ တံခါးရွက်မှန်ချပ်ဆီ အကြည့်ရောက်သွားလျှင် မှန်ကိုကျောပေးရပ်နေသည့် နွယ်သာကီ၏သဏ္ဌာန်ကို မြင်လိုက်ရသည်။



မှန်ထဲမှာပေမယ့် ရုပ်သွင်က ကြည်ကြည်လင်လင်မရှိ။

တူခဲ့သည့်ဆံပင်ရှည်တွေ ကျောပေါ်တွင် ဖြန့်ဝဲကျနေသည်။ နွဲ့နှောင်းလှပသော ကိုယ်ဟန်က ခပ်ဝါးဝါးသာ မြင်ရသည်။ သူ့ အံ့အားသင့်ကာ ခြေလှမ်းတို့က ထိုနေရာမှာပင် ရပ်တန့်သွားသည်။

'ဘာကို ရှာနေတာလဲ အစ်ကို၊ အစ်ကို ဘယ်တော့မှ တွေ့မှာ မဟုတ်ဘူး၊ အစ်ကိုဟာ သာကီဆိုတဲ့ မိန်းမကို သတိမရတော့ဘူး၊ ဖျောက်ဖျက်ပစ်ဖို့အထိ မုန်းတီးနေပြီ၊ အစ်ကိုပြောင်းလဲသွားပြီ၊ အစ်ကို ရက်စက်တယ်၊ အစ်ကို့အနားမှာ သာကီရှိနေမှန်းသိလျက်နဲ့ အစ်ကို အိမ်ထောင်ပြုတယ်၊ မကြိုက်မှန်းသိအောင် သာကီလုပ်ပြနေသားနဲ့ အစ်ကို ထပ်... ထပ်ပြီး အိမ်ထောင်ပြုတယ်၊ အခု သာကီကို အစ်ကို ဖျောက်ဖျက်ဖို့ ကြိုးစားလာပြန်ပြီ၊ အစ်ကို သိပ်ရက်စက်တယ်၊ အစ်ကို့ကို မုန်းတယ်၊ အစ်ကို့ကို သာကီ သိပ်မုန်းသွားပြီ'

'သာကီ... မင်း'

'ရှင့်ကို သိပ်မုန်းသွားပြီ ကိုထွန်းဇော်ဦး'

'ကို... ထွန်း... ဇော်... ဦး'

'သာ... ကီ'

သူ့အသံ ကျယ်လောင်သွားသည်။ သာကီ့နောက်ကို တအားပြေးလိုက်ခဲ့မိ၏။ သို့သော် သူပြေးလို့မရ။ ခြေထောက်တို့က ရွေ့၍မရ။

တကယ်တော့ သူသည် ဒရင်းဘက်တစ်ခုပေါ်တွင်ဖြစ်နေလေသည်။ နားနေခန်းထဲတွင် သူ ဝင်၍ အပန်းဖြေနေစဉ် မေးခနဲ အိပ်ပျော်သွားမိသည်။ မေမေပြောခဲ့သလို နွယ်သာကီသည် တကယ်ပဲ နာရီနှင့် လွယ်အိတ်ပေါ်တွင် စွဲလန်းနေခဲ့သလား။

နှစ်တွေလည်းကြာ၊ ဘဝတွေလည်းခြားခဲ့ပြီပဲ သာကီရယ်။

ဒရင်းဘတ်ပေါ်တွင် ဆက်လှဲနေရင်း သူနှင့် နွယ်သာကီ၏ ဇာတ်လမ်းအစကို ပြန်စဉ်းစားမိသည်။

## အခန်း(၁)

ချစ်သူခေါ်ရာလိုက်မည့် မိန်းကလေးတစ်ယောက်၏ ရင်ခုန်တတ်ခြင်းကို တသိမ့်သိမ့်ခံစားနေမိရင်း နွယ်သာကီတစ်ယောက်တည်း ပြုံးနေမိသည်။ သိမ်းဆည်းထုပ်ပိုးစရာက အထုပ်နှစ်ထုပ်ရယ်။ ဘီးတစ်ချောင်း၊ အပေါ်စားမိတ်ကပ်ဘူးတစ်ဘူးနှင့် မှန်ဝိုင်းသေးသေးလေးတစ်ချပ် ဒါပဲ ရှိသည်။

ဒါကိုပဲ လှလှအိတ်ညိုလေးကနေ ပြန်ထုတ်ကြည့်လိုက်။ ပြန်ထည့်လိုက်။ နောက်ထပ်ဘာမှလည်း ထပ်ထည့်စရာမရှိတော့ဘဲ ဟို ဒီရှာ လုပ်နေမိလိုက်၊ ပြီးတော့ ပြန်ထိုင် ချက်ချင်းပဲ ပြန်ရပ်မိကာ ဘာလုပ်ဖို့မှလည်းမဟုတ်။

ရင်တွေခုန်နေတာကို သတိထားမိတော့ ပြုံးမိပြန်သည်။

"အထုပ်တွေအပိုးတွေနဲ့ လုပ်ခနေနဲ့ သာကီ၊ အစ်ကိုပေးထားတဲ့ နာရီလေးကိုကြည့်နေ ညကိုးနာရီထိုးတာနဲ့ ထွက်လာခဲ့၊ အင်းမရွာကို ညတွင်းချင်း လစ်ရမှာ၊ ဟိုရောက်မှ စိတ်အေးရမှာ"

အစ်ကိုသာ သေသေချာချာမှာထားသည်။ ထို့ကြောင့် အထုပ်အပိုးကြီးနဲ့ တူနေသလားဟုတွေးမိကာ လွယ်အိတ်အညိုလေးကို မကြာခဏ မကြည့်မိသည်။ မယူခဲ့နဲ့လို့မှာပေမယ့် နှစ်စုံလောက်မှ မပါလို့ဖြစ်မလား။ ရွာကနေ အစ်ကိုတို့မြို့ကိုရောက်အောင် လမ်းမှာ တစ်ညအိပ်ရသေးသည်။ ဟိုရောက်တော့ကော သဲဖို့ဖယ်ဖို့က ရှိသေးသည်။



ဒီက ကိုယ့်မိဘတွေက သဘောမတူနိုင်သလို အစ်ကို့ဘက်က မိဘကလည်း ဘယ်လိုသဘောထားရှိကြည်မည်ဆိုတာ မသိသေး။

အစ်ကိုက မြို့သားသူဌေး။ အင်းမရွာ သူငယ်ချင်းထံ အလည်ရောက်နေသည့်သူ။ အင်းမရွာကနေ ရထားလမ်းကိုကူး မိုးမခချောင်းကလေးကနေ ဆင်းဖြတ်ပြီးမှ သာကီတို့ရွာကိုရောက်သည်။

အစ်ကို့သူငယ်ချင်း ဝင်းမော်တို့မှာ ဘက်ထရီပြုပြင်အားသွင်းလုပ်ငန်းရှိသည်။ ညနေတိုင်းလာသည်က ဘက်ထရီဘိုးတွေ လာချပြန်သိမ်း။ အားအပြည့်နှင့် ဘက်ထရီအိုးတွေကို စက်ဘီးနှစ်စီးမှာ ဆန့်သလောက်တင်ကာ ဒီဘက်ရွာကို ညစဉ်ယူနေကျ အိမ်တွေထိလာချသည်။

သုံးပြီးသည့် အိုးအဟောင်းကို ပြန်သယ်သည်။ ဝင်းမော်ကျောင်းတက်နေစဉ်က ထိုအလုပ်တွေကို သူ့အဖေနှင့် ညီငယ်နှင့်ယောက်လုပ်ကြတာ ဖြစ်သည်။

သူ ကျောင်းပြီးတော့ စက်ဘီးနှစ်စီးနှင့် ရောက်လာသည်က သူနှင့်သူ့သူငယ်ချင်း ထွန်းဇော်ဦးခေါ် နွယ်သာကီချစ်ခဲ့သည့် အစ်ကိုနဲ့ဖြစ်၏။ အစ်ကိုက ကျောင်းပြီးသည်နှင့် ဝင်းမော်တို့ရွာကို တစ်ခါတည်း ပါလာတာဟု သိရကာ ညနေတိုင်း ဝင်းမော်ကို လိုက်ကူထာဖြစ်သည်။

ထိုအခါမှ အစ်ကိုနှင့်သာကီ ဆုံဖြစ်ခဲ့ကြသည်။ ရွာမှာ အိမ်တိုင်းတော့ ဘက်ထရီမသုံးနိုင်ကြပါ။ တစ်ညကို ခုနှစ်ဆယ်နေ့တိုင်း မဖြုန်းနိုင်ကြ။

အိမ်မှာ တီရစ္ဆာန်တွေမွေးသူ၊ ဈေးဆိုင်ရှိကြသူတွေသာ ဘက်ထရီမီးသုံးကြပြီး ကျန်သည့်သူတွေက မီးမယူ။

သာကီတို့ကတော့ မီးသုံးသည်။ အိမ်မှာတိရစ္ဆာန်မမွေးပါ။ ဈေးဆိုင်လည်းမရှိ။ ဒါပေမဲ့ အမေ၏ နောက်အိမ်ထောင် သူမ၏ ပထွေးဖြစ်သူ ဦးလှထွန်းက ရေဒီယိုကက်ဆက်ပြင်သည်မို့ မီးယူထားတာဖြစ်သည်။ ထို့ကြောင့် ညနေတိုင်း ဘက်ထရီအိုးလာပို့သော အစ်ကိုနှင့် သာကီတွေ့ဆုံပြီး နှစ်လအကြာမှာပဲ ချစ်ခဲ့ကြသည်။

'ဘာလဲ၊ ဒီကောင်က ဘာကောင်လဲ၊ မြို့သားလက်ကြောမတင်းတဲ့ကောင်လား၊ အင်းမရွာမှာရောက်နေတာပဲ ကြာလှပြီ၊ ခုထိမပြန်ဘူး၊ သူများအိမ်မှာ ဒီလောက်ခိုကပ်နေကတည်းက ဘာကောင်လဲဆိုတာ နင်မသိဘူးလား၊ သူဌေးသားဆိုတာလေးနဲ့ပဲ အထင်ကြီးပစ်လိုက်တာလား သာကီ'

ဦးလှထွန်းက အစ်ကို့ကို သာကီနဲ့ ချစ်နေမှန်းသိသွားသည်နှင့် အမေ့ရှေ့မှာပဲ ဆူသည်။ အစ်ကို့ကို တစ်ပြားမှ တန်ဖိုးမရှိအောင် ပြော၏။

'မြို့သားဆိုပြီး တောကြိုအုံကြားမှာ ဒီလောက်ကြာအောင် လာနေတာ ကြည့်၊ ဟိုမှာ ရာဇဝတ်သင့်လာသလား၊ ပစ္စည်းခိုးလာသလား၊ ဒီကောင့်အကြောင်း ဘယ်သူသိလို့လဲ၊ ဝင်းမော်ဆိုတဲ့ကောင်ကိုမေးကြည့်ပါလား၊ သူ့သူငယ်ချင်းဆိုတဲ့ကောင်အကြောင်း သူပြောနိုင်လား'

'ဟုတ်သားပဲ သာကီ၊ ဒီကောင်က ဘာကောင်လဲ၊ မြို့သားတစ်ယောက်ကို ညည်းကြိုက်ပစ်လိုက်တာ မြန်လိုက်တာအေ၊ ငါတို့ကတော့ ကိုထွန်းဝတို့ကို မျက်နှာပျက်ပါပြီ'

'ဘာလို့ပျက်ရမှာလဲကွ၊ ဟိုမှာပြောဆိုထားပြီးသား၊ ဒီလိုအေးအေးဆေးဆေး မနေမှန်းသိမှတော့ ခွဲပေးစားပစ်လိုက်ရုံပဲ'

ဦးထွန်းဝက ဦးလှထွန်း၏ အစ်ကိုရင်းဖြစ်သည်။ ဦးထွန်းဝ၏သား မြမောင်က ဦးလှထွန်း၏ တူအရင်း။

'မပူပါနဲ့ အမေရယ်၊ မြမောင်ဆိုတဲ့ကောင်ကကော ဘယ်လောက်တော်လို့လဲ၊ မိဘကပြေလည်နေလို့ သူခေါင်းမော့နေတာ ဘာအလုပ်အကိုင်ရှိသလဲ၊ ဘယ်လောက်လက်ကြောတင်းလို့လဲ'

ကွယ်ရာမှာ သားအမိချင်းကပ်ပြောပေမယ့် မရ။

'ဘာဖြစ်ဖြစ် ကိုယ့်ရွာသားချင်းအကြောင်းသိတွေ၊ လယ်ယာကျွဲနွားနဲ့ အိမ်ရာ၊ ရွှေပြည့်၊ ငွေအပြည့်၊ မိဘမရှိတော့ရင် ဒါတွေသူပဲရမှာ၊ ငါတို့မှာ ဘာရှိသလဲ၊ ညည်းအဖေဆုံးသွားကတည်းက လုပ်



လိုက်ရတဲ့အလုပ်၊ သားအမိနှစ်ယောက်လုံး နားခဲ့ရသလား၊ ကိုလှထွန်းနဲ့ ယူဖြစ်ခဲ့လို့ ခုလို အေးအေးချမ်းချမ်းနေရတာ၊ သူ စီစဉ်ခဲ့တာလည်း ခုမှမဟုတ်ဘူး၊ ညည်းလည်းမငြင်းခဲ့ဘူး၊ ခုကျမှ ရည်းစားရပြီး ပြောင်းလဲလို့ရမလား သာကီ၊ ငါလည်း ကလန့်ကဆန့်မပြောချင်တော့ဘူး'

ပထွေးဆိုပေမယ့် ဦးလှထွန်းက စိတ်ကောင်းရှိပါသည်။ သူ့ဟာသူ တည်တည်ခန့်ခန့်ပဲ နေသည်။

မြမောင်နဲ့ပေးစားဖို့ဖြစ်လာသည်ကိုက သမီးအပျိုရွယ်နဲ့ ပထွေးဘယ်လိုနေနေ မသင့်တော်ဘူးဟု ဆုံးဖြတ်ကာ သူကိုယ်တိုင် စီစဉ်ခဲ့တာ ဖြစ်သည်။ သူမကိုယ်တိုင် အထင်ကြီးလေးစားခဲ့သူမို့ ဦးလှထွန်းစီစဉ်တာကို သာကီ မငြင်းခဲ့မိ။

ဒါပေမဲ့ ခုကျတော့ သာကီ အစ်ကို့ကို ချစ်ခဲ့မိပြီ။ အစ်ကို့ကို ချစ်ရသလောက် သူမဘယ်ယောကျာ်းကိုမှ ချစ်နိုင်တော့မည်မထင်။ စိတ်ကူးထဲမှာတောင်မှ အခြားတစ်ပါးယောကျာ်းကို ရွေးလို့မရနိုင်တော့။

မှောင်ရီပျိုးစလောက၏ အလင်းနိဂုံးကို မျှော်ငေးနေရင်း သာကီ တွေးနေမိ၏။ ချစ်သူကို ခွဲ၍မကျန်ခဲ့နိုင်သေးကြောင်း သူမ နိုးရာ လိုက်ကော့မည့်အဖြစ်ဟာ ဘယ်လောက်ထိအပြစ်ကြီးသွားနိုင်သလဲ။

တစ်ရက်နှစ်ရက်ဆိုလျှင်ပဲ မြမောင်နှင့်လက်ထပ်ပေးကြဖို့ စီစဉ်နေကြပြီ။ ခွင့်လွှတ်ပါ အမေရယ်။ သာကီ အစ်ကို့ကိုပဲချစ်တယ်။

စိတ်ထဲက တောင်းပန်ရင်း သာကီ လွယ်အိတ်လေးကို ထပ်ဖွင့်ကြည့်မိပြန်သည်။ အထဲမှာ အစ်ကိုပေးထားသည့် လက်ပတ်နာရီလေး ရှိနေသည်။

ဒါ သာကီအတွက် ဝယ်ပေးခဲ့တာမဟုတ်ပါ။ အစ်ကိုကိုယ်တိုင် သူ့လက်ကနေဖြုတ်၍ သူမအတွက် လက်ဆောင်ပေးခဲ့တာ ဖြစ်သည်။ ဒိုင်ခွက်ပြားလေးထဲမှာ ကျောက်ပွင့်လေးတွေ တဖျတ်ဖျတ်လက်နေသော ငွေမှင်ရောင် ရင့်ရင့်နှင့် နာရီလေးကို သူမ အမြတ်တနိုး သိမ်းထားခဲ့သည်။

'အစ်ကိုချိန်းတဲ့အချိန် အတိအကျလာလို့ရအောင် ရော့… ဒါ ယူထား'

အစ်ကိုပေးတုန်းက သူမ ငြင်းခဲ့မိသေးသည်။ ကိုယ့်ဆီမှာ ရှိနေတော့ ပတ်ထားလို့မှမရတာ။ ဒါပေမဲ့ အစ်ကိုက စွတ်ပေးခဲ့သည်။ အစ်ကို့လက်မှာ အနီရောင်ကို ကျောက်အဖြူတွေ လေးထောင့်ပတ်ထားသည့် လက်စွပ်တစ်ကွင်းရှိသည်။ ပတ္တမြားလက်စွပ်မှန်း သူမ မသိပါ။

ရတနာကို ရွှေသာ တန်ဖိုးအကြီးဆုံးအဖြစ် သတ်မှတ်ထားခဲ့သော သူမတို့အဖို့မှာ လက်စွပ်ပေါ်မှာ ကျောက်တွေမြုပ်ထားသည်ဟုပဲ ထင်ခဲ့သည်။ ပတ္တမြားကို စိန်ရံထားမှန်း မသိနိုင်။

ပြီးတော့ အစ်ကို့လက်ကလေးတွေ ဖြူနုပြီး သွယ်နေသည်မှာ သူမ၏လက်နှင့် မတိမ်းမယိမ်းလောက်ပဲ ရှိသည်။

ဒါကိုလည်း သူမ မြတ်နိုးခဲ့မိသည်။

ရွာမှာဆို ဘယ်ယောကျ်ားကိုပဲ ကြည့်ကြည့် လက်ဆစ်တုတ်တုတ်ကြီးတွေနှင့် လက်ဖဝါးပြင်တွေဆို ဝါကြန့်ကြန့် ကြမ်းရှနေသည်သာ။ ဒါဟာ ထိကိုင်ကြည့်ဖို့မလိုဘဲ မြင်နေတာနှင့် သိလောက်အောင် ရင့်ရော်နေခြင်းကြောင့်ဖြစ်သည်။

အစ်ကိုကျတော့ လက်ဖဝါးလေးတွေ နီရဲကာ ငယ်စဉ်က အလုပ်ကြမ်းတွေ လုပ်ခဲ့ရသည့် သာကီထက်ပင် နုနယ်နေသေးသည်။

ဒါပေမဲ့ အစ်ကိုက သာကီလက်ကလေးတွေကို တယုတယ တွေးဆုပ်နေတတ်၏။

'မင်း သိပ်လှတာပဲ သာကီ၊ ဆံပင်ရှည်ကြီးတွေက မြို့သူတွေ ပြုပြင်ထားရတဲ့ ဆံပင်တွေထက်လှတယ်၊ မင်းရဲ့ခေါင်းက သနပ်ခါးပန်းနုံ့လေးတွေရယ်၊ မင်းပါးက သနပ်ခါးနံ့လေးရယ် အစ်ကို တကယ် အမြတ်နိုးဆုံးပဲ'

သာကီပါးလေးကို အစ်ကိုငုံ့နမ်းတိုင်း သာကီ ရင်ဘတ်လေးကို ဖိထားရသည်။ တစ်ကိုယ်လုံးအေးစက်တုန်ခါသွားတတ်သည့် လက်ဖျားတွေကို အစ်ကိုဆုပ်မကိုင်လိုက်မီ ပြန်လည်နွေးထွေးအောင်



မနည်းဖန်တီးရသည်။ တစ်ခါတစ်ခါ အစ်ကို အဲဒီလိုချစ်လောက်အောင် ငါလှလို့လားဟု တွေးကာ မှန်ရှေ့မှာ ထိုင်ထိုင်ကြည့်ရတာ ခဏ ခဏ။

'သာကီ'

'ရှင်… အမေ'

အတွေးတို့က တိခနဲ ပြတ်ကျသွားသည်။ လွယ်အိတ်ကို ခုတင်အောက်သို့ ဖျတ်ခနဲ ဆွဲသွင်း၊၊ လူက အိပ်ရာထဲလှဲချ။ မျက်နှာပေါ်က ကြည်နူးရိပ်တွေကို ညှိုးနွမ်းသွားအောင် ချက်ချင်းဖန်တီးလိုက်ရသည်။ အားလုံးပြင်ဆင်လိုက်ပြီးသည်နှင့် အမေ အခန်းထဲရောက်လာ၏။

'ညည်းက အခန်းထဲတစ်နေကုန်အောင်းပြီး ဘာဖြစ်နေတာလဲ၊ ကိုလှထွန်း ဒေါသထွက်နေတယ် သိလား၊ ဘာလဲ ဆန္ဒပြနေတာလား'

'ဟုတ်ပါဘူး အမေရယ်၊ အမေတို့စီစဉ်နေတာကို သမီး ဘာပြောခဲ့လို့လဲ'

'ပြီးရော၊ ဆင်ကြဲကြဲနေလို့ကတော့ လွယ်မယ်မထင်နဲ့ ဟင်း'

အမေက သူမကို ခြေဆုံးခေါင်းဆုံးကြည့်၍ ကြိမ်းမောင်းပြီးမှ လှည့်ထွက်သွားခဲ့သည်။

မြမောင်ဆိုသည့်လူကို ယူစရာလား။ သာကီ စိတ်ထဲမှာ ထပ်၍ သေချာနေကာ အမေထွက်သွားသည်နှင့် ငေါက်ခနဲ ထထိုင်လိုက်မိသည်။ ညကိုးနာရီဆိုသောအချိန်ကို ထပ်ပြီးစောင့်ရမှာပါလား။

~~~
~~~

# အခန်း(၂)

ရှစ်နာရီခွဲပဲရှိသေးသည်။ အိမ်မှာ လူကလစ်နေပြီ။ အမေနဲ့ ဦးလေးလှထွန်းတို့ မြမောင်တို့အိမ်ကို ထွက်သွားကြသည်။

ဟိုမှာပဲ မင်္ဂလာမဏ္ဍပ်ထိုးကာ စီစဉ်မှာမို့ မင်္ဂလာကိစ္စအတွက် နေ့ရောညရော သွားနေကြရ၏။

ဒါပေမဲ့ အမေသွားလျှင် ဦးလှထွန်း ကျန်ခဲ့သည်။ ဦးလှထွန်း မရှိလျှင် အမေရှိသည်။ ခုလည်း အမေက ညနေကတည်းက သွားနေတာဖြစ်ကာ ဦးလှထွန်းက စက်ပြင်ရင်း ကျန်နေခဲ့သည်။

စက်ပြင်ရာခုထကာ ထမင်းစားလျက် ပြီးမှ 'နင့်အမေကို ငါ သွားကြိုဦးမယ်၊ ဘယ်မှမထွက်နဲ့' ဟု ပြောပြီး လိုက်ထွက်သွားတာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီစပ်ကြားမှာ အချိန်တွေရနေသည်။ အစ်ကို ချိန်းသည့် ကိုးနာရီဆို အမေတို့ ပြန်ရောက်လာသည်မို့ ထွက်ရခက်တော့မည်။ နာရီလေးကိုထုတ်ကြည့်လိုက် ထမရ ထိုင်မရဖြစ်ကာ သာကီ ဘာလုပ်ရမှန်းမသိ။ အစ်ကိုတို့က အဝေးကြီးကလာရမှာ။ အချိန်အတိအကျထွက်လာကြလျှင် သာကီက ချိန်းထားသည့်နေရာမှာတစ်ယောက်တည်း စောင့်နေရမည်။

ချိန်းထားသည့်နေရာက ရွာအပြင် ညောင်ပင်ကြီးအောက်မှာ။ ဟိုးဘက်မှ လှမ်းကြည့်လိုက်လျှင် ဝါးတောကြီးစပ်မှာ သချိုင်းကိုလည်း လှမ်းမြင်နေရ၏။



'ကိုးနာရီထိုးတာနဲ့ အစ်ကိုရှိနေပြီ၊ နည်းနည်းညဉ့်နက်သွားလည်း မကြောက်နဲ့ သာကီ၊ ထွက်လို့ရတာနဲ့ ထွက်လာခဲ့၊ အစ်ကို မင်းမလာမချင်း စောင့်နေမှာ'

နောက်ကျလည်း ထွက်ခဲ့ဖို့ပဲ အစ်ကိုမှာသွားတာ။ သူမ စောစောထွက်နေလို့ ဖြစ်ပါ့မလား။ ပြီးတော့ မြမောင်တို့ရန်က ရှိသေးသည်။ ရွာထဲမှာ သာကီနဲ့အစ်ကို ကိစ္စကို ရွာသားအတော်များများ သိကြသည်။ မြမောင်ကဆို ဓားကြိမ်းကြိမ်းနေသေးသည်။

'ငါရည်ရွယ်ထားတဲ့ မိန်းမကို လာကြံလို့ကတော့ ဒီကောင် ဓက်ပြတ်မယ်'

ပြီးတော့ မြမောင်က အပေါင်းအသင်းတွေတောင့်သည်။ သူ မကြာခဏဆိုသလို သူ့အပေါင်းအသင်းတွေက အနားမှာတဝဲဝဲ။

အမျိုးမျိုးတွေးနေရင်း ရှစ်နာရီလေးဆယ့်ငါးမိနစ်ရောက်တော့ အမေတို့ပြန်ရောက်လာမှာကို စိုးကြောက်ကာ သာကီ နောက်ဖေးပေါက်ကနေ ထွက်ခဲ့တော့သည်။ ဒါတောင် လပြည့်ညမို့ တော်သေးသည်။

ရွာလမ်းအကြိုအကြားများမှာ လူသူကင်းရှင်းတိတ်ဆိတ်ကာ သစ်ပင်အုပ်အုပ်ကြီးတွေအောက်က ဖြတ်လျှင် မှောင်မိုက်ကျသွားခြင်းက ကြက်သီးထဖွယ်။ သင်္ချိုင်းဘက်မှ ခွေးအူသံတွေကို ကြားလိုက်သဖြင့် ကြောက်စိတ်တွေက ပိုလာ၏။ အစ်ကို ရှိနေပါစေ။

ဆယ့်ငါးမိနစ်လောက်ပဲ လိုတော့တာဆိုတော့ စောင့်ရလည်း ခဏပဲပေါ့။ စိတ်ကို ဖြေရင်း အားတင်းထားရသည်။

လွယ်အိတ်ကလေးကိုပိုက်၍ ရှေ့ကိုသာဇွတ်တိုးခဲ့မိ၏။ အစ်ကိုနှင့်ချိန်းထားသော ညောင်ပင်ကြီးကို လှမ်းမြင်လိုက်ရတော့ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားမိသည်။

အစ်ကိုသာရှိနေလျှင် လရောင်ထဲက ဖြတ်လာသည့် သူမကို တွေ့မည်သာ။ ထိုအခါ အစ်ကိုပြေးလာကြိုလိမ့်မည်။

ခုတော့ ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မည်းတိတ်ဆိတ်လျက်။ ဘာပဲဖြစ်ဖြစ် နောက်ပြန်ဆုတ်ဖို့တော့ မဖြစ်နိုင်ပါ။ အစ်ကို

မြန်မြန်ရောက်လာဖို့သာ ဆုတောင်းရတော့မည်။ ထိုစဉ် ခွေးအူသံတွေက ပို၍ဆူညံလာ၏။

သချိုင်းကုန်းကို လှည့်မကြည့်ရဲပေမယ့် တစ်ချက်တော့ ဝကြည့်မိသေးသည်။ အုပ်ဆိုင်းညို့မှောင်နေသည်ကိုသာ မြင်ရပါသည်။ သာကီ နေ့စဉ်လည်းဖြတ်သန်းနေကျ အလုပ်သုပ်ရစဉ်ကလည်း ဒီအောက်မှာပဲ အမောဖြေနေကျ၊ ထိုညောင်ပင်ကြီးကို ခုတော့ ထိတ်လန့်စွာ ငေးကြည့်နေမိ၏။

'ဒီညောင်ပင်ကြီးရှိနေတာ တော်တော်အဆင်ပြေတယ်နော်၊ နေပြောက်လုံးဝမထိုးဘူး'

နားကြားသည့်သူဘိုင်း သစ်ပင်အောက်မှာ တုံးလုံးပက်လက်လှန်၍လည်း ပြောဆိုတတ်ကြ၏။ ညဘက်မှာ ဘယ်သူလာနားမှာလဲ။

ညမြင်ကွင်းကို ပထမဆုံး မြင်ဖူးပြီးဖြစ်ကာ လသာနေသည့် ပတ်ဝန်းကျင်ထဲတွင် ညောင်ပင်ကြီးအောက်က အမှောင်ထုက ပို၍ကြီးမားသိပ်သည်းနေ၏။

အနားရောက်လေ ခြေလှမ်းတွေ နှေးလာ၏။ သူမသွားရမှာမဝံ့ရဲ။ လရောင်ထဲမှာ ဒီလိုထိုင်နေတာ့လည်းမဖြစ်ပါ။ မရှိမှန်းသိလျှင် အမေတို့ လိုက်ရှာကြမည်။ ထိုအခါ သူမ အမှောင်ကိုပင် ရှာကြံပုန်းရဦးမည်ဖြစ်၏။

စဉ်းစားနေဆဲ နောက်က တဖျတ်ဖျတ်ပြေးလာသည့် ခြေသံကို ကြားလိုက်ရသည်။ သာကီ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ဘာမှမရှိပါ။ ထို့နောက် နောက်ကျောဘက်မှာ အေးခနဲ တစ်ချက်ဖြစ်သွားသဖြင့် ပြန်လှည့်မိသည်။

သူမ ပတ်ဝန်းကျင်မှာ လှုပ်ရှားမှုဘာမှမရှိ။ သို့သော် လှုပ်ရှားမှုတစ်ခုခုရှိနေတာကို စိတ်က သိနေသလိုလို။ သူမ ထင်နေတာလား။ ချောက်ချားမလာမီ ကိုယ့်ကိုယ်ကိုယ် ဖြေရသည့်အတူ စိတ်ကိုတင်း၍ ရှေ့ကို ဆက်ကာထွက်လာခဲ့မိသည်။

ညောင်ပင်ရိပ်၏အစပ်သို့ရောက်သည်နှင့် ခွေးအူသံတွေ



ထွက်ပေါ်လာပြန်သည်။ တော်ကြာ အစ်ကိုလာမှာပဲဟု အားတင်း၍ ညောင်ပင်အောက်ကို သူမ ဝင်လိုက်သည်။

မှောင်နှင့်မည်းမည်းထဲမှာ ရုတ်တရက် ဘာမှမမြင်ပါ။ မြင်ဖို့လည်း မကြိုးစားရဲဘဲ သာကီ အရိပ်၏အကွယ်နေရာမှာပဲ အတွင်းဘက်ကို ကျောပေးရပ်လိုက်၏။ အစ်ကို မြန်မြန်လာဖို့က အဓိက။ ထိုစဉ်…

'သာကီ'

'အောင်မလေး'

နောက်ကျောမှောင်ရိပ်ထဲမှ ခေါ်သံကြီးထွက်လာသဖြင့် သာကီ လန့်ဖျန့်အော်လိုက်မိ၏။ တဒင်္ဂကြက်သေသေသွားမိစဉ် သူမ လက်မောင်းကို တစ်စုံတစ်ယောက်နောက်ကနေ လှမ်းဆွဲယူလိုက်သည်။

'နှင်က ငါ့ကို မလိုချင်လို့ ထွက်ပြေးတယ်ပေါ့လေ၊ လာခဲ့၊ မြမောင်ကို ဒီလိုချိုးပြီး ထွက်ပြေးလို့ရမယ် ထင်သလား'

မြမောင်၏ အသံကြီးက အံကြိတ်သံနှင့် မာကြောနေသည်။

'မြမောင်… နင် ငါ့ကိုလွှတ်စမ်း၊ နင်လို့ကောင်ကို ငါမယူဘူး၊ ငါ့ချစ်သူနဲ့ ငါချိန်းထားတာ၊ လွှတ်…'

'အေး… သိတယ်၊ သိလို့လာစောင့်နေတာ၊ ဒီရွာမှာ ဘယ်သူဘာလုပ်လုပ် ကြံစည်နေကတည်းက မြမောင်မသိတာ ဘာမှမရှိဘူး'

'အို… မလိုက်ဘူး၊ လွှတ်…'

လက်ထဲက လွယ်အိတ် လွတ်ကျသွားသည်။ မြမောင်က သူမကို သိမ်းကျုံးပွေ့ဖက်ဖို့ ကြိုးစား၏။

သူ့နောက်မှ လူရိပ်တွေနှင့် ရှေ့တိုးလာကာ…

'မြမောင်… မင်း ဒီအတိုင်းပြန်ခေါ်ဖို့ ကြိုးစားနေတာလား၊ တစ်ခါတည်း ပွဲသိမ်းပစ်ကွာ'

'ဟုတ်တယ်၊ ဟိုဘက် ကညင်ပင်အောက်သာ ဆွဲသွား'

နှစ်ယောက်လုံး တလေသံတည်းထွက်လာသည်။

သာကီ သူမဘာဝပျက်ရတော့မည်ကို သိလိုက်၏။ ခေါင်းမှနေ၍ လည်ပင်းမှာပတ်ထားသည့် ပဝါစလေး ပြေကျသွားသည်။ ထို့အတူ

ရစ်ခွေထုံးဖွဲ့ထားသည့် ဆံနွယ်ရှည်တွေ သွေးအိုင်ဖြန့်ကျကုန်သည်။

ရှမ်းကန့်တွန်းထိုးရင်း ညောင်ပင်အောက်မှ ကညင်ပင်ကြီးဆီ ဒရွတ်တိုက်ပါသွား၏။

'လာခဲ့… နင့်ကိုတစ်ခါတည်း အပိုင်သိမ်းပစ်မှ စိတ်ချရတော့မှာ'

မြမောင်က ခုံးဖြတ်ပြီးသည့်လေသံနှင့် အမိအရဆွဲထုတ်ခေါ်၏။ လရိပ်အောက်မှာ မြမောင်၏ခါးကြားထဲက ဓားမြှောင်ကို သာကီ မြင်လိုက်သည်။ ကညင်ပင်အောက်ရောက်တော့ သူမ လဲကျသွားသည်။

မြမောင်သည် သူမကို ဖျက်ဆီးဖို့အတင်းအကျပ် ကြိုးစားစဉ် သူ့ခါးကြားမှ ဓားကို သာကီဆွဲဖြုတ်ပစ်လိုက်တာ မသိခဲ့။ လက်ထဲမှ ဓားရောက်လာသည်နှင့် မြမောင်ကလည်း မြင်သွား၏။

'အောင်မာ… နင်က…'

မြမောင် မုန်ပြုနေသည့်ဆင်ရိုင်းကြီးလို အကြံအောင်ခါနီးမှ အောက်ကရန်ကို မြင်လိုက်ရသဖြင့် ဒေါသတွေကြီးသွားသည်။

သာကီလက်ထဲက ဓားကို ဖွတ်ပြန်လုနေ၏။ သူမ အပါမခံဘဲ အတင်းပြန်လုနေမိသည်။ ဒီဓားပေါ်မှာ သူမဘဝရှိသည်။ ဓားပါသွားလျှင် သူမဘဝဆုံးမည်။ မြမောင်ကို ဒုက္ခပေးလိုက်နိုင်လျှင် သူလည်း ဒုက္ခရောက်မှာပါ။ ဒါပေမဲ့ သူမဘဝသန့်စင်ကျန်ခဲ့ဦးမည်။

နောက်ဆုံးမြမောင်ကို မနိုင်လျှင်တောင် သူမအရှက်ကို အသက်နှင့်လဲတော့မည်။ သူမဘဝဟာ အစ်ကို့အတွက် အစ်ကို့ရင်ခွင်မှတစ်ပါး သူမ ဘယ်ရင်ခွင်မှာမှ မခိုဝင်နိုင်။

'သာကီ… ဓားကိုလွှတ်စမ်း'

'မလွှတ်ဘူး၊ လူယုတ်မာ နင်ဖယ်ပေး'

မိန်းမနဲ့ယောကျ်ားပေမယ့် သာကီ အသေခံ၍ ဖွတ်လုနေသဖြင့် ဓားက ဘယ်ဘက်ကိုမှ အားမသာဘဲ အကြိတ်အနယ်ဖြစ်လေသည်။ မြမောင် ဒေါသပိုကြီးလာ၏။ ဓားကြောင့် လက်တစ်ဖက်မှာ ပူခနဲခြစ်မိသွားသောအခါ…



'တောက်… လူပါးဝလို့၊ ကဲဟာ'

'အား'

ဒေါသနှင့်တအားဖိဆွဲလိုက်သောကြောင့် ဓားသွားသည် သာကီ၏ လက်ချောင်းများကို ထိုးခွဲဖြတ်ဆန့်ကာ ပက်လက် လည်စင်းပေးသလို ဖြစ်နေခဲ့သော လည်တိုင်နုနုလေးအား…

'ဟာ'

မြမောင် သတိဝင်သွားချိန်တွင် သာကီသည် သူမလည်တိုင်ကို လက်နှစ်ဖက်နှင့်ဖိအုပ်၍ လူးလိမ့်ညည်းညူနေ၏။

'မြမောင် ဘာဖြစ်တာလဲ'

ခပ်ဝေးဝေး ညောင်ပင်ကြီးအောက်က စောင့်နေကြသည့် သူ့လူနှစ်ယောက် လှမ်းမေးကြသည်။ မြမောင် ချက်ချင်းမဖြေသဖြင့် ပြေးလွှားရောက်လာကြ၏။

'ဟင်'

'ဟာ… မြမောင်… မင်း'

ပါလာသည့်ဓာတ်မီးနှင့် ထိုးကြည့်လိုက်တော့ ထွေးပုံနေသော ဆံပင်များအောက်မှ သွေးအိုင်ကြီးက နည်းနည်းနောနောမဟုတ်။

လည်ပင်းကို ဖိအုပ်ထားသည့် လက်နှစ်ဖက်မှာ သွေးချင်းချင်းနီကာ လည်တိုင်ကို အဝတ်စနီအုပ်ထားသလို ဖြစ်နေပြီ။

'ငါ… ငါ… လက်လွန်သွားပြီ'

'မင်းကလည်း မိန်းကလေးတစ်ယောက်ကိုပဲ ဓားသုံးရလောက်အောင် ညံ့ရသလား'

'သူက ဖွတ်လုပ်တာကွ'

'လာ… လာ… တော်ကြာ ဟိုကောင်တွေလာရင် ငါတို့တရားခံဖြစ်မှန်း သိသွားလိမ့်မယ်'

နှစ်ယောက်က ပြေးဖို့ပြော၏။ မြမောင် တွေဝေနေသည်။

'နှယ်သာကီ မသေသေးဘူးကွ'

'ဘာဖြစ်လဲ၊ မသေလည်း ဒီလောက်သွေးတွေထွက်နေတာ

တော်ကြာသေမှာပဲ၊ လာစမ်းပါကွာ'

မြမောင်တို့ ပြေးသွားကြပြီ။ သာကီ အားလုံးကို ကြားနေရ၏။ သို့သော် သူမ၏ လှုပ်ရှားလွန်ခြင်းတို့ကတော့ ငြိမ်သက်သွားခဲ့ပြီ ဖြစ်သည်။ ပြင်းထန်သော ဝေဒနာကြားမှ အစ်ကို့ကိုပဲ တမ်းတနေမိသည်။

သူမ မသေဆုံးမီ အစ်ကိုရောက်လာစေချင်သည်။ အစ်ကို့ ရင်ခွင်ထဲမှာ သူမ၏ နောက်ဆုံးထွက်သက်ကို ကုန်ဆုံးစေချင်သည်။

သို့သော် ဆူညံသောခွေးအူသံများသာ ထွက်ပေါ်လာခဲ့သည်။

သူမ မျှော်လင့်နေခဲ့သော အစ်ကို့ခြေသံကိုတော့ မကြားခဲ့ရပါ။ ဘယ်ကိုကြည့်ကြည့် လရောင်ကိုလည်း မမြင်တော့။ အလင်း အမှောင်အားလုံး ဘာကိုမှမမြင်။

သူမ၏အမြင်အာရုံတွေ ချုပ်သိမ်းခဲ့လေပြီ။ သက်ပြင်းတစ်ရှိုက်သည် နှာခေါင်းဝသို့ တက်မလာတော့ဘဲ လည်ပင်းအေးချက် အောက်မှာပင် ကုန်ဆုံးသွားခဲ့သည်။ သူမ သေရပါတော့မည်။

မျှော်လင့်နေခဲ့သော ည ကိုးနာရီကို တမ်းတမိ၏။ လပြည့်ည ကိုးနာရီ တစ်နေကုန်စောင့်စားခဲ့ရသည့် ကိုးနာရီ။ အစ်ကိုနဲ့ ချိန်းမိတာ လပြည့်ညမို့ ယျော်လိုက်ရတာ။

လပြည့်ညကြီးမှာ အစ်ကို့လက်ကိုဆွဲ၍ ဘယ်အထိပဲသွားရ သွားရ၊ ခုတော့ သူမစိတ်ကူးယဉ်ခဲ့သော ညကိုးနာရီမှာ အစ်ကိုရောက် မလာခဲ့ပါလား။

အစ်ကို့ကိုတွေ့ပါရစေ။ ယခု သူမသေဆုံးခဲ့သည်ကိုလည်း အစ်ကို့နောက်ကို ဤခန္ဓာကိုယ်ဖြင့် လိုက်ခွင့်မရသော်ငြား သူမ၏ စိတ်ဝိညာဉ်သည် အစ်ကို့အပါးမှာသာ ရှိနေပါရစေသား။

ဆုတောင်းခြင်းပြီးဆုံးသွားသည်နှင့် ဂီးခနဲ ညဉ့်ငှက်အော်သံ တစ်ချက်က ဆူးရှကျယ်လောင်စွာ...။

~~~

## အခန်း (၃)

'ထွန်းဇော်... ဖြည်းဖြည်းနင်းကွ၊ လမ်းက မကောင်းဘူး၊ စက်ဘီးလဲပြီး တစ်ခုခုဖြစ်သွားမှ တကယ်ပြေးဖို့လည်းဖြစ်ရော ခြေ လျင်ပြေးနေရလိမ့်မယ်'

ထွန်းဇော် စက်ဘီးကို မှီအောင်လိုက်ရင်းနောက်က ဝင်းမော် က ခပ်ကြိတ်ကြိတ်လှမ်းပြောသည်။

'မတတ်နိုင်ဘူးကွာ၊ ကိုးနာရီက ခွဲတော့မယ်၊ ဟိုမှာ သာကီ ရောက်နေရင် တစ်ယောက်တည်းကြောက်နေမှာ'

သူ သာကီ့ကို ညကိုးနာရီဟု ချိန်းဆိုမိသည်။ လပြည့်ညတိုင်း ရေတိုးတတ်သည့် ချောင်းရေကို သတိမရခဲ့။ အချိန်မီလာခဲ့ပေမယ့် ချောင်းရေတိုးနေသည်မို့ ခရီးဖင့်သွားခဲ့သည်။

စက်ဘီးသာကားတစ်စီးဖြစ်ခဲ့ပါလျှင် ဒလကြမ်းမောင်းချသွား မိမည်သာ။ လပြည့်ညဆိုပေမယ့် သစ်ရိပ်ဝါးရိပ်တွေကြောင့် ညက မှောင်မည်းနေသည်။ သူ သာကီ့ကို စိတ်မချနိုင်ပါ။

တကယ်လို့ အချိန်အတော်ကြာရောက်နေပါလျှင် ဘယ်လောက် ကြောက်နေရှာမလဲ။ နောက်ကလိုက်လာမည့် လူတွေကို ကြောက်ရ၊ သူ့ကို မျှော်ရ။

တွေးမိရင်း ရင်တွေပူလာသည်။ စိုးရိမ်စိတ်ကြောင့် တစ်လမ်း လုံး တဒိုင်းဒိုင်းဆောင့်နင်းလာသည့် စက်ဘီးကိုလည်း ထိန်းရမှန်းမသိ။
~~~

ရှာထိပ်ညောင်ပင်ကြီးအောက်ကိုရောက်တော့ ဆယ်နာရီထိုးဖို့ ဆယ်ငါးမိနစ်သာ လိုတော့သည်။ သာကီရောက်နေပြီဟု စိတ်က မှန်းထွက်ပြီး စက်ဘီးပေါ်က ကမန်းကတမ်းဆင်းလိုက်သည်။

'သာကီ'

'အစ်ကို'

သူခေါ်လိုက်တော့ သာကီပြန်ထူးသံကို ကြားလိုက်၏။ အလင်းရောင်ကနေ အမှောင်ထဲရောက်လာသည်မို့ ရုတ်တရက် ဘာကိုမှ သဲကွဲစွာမမြင်ရဘဲ အသံလာသည့်ဆီ လှမ်းကြည့်မိ၏။

လူရိပ်မတွေ့။ နောက်က ဝင်းမော်လည်း ရောက်လာသည်။

'သာကီ… မင်း ဘယ်မှာလဲ၊ လာလေ'

'ဘယ်မှာလဲ၊ ရှိလို့လား'

ဝင်းမော်က တပ်မေး၏။

'ရှိတယ် သာကီ'

သူအပ်ခေါ်တော့ မထူးတော့ပါ။ သို့သော် ခပ်လှမ်းလှမ်းမှာ ခုံဝင်တွေဖားလျားဖြန့်ချထား၍ ငြိမ်သက်စွာရပ်နေသည့် သာကီကို သူ မြင်လိုက်၏။

'ဟိုမှာ သာကီ'

သူ သာကီဆီ လှမ်းသွားမိသည်။ ထိုစဉ် ခြေထောက်က တစ်စုံတစ်ခုကို ခလုတ်တိုက်လိုက်မိ၏။ သူယိုင်ခနဲဖြစ်သွားတော့ ခလုတ်တိုက်မှန်းသိကာ ဝင်းမော်က ယူလာသည့် ဓာတ်မီးလေးနှင့် ဖမ်းထိုးလိုက်၏။

'ဟင်'

'အိတ်ကွ'

ဝင်းမော် အသံအဆုံးမှာ သူ အိတ်ကိုလှမ်းယူလိုက်သည်။ ဖွင့်ကြည့်လိုက်တော့ အင်္ကျီထမီများနှင့် သူ့နာရီပါ ပစ္စည်းတိုထွာလေးတွေ…

'သာကီ'



သူ့စိတ်တွေ ချောက်ချားသွား၏။ ဒီနေရာကို သာကီ ရောက်နေပါပြီ။ အော်ခေါ်လိုက်မိသံက စိုးရိမ်ခြင်းကြောင့် အထိန်းအကွပ်မဲ့စွာ ကျယ်လောင်သွား၏။

'သာကီ… မင်း… မင်း… ဒီနားမှာ ရှိတယ်မဟုတ်လား'

တခြားလူတွေမှတ်ပြီး သာကီ ပုန်းနေတာလားဟု တွေးမိ၏။ ရှေ့ကိုပြေးသွားတော့ စောစောက သူမြင်ခဲ့သည့်နေရာမှာ ဘယ်သူမှမရှိ။

'သာကီ'

သူ့အသံသည် လိုက်ခါကျယ်လောင်လာ၏။

'ထွန်းဇော်… သတိထားလေကွာ၊ ငါတို့လာတာ ခိုးကြောင်ခိုးဝှက်၊ သေချာတယ်၊ မင်းကောင်မလေး ဒီရောက်လာပြီးမှ ပြန်ပါသွားတာ'

သူတို့ လာခေါ်သွားကြပြီပေါ့။ မဖြစ်နိုင်ပါ။

'မဟုတ်ဘူး၊ ငါရောက်စက ခေါ်တော့ သာကီ ထူးတယ်ကွ'

'ဟာကွာ၊ မဖြစ်နိုင်တာ'

'ပြီးတော့ ဒီနားမှာ သူရပ်နေတာ၊ ငါတွေ့တယ်'

'မင်းက ဘယ်ကြည့်ကြည့် သူ့အရိပ် သူ့အသံကိုပဲ မြင်နေကြားနေတာကိုး၊ လူဒီနားရှိနေလျက်နဲ့ ဒီအိတ်ကိုလွှင့်ပစ်ထားခဲ့ပါ့မလား၊ နည်းနည်းပါးပါး စဉ်းစားကြည့်ဦး'

သွားပြီ။ ဖြစ်နိုင်ခြေရှိလျက်နှင့် သူလက်မခံချင်။ သာကီကို သူချစ်သည်။ ဆုံးရှုံးခံလိုက်ဖို့လည်း ဘယ်တုန်းကမှ စိတ်မကူးခဲ့။ သူမကို ခိုးယူပြီးသည်နှင့် မြို့ကိုလစ်ထွက်ဖို့ အားလုံးစီစဉ်ပြီးသား။

'ထွန်းဇော်'

သူ ဟိုဒီလှည့်ပတ်ကြည့်၍ အံကြိတ်နေတော့ ဝင်းမော်က လက်မောင်းကို ဆွဲလှုပ်ခေါ်၏။

'ရှာကြည့်ပါဦးကွာ၊ လူလာလို့ တချောင်ချောင်ဝင်ပုန်းရင်း ကြောက်လန့်ပြီး သတိတွေဘာတွေ လစ်နေတာလား'

ထွန်းဇော်အဖြစ်ကိုမြင်ကာ ဝင်းမော် သနားသွားမိ၏။

'ဒါဖြင့်လည်းရှာကွာ၊ ကဲ…'

နှစ်ယောက်သား ညောင်ပင်ကြီး၏အခြေပတ်လည်မှာ လိုက်ရှာကြသည်။ ထို့ပြင် ဘေးပတ်ဝန်းကျင်ခြုံစပ်တွေထဲထိ ခပ်တိုးတိုး ခေါ်ရင်း လိုက်ဖြဲရှာကြသည်။ ညောင်ပင်နှင့်အနီးတစ်ဝိုက်မှာတော့ ဘယ်မှာမှ မရှိတာသေချာပါပြီ။

'ဝင်းမော်... ဟိုအောက်မှာကော'

ထွန်းဇော်ကပြသည့် ကညင်ပင်ကြီးဆီ လှမ်းကြည့်၍ သူ တစ်စုံတစ်ခုပြောဖို့ ပါးစပ်ဟလိုက်စဉ် အဝေးဆီမှ လူအုပ်စုနှင့်ဓာတ်မီးတွေ ဝင်းဝင်းလက်လက် လာနေကြတာကို လှမ်းမြင်လိုက်ရကာ...

'ဟာ... ဟိုမှာ လာကုန်ကြပြီ'

လူစုကို လက်ညှိုးထိုးရင်း ဝင်းမော်က ထွန်းဇော်ဘက်ကို လှည့်မကြည့်ဘဲ နောက်ပြန်ဆို၏။

'လာ... လာ... ထွန်းဇော်၊ ငါတို့လစ်မှဖြစ်မယ် မြန်မြန်လာ'

'ဟာကွာ၊ ငါ...'

'မင်းကလည်း၊ နောက်ထပ် အခွင့်အရေးတွေ ရှိလာဦးမှာပေါ့၊ လာပါ'

'သူက လက်ထပ်တော့မှာကွ၊ ငါ သာကီ့ကို ဆုံးရှုံးမခံနိုင်ဘူး'

'အေးပါ၊ သူမက်လာမဆောင်မချင်း ကြိုးစားလို့ရသေးတယ်ကွ၊ အခု ခဏလေးပဲ ရှောင်နေလိုက်၊ လာစမ်းပါ'

သူတို့စက်ဘီးတွေနှင့် နေရာမှခွာလာခဲ့ရသည်၊ ဆိုးရွားခဲ့သော အဖြစ်တို့ကို သူတို့ ဘာမှမသိခဲ့သေး။ သို့သော် နောက်ကနေ ရိပ်ခနဲ ဖျတ်ခနဲ လှုပ်ရှားလိုက်သလိုလို အသံလိုလို ထွန်းဇော် စက်ဘီးကို လေးဖင့်စွာ နင်းလိုမှ်စေရင်း မကြာခဏ လှည့်ကြည့်ရင်းဖြင့် အိတ်ကလေးသာ ရခဲ့ရသော ကိုယ့်အဖြစ်ကို ယူကြုံးမရဖြစ်ခဲ့မိသည်။

နွယ်သာကီဆိုသည့် မိန်းမလှလေးကို သူ ရင်နင့်လောက်အောင် ချစ်ပါ၏။

~~~

## အခန်း (၄)

ဘုရားမှာ လူတွေက ကျိတ်ကျိတ်တိုး စည်ကားနေသည်။ ဒါကိုပဲ ငဝါတို့သူငယ်ချင်းတစ်သိုက် ပျော်နေကြသည်။ စောင်းတန်းကို စက်လှေခါးက မတက်။ ဓာတ်လှေခါးကလည်း မဟုတ်ဘဲ သူငယ်ချင်းတွေ လက်ချင်းချိတ်ကာ ရိုးရိုးလှေခါးက တက်လာခဲ့၏။ တိုးဝှေ့တက်ခဲ့ကြသည်။

'ခြေထောက် ပူတယ်ဟာ၊ ပြေးမှဖြစ်မယ်'

'ဘုရားပေါ်မှာ ပြေးတယ်လွှားတယ် မကောင်းဘူး၊ သုတ်သုတ်သွားမယ်'

ငဝါကပဲ ဆရာလုပ်လိုက်၏။

ဒီအုပ်စုထဲမှာ ငဝါက ဒါဆို အားလုံးဒါပဲဖြစ်သွားတတ်ကာ ငဝါက နေရာတကာ ခေါင်းဆောင်သွားတတ်သည်။ ခုလည်း ငါးယောက်သား အညီအညာ ထွက်လာကြရင်း...

'ဟယ်'

'ငဝါ... ဘာဖြစ်လို့လဲ'

ငဝါထံမှ ဟယ်ခနဲ အသံကြောင့် အားလုံးရပ်တန့်ကာ နောက်ပြန်ကြည့်မိကြ၏။ အားလုံးလည်း တွေ့ကြသည်။ ငဝါ၏ လက်ကိုင်ပုဝါလေးအဖြစ်ဆိုးသွားခြင်း...

'စော်ကားပြီ'

'ဒါ သက်သက်လုပ်တာ'
~~~

'မမြင်လို့ဖြစ်မှာပါ'

'လှပုံကိုကြည့်ပါလား၊ တလောကလုံးကို မမြင်တဲ့ပုံနဲ့'

'မျက်မှန်ကြီးနဲ့ဆိုတော့ တကယ်ကန်းနေသလားမှ မသိတာ'

ငါးယောက်လုံး ခါးတွေထောက် ခေါင်းတွေကန်နေသလောက် လက်ကိုင်ပဝါဖြူနုနုလေးကို ရက်စက်စွာ ဖိနင်းသွားသည့် ခြေထောက်တစ်စုံကတော့ အနည်းငယ်မျှတွန့်မသွား။

ခြေထောက်ပိုင်ရှင်သည် ခေါင်းကိုသော်လည်းကောင်း၊ ကိုယ်ကိုသော်လည်းကောင်း ဘေးဘီသို့ အနည်းငယ်မျှ ငဲ့စောင်းခြင်းမရှိဘဲ ခေတ်လျှောခါးဘက်သို့ တည့်တည့်ပဲ ထွက်သွားနေ၏။

'ရုပ်ကတော့ အတော်ဖြောင့်တယ်ဟာ'

'လုပ်မနေစမ်းပါနဲ့၊ မာနကခေါင်ခိုက်နေတာ၊ ပုံစံကိုကြည့်ပါလား၊ ဖိနပ်က နင်းတာမဟုတ်ဘူး၊ ခြေဖဝါးကနင်းသွားတာ၊ ကျောက်သားလား၊ လက်ကိုင်ပဝါလား မသိဘဲ နေမလား၊ တမင်ကို လူပါးဝသွားတာ'

ဖြူနုက စိတ်ထဲရှိသလို ဝေဖန်နေပေမယ့် လက်ကိုင်ပဝါကို စေးစိုက်ကြည့်နေသည့် ငုဝါ၏ မျက်ဝန်းလေးတွေ ပြုံးပြက်လက်လာခဲ့၏။

'နင်တို့ကလည်း တော်ပါတော့၊ ငုဝါ ဒေါသဖြစ်ပြီး ပြဿနာ သွားရှာဦးမယ်'

အိအိက ငုဝါလက်ကို သူမလက်တွေထဲမှာ ဆွဲဆုတ်လိုက်၏။

'ထားလိုက်ပါ ငုဝါရယ်၊ သူလည်း တစ်ခုခု တွေးလာလို့ သတိလစ်သွားတာ ဖြစ်မှာပေါ့၊ သူနဲ့ကိုယ် သိခဲ့ငြိခဲ့တာမှမဟုတ်တာ၊ တမင်လုပ်တာတော့ မဖြစ်နိုင်ပါဘူး၊ လာ… သွားမယ်'

'ပြဿနာသွားရှာလည်း ကြောင်တောင်တောင်ကြီး ဖြစ်ရဦးမယ်၊ သူက ဘုမသိ ဘမသိပြန်လုပ်ရင် ကိုယ်ကပဲ ဓာတ်လမ်းရှာသလိုလို'

သူငယ်ချင်းတွေလည်း ငုဝါ ပြဿနာရှာမည်ကိုစိုးတာ အခြေ



အနေကို ပြန်ထိန်းကြသည်။ တစ်ယောက်တစ်မျိုး ဖြေသိမ့်ပြီး ငုဝါကို ထိုနေရာမှ ဆွဲခေါ်လာခဲ့ကြ၏။ ငုဝါလာတော့ ထိုသူ့ကို အငြိုးကြီး ငြိုးခဲ့ပြီဖြစ်၏။

ဘုရားရင်ပြင်ပေါ်မှာ တစ်နေကုန်နေကြပြီး ညနေစောင်းမှ သူမတို့ အုပ်စု ပြန်ဆင်းခဲ့ကြသည်။ ထိုအခါ…

'ဟော… ဟိုမှာ'

အိအိကပဲ စမြင်သည်။ သနပ်ခါးရောင်ဖျော့ဖျော့ ရှပ်လက်တို ပွပွ၊ ဘောင်းဘီရှည်အနက်နှင့် မျက်မှန်နက်တပ်ထားသည့် ထိုသူက လက်တောက်နေသော အဖြူရောင်ကားဘေးမှာ ခပ်စောင်းစောင်းရပ် လျက် သောဖွင့်နေ၏။

ဘယ်ကကြည့်ကြည့် ထင်းနေသည့် ထိုသူ့ကို လှမ်းမြင်လျှင် ငုဝါ ဒီတစ်ခါ ဘယ်လိုမှ အလွတ်မပေးနိုင်တော့ဘဲ အိအိကို ဖျတ်ခနဲ ဆွဲကာ ထိုဆီသို့ ဒရောသောပါး ပြေးသွားပြီး…

'ဟာ'

'အင့်'

'အိအိနော်… ဟယ်… ဆောရီး…'

အိအိနဲ့ငုဝါလုံးထွေးကာ ထိုသူ့ကိုယ်နှင့်ပစ်ဆောင့်သွား၏။

ထိုသူသည် ကားနှင့်ညပ်ခံကာ အိအိနဲ့ငုဝါက ဘေးကိုယိမ်း ယိုင်ကျသွားသည်။ အိအိခမျာ ဘာမသိ ညာမသိဖြစ်သွားသော်လည်း ငုဝါလုပ်ချလိုက်တာကိုသိ၍ ဘယ်အပိုင်း ဘယ်ဇာတ်ဝင်ခန်းက ကရ မလဲဆိုတာသာ အပြေးအလွှားစဉ်းစားရတော့သည်။

'တောက်… ဘာတွေဖြစ်လာကြတာလဲ အဲဒါ'

လက်ထဲက ဟမ်းဖုန်းပြုတ်ကျသွားတာကို ပြန်ကောက်ဖို့ပင် သတိမရ။ သူ ဒေါသတကြီး မျက်မှန်ကို ဆွဲချွတ်ကာ မိန်းကလေး နှစ်ယောက်ဘက် လှည့်၏။ တစ်ယောက်က ဆံပင်ကုတ်ကျော်လောက် ရှည်သည်။ တစ်ယောက်က ကုတ်မထောက်တထောက် ဆံပင်ကုပ် ကုပ် ပျော့ပျော့လေးတွေနှင့်။ ဆံပင်ရှည်ကောင်မလေးက သူ့ကို

အားနာကြောက်ရွံ့ဟန်လေးနှင့်ကြည့်သော်လည်း ဆံတိုကောင်မလေးက ခပ်တင်းတင်း စူးစူးရဲရဲ။

ကားနှင့်ပြန့်ထိန်းလိုက်ရသော ယိုင်ကျသွားသည့်ကိုယ်ကို မတ်တတ် ပြန်ရပ်ပြီး သူ့ကိုမိုက်တိမိုက်ကန်း ပြန်ကြည့်၏။

'ဒီမှာလည်း နာသွားတာပဲ၊ မတော်လို့တိုက်မိတာ ဘာဖြစ်သွားတာလဲ ဟွန်း'

အောင်မာ ကိုယ်ကပဲ ပြန်တောင်းပန်ရဦးမှာလား။

'မတော်လို့ ဟုတ်လား၊ ဒါလမ်းသွားတဲ့ နေရာလား၊ ဟိုဘက်ကနေ ကားပါကင်ထိ လာဝင်တိုက်တာ မတော်တဆလား'

'အောင်မာ ရှင့်ကို တမင်ဘာဘာ ဝင်တိုက်တယ်များထင်လို့လား၊ ကိုယ့်ရုပ်ကိုလည်း ပြန်ကြည့်ဦး၊ ရာဇဝင်အဆက်ဆက်က ဘယ်မှာမှ သုံးစားမရလို့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကြီးကို ဟွန်း'

'ဘာ… ဟင်း'

ငုဝါ အိအိကို ဆွဲ၍ မော့မော့လေးထွက်လာခဲ့၏။ နောက်မှာ တက်ခေါက်သံတစ်ချက်ကပ်ပါလာသေးသည်။

ကဲ… သေလိုက်စမ်း။ ရှင်ကြီး ကားပေါ်ရောက်ရင် ဒီထက်ပိုဆိုးမယ်။ အိမ်ပြန်ရောက်ရင် မေ့တွာတွေမှာဦးမှာ။ ငုဝါဆိုတဲ့ မိန်းမဟာ ရှုံးပြီဆိုရင် ပြန်ယူတတ်တာ ရှင် မသိသေးလို့ ဖြစ်ပါလိမ့်မယ်။

## အခန်း (၅)

'သား'

နောက်မှခေါ်သံကြောင့် သူလှည့်မကြည့်ပေမယ့် စားပွဲမှာ မေးထောက်ထိုင်နေသည့် လက်ကိုတော့ ဖြုတ်မချမိ။

အနားကို မေမေရောက်လာပြီး ရှေ့မှာတစ်ဝက်ကျရုံသောက်ထားသည့် နက်စ်ကော်ဖီတွေကို ငုံ့ကြည့်သည်။ ပြီးတော့ ပန်းကန်ကို တဖက်သို့ အသာရွှေ့ထားလိုက်ပြီး…

'သက်သက်ခင်တို့ အိမ်ကို သွားကြမယ်လေ သားရယ်၊ မင်္ဂလာကိစ္စက မေမေတို့ ကိုယ်ဖိရင်ဖိစီစဉ်မှ ကောင်းမှာပေါ့၊ သူတို့က မိန်းကလေးရှင်'

'အားလုံးပြီးနေပြီပဲ မေမေ၊ မင်္ဂလာဆောင်ဖို့ပဲ ရှိတော့တာကို၊ သွား… သွားပြီး ဘာတွေလုပ်ဖို့ လိုသေးသလဲ၊ အပိုတွေ ကျွန်တော် မလုပ်ချင်ဘူး မေမေရာ'

'သားရယ်'

ဒေါ်ကြည်ကြည်က သားဖြစ်သူကို ခွင့်လွှတ်နားလည်စွာ ကြည့်သည်။ သားက အိမ်ထောင်ရေးကို လုံးဝလက်မခံ။ စိတ်မဝင်စားပါဘဲ ဇွတ်စီစဉ်ခဲ့ရတာမို့ သားဘက်က ငြူစူသွားမှာကို သူမနားလည်သည်။ ခုလည်း အမွေကိစ္စနှင့် ဖခင်ဖြစ်သူ ကျန်းမာရေးကြောင့် လက်ထပ်ဖို့အတွက်ကို ခေါင်းညိတ်ခဲ့တာဖြစ်သည်။

ဒါပေမဲ့ တစ်ဖက်က မိန်းကလေးရှင်တွေကိုတော့ အားနာဖို့ကောင်းပါသည်။ ဂုဏ်သရေရှိ နှစ်ဖက်မိဘဖွေ စီစဉ်ပေးကြတာကို

နာခံကြသူချင်းအတူတူ သက်သက်ခင်က သားနှင့်ကျောင်းနေဖက်လည်းဖြစ်ခဲ့ကာ သားကိုလည်း သံယောဇဉ်ရှိခဲ့တဲ့သူ။

'သူ့ကို သက် သိပါတယ်' ဟု ပြောကာ ဒေ့စပ်ကတည်းက အလွယ်တကူပဲ လက်ခံခဲ့၏။ ရင်းနှီးခဲ့ကြပေမယ့် ကျောင်းမှာမြင်တွေ့နေကြတာကို သားကလည်း ဝန်ခံသည်။ ဒါပေမဲ့လက်ခံခဲ့တာမဟုတ်။

ထိုကိစ္စကြောင့်ပဲ ကျောင်းပြီးသည်နှင့် တောကိုသူငယ်ချင်းနဲ့ လိုက်သွားလိုက်တာ မိဘက ဘယ်တော့မှန်းမသိ ဘယ်နေရာမှန်းမသိ။ သူကိုယ်တိုင် ပြန်ရောက်လာတော့မှပဲ ဟင်းချနိုင်ခဲ့သည်။ တိုက်ဆိုင်စွာ သူ့အဖေကလည်း အတော်လေး မကျန်းမမာဖြစ်နေသည်။ ပြောကြကြေးဆို သူမက ထွန်းဇော်ဦး၏ အဒေါ် မိထွေးတော်သူပါ။ ထွန်းဇော်က အစ်မဖြစ်သူ၏ သား။ တူလေးမျက်နှာကို ငဲ့ကွက်၍ မိဘများက အစ်မဆုံးသွားတော့ ဦးချစ်လှိုင်နဲ့ သူမကို ပေးစားခဲ့ကြသည်။ ထိုစဉ်ကတည်းက ဦးချစ်လှိုင်က ဒေါ်ကြည်ကြည်ထက် ဆယ့်သုံးနှစ်ကြီးသည်။

'ကြည်… မင်းက ငယ်ရွယ်နုပျိုနေတုန်းမို့ နောက်ထပ် အိမ်ထောင်သစ် ထူထောင်လို့ရနိုင်သေးတယ်၊ မင်းကိုလည်း ငါက အစ အားလုံးက ခွင့်ပြုကြမှာပါ၊ ဒါပေမဲ့ သားရဲ့အမွေကိစ္စကိုတော့ ငါ စီစဉ်ခဲ့မှဖြစ်မယ်၊ ဒါဟာ ခွဲခြားခိုင်းတာမျိုးတော့ မဟုတ်ဘူး၊ နောက်မရှုပ်အောင် ရှင်းတဲ့သဘောပဲ၊ နောက်ထပ် မင်း အိမ်ထောင်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ သားသမီးထပ်ရခဲ့ရင်ဖြစ်ဖြစ် မရခဲ့ရင်ဖြစ်ဖြစ် ဘာမှရှုပ်ထွေးမနေအောင် ငါမသေခင် သားကို အမွေလွှဲပေးခဲ့ချင်တယ် သားကို မင်းအမြန်ဆုံးရောက်အောင် ပြန်ခေါ်ပေးပါ'

သူ ကျန်းမာရေး ချူချာလာကတည်းက သားကို ကျောင်းပြီးတာနဲ့ လက်ထပ်ပေး၍ အမွေလွှဲမည်။ အားလုံး စီစဉ်ပြီးသား။

မိန်းမ မလိုချင်သည့် ထွန်းဇော်က သူ ငြင်းရခက်တော့မည်ကို သိကာ ကျောင်းပြီးတာနှင့် သူငယ်ချင်းနဲ့ ပါသွားလိုက်တာ နှစ်လကျော်ကျော်။ ထိုအချိန်မှာပဲ သားကိုရှာမရရင် ရောဂါက ပိုလာရင်းနှင့် ဦးချစ်လှိုင် အိပ်ရာထဲလဲခဲ့သည်။ ဒေါ်ကြည်ကြည် ပျာယာခတ်နေတုန်း ထွန်းဇော် ပြန်ရောက်လာခဲ့တာ ဖြစ်သည်။



'မေမေရော ကျွန်တော့်မှာ သောကတွေတစ်ပွေ့ကြီးနဲ့ဗျာ'

ငယ်ငယ်ကတည်းက မိခင်ရင်းကို မသိခဲ့သော ထွန်းဇော်က ဒေါ်ကြည်ကြည်ကိုပဲ အမေ၊ သူ့တောမှာ ချစ်သူရှိခဲ့ဟာ၊ ချစ်သူ ဘယ်လိုသေဆုံးသွားခဲ့တာ အားလုံးကိုပြောပြ၍ မိန်းမ မယူချင်ကြောင်း ငြင်းသေးသည်။

'ဒါက သားအဖေရဲ့ ဆန္ဒမို့ပါကွယ်၊ သူ့ခမျာ ဒါကိုပဲ ပူနေရှာတာ၊ သားခေါင်းညိတ်လိုက်ပါ၊ မေမေက ကိုယ်ချင်းစာနာတတ်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စကို သားလက်မခံရင် သားရဲ့ဖေဖေက မေမေ့ကိုပါ အထင်လွဲနိုင်တယ်၊ အမွေကိစ္စမို့ပါ သားရယ်နော်၊ လက်ခံလိုက်ပါ' သူမ အတင်းနားချခဲ့ရသည်။ သားလေးကို ငယ်ငယ်ကတည်းက ပွေ့ပိုက်ထိန်းကျောင်းခဲ့ရတာမို့ ချစ်ပါသည်။ ပြီးတော့ ကိုယ်ဟာ မိထွေးဆိုပေမယ့် အစ်မကမွေးသည့်သား ကိုယ့်တူလေး။

မိမိဝမ်းနဲ့ လွယ်မွေးခဲ့ရသလိုပဲ ချစ်ခဲ့သည်။ သားကလည်း ဒီလိုပဲ သူမအပေါ် တွယ်တာခဲ့တာကို သူမသိသည်။ အမွေကိစ္စကိုလည်း သားလေးအတွက် နောက်တစ်ချိန် မရှုပ်ဖို့ဆိုတာ သဘာဝကျသည်။ သူမ ကျေနပ်ပါသည်။ ထွန်းဇော်ခေါင်းက ဆံပင်တွေကို သားလေးငယ်ငယ်က ချော့သလိုပဲ တယုတယ ပွတ်သပ်၍ ပြတ်တောက်သွားသည့်စကားကို ပြန်ကောက်ဖို့ ကြိုးစားရသည်။

ထွန်းဇော်က သူမ၏စကားကိုကော မျက်ဝန်းအောက်မှပါ ရှောင်ထွက်သွားနိုင်ဖို့ နေရာမှထရပ်လိုက်သည်။

'သား'

ဒေါ်ကြည်ကြည်က သူ့လက်ကို ဆုပ်ကိုင်ထားလိုက်ပြီး…

'ခဏတော့ လိုက်ခဲ့ပါ သားရယ်၊ မင်္ဂလာကိစ္စ ဝယ်တာခြမ်းတာ သွားလာတာအားလုံးလည်း သား မလိုက်တဲ့အခါတွေ၊ မသွားခဲ့တာတွေ ဒါတွေ သူတို့သည်းခံကြတာပဲ၊ အခုက မင်္ဂလာဆောင်ကြတော့မှာ၊ သား ဒီလောက်ထိ နေစိမ့်ဖို့မသင့်လို့ မေမေ ပြောတာ၊ လိုက်ခဲ့နော် သား' ထွန်းဇော် ဆံပင်တွေကို ဆွဲဖွကာ နေရာမှာပင်ထိုင်ချလိုက်မိသည်။ ရင်ထဲမှာ ဘာမှမပျောက်ပျက်နိုင်ဘဲ ကျန်နေသေးတာ ဘယ်သူ မှ စာနာမပေးကြတော့ဘူးလား။

## အခန်း (၆)

မင်္ဂလာဧည့်ခံပွဲက စည်ကားပါသည်။ လက်ဖွဲ့ပစ္စည်းတွေကလည်း သယ်လို့မကုန်အောင် များသည်။ အားလုံးအဖိုးတန်တွေချည်းပဲဖြစ်သည်။ သို့သော် သက်ရင်ထဲမှာ ပျော်လည်းမပျော်။ ပြည့်စုံတယ်လို့လည်း မထင်။

သူမသည် ဟိုးတုန်းကလည်းက ကျောင်းမှာ ထွန်းဇော်ကိုဆို အမှတ်တရကြည့်ခဲ့၏။ သူမ တိတ်တခိုးရင်ခုန်ခဲ့ရသူ။ ထွန်းဇော်သည် ရုပ်ချောသည်။ စာတော်ပြီး ရှုပ်တာပွေတာ မရှိ။

တည်တည်တံ့တံ့နေတတ်တာလေးကိုပဲ သူမ စိတ်ကူးတွေ ယဉ်ခဲ့ရတာ။ လူကြီးချင်း စေ့စပ်ကြဖို့ဖြစ်လာတော့ ထိုသူဟာ ထွန်းဇော်ဖြစ်နေမှန်းသိတာနှင့် လက်ခံခဲ့မိတာဖြစ်သည်။ ဒါပေမဲ့ သူမ မှားခဲ့ပြီလား။ ထွန်းဇော်ဟာ သူမထင်ခဲ့သလို နှလုံးသားသန့်စင်ခဲ့သူ ဟုတ်ပါရဲ့လား။

မင်္ဂလာခန်းမကြီးထဲမှာ တစ်ယောက်တည်းငုတ်တုတ်ထိုင်ရင်း သောကတွေသာ ပိုမိုလာခဲ့သည်။ ရင်ထဲမှာ အေးချမ်းမသွားနိုင်။

သူမ ဆံထုံးဖြေပြီးပြီ။ ဒါပေမဲ့ အဝတ်အစားမလဲရသေးပါ။ သူဝင်လာလျှင် လဲဝတ်ဖို့လည်း အဝတ်အစားတစ်စုံ ထုတ်ပေးထားခဲ့သည်။



သူလည်း ဝင်မလာခဲ့။ ညဆယ့်တစ်နာရီကျော်သွားတော့ သူမ မှန်တင်ခုံရှေ့ကနေ ထရပ်လိုက်သည်။ မင်္ဂလာပွဲပြီးစက အပေါင်းအသင်းတွေနဲ့ ပါသွားတာကို သူမ သိသည်။ ပြန်ရောက်နေပြီဆိုတာလည်း သိသည်။ ဒါပေမဲ့ အခန်းထဲ ပြန်ဝင်မလာတာကိုစဉ်းစားမရနိုင်။

မင်္ဂလာပွဲတက်လာတော့လည်း ထွန်းဇော်ဟာ ရုပ်တည်ကြီးနှင့် ဟန်ဆောင်ပြုံးရယ်နေတာတွေက သိသာလှသည်။ ဒါတွေကို သူမ မေးချင်သည်။ ရှင့်မှာ ချစ်သူရှိခဲ့ဖူးသလား။ ချစ်သူရှိနေလျက်နဲ့ ကို လက်ထပ်ခဲ့တာလား။ ရင်ထဲမှာ မေးခွန်းတွေပြည့်နေသည်။

နားမလည်နိုင်ခြင်းကနေ ဒေါသတွေဖြစ်လာခဲ့သည်။ သူကတော့ ပေါ်မလာခဲ့။ နှစ်ဖက်မိဘ ဘယ်သူ့ဆီမှာမှ မနေကြဘဲ လက်ဖွဲ့သောတိုက်လေးမှာ သူတို့ရောက်နေခဲ့တာမို့ မိဘတွေလည်း မရှိကြတော့ပါ။

တစ်အိမ်တည်းမှာ သူနဲ့ကိုယ် နှစ်ယောက်ပဲရှိခဲ့တာ။ သူက ထင်သလိုနေပြီး ကိုယ့်တစ်ယောက်တည်း မင်္ဂလာအိပ်ခန်းထဲမှာ

'ကိုဇော်'

သည်းမခံနိုင်သည့်အဆုံး သူမ အခန်းထဲက ထွက်ခဲ့သည်။ လူရိပ်မြင်လိုက်သည့် ဘေးဘက်ဝရန်တာကို လှမ်းကြည့်ကာ နေရာမှာပင် ရပ်၍ ခေါ်လိုက်မိသည်။

သူရှိသည့်နေရာကို လိုက်သွားစရာမလိုဟုထင်သည်။ သို့သော် သူမခေါ်သံသာ တိတ်ကျသွားခဲ့သည်။ ထွန်းဇော်ထံမှ တုံ့ပြန်သံ မကြား။ ဒီနေရာနဲ့ ဒီနေရာ သူ မကြားဘဲနေမလား။ ခြေလှမ်းတို့က ဒေါသကြောင့် ဘောက်ဆတ်ဆတ်ဖြစ်လျက် တစ်ခြမ်းပိတ်ထားသည့် တံခါးတစ်ချပ်ကို ဆွဲဖွင့်လိုက်မိသည်။

'ဟင်'

ဝရန်တာမှာ ဘယ်သူမှ မရှိပါလား။ သူမ သေသေချာချာ မြင်လိုက်တာပါ။ သက် ဝရန်တာဘက်ထွက်၍ ဟိုဒီလိုက်ကြည့်မိ၏။

'အို'

ပန်းခြံထဲမှာ ထွန်းဇော်၊ မာကျူရီ မီးတိုင်ပုလေး၏အောက်မှာ ထွန်းဇော်သည် တစ်ယောက်တည်းမဟုတ်။

တစ်ယောက်ထိုင်ခုံ ခပ်တိုတိုသေးသေးလေးမှာ မိန်းကလေး တစ်ယောက်ကို ယုယစွာထွေးပွေ့ထားလျက်။ ရှည်လျားသော အမျိုးသမီး၏ဆံနွယ်များကို ဒီတိုင်းမြင်နေရသည်။

"တောက်"

ဒေါသတွေတော့ ရှက်ကြောက်ခြင်းများပါ စုပြုံကာ အသားများပင် တုန်ပြီး အပေါ်ထပ်အောက်ထပ် ရှည်လျားစွာဖွဲ့ထားသည့် လှေခါးထစ်များကို ဘယ်လို နင်းဖြတ်ကျော်လွှားခဲ့မှန်းမသိ။

ဒါ သူနဲ့ ကိုယ်နှစ်ယောက်တည်းနေဖို့ လက်ဖွဲ့ခဲ့ကြတဲ့ ခြံနဲ့ တိုက်ပါ။ ဒီနေ့ဟာ မင်္ဂလာဦးည။ ဒါတောင် သူ…။

သက် ခြံထဲကို ပြေးဆင်းခဲ့မိသည်။ မျက်ဝန်းမှမျက်ရည်စက်တို့ဟာ ဝမ်းနည်းကြေကွဲလို့မဟုတ်တဲ့ နာကျည်းမှုများကြောင့်ဖြစ်သည်။

နောက်ကနေ မြင်နေရသည့် ကျောပြင်နှစ်ခုကို မလွှတ်တမ်း ကြည့်ရင်း မျက်ရည်ကြောင့် မြင်ကွင်းက ဝါးသွားလိုက် ပြာသွားလိုက်။

"ကိုထွန်းဇော်… ရှင်" နောက်ကနေ ထွန်းဇော်၏ ပခုံးကို အားရှိပါးရှိ တွန်းချပစ်လိုက်၏။

"ဟင်း…"

အမှတ်တမဲ့မို့ ထွန်းဇော် ပုံပျက်ပန်းပျက် ငိုက်ကျသွား၏။ လှည့်ကြည့်လိုက်တော့ သက်သက်ခင်။ သူ ဒေါသကို အတော်ထိန်းဖို့ ခက်သွားသည်။ သူထရပ်လိုက်မှ ဖြူးတီဖြူးကြောင် ကြည့်နေသည့် သက်သက်ခင်ကို ခွဲခါပစ်မိတော့မတတ် ရှေ့ကို နီးကပ်စွာတိုးလိုက်ပြီးမှ လက်သီးဆုပ်ထားလိုက်ရသည်။

"ဟင်-ဘာလုပ်တာလဲ သက်သက်ခင်၊ မင်း ရိုင်းလှချည်လား"

"ရှင်… ရှင်…"

သက်သက်ခင် မျက်ဝန်းမှာ မျက်ရည်တွေရှိနေဆဲ။ သို့သော် သူမသည် ငိုဖို့သတိရသော့ဟန်မတူဘဲ ပတ်ဝန်းကျင်ကို ဝေ့ဝဲရှာဖွေလျက်…



"ဟိုတစ်ယောက်ကော"

"ဘာလဲ၊ ဘယ်တစ်ယောက်လဲ၊ မင်း မိန်းမပေမယ့် ဒီလောက် ထိစော်ကားလာရင် ငါ ခွင့်လွှတ်မှာမဟုတ်ဘူး၊ ပြောစမ်း၊ ဘာပြဿနာ နဲ့ လူကို လာတွန်းတာလဲ"

"ရှင်ဖက်ထားတဲ့ ဟိုမိန်းမကော"

"ဘာကွ"

စော်ကားလိုက်ပြန်ပြီ။ ထွန်းဇော်၏ ဘာသံကြီးက ကျယ်လောင်စွာ ထွက်သွားလျက်…

"သက်သက်ခင် မင်း ငါ့ကိုမကျေနပ်နေတာ ဒီပွဲအကြောင်းနဲ့ ပြဿနာရှာလို့ရတယ်နော်၊ ဒီကိစ္စနဲ့ ငါ့ကိုမစော်ကားနဲ့"

"စော်ကားနေတာ မဟုတ်ဘူး၊ သက် မြင်တာ၊ ခုနက ရှင် သူ့ကိုဖက်ထားတာ"

"ဘာ သူလဲ၊ ဘယ်မှာလဲ၊ မင်းပြ၊ မပြနိုင်ရင် ငါ့ကိုအဆိုး မဆိုနဲ့"

သက် ဘာပြောရမှန်းမသိ။ ဘယ်ကိုကြည့်ကြည့် ဘာမှလည်း မရှိ။ ခြံထဲမှာ ပန်းပင်သစ်ပင်တွေရှိပါသည်။ ဒါပေမဲ့ ထူထပ်စွာ ရှိနေတာမျိုးမဟုတ်။ ခြံသစ်မို့လည်း ပန်းပင်တွေ စုံစုံလင်လင် သိပ်မရှိသေးတာဖြစ်သည်။ မီးရောင်ဘက်မှာ လူတစ်ယောက်ယောက် ပုန်းခိုနေတာကို မမြင်လောက်စရာ ဘာမှမရှိပါ။ ပြီးတော့ သူမမျက်စိရှေ့မှာတင်လျှပ်တပြက်ကြီး ဘယ်ဆီပြေးသွားနိုင်မှာလဲ။

"တောက်… မင်း"

စိတ်ကူးတွေ ပြတ်တောက်ကုန်ခဲ့သည်။ ငြိမ်ငြိမ်လေး စီးမျောနေခဲ့သောအတိတ်နှင့် ကိုယ့်စိတ်ကူးတို့ဟာ လေးညို့သံကြားသည့် ငှက်ငယ်တစ်ကောင်ပမာ သူမကြောင့် ပြေလွင့်ပျံထွက်သွားခဲ့၏။ ထွန်းဇော် ဒေါသတကြီး တက်ခေါက်ကာ နေရာမှ ထွက်လာခဲ့မိသည်။ သက် ထိုနေရာမှာပင် ရပ်နေမိဆဲ…။

## အခန်း(၇)

ထိုညကတည်းက အဆင်မချောခဲ့သော အိမ်ထောင်ရေးက တစ်ရက်ပြီးတစ်ရက် အဖုအထစ်တွေသာ များပြားလာခဲ့သည်။

‘သူက ဘာလဲ၊ ဦးနှောက်မကောင်းဘူးလား၊ ဂေါက်နေတာလား၊ ဒါမှမဟုတ် အတိတ်မေ့နေတဲ့သူလား၊ သက် သူ့ကို ဘယ်လိုမှ ကို နားမလည်တော့ဘူး အန်တီ’

‘ဘာဖြစ်လို့လဲ သမီးရယ်

သက်သက်ခင် အိမ်ကိုပေါက်ချလာသည်။

‘ကိုဇော် ဒီရောက်နေလား’ ဟု မေးလာရာမှ ခံစားချက်တွေ ဖွင့်ထွက်လာခဲ့တာ ဖြစ်သည်။

‘သား မသာဘူး သမီးရဲ့၊ ဘယ်သွားလို့လဲ၊ သမီးကို ပြော မသွားဘူးလား’

ဒေါ်ကြည်ကြည်က မိဘမို့ ဝတ္တရားရှိတဲ့အတိုင်း မေးလိုက်တာဖြစ်သည်။ သက်သက်ခင်က ပြောစရာတွေ ပါးစပ်ထဲမှာ တစ်လုံးကြီးပြည့်သိပ်လာတဲ့သူ။

‘အပြင်သွားတာမပြောနဲ့၊ အိမ်မှာနေတာတောင် တစ်ယောက်တည်း သပ်သပ်နေတာ၊ ထမင်းဟင်းစားချိန်မမှန်ဘူး၊ သွားတာလာ



တာ အချိန်မမှန်ဘူး၊ အိမ်မှာနေတာထက် အလုပ်ထဲမှာနေတာ ပိုများနေတာ’

‘ဒါကတော့ အိမ်ထောင်သည်ဖြစ်ပြီဆိုရင် ပိုကြိုးစားသင့်တာပဲ မဟုတ်လား သမီးရယ်၊ ပြီးတော့ သမီးတို့က ရင်းနှီးမှုသိပ်မရှိသေးလို့ပါ၊ နောက်ဆို တစ်ယောက်အကြောင်း တစ်ယောက်သိသွားကြရင်…’

‘ဘယ်တော့မှ သိလာမှာမဟုတ်ဘူး အန်တီ၊ သိဖို့က သိချိန်မှမဟုတ်တာ၊ သူနဲ့သက် မျက်နှာချင်းဆိုင်ဖြစ်တာ တစ်ခါမှမရှိဘူး၊ ရှိတဲ့အချိန်ဟာလည်း ရန်ဖြစ်တဲ့အချိန်ပဲ’

‘ဘယ်လို’

ဒေါ်ကြည်ကြည် အံ့သြမိသည်။ အိမ်ထောင်ဦးအစမှာ မကြင်နာကြတာထားပါဦး၊ မသင့်မြတ်ကြတာကို သူမ နားမလည်နိုင်။

‘သားနဲ့သမီး ဘယ်လိုနားလည်မှုတွေ လွဲနေကြလို့လဲကွယ်’

‘သူကဖြစ်နေတာ၊ သူက ဘာလဲ၊ ဦးနှောက်မကောင်းဘူးလား၊ ဒါမှမဟုတ် အတိတ်မေ့နေတဲ့လူလား၊ သက် သူ့ကို ဘယ်လိုမှ နားမလည်တော့ဘူး’

‘သမီးရယ်’

အိမ်ထဲမှာ လူမမာရှိနေသည်။ ဒီပြဿနာတွေကို လူမမာကြားမှာ စိုးပါသည်။ ဒါပေမဲ့ သက်သက်ခင်ကလည်း မခံပြင်။

‘သူ့မှာ တွေးစရာ ငေးစရာတွေ ဘယ်လောက်ထိများပြားနေခဲ့လို့လဲ အန်တီ၊ သူ့ဟာသူ တစ်ယောက်တည်း စိတ္တဇဆန်နေတာကိုပဲ နှစ်သက်နေတာ၊ စကားသွားပြောရင်ပဲ ဒေါသထွက်နေတာ၊ သက် ဘယ်လိုလုပ်ရမှာလဲ၊ သူနဲ့ဘယ်လို ဆွေးနွေးရမလဲ’

ထွန်းဇော်နဲ့ ပြောခွင့်ဆိုခွင့်အရ ထွန်းဇော်၏ ဥပေက္ခာကို ရခဲ့လေတိုင်း သက်သက်ခင် အိမ်မှာလာ၍ ရင်ဖွင့်နေသည်။

‘ဟုတ်ပြီ၊ သားရောက်လာရင် ဒါတွေ အန်တီမေးမယ်၊ သမီးတို့ ပြေလည်အောင် အန်တီကြိုးစားပေးမယ် ဟုတ်ပြီလား’

သက်သက်ခင် ရှုပ်တည်လေး တမင်လုပ်ပြီး ပြန်ထွက်သွားသည်။ မင်္ဂလာဆောင်ပြီး တစ်ပတ်သာကြာသွားသည်။ ခင်ပွန်းဖြစ်သူ၏ အပြုံးတစ်ချက်တောင်မှမရ။ အနားမှာပင် လာမရပ်ခဲ့သော ယောကျာ်းတစ်ယောက်၏ ဥပေက္ခာများအတိုင်း သက်သက်ခင်၏ ဒေါသတို့က ကိုယ့်ကိုယ်ကိုယ် ထုရိုက်ပစ်ချင်မိသည်အထိ။

ဒီနေ့တော့ သူနဲ့ကိုယ် ရှင်းကိုရှင်းရမည်။

ဒေါ်ကြည်ကြည်ထံမှ ပြန်လာခဲ့ပြီး မကျေနပ်ချက်များကပို၍ သာ တိုးလာခဲ့သည်။ ဒေါ်ကြည်ကြည်၏ စိတ်ပူက်စိတ်ဘုန်သော သူမအပေါ် အလိုမကျနိုင်သော စိတ်တို့ကို သူမ ခံစားမိသည်။

ဘာဖြစ်လဲ။ သူ့သားအကြောင်း သူ့မိဘဆီမှာ မတိုင်ရဘူးလား။ တကယ်ဆို စေ့စပ်ခဲ့ပြီးပေမယ့် အလျင်စလို မင်္ဂလာဆောင်ကြဖို့မဟုတ်သေး။ သူတို့ဘက်က လူမမာသဘောကျဆိုပြီး လက်ထပ်ဖို့ကို သဘောတူခဲ့ရတာ။ သူ့တို့သားမကောင်းတာ သူတို့တာဝန်ပဲ။

ဆုံးမပေးဖို့တာဝန် မိဘမှာမရှိဘူးလား။ သူ့ဟာသူ ဘယ်လိုပဲနေနေ စကားကောင်းကောင်းတောင် ပြောလို့မရတာကတော့ ဆိုးလွန်းသည်။ နေပါစေလေ။ သက်သက်ခင်ဆိုတာ လင့်မျက်နှာကို မော့ကြည့်ပြီး ဟော်ရာမှာခစားနေရလောက်အောင် မညံ့ဘူးဆိုတာသိရမည်။ အိမ်ရာထဲဝင်၍ နှစ်ယောက်ခုတင်ကြီးပေါ်မှာ လှူးလှိမ့်ရင်း မျက်ရည်လည်ဝေ့သည်။ မခံချင်ဒေါသများလည်း ဖြစ်သည်။

မာမီတို့က ဟန်နီးမွန်းထွက်ဖို့ စီစဉ်ပေးမည်ပြောတော့လည်း သူ လက်မခံခဲ့တာ။

'ဒီမှာ ဖေဖေနေမကောင်းတော့ လုပ်ငန်းအားလုံးက ကျွန်တော့်ပခုံးပေါ်ပိကျနေတာ ခရီးထွက်လို့မဖြစ်သေးဘူး အန်ကယ်'

ဘာမှန်းမသိခဲ့သော အိမ်ထောင်ရေးဟာ သူခကို ဝေးလို့သောကတွေပဲ ရောက်လာဖို့ရှိနေသည်။ ခုနစ်ရက်ဆိုသော ကာလသည် ခုနစ်နှစ်လောက်ကြာမြင့်နေခဲ့သလို သူမရင်ထဲမှာ အုံ့ပွဲတင်းကျပ်နေခဲ့ပြီဖြစ်သည်။



'မမ… ထမင်းစားတော့မလား'

အိမ်ဖော်ကောင်မလေးက ဝတ္တရားကျေပါသည်။ ညစာစားချိန်ရောက်တော့ တံခါးခေါက်လာသည်။ ညတိုင်းပဲ သူမတစ်ယောက်တည်းသာ စားနေတတ်ခဲ့သည့် အဖြစ်ကို သတိပေးလိုက်သလို ဖြစ်သွားကာ သက်၏ဒေါသတွေက ကောင်မလေးဆီရောက်သွားသည်။

'မစားဘူး သွား၊ နည်းနည်းမှ အလိုက်ကမ်းဆိုးမသိဘူး၊ တောက်…'

မနက် လက်ဖက်ရည်ပွဲမှာမဆုံ။ နေ့လည်ကျတော့ သူက အလုပ်ထဲမှာ။ ညကျတော့ ဆယ်နာရီလောက်ကျမှပြန်လာတတ်သည်။ အခန်းတံခါးပိတ်ပြီး စာကြည့်ခန်းထဲက မထွက်တော့…

'ရှင်နဲ့သက် ဆွေးနွေးစရာရှိတယ် ကိုဇော်၊ ခဏထွက်ခဲ့ပါဦး'

မခံစားနိုင်တော့သည့်အဆုံး ကိုယ်ကပဲ ခေါ်ထုတ်ခဲ့ရဖူးသည်။

'ဘာလဲ၊ ကိုယ် တကယ်မအားဘူး၊ ချက်ခ်လုပ်ပြီးသား သိမ်းထားတဲ့ဖိုင် ပျောက်နေလို့'

'ဘာတွေပဲလုပ်နေနေ၊ သက်ရင်ထဲက အစိုင်အခဲပြေသနာလောက် မကြီးနိုင်ဘူး ကိုဇော်၊ ရှင်နဲ့သက် တစ်ခုခုဆွေးနွေးဖို့လိုနေပြီ'

'မလိုပါဘူး၊ မင်းနဲ့ကိုယ် လက်ထပ်တုန်းကလည်း ဘာမှဆွေးနွေးခဲ့ကြတာ မဟုတ်ဘူး၊ မင်းလည်း မိဘစကားနားထောင်တာ၊ ကိုယ်လည်း ဒီလိုပဲ၊ ကိုယ်တို့နေတတ်သလို နေသွားကြရင် ပြီးတာပဲ'

'ဘာပြောတယ်'

အခန်းတံခါးပိတ်ပစ်ပြီး ဘယ်လိုခေါ်ထုတ်ထုတ် မထွက်တော့။ အပြင်မှာ သက် တံခါးကိုထု ရှိသမျှပစ္စည်းတွေနဲ့ တအားလွှဲပေါက်ဆူညံနေသမျှ သူ လုံးဝဂရုမစိုက်ခဲ့။ နောက်ဆုံး ဘေးလူကြားမကောင်းအောင် ဆူညံနေကာမှ သူ ဝုန်းဒိုင်းကြဲထွက်လာသည်။

'မင်း ဘာဖြစ်နေတာလဲ သက်သက်ခင်၊ မင်းတစ်ယောက်တည်း စိတ်ရှိတယ် မှတ်နေသလား၊ ရပ်… အဲဒါတွေ အခု ရပ်စမ်း'

သူမ မျက်ရည်တွေကို ဂရုမစိုက်။ လက်ထဲက ပစ္စည်းတွေ

ကို အကြမ်းပတမ်းကို လွဲလွင့်ပစ်သည်။ ပန်းတစ်ဖက်ကို ဆောင့်တွန်းသည်။ သူကြမ်းတော့လည်း သူမသာ ရင်ကွဲပက်လက်ခံစားခဲ့ရသည်၊ ထွန်းဇော်နဲ့ သူမ ဘယ်လိုမေတ္တာစိတ်တွေနဲ့ လက်ထပ်ခဲ့မိကြတာလဲ၊ အထပ်ထပ်တွေး၍ ရင်နာမိခဲ့သည်။ ပို၍ သေချာသည်က သူမကိုယ်တိုင်နှစ်သက်ခဲ့၍ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့သော ကိစ္စမှာ ထွန်းဇော်၏ ခံစားချက်တွေ ဘာဖြစ်နေနိုင်သည်ကို သူမ မသိခဲ့ခြင်းသာ။

⁂

နာရီကိုကြည့်တော့ ညကိုးနာရီခွဲနေပြီ။ ဒီနေ့အလုပ်ကနေ နေ့တစ်ဝက်နဲ့ ပြန်သွားသည်ကို သူမ သိသည်။

ဘာသို့ အိမ်ပြန်မလာတာလဲ၊ ခေါ်ကြည့်ကြည့်ကလည်း မလာဘူးတဲ့။ နာရီကြည့်ရင်း နေရာမှ ထရပ်လိုက်မိသည်။

တစ်ကြိမ်တစ်ခါမှ လာဖွင့်မကြည့်ခဲ့ဖူးသော ထွန်းဇော်၏ အဝတ်ဘီရိုကြီးကို မှန်းဘီးဖွာ တစ်ချက်ကြည့်မိသည်။ မင်္ဂလာပွဲပြီးသည့်ညမှစ၍ ဒီနေ့ထိ ထွန်းဇော်ဟာ ဒီအခန်းထဲကို ဝင်လည်းမဝင်။ အခန်းရှေ့မှာပင် မရပ်။ ဗီရိုကြီးက သော့တန်းလန်းနှင့် ဒီတိုင်း လက်ရာမပျက်ခဲ့ပေ။

မင်္ဂလာဦးညက သူမကိုယ်တိုင် သူ့အတွက် အဝတ်တစ်စုံထုတ်ပေးခဲ့၍သာ မဟုတ်လျှင် ဒီဗီရိုဟာ သော့ပိတ်လျက်ကြီးဖြစ်နေမည်သာ။ ဒါဆို သူက ဘယ်မှာအဝတ်တွေထားပြီး လဲဖယ်နေခဲ့သလဲ။ ခြေလှမ်းတို့က ဘုရားခန်းနှင့်ကပ်လျက် သူ့အိပ်ခန်းဆီသို့ ဦးတည်သွားခဲ့သည်။ တံခါးစေ့ရုံသာ စေ့ထားသဖြင့် အဆင်ပြေသွားသည်။ အထဲဝင်လိုက်တော့ မှောင်နေသဖြင့် မီးခလုတ်ရှိရာကို လိုက်စမ်းကြည့်မိသည်။

'အောင်မလေး'

လက်တစ်ဖက် ဖြစ်သည်။ အေးစက်ခဲသော လက်တစ်ဖက်



ကို သူမ အမိအရဆုပ်မိလိုက်၏။ လန့်ဖျပ်နောက်ဆုတ်ကာ ယိုင်သွားသည့်ကိုယ်ကို လက်ကာထိန်းစဉ် ခလုတ်က ဖွင့်လိုက်သလိုဖြစ်သွားသည်။

'ချောက်'

မီးရောင်တွေ ဖွေးခနဲ ပွင့်သွားသည်။

'ဟင်'

အခန်းထဲမှာ ဘယ်သူမှမရှိ။ တံခါးကလည်း စေ့ထားသဖြင့် တစ်ခုခုလုပ်ဖို့ဝင်နေသည့် သူလား။ သူပဲပြန်ရောက်နေပြီး မီးမဖွင့်ရသေးတာလား။ သူမထင်ခဲ့သည်က တစ်ခုမှမဟုတ်သဖြင့် သူ့ကိုမျက်လုံးတွေ ပြူးသွား၏။ ဒါဆို ခုနကလက်က ဘာလဲ။

'သူဇာ… သူဇာရေ…'

ကြောက်ရွံ့လာမှုကြောင့် အသံကတုန်သွားပြီး သူဇာ၏ ဟို့ ပြန်သံမကြားရ။

'သူဇာ'

သက် တအားအော်ခေါ်လိုက်ပြီးနောက် ပြန်လှည့်လိုက်သည်။ တံခါးက ပြန်ပိတ်နေပြီ။ အလန့်တကြား ပြေးဆွဲဖွင့်တော့ မရ။

သူ့အလိုလို ဂျက်ကျသွားတာလား။ သူမကိုယ်တိုင် ကိုယ်နှင့်တိုက်မိပြီး ဖြစ်သွားတာလား။ ခြေဖျားလက်ဖျားတွေ အေးစက်ကာ တံခါးကို လက်ကိုင်ဘုကနေတအားဆွဲဆောင့်ခါမိသည်။ တဒုံးဒုံးထု၏။

'သူဇာ… သူဇာ… လာဦး သူဇာ'

ကြောက်အားကြီးလွန်း၍ သူမ၏ကိုယ်မှာ ခွန်အားမဲ့ကုန်သည်လား။ ဒါမှမဟုတ် တစ်စုံတစ်ရာလား။ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိလိုက်နိုင်ဘဲ တံခါးပေါ်မှ ခန္ဓာကိုယ်သည် ဖိကပ်မှန်းကြပ်လာသည်။ အနည်းငယ်မျှပင် မလှုပ်နိုင်တော့ဘဲ တအိအိခွေကျသွားခဲ့၏။ သူမ၏ အမြင်အာရုံများမှာတစ်စစ ပြာဝေမှောင်မိုက်လျက်…။

⁂

## အခန်း(၈)

'ဒီနေ့ည လပြည့်ညပဲ'

ကောင်းကင်ကိုမော့ကြည့်၍ မမြင်ရသေးသည့်လကို မှန်းဆကြည့်မိသည်။ ဒါဟာ အိမ်ခြေတိုက်တာတွေ ပြည့်ညပ်နေသော မြို့ကြီးပြကြီးမို့ပါ။ အလွန်သာယာသော တောရွာတွေမှာတော့ လပြည့်ညဟာ ရွှေရည်ငွေရည်သွန်းလောင်းထားခဲ့သလို ကြည်လင်လှပသော အေးချမ်းသာယာသော နှလုံးဘဝင်ကို တငြိမ့်ငြိမ့်ကြည်နူးမှုတွေကို လည်း ပေးတတ်သော...။

တင်စားပြော၍ပင် မရနိုင်လောက်သော စိတ်ဘဝင်ကို ဖမ်းစားခြင်း ပြုနိုင်ပေသည်။ လပြည့်ညနှင့် တောအလှပန်းချီကားတစ်ချပ်ဟာ သူ့ရင်ထဲမှာ ဘယ်သောအခါမှ ပျောက်ပျက်သွားနိုင်မည်မဟုတ်သော ပုံရိပ်များဖြစ်သည်။ လပြည့်ညရောက်တိုင်း သူ့ရင်ထဲမှာ ဝမ်းနည်းကြေကွဲသော နာကျင်ကြည်နူးခြင်းဖြင့် မျိုသိပ်သိမ်းဆည်းခဲ့ရသော ဝေဒနာများ။

ထိုအရာအားလုံးကို လပြည့်ညက ထုံးဖော်ခြင်းဖြင့် မေ့ပျောက်နိုင်သော အသစ်အသစ်တွေသာ ဖြစ်နေခဲ့သည်။

သူ စားတော်ဆက်တစ်ခုထဲမှ အထွက်တွင် နှင်းရည်ဆမ်းထားသလို ဖြူဖွေးအေးမြစွာ ကျရောက်နေသော လရောင်ကို ရှားပါးစွာ တွေငေးနေမိသည်။ လင်းထိန်နေသည့် လျှပ်စစ်မီးရောင်များနှင့် လရောင် ၏ချမ်းမြမှုကို မရမက ခွဲခြားကြည့်ရင်း ကားပေါ်ရောက်သည်အထိ စိတ်တို့က မကြည်လင်။



'သားရယ်... လူတစ်ယောက်ဟာ ခံစားမှုတစ်ခုကို အစွန်းရောက်အောင် ခံစားနေပြီဆိုရင် အဲဒါ စိတ္တဇပဲ၊ သား၇ို မေမေ စိုးရိမ်လာတယ် သိလား၊ ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပါ၊ ကိုယ့်အိမ်ထောင်ရေးကိုလည်း သာယာအောင် ဂရုစိုက်ပါဦး'

မေမေ့စကားတွေကို ကားမောင်းရင်း သတိရလာမိသည်။ စကားကို လှလှပပလေးပြောနေပေမယ့် သူ့ကိုကြည့်သည့် မေမေ့မျက်ဝန်းများဟာ သူ့ကိုတကယ်ပဲ စိတ္တဇခံစားနေရပြီဟု ထပ်အပ်ထင်နေသော စိုးရိမ်တကြီး မျက်ဝန်းများဆိုတာ သူသိနေသည်။

နှုတ်ခမ်းတို့မှာ ပြုံးရိပ်မထင်သော်လည်း ရင်တွင်းမှ ဟင်းခနဲ အသံတစ်ချက်ထွက်၍ သူ့ပခုံးတစ်ချက်တွန့်သွားသည်။

'သက်က ကံဆိုးတာ၊ တကယ့်ကို ကြောင်တောင်တောင် ဂေါက်တောက်တောက်လူနဲ့မှ လက်ထပ်မိတာ'

'ရှင် ရူးနေပြီလား၊ ရှင် အရူးလားဟင်'

သက်သက်ခင်၏ အလိုမကျသမျှ ပွင့်ထွက်လာခဲ့သော စကားများ။ မချစ်နိုင်တော့၍ မချစ်ခဲ့တာကို ရူးသတဲ့လား။ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်နှင့် လက်ထပ်ထားပြီးလျှင် ပေါင်းသင်းရမည်။ ပျော်မွေ့ရမည်။

အစက ချစ်ချစ် မချစ်ချစ် ယောကျ်ားနဲ့မိန်းမ ညားသွားတော့လည်း ချစ်သွားကြမည်။ ဒါက ထုံးစံ။ သက်သက်ခင်သည်လည်း ထိုထုံးစံသဘာဝကို မျှော်လင့်ခဲ့လိမ့်မည်။ လက်ထပ်ပြီးတော့လည်း မပေါင်းသင်းနိုင်။ ဂရုမစိုက်နိုင်ခဲ့သော သူ့ကို ရူးသည်တဲ့။

အများလက်ခံကြသော စည်းကမ်းတစ်ခုကို ဖောက်ဖျက်မိလျှင် အရူးလား။ ဒါဆိုလည်း ရူးစမ်းပါစေ။ အချစ်နှင့်ပတ်သက်သော ခံစားချက်တို့ နောက်ထပ် မလိုချင်တော့တာက ရင်ထဲကခါးသီးမှုတစ်ခု။ ဒါဟာ ပြီးခဲ့သမျှကို တမ်းတမ်းစွဲတတ်လွန်း၍ မဟုတ်ပါ။ သူသည် မိန်းမတစ်ယောက်အပေါ် ဘဝပျက်ခံ၍ တမ်းတနေရလောက်အောင် အတိတ်ကို တစွဲခြောက်ခံနေရသလို ဖျောက်ဖျက်မရစွာ စိတ္တဇဖြစ်ရလောက်အောင် ရင်ထဲမှာ ထိုမျှကြီးမားသော စိတ္တဇနှင့် ခွဲလမ်းမှုမျိုး တကယ်မရှိခဲ့တာ အမှန်။ အချစ်ကြောင့် သေကျေပျက်စီး

ခဲ့ကြသည်။ သူ့အပေါ် ချစ်ခင်မြတ်နိုး၍ အသေခံသွားခဲ့သည်။ သူ့ဘက်ကတော့ ဘာမှပြန်လည်ပေးဆပ်နိုင်တာ မရှိခဲ့။ ထိုစိတ်မကောင်းမှုများကြောင့် သူသည် အချစ်ကိုမရှာလိုတော့ပါ။ ပြီးခဲ့တဲ့ ဘဝတစ်ခုထဲမှာပဲ သူ့အချစ်ကို မြှုပ်နှံပစ်ခဲ့ချင်တာမျိုး။

ထို့ပြင် သက်သက်ခင်အပေါ် သူဘယ်တုန်းကမှ စိတ်မဝင်စား။ ရင်မခုန်ခဲ့ဘူးတာက ဟိုတုန်းကတည်းက သေချာခဲ့ပြီးသား၊ လက်ထပ်ပြီးတော့လည်း သူမ၏ အတ္တမာနများက မဖုံးနိုင်မဖိနိုင်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်ကြဖို့ထက် သူမဖြစ်ချင်တာဖြစ်ခွင့်ကိုသာ လောဘတရားကြီးမားခဲ့သည်။

ဘယ်တော့မှ ညီညွတ်မှာမဟုတ်တော့တာကို သူ ထိုကတည်းက သိခဲ့သည်။ သူ့ဘက်ကလည်း ညီညွတ်စေကြောင်း ဘယ်တော့မှ မကြိုးစားတော့ဖို့ ဆုံးဖြတ်ခဲ့သည်။

ဇာတ်လမ်းက ဒါပါပဲ။ ပတ်ဝန်းကျင် အမြင်ကောင်းအောင် သူ မနေနိုင်။ သဘာဝထုံးစံအတိုင်း ဖြစ်တဲ့အထာကို သူမပေးနိုင်။ ဘာကိုမှ ဂရုမစိုက်တော့ဘဲ ဖြစ်ချင်ဖြစ်ပါစေ နေကတ်ခဲ့သော သူဟာ အရူးဖြစ်သွားပြီဆိုလျှင် ဝမ်းနည်းဖို့တော့ မရှိပါ။

ကားကလမ်းမပေါ်မှာ ပြေးနေသည်။ မီးတိုင်တို့၏အရိပ်နှင့် ဝေးသောနေရာများမှာ လရောင်ကြောင့် လင်းနေသည်သာ။ သူ့ကားကို အတတ်နိုင်ဆုံး စက်ရှိန်လျှော့၍ မောင်းနေပေမယ့် ကားက ခြံတွင်းထဲသို့ ချိုးကွေ့ဝင်လာပြီဖြစ်သည်။ သူ ကားပေါ်ကဆင်းကာ ပိတ်ထားသည့် တံခါးရှေ့ကိုအရောက်…

‘အား’

‘ဟင်’

အပေါ်ထပ်မှ စူးစူးဝါးဝါး အသံတစ်ချက်ကြားလိုက်ရသဖြင့် သူ နားစွင့်လိုက်ရာ လှမ်းကြည့်လိုက်မိသည်။

‘ဒုန်း… ဒုန်း… ဒုန်း…’

တဒုန်းဒုန်းပြေးဆင်းလာသံ အရင်ထပ်ကြားလိုက်ရပြီး လှေခါးအတိုင်းခုန်ကျော်ခုံမတတ် ပြေးဆင်းလာသော သူဇာကို မြင်လိုက်ရသည်။



‘သူဇာ တံခါးလာဖွင့်စမ်း၊ ဘာဖြစ်တာလဲ၊ လာ… ဒီကို’

‘အစ်ကိုလေး’

သူဇာ သူ့ကိုမြင်သွားတော့ လှေခါးရင်းမှာပဲ ဝုန်းခနဲပစ်လဲ၏။ သို့သော် ကမန်းကတန်းပြန်ထကာ တံခါးဆီရောက်အောင် အလဲလဲအကွဲကွဲ ပြေးလာသည်။ အနားရောက်မှ သော့တစ်ခါပြန်ပြေးယူ…

‘သူဇာ… ဖြည်းဖြည်းလုပ်စမ်း၊ ဘာဖြစ်တာလဲ၊ သက်သက်ခင်ကော’

‘မမ… မမ… အပေါ်မှာ အစ်ကိုလေးအခန်းထဲမှာလေ၊ ဟီး…’

သူဇာတစ်ကိုယ်လုံး တုန်ရင်ကာ သော့ပေါက်ထဲကို သော့တံက ချက်ချင်းမဝင်။ ဟီးခနဲ ငိုချလိုက်တော့ ပိုဆိုးသွား၏။

‘ပေးစမ်း’

**တံခါးကြားထဲက လက်လျှိုသွင်းပြီး သူဇာ့လက်ထဲက သော့ကို ယူကာ သူကိုယ်တိုင် ဖွင့်မှ တံခါးပွင့်၏။**

**‘အစ်ကိုလေး’**

‘ဟင်… ဘာလဲ၊ အပေါ်မှာ ဘာဖြစ်လို့လဲ’

‘မမ… မမ… ဘယ်လိုကြီးလဲ မသိဘူး၊ လုပ်ပါဦး၊ ကျွန်မကြောက်တယ်’

သူ ပြေးတက်ခဲ့တော့ သူဇာ နောက်ကနေ အပြေးလိုက်လာသည်။ ခပ်ဟဟဖြစ်နေသည့် အခန်းတံခါးကို သူတွန်းဖွင့်လိုက်လျှင်…

‘ဟာ’

ဘယ်နေရာမှာ ဘယ်ပုံစံလဲနေမှန်းမသိ။ အနည်းငယ် ဟသွားသည့် တံခါးအတွင်းမှာ မျက်ဖြူလန်နေသော သက်သက်ခင်၏ ဦးခေါင်းကြီးကို မြင်လိုက်ရသည်။ တံခါးက ရုတ်တရက် တွန်းလို့မရ။ သူ ဇွတ်ဝင်လိုက်မှ အတွင်းမှာ သက်သက်ခင်၏ ကိုယ်လုံးနှင့် ခံနေမှန်းသိလိုက်ရ၏။

‘သက်သက်ခင်… သက်သက်ခင်…’

သူ သက်သက်ခင်၏ ကိုယ်ကို ပွေ့မည်ပြင်ပြီးမှ မပွေ့ဖြစ်ဘဲ

ခေးဖျားကို ကိုင်လှုပ်၍ခေါ်သည်။

နောက်တော့ လက်တစ်ဖက်ကိုစမ်းကြည့်လိုက်တော့မှ…

'သူ သေပြီ'

'အောင်မလေး'

သူဇာ သူ့ကျောနောက်မှာ ဖုတ်ခနဲရောက်လာတာ သက်သက်ခင်ကိုလည်း မကြည့်ဘဲ ကျောပေးရပ်ရင်း တဆတ်ဆတ်တုန်နေ၏။

'သူဇာ ညည်းလာတော့ သူ ထူးသေးလား'

'မထူးဘူး၊ ဒါပေမဲ့ ကျွန်မ မခရဲ့အခန်းထဲကို အပြင်ကနေ လှမ်းခေါ်တော့ ဒီရှေ့မှာ မမရပ်နေတာ တွေ့တယ်၊ အဲဒါနဲ့ ကျွန်မ ကျွန်မ အခန်းထဲကို မကြည့်တော့ဘဲ ဒီကိုပဲ လှမ်းမေးတာပေါ့'

'ဘာမေးတာလဲ'

'ထမင်းပွဲပြင်ပြီးတာကို ပြန်သိမ်းဖို့ပါ'

'အဲဒီတော့ ဘာပြန်ပြောလဲ'

'ဘာမှမပြောဘဲနဲ့ ဒီထဲ ပြန်ဝင်သွားလို့ ကျွန်မ ဒီနားထိလာပြီး ခေါ်တော့ တံခါးအဟထဲကနေ အဲဒီခေါင်းကြီးက အဟင့်…'

သူ ဘာဖြစ်တယ်ဆိုတာကို ဘယ်လိုမှ တွေးမရတော့ဘဲ အခန်းထဲကို ဝေ့ဝဲကြည့်ရင်း မျက်မှောင်ကုတ်နေမိသည်။

အထဲမှာလည်း သူထွက်သွားခဲ့တုန်းကအတိုင်း ဘာပစ္စည်းမှ လက်ရာချို့ယွင်းနေတာမရှိ။ သက်သက်ခင် ဒီထဲကို ဘာလာလုပ်တာလဲ။ သူမ ဘာဖြစ်သွားတာလဲ။

'သူဇာ… တီတီစမ်း၊ သွား… သွား… အောက်မှာဆင်းနေ'

'ဟာ… ကျွန်မ… ကျွန်မ မဆင်းရဲဘူး'

ပြောလိုက်မှ သူဇာက အလောင်းကို မမြင်ရအောင် မျက်နှာမော့၍ သူ့နားပြေးကပ်လာသည်။ သူ ဖုန်းဆီလျှောက်ခဲ့သည်။

ကိုယ် ဘာမှနားမလည်နိုင်သော ပြဿနာကို ထိုင်ကြည့်စဉ်းစားနေလို့ မပြီး။ သက်ဆိုင်ရာကို အကြောင်းကြားရမည်။

ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ သူပဲ တရားခံဖြစ်ဦးမည်သာ။

~~~

အခန်း (၉)

'မနေပါနဲ့တော့ သားရယ်၊ အဲဒီခြံကို ပိတ်ပစ်ခဲ့လိုက်ပါ။ သက်သက်ခင် သေဆုံးခဲ့တာ ဘာကြောင့်မှန်းမသိဘူး၊ ဘယ်သူ့ ပယောဂမှ မပါဘူး၊ သို့ပေမယ့် အကြောက်လွန်ပြီး ရှော့ခ်ဖြစ်သွားခဲ့တယ်ဆိုတာ ဆေးမှတ်တမ်းမှာ အသေအချာပြထားတာ၊ သူ ဘာတွေ ဖြစ်သွားတယ်ဆိုတာကျတော့ ဘယ်သူပြောနိုင်သလဲ'

ဒေါ်ကြည်ကြည် ဒီသားလေးကို စိတ်မချနိုင်တော့ပါ။ သက်သက်ခင် သေဆုံးခဲ့မှုနှင့်ပတ်သက်လို့ စစ်ကြဆေးကြနှင့် အားလုံးပြီးသွားတော့ လူသေမှုသက်သက်ပဲ ဖြစ်ခဲ့သည်။ ခြံမှာ ခြံစောင့်နှင့် ထွန်းဇော်ပဲ ကျန်ခဲ့သည်။

လက်ထပ်ပြီး ခုနစ်ရက်ပြည့်သည်မှာ ဇနီးသေဆုံးခဲ့ရသော မုဆိုးဖိုဘဝသို့ ရောက်ခဲ့ရပေမယ့် ထွန်းဇော်ကတော့ စိတ်ပျက်ပူဆွေးဟန်လည်းမရှိ။ ကြောက်ရွံ့တုန်လှုပ်ပုံလည်း မပြ။

သူ့ပုံစံ သူတို့အိမ်ထောင်ရေးအခြေအနေများကြောင့်ပဲ သက်သက်ခင် သေဆုံးမှုမှာ အတော်လေး အစစ်ဆေးခံလိုက်ရသည်။ ထွန်းဇော်ကိုယ်တိုင်ကပဲ မလိုလား၍ ကြံစည်ခဲ့သလိုလို။

သက်သက်ခင်၏ မိဘများက မသင်္ကာကြောင်း စွဲပြောဆိုခဲ့တာဖြစ်သည်။ သို့သော် အိမ်ဖော်မသူဇာ၏ ထွက်ဆိုချက်များနှင့် ထိုညက ထွန်းဇော်အပြင်မှာ ရှိနေခဲ့စဉ် သူနှင့်အတူ စားသောက်ရင်းရှိနေခဲ့သော လုပ်ငန်းတူမိတ်ဆွေတချို့၏ ထောက်ခံချက်များက တရားခံဘဝမှ လွတ်စေခဲ့သည်။
~~~

ထိုပြင် သက်သက်ခင်၏ကိုယ်မှာ အဆိပ်သင့်သောလက္ခဏာ ထိနိုက်မှုကျင်စေသော ဒဏ်ရာတစ်စွန်းတစ်စမှ မရှိခဲ့။ အပြန်ပြန် အလှန်လှန်စစ်ဆေး၍ မှန်ကန်စွာဆုံးဖြတ်ခဲ့ပြီးသော အမှုဟာ နှစ်လ သုံးလကြာမှ ပြီးဆုံးသွားသည်။

ထိုစဉ်ကတည်းက အိပ်မှာပဲပြောင်းနေဖို့ပြောခဲ့တာ ခရိုနိုထိ မရ။ သက်သက်ခင်ဆုံးခဲ့ပြီး တစ်နှစ်တင်းတင်းပြည့်တော့ သူ့အဖေကို ပါ ဖွင့်ပြောပြီး သားကို အိမ်မှာခေါ်ကာ သေချာပြောရသည်။

‘တစ်ယောက်တည်း မနေပါနဲ့ သားရယ်၊ ဖေဖေ့အလုပ်တွေ ကို သား ကူညီနေတာပဲ၊ ဖေဖေ့နားမှာပဲနေပါ၊ ပြီးတော့ ဒီမှာ မင်း မေမေတစ်ယောက်တည်း၊ ဖေဖေတစ်ခုခုဖြစ်ရင် သူ့မှာ ပူဟာခတ် လို့၊ သားအနားမှာရှိတော့ ကောင်းတာပေါ့’ ထွန်းဇော်က ခေါ်င်းခါ၏။

‘လောလောဆယ်တော့ ဟိုမှာပဲ နေဦးမယ် ဖေဖေ၊ သက် သက်ခင် သေသွားတာ ရိုးရိုးသေခဲ့တာဆိုပေမယ့် ကျွန်တော် စိတ်ဝင် စားတယ်၊ အဲဒါကို…’

‘အောင်မလေး သားရယ်၊ အဲဒါမေမေသိတယ်၊ လုံးဝရိုးရိုး မဟုတ်ဘူး၊ သိလို့ မေမေပြောနေတာပေါ့၊ ပြောင်းသာလာခဲ့ပါကွယ်၊ အိမ်သစ်ပိုင်းသစ်ဆိုတာ အင်မတန်ရွေးချယ်ရတာမျိုး၊ မြေသန့်တာ တွေရှိတယ်၊ သစ်ခြောက်ပါတာတွေရှိတယ်၊ တချို့ဆို သချိုင်းက စွန့်ပစ်ပစ္စည်းတွေ သုံးမိလို့ တစ်အိမ်လုံးပြုတ်ကုန်တာတွေ ကြားဖူး တာမှ အများကြီးပဲ၊ အဲဒီအိမ်သစ်ကို သူတို့တွေ ချက်ချင်းကောက် ဝယ်လိုက်ကတည်းက မေမေ သဘောမကျတာ’

‘မဆိုင်ပါဘူး မေမေရာ၊ ဒါဆို အိမ်မှာ သူစာကော ကျွန်တော် ကော ရှိနေကြတာ ဘာဖြစ်လို့ သူ့ကျမှဖြစ်ရတာလဲ’

ဒေါ်ကြည်ကြည် ရုတ်တရက် ဆွံ့အသွား၏။ ဦးချစ်လှိုင် ဒရင်းဘက်မှာ သက်တောင့်သက်သာလှဲနေရာကနေ ခပ်မတ်မတ်ပြင် ထိုင်လိုက်သည်။

‘ဒီလိုရှိတယ် သားရဲ့၊ ပြဿနာတစ်ခု ရှိလာပြီဆို အဖြေရှိရ မယ်၊ ဖြစ်လာပြီး ပျက်မသွားခဲ့ဘူးဆိုရင် ဒါဟာ လမ်းကြောင်း မမှန်ဘူး ဆိုနိုင်တယ်၊ အခု သက်သက်ခင်သေဆုံးခဲ့တဲ့ကိစ္စမှာ အဖြစ်နဲ့



အပျက် မညီညွတ်သေးဘဲ ပြီးဆုံးခဲ့ကြရတာ၊ သက်သက်ခင် ဘာဖြစ် သွားပါတယ်လို့ ဘယ်သူမှ မပြောနိုင်သေးတဲ့အတွက် အစစအရာရာ ကို အမြဲချိန်ထိုးနေရမှာပဲ၊ သားကို ဟိုမှာ မင်းရဲ့မေမေက စိတ်မချဘူး ဆိုတာလည်း အဲဒါပဲ၊ လူငယ်နဲ့လူကြီးဆိုတော့ အတွေးကတော့ မတူ ဘူးပေါ့၊ သားတို့အမြင်မှာ လူကြီးမို့ အယူသည်းတာ တစ်ယူသန်တာ လို့ မြင်တာမျိုးမှာ လူကြီးက အမှန်ကို တကယ်မြင်နေရင် သားဘက် မှာ မှားနေပြီ၊ ဒါပေမဲ့ သားသိမှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဆင်ခြင် လိုက်ပါ၊ ဖေဖေလည်း မင်းမေမေရဲ့သဘောအတိုင်းပဲ၊ အဲဒီမှာ သား ဆက်မနေသင့်ဘူးလို့ ထင်တယ်၊ ဒီကိုပဲ ပြောင်းခဲ့ပါ’

ထွန်းဇော် ခေါင်းခါဖို့ ခက်ခဲသွား၏။ ဖေဖေက ကျန်းမာရေး လေးကောင်းလာပေမယ့် အချိန်မရွေး ဖောက်ပြန်သွားနိုင်သည့် လူမမာ။ ဖေဖေ့ကို အတိုက်အခံ မလုပ်ချင်ပါ။ ဒါပေမဲ့ သူ ဒီကို ပြောင်းမနေ ချင်ဘဲ ဖြစ်နေမိ၏။

ဟိုမှာက လွတ်လပ်သည်။ သူဟာ မိန်းမရပြီးခဲ့သော မုဆိုးဖို တစ်ယောက်အဖြစ်လည်း ပို၍ပေါ့လွင်စေမည်။ သူလိုချင်တာ ဒါပဲ ဖြစ်သည်။ ဒီပြန်ရောက်တာနှင့် သိပ်ကြာကြာမဟုတ်ဘဲ မေမေဟာ သူ့ကို တစ်ယောက်ယောက်နှင့် လက်ထပ်ပေးဖို့ စီစဉ်ဦးမှာပဲဆိုတာ သေချာသလောက် ရှိသည်။ သူ မလိုချင်တော့ပါ။ ဒါကို မေမေက လည်း ရိပ်မိသွားပုံပေါ်ကာ…

‘သားကို မေမေ ဘာမှမနှောင့်ယှက်တော့ဘူးလို့ ကတိပေး တယ်၊ ဒီမှာ သားလွတ်လွတ်လပ်လပ်နေပါ၊ ပြောင်းခဲ့ပါ သားရယ်နော်’

‘ကျွန်တော် ပြောင်းပါ့မယ်၊ ဒါပေမဲ့ လောလောဆယ်တော့ နေပါဦး’

သူ မရုတ်မလွန်ပြော၍ စကားဖြတ်ခဲ့မိသည်။ တကယ် ကြောက်ရွံ့ခဲ့မိသည်က အန္တရာယ်ကိုမဟုတ်။ နောက်ထပ်အိမ်ထောင် မကျဖို့ အရေးဖြစ်သည်။ သို့သော် သူ ဘယ်လိုမှ မထင်မှတ်သော ကြမ္မာတစ်ခုက အိမ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသော အခါ။

## အခန်း (၁၀)

'လက်မြောက်၊ မီပြီ လက်မြောက်၊ ပစ်မယ်၊ ရေသေနတ်လေးနဲ့ ပစ်မယ်၊ ရေသေနတ်လေးနဲ့ ပစ်မယ်'

လက်မြောက်

သီချင်းတွေဆို၍ ကခုန်နေကြသည့် ကားပေါ်သို့ လှမ်းကြည့်လိုက်ပြီးမှ မျက်လုံးက မရောက်တော့ဘဲ လမ်းတစ်ဝက်မှာပဲ ပြန်ရုပ်သိမ်းဖြစ်သည်၊ အဓိကက ကိုယ့်ကားထွက်နိုင်ဖို့ဖြစ်၏။

သင်္ကြန်ရက်ကျမှ အပြင်ကိုမဖြစ်မနေ ထွက်ရဖို့ ကြုံလာရသည့်အဖြစ်ကိုပဲ ဒေါသထွက်မိသည်။ ဟိုကောင် ဝင်းမော် အရေးတကြီး ဖုန်းဆက်ခေါ်ထားသည်။

'ဟာ... မလုပ်ပါနဲ့ကွာ၊ သင်္ကြန်ရက်လည်း ဘာဖြစ်လဲ၊ ကားမှန်အလုံတင်ပြီး ထွက်ခဲ့ပါ၊ မင်းမလာလို့ လုံးဝမဖြစ်ဘာ၊ ငါ့ကိုကူညီစမ်းပါ၊ ဒီရောက်မှ ပြောမယ်ကွာ၊ လာခဲ့နော် ဟေ့ကောင်'

ဒါပဲ ပျာယီပျာယာပြောပြီး ဖုန်းချသွားသည်။

ထို့ကြောင့် သူ့မှာ အိမ်တွင်းပုန်းလုပ်ဖို့ စိတ်ကူးကို ဖျက်၍ထွက်လာခဲ့ရသည်။ ပက်လိုက်သည့် ရေတွေက ကားမှန်တင်ထားတာတောင် ကွဲကျကုန်တော့မလား မှတ်ရသည်။ ထိုစဉ် သူ့ကားမှန်



ဘေးကို အရိပ်တွေကျရောက်လာတာ မှန်ကို မညှာမတာပုတ်လိုက်ကြပြီး...

'ဒီမှာ ရေပက်မလို့ ဆင်းပေး'

'ဆင်းနော် မရဘူး'

'မဆင်းရင် လုံးဝမသွားရဘူး'

မိန်းကလေးတွေချည်း အနားမှာစုပြုံလာကြသည့်အဖြစ်ကို သူ လှည့်ကြည့်ကာ အလွန်စိတ်ပျက်သွားမိ၏။

သူမတို့ ဘာပြောနေကြတာမှန်းလည်းသိကာ ကိုယ့်အဖြစ်ကို ဒေါသလည်းထွက်။ ထိုမိန်းကလေးတွေကိုပါ မကျေနပ်။

'ဖျန်း... ဖျန်း...'

မိန်းကလေးတွေက ရေတဝေါဝေါဆင်းနေသည့် ကားမှန်ကို လက်ဖဝါးနှင့် ဆက်တိုက်ပုတ်၍ မနားတမ်းပြောနေကြ၏။ ပုံစံတွေက ဆံပင်တိုတို ရှပ်ရှပ် အင်္ကျီကျပ်ကျပ်ကပ်ကပ် လည်ဟိုက်လက်ပြတ် မျိုးစုံဖြစ်ကာ ခေါင်းမှာ သားရေပတ်နှင့် နဖူးစည်းကပ်စည်ထားတာတွေ၏။ သင်္ကြန်ဦးထုပ်ဆောင်းတာတွေရော သူမကတော့ မျက်စိနောက်မိ၏။ ဒါပေမဲ့ မဆင်း၍လည်း မရတော့ပါ။

သူဆင်းဖို့ပြင်တော့ သူမတို့က တံခါးကို ဖယ်ပေးကြသည်။ တံခါးဖွင့်၍ လမ်းပေါ်မှာ ခြေတစ်ဖက်ချလိုက်သည်နှင့် ကိုယ်ပေါ်မှာ ရေတွေ ဝေါခနဲကျလာသည်။

ရယ်ကြ ပက်ကြနဲ့ သူ့မှာ မျက်လုံးပင်မဖွင့်နိုင် ခဏလေး ရေအကျသက်သာသည်နှင့် မျက်နှာပေါ်က ရေတွေကို လက်နဲ့သပ်ချ ဆံပင်ကို ခါထုတ်၍ ဘယ်သူ့ကိုမှလည်းမကြည့်ဘဲ ကားထဲပြန်ဝင်ဖို့ တံခါးကို အဖွင့်...

'ခဏ... ခဏ...'

သူ့ကျောနောက်မှ အသံလေးထွက်လာပြီး သူကိုင်လိုက်သည့် လက်နေရာဘေးမှာ ဖြူဖွေးသော လက်ကလေးတစ်ဖက်ဝင်လာသည်။

ထိုလက်ကလေး ပြန်ရုပ်သွားသောအခါ သူကိုင်ထားသော

ကားတံခါးနေရာတွင် ပီကယ်တစ်ခုကပ်လျက်…

'ဟင်…'

သူလှည့်ကြည့်လိုက်တော့ သကြိန်မှာ အဝါတွေသောက်သောက်လဲဝတ်နေကြသည့်ကြားထဲ နီစွေးသော ခွယ်တာအထူလက်ရှည် အောင်းဘီရှည်အနီရဲရဲနှင့် မိန်းကလေးတစ်ယောက်…။

ပခုံးလောက်ရှည်သော ဆံပင်တွေကို ဖြစ်သလို သိမ်းတင်ထား၏။ ဆံပင်တို့က ရေစိုရွှဲကာ အကုန်လုံးနီးပါးက ဖရိုဖရဲပြန့်ကျနေသည်။ မျက်နှာကို သေချာမမြင်လိုက်ရ။ ကျောခိုင်းသွားပြီမို့ မေးဖျားကိုသာ လှစ်ခနဲမြင်လိုက်ရကာ သူ ရုတ်တရက် စဉ်းစားချိန်မရလိုက်ဘဲ လက်က ထိုမိန်းကလေး၏ လက်မောင်းလေးကို ဖမ်းဆွဲမိလျက်သား ဖြစ်သွား၏။

'အို… ဘယ်လိုဖြစ်တာလဲ'

'ဟင်'

သေချာသွားသည်၊ သူထင်လိုက်တာ ကွက်တိပဲဖြစ်သည်။ ရက်တွေလတွေ ကြာသွားခဲ့ပေမယ့် သူ ဒီကောင်မလေးကို မမေ့ခဲ့တာ ဘာဖြစ်လို့မှန်းမသိ။

လွန်ခဲ့သော ကာလတစ်ခုမှာ ရွှေတိဂုံဘုရားခြေတော်ရင်းတွင် သူမနှင့် တစ်ခါဆုံခဲ့ဖူးသည်။ ဘာကြောင့်ကိုယ့်ကို ပြုံးသနားလာရှာမှန်း မသိခဲ့ပါ။ သို့သော် အိမ်ရောက်တော့ အဖြေသိခဲ့သည်။

သူကားပေါ်က ဆင်းသည်နှင့် တံခါးပြန်ပိတ်လိုက်တော့ ကား၏ကိုယ်မှာ ပီကေတွေကပ်ထားတာ တွေ့လိုက်ရသည်။

'ဟင်… သား… သား… အင်္ကျီလက်မောင်းမှာ ဘာတွေလဲ'

'ဗျာ'

'အို… ပီကယ်တွေထင်တယ်'

မေမေ ကိုယ်တိုင် ကိုင်ကြည့်ပြီး ခွဲခွာတာမရ။ တရားခံကို သူ ချက်ချင်းသိလိုက်သည်။ ဒါ သက်သက်လုပ်သွားတာ။ သူနဲ့ကိုယ်



ဘာမကြိုးရှိဖူးလို့လဲ။ ကားနားရောက်လာတာကို စိတ်ကမသက်ာခဲ့ပါ။ အဲဒီကတည်းက မတော်တဆဆိုတာကို သူ မယုံခဲ့။

အခု ပီကေတွေကပ်ပစ်လိုက်တော့မှ တမင်တကာဆိုတာ ပို၍ သေချာသွားသည်။ အဲဒီတမင်တကာက ဘာလဲ။ ထိုအချက်ကိုတော့ ဒီနေ့ထိ သူ မသိခဲ့ပေ။ အင်္ကျီကို သူ လုံးဝစွန့်ပစ်ခဲ့ရသည်။

ဒါဟာ စွဲလောက်စရာအဖြစ်အပျက်တစ်ခု မဟုတ်ခဲ့ပေမယ့် ကိုယ်ကိုတိုင် အံ့ဩကျေနပ်ဖြစ်ခဲ့ရသော ကိစ္စတစ်ခုမို့ ရင်ထဲမှာ မနေ့တစ်နေ့ကအတိုင်းပဲ ရှိနေဆဲ။

သူ ဆတ်ခနဲ ဆွဲလှည့်ပစ်လိုက်သဖြင့် ခပ်နွဲ့နွဲ့ ယိုင်လျက်ပါလာသော မျက်နှာလေးက သူ့မျက်နှာရှေ့ ရောက်လာသည်။ အလွန်နီးကပ်သွားသည့် မျက်နှာနှစ်ခုမှာ တစ်ယောက်နဲ့တစ်ယောက် ရူးရူးရဲရဲ ကြည့်မိကြသည်။ သူ့ဘက်က သေချာမမေ့သလို သူ့ကိုလည်း သိနေသော မိန်းကလေး၏ မျက်ဝန်းများကလည်း ခပ်မှဲ့မှဲ့လှောင်ရိပ်နှင့်…

'မင်းပဲ မဟုတ်လား'

သူ တည့်တည့်ပဲမေးမိသည်။

'ဟုတ်တယ်၊ ရှင် မှတ်မိသားပဲ'

သူမက ဝန်ခံသည်။ သူ့လက်တွေကိုပါ ခပ်ကြမ်းကြမ်းပုတ်ချပစ်၏။ ဟိုတုန်းက မြင်ဖူးစဉ်က ဆံပင်ဂုတ်ထောက်လေးနှင့်။

ခုတော့ သူမမျက်နှာလေးက တစ်မျိုးတော့ ပြောင်းနေတာ အမှန်ပင်။ ဒါပေမဲ့ ရူးရဲနေသည့် မျက်ဝန်းလေးတွေကို သူ မှတ်မိနေသည်။ အထူးသဖြင့် ပီကေတွေကို သူ မမေ့နိုင်သေး။

'မင်းနဲ့ကိုယ် အဲဒီပီကေကိစ္စ ရှင်းမှဖြစ်မယ်'

'ရှင်းဖို့မလိုပါဘူး၊ ကပ်ချင်လို့ကပ်တာ'

'ဟော့… နေဦးလေ'

သူ ထပ်လိုက်တော့ သူမက ထပ်ဆွဲလိုက်မည်စိုးသလို ခြေတစ်လှမ်းပြန်ဆုတ်၍ ကိုယ်ကိုတိမ်းပစ်လိုက်သည်။

'ရှင်နော် လူကို ဒီတစ်ခါထပ်ကိုင်လို့ကတော့ ဝီကေကာပ်ခံရတာထက်ဆိုးသွားမယ်'

ထိုစဉ် အလိုက်ကမ်းဆိုးမသိသော ရေတွေက သူ့ကိုယ်ပေါ်သို့ တဝေါဝေါဆင်းကျလာပြန်သည်။

'ဟော့… နေဦး'

သူ လှမ်းတားနေရင်း မိန်းကလေးက ထွက်သွားသည်။ သူ့မှာ ရေတွေဝိုင်းလောင်းနေကြသဖြင့် ဘယ်လိုမှ ရှေ့တိုးလို့မရ။ ရင်ထဲမှာ ပီကေရယ်၊ ထိုမိန်းကလေးရယ်ဟာ ပုစ္ဆာတစ်ပုဒ်ဖြစ်သွားခဲ့၏။

သူ ကားထဲပြန်ဝင်။ တံခါးပြန်ပိတ်ပြီး ကားမထွက်မချင်း လိုက်ကြည့်သေးသည်။ သူမကို မတွေ့တော့ပါ။

ကန်တော်လေးက ဝင်းမော်နှင့်ဆုံနေကျ လက်ဖက်ရည်ဆိုင်လေးရောက်တော့ စောင့်နေသူက ဝင်းမော်တစ်ယောက်တည်းမဟုတ်ဘဲ မိန်းကလေးတစ်ယောက်ပါ ရှိနေသဖြင့် သူ အံ့ဩသွား၏။

နှစ်ယောက်ကြား စားပွဲပေါ်မှာ အဝတ်အိတ်လေးတစ်လုံးတင်ထားတာကိုပါ မြင်လိုက်သဖြင့် ဝင်းမော် ပျာယာခတ်နေပုံကို ဆက်စပ်ပြီး သူနားလည်လိုက်သည်။

'ထွန်းဇော်'

ဝင်းမော်က ဖျတ်ခနဲ ထရပ်ပြီး စိတ်စောနေပုံနှင့် သူ့အနားရောက်မှ ပြန်ထိုင်၏။

'ဘာဖြစ်တာလဲ ဝင်းမော်၊ ရန်ကုန်ရောက်နေတာ ငါတောင် မသိလိုက်ဘူး'

မေးရင်း သူဝင်ထိုင်လိုက်၏။

ရေတွေစိုရွှဲနေသည့် သူ့ကို ဝင်းမော်က အားနာသလိုကြည့်ရင်း မိန်းကလေးကိုပါ မေးဆက်ပြလိုက်သည်။

'ငါ မိန်းမ ခိုးလာတာကွ'

ထင်သားပဲဟု သူ မပြောဖြစ်ပါ။ မိန်းကလေးက ရွာသူလေးပဲဖြစ်နိုင်သည်၊ ကျောပေါ်မှာ ရှည်လျားသည့် ဆံပင်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ချထား၏။



သူရောက်လာကတည်းက တစ်ချက်သာမော့ကြည့်ပြီး ပြန်ငုံ့ထားသည့် ခေါင်းက ခုချိန်ထိ ပြန်မော့မလာ။

'ငါတို့ ညကမှရောက်တာကွ၊ သူက ငါတို့ရွာသူပဲကွ၊ ပဒွေးနဲ့ နေရတာ သူအဆမဆုံးသွားတော့ သူ့ပဒွေးကို ငါ စိတ်မချတော့လို့ ခိုးပြေးလာတာ'

'မင်းကလည်း တောင်းယူလိုက်ရင် ပြီးတာပဲကွာ'

သူ တစ်ခွန်းတော့ ပြောလိုက်မိသည်။ ရွာသူကလေးနှင့် ပဒွေးဆိုသည့်အဖြစ်ကို သူမကြားချင်။ တစ်ချိန်သောအခါက ရင်နာစရာအဖြစ်များထဲ သူ့စိတ်တွေ ပြန်မဝင်ချင်တော့ပါ။

ဝင်းမော်ကို ခင်မင်နေဆဲပေမယ့်လည်း ခု ပြန်တွေ့ရတော့ သူမပျော်ပါ။ ဖြစ်နိုင်လျှင် ဝင်းမော်အပါအဝင် ထိုရွာထိုအရပ်ကသတင်း သူ ဘာမှမကြားချင် မသိချင်တော့။

'တောင်းဖို့မဖြစ်လို့ပေါ့ ထွန်းဇော်ရာ၊ ငါ့အိမ်က လုံးဝသဘောမတူဘူးကွ၊ အဲဒါ ငါ့ကို ကူညီပါကွာ၊ ငါ မင်းဆီမှာ တစ်ပတ်လောက်နေပါရစေ'

'တစ်ပတ်လောက်နေပြီး မင်းက ဘယ်သွား ဘာလုပ်မှာလဲ'

'နေစရာတစ်ခု ငါ ချိတ်ထားတယ်၊ အဲဒီမှာအလုပ်လည်း အဆင်ပြေဖို့ရှိတယ်၊ ငါ မင်းဆီကို တကယ်မလာချင်ပါဘူး၊ အဲဒါ မင်းကို နားလည်လို့ပြောတာ၊ ဒါပေမဲ့ တစ်ပတ်လောက်တော့ နေချင်တယ်'

'ဒီလောက်ထိ ပြောရမယ့်လူတွေလားကွ၊ ငါ့ဆီမှာပဲ မင်းနေပါ၊ အလုပ်အတွက်လည်း မရှာနဲ့တော့၊ ငါ့အလုပ်ထဲမှာ မင်းလုပ်လို့ရတဲ့နေရာတွေ ရှိတာပဲ'

'ဝမ်းသာလိုက်တာကွာ'

ဝင်းမော်သာမက မိန်းကလေးမျက်နှာလေးပါ မော့လာသည်။ ဝမ်းသာအဲလဲဖြစ်သွားပုံလေးက မဖုံးဖိနိုင်ရှာ။

'ဋ္ဌေးဋ္ဌေး… ဒါဆို ညီမ သူနဲ့ခဏလိုက်သွားနော်၊ အစ်ကို တစ်နာရီလောက်ကျရင် လိုက်ခဲ့မယ်'

'ဘာ… မင်းက ဘယ်သွားမှာလဲ'

ဋ္ဌေးဋ္ဌေးဆိုသည့် မိန်းကလေးကို မှာနေရာကနေ သူ့ဘက် လှည့်၍…

'ငါ့မမကြီး လိုက်လာတယ်ကွ၊ ဘဘတိုးအိမ်မှာ စောင့်နေ တယ်တဲ့'

ဦးတိုးကြီးက နဂိုကတည်းက ရန်ကုန်မှာနေသော ဝင်းမော် တို့ အားလုံးက ကြောက်ရွံ့လေးစားကြသည့် ဘကြီးတော်သူဖြစ် သည်။

'ဒါဆို ညက မင်းတို့အဲဒီမှာပေါ့'

'ဟုတ်တယ်၊ မမကြီး ဒီနေ့က်ရောက်လာလို့ ငါတို့လစ်ပြေး ခဲ့ကြတာ၊ အဲဒါ ဘဘကြီးတို့လိုက်လာပြီး ခဏဖြစ်ဖြစ်လိုက်တွေ့ဖို့ ငါ့ကိုခေါ်တယ်၊ မင်းကိုဖုန်းမဆက်ခင်လေးကပဲ'

'မင်းတို့ ဒီဆိုင်မှာ ကြာပြီပေါ့'

'အေးလေ… ကြာလှပြီပေါ့၊ ငါ မမကြီးကို ရင်ဆိုင်မှဖြစ်မယ် ထွန်းဇော်၊ ဋ္ဌေးဋ္ဌေးကိုတော့ လက်မထပ်လို့မဖြစ်ဘူး၊ အဲဒါ မင်း ဋ္ဌေးဋ္ဌေးကို အရင်ခေါ်သွားနှင့်ပါ၊ ငါ မမကြီးနဲ့ သွားတွေ့လိုက်မယ်'

'ငါတို့ ဒီကပဲ စောင့်မှာပေါ့၊ မဖြစ်ဘူးလား'

ဝင်းမော်က ဆိုင်ထဲကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းခါ ၏။

'ငါတို့ရှိနေတာပဲ ကြာလှပြီ၊ မင်းမှာလည်း ရေစိုကြီးနဲ့ကွာ၊ ငါတို့မှာ ဘယ်လောက်ထိကြာအောင် အခြေအတင်တွေ ပြောနေရဦး မယ်မသိဘူး၊ မင်းတို့သွားနှင့်ကြပါ၊ ငါလည်း စိတ်ဖြောင့်တာပေါ့'

သူ ခေါင်းညိတ်လိုက်သည်။ ရေစိုကြီးနှင့် ကြာရှည်ထိုင်နေရ မည့်အဖြစ်ကိုလည်း သူ မနှစ်မြို့နိုင်သဖြင့် ချက်ချင်း ထရပ်မိ၏။

'အစ်ကို'

ဋ္ဌေးဋ္ဌေးသည် ဖြည်းလေးစွာထရပ်ကာ ဝင်းမော်ကို သနားခံ



သော မျက်ဝန်းလေးများနှင့်မော့ကြည့်ရှာသည်။

'ဋ္ဌေးဋ္ဌေးကိုတော့ ပစ်မထားလိုက်ပါနဲ့နော်'

'ဋ္ဌေးဋ္ဌေးရယ်'

ဝင်းမော် အတော်စိတ်မကောင်းဖြစ်သွားပုံနှင့် လက်ဖျားလေး ကို ဆုပ်ကိုင်လိုက်သည်။

'ဋ္ဌေးဋ္ဌေးရယ်… အားလုံးဝိုင်းဖျက်နေတဲ့ကြားက ဒီထိ ခက် ခက်ခဲခဲ ပြေးလာပြီးမှ မမကြီးတစ်ယောက်တည်းကို အစ်ကိုက အရှုံး ပေးလိုက်ပါ့မလား၊ ရှေ့အတွက် အစ်ကိုတို့ အေးအေးချမ်းချမ်းနေကြ ဖို့အတွက် အပြီးသတ်ပြောဆိုရှင်းခဲ့မှာ၊ စိတ်ချလက်ချလိုက်သွား၊ အစ်ကို သိပ်မကြာပါဘူး'

သူ ဘာမှမပြောတော့ဘဲ ကားထဲကပဲ စောင့်နေလိုက်သည်။ ဋ္ဌေးဋ္ဌေးက အိတ်လေးဆွဲ၍ ဆင်းလာပြီး ဝင်းမော်က ကိုယ်တိုင်တံခါး လိုက်ဖွင့်ပြန်ပိတ်ပေးပြီး…

'အစ်ကို သိပ်မကြာဘူး'

ဟု ထပ်ပြော၏။

သူတို့ နှုတ်ဆက်ပြီးသလောက်ရှိမှ သူ ကားလေးထွက်ခဲ့ ၏။ ထိုအချိန်မှာ လက်ပြကျန်ခဲ့သော ဝင်းမော်အား နောက်ဆုံးတွေ့ခဲ့ ရခြင်းဖြစ်သည်ကိုတော့ ကံကြမ္မာဇာတ်ဆရာသာ သိပါလိမ့်မည်။

## အခန်း (၁၁)

ညနေစောင်းလာတော့ ဒွေးဒွေး၏ရှိုက်သံက သိသိသာသာ ကျယ်လောင်လာသည်။ သူလည်း ထိုင်နေ၍ မရတော့ပါ။

တစ်နာရီလောက်ပဲဆိုသည့် ဝင်းမော် ဘာကြောင့်ရောက်မလာသလဲဆိုတာကို သူဘယ်လိုမှ တွေးမရဘဲ ထိုင်မရ ထမရဖြစ်လာသည်။ ဖုန်းဆက်ရအောင်က ဦးတိုးကြီးတို့ဆီမှာ ဖုန်းမရှိတာ သူသိထားသည်။ နေ့လည်ကတည်းက ထလိုက်သွားဖို့ စိတ်ကူးရှိတာတောင် ဒွေးဒွေး စိုးရိမ်တကြီးဖြစ်သွားမှာစိုး၍ ဝင်းမော် ရောက်လာမှာဖြစ်ကြောင်း သူကိုယ်တိုင် နှစ်သိမ့်နေခဲ့သေးသည်။ ညနေပိုင်းကျတော့ သူလည်း အားမပေးနိုင်တော့။ ဒွေးဒွေးလည်း ရှိုက်ငိုနေလေသည်။

'အစ်ကို့ဆီ ခဏလောက်သွားကြည့်ပေးပါ ကိုထွန်းဇော်ဦးရယ်၊ သူဘာဖြစ်လို့ ရောက်မလာတာလဲဟင်၊ ဒါမှမဟုတ် ဒွေးဒွေး လိုက်ပါရစေ'

သူ ကားသော့သွားဖြုတ်လိုက်ပြီး . . .

'မလိုက်နဲ့ ဒွေးဒွေး၊ ကျွန်တော်ပဲ သွားကြည့်လိုက်မယ်၊ သူ့ကိုပါအောင် ခေါ်လာခဲ့ပါမယ်၊ စိတ်ချနေ၊ ဘယ်မှမသွားနဲ့'

ဒွေးဒွေးကိုလည်း မှာခဲ့သည်။ ခြံစောင့် ဦးလှကိုလည်း သူမိုးချုပ်လျှင် ဒွေးဒွေးနားမှာ သွားနေပေးထားဖို့ မှာထားခဲ့သည်။

သို့သော် ကြမ္မာငင်ခဲ့သော ဝင်းမော်သည် သကြန်မှာ အရက်မူးကြသော အမူးသမားတို့မောင်းသည့်ကားတစ်စီးနှင့် တိုက်မိပြီး နေရာမှာတင် သေဆုံးသွားခဲ့သည့်သတင်းဆိုးကိုသာ ရရှိခဲ့ပါ၏။ ဦးတိုးကြီးဆီသို့လည်း မရောက်ခဲ့။ မမကြီးနဲ့လည်း မတွေ့လိုက်ရ။



သူတို့ကို နှုတ်ဆက်ကျန်ခဲ့ပြီး မိနစ်ပိုင်းအတွင်းမှာပဲ ဖြစ်သွားခဲ့မှန်းသိခဲ့ရသောကြောင့် ပို၍ ရင်နာမိသည်။ သတင်းနောက်လိုက်ရင်း ဝင်းမော်အလောင်းကို ကိုယ်တိုင်မြင်ခဲ့ရသည်။ သူရောက်သွားမှ သက်ဆိုင်ရာတို့ကလည်း ဝင်းမော်၏ဇာတိကို သိကြသည်။

ထိုအခါကျမှ အကြောင်းကြားကြ၊ လုပ်စရာရှိရာ လုပ်ကြသူ့မှာတော့ ဒွေးဒွေးအတွက်ကို ဘယ်လိုစီစဉ်ပေးရမှန်းမသိတော့ပါ။

ဘာဖြစ်လို့များ အကျိုးအကြောင်းတို့က ဤမျှတိုက်ဆိုင်နေခဲ့ပါသနည်း။ သူသည် မိန်းမယူရမှာကြောက်လို့ မိန်းမရနိုင်မည့်နည်းလမ်းများစွာကို ရှောင်ကွင်းနေခဲ့သော်လည်း . . .

'ကျွန်မ . . . ကျွန်မ ဘာလုပ်ရမလဲ ကိုထွန်းဇော်၊ ကျွန်မလေ ရွာကိုလည်း မပြန်ရဲတော့ဘူး၊ ပြန်ရင်လည်း ကျွန်မမှာ နေစရာမှ မရှိတာ၊ ဒီပြင်နေရာသွားရင်လည်း ကျွန်မမှာလေ ဟို အစ်ကိုဝင်းမော်နဲ့ ကိုယ် . . . ကိုယ်ဝန် . . .'

'ဘာ' သူ ခေါက်ချားစွာ လှည့်ကြည့်လိုက်မိသည်။ သူမပါ ပိုဆိုးသွားပြီး ဒွေးဒွေး ချုံးပွဲချငိုတော့သည်။

'မစိုးရိမ်ပါနဲ့ အစ်ကိုထွန်းဇော်၊ ကျွန်မ သွားပါ့မယ်၊ သူ့အဖေသေသွားလို့ပြောပြီး ဒီကလေးကို ကျွန်မ ဖြစ်အောင်မွေးမှာပါ၊ အစ်ကိုသာရှိနေရင် သူဟာ သူ့ရဲ့သွေးသားကို အစွမ်းကုန် စောင့်ရှောက်မယ့်သူ၊ ကျွန်မ အစ်ကို့ရင်သွေးကို ဖြစ်အောင်မွေးမယ်၊ လောလောဆယ် တစ်အိမ်အိမ်မှာ ကျွန်မကို အလုပ်ရအောင်ရှာပေးပါ နော်'

'ကျွတ်'

သူ ဦးနှောက်တစ်ခုလုံး မီးလောင်ခံလိုက်ရသလို ဘာအကြံမှ ထွက်တော့ဘဲ စိတ်ပျက်လက်ပျက် ကျောခိုင်းလိုက်မိသည်။

အိမ်ဖော်အလုပ်ဆိုတာ ပြောတော့လွယ်သည်။ အိမ်ရှင်တွေက အိမ်ဖော်ကောင်းရဖို့လိုသလို အိမ်ဖော်တွေအတွက်လည်းပဲ အိမ်ရှင်ကောင်းနှင့်တွေ့ဖို့ လိုသေးသည်။

အထူးသဖြင့် အိမ်ဖော်ဆို ခပ်ငယ်ငယ် ရုပ်မလှမပလေးတွေက ပိုဖြစ်နိုင်သည်။ အိမ်ရှင်တွေကလည်း လိုလားကြသည်။ ဒွေးဒွေးကတော့ ရုပ်သိပ်မလှသော်လည်း အရပ်မြင့်ကာ ကိုယ်လုံးက ခပ်

တောင့်တောင့် ခံပင်က ခါးလောက်ရှည်သည်။

အိမ်ရှင်မိန်းမတို့ သဘောကျမှာမဟုတ်သလို သူမအတွက်လည်း အန္တရာယ်ရှိနိုင်သည်။ ဒါတွေအတွက်အားလုံးအဆင်ပြေသည်ထား သူ့အနေနှင့် တစ်အိမ်အိမ်မှာ အပ်ပေးဖို့ဆိုတာ မဖြစ်နိုင်။

ပြီးတော့ သူ့အလုပ်ကို ကိုယ်ကျိုးစွန့်၍ ကူညီခဲ့သော သူငယ်ချင်း။ တက္ကသိုလ်မှာကတည်းက လက်တွဲမဖြုတ်ခဲ့ကြသည့် သူငယ်ချင်း ဝင်းမော်၏ မျက်နှာကို သူမမေ့နိုင်။

ထို့ကြောင့် အသုဘကိစ္စအားလုံးကိုလည်း သူပဲ ဦးဆောင်၍ ဦးတိုးကြီးနှင့်အတူ မခကြီးကို သူ အစစအဆုံး ကူညီခဲ့သည်။ ဋ္ဌေးဋ္ဌေး ကိစ္စကတော့ သူ့အလိုလိုပြီးသွားမည် ထင်ခဲ့မိသည်။ နောက်ဆုံးဘိတ်ကျမှ ကိုယ်ဝန်ကြောင့် သူ့မှာ ဆုံးဖြတ်ရခက်ပြီ။

'ကျွန်မမှာ ကိုယ်ဝန်ရှိနေမှန်းသိလို့ အစ်ကိုနဲ့ပြောကြဖို့လုပ်နေတုန်း ပတွေးကတစ်မျိုး အစ်ကိုမိဘတွေဘက်က တစ်မျိုး တားဆီးလာကြတာနဲ့ ကျွန်မတို့နှစ်ယောက် ချက်ချင်းကြီးပြေးလာခဲ့ကြတာပါ'

'ဟုတ်ပြီ ဋ္ဌေးဋ္ဌေး၊ ဒီကိုယ်ဝန်နဲ့ တခြားမှာအလုပ်လုပ်တော့ကော ကိုယ်တသတ္တိရှိပေမယ့် မဆင်မပြေတာတွေက အများကြီး၊ ကိုယ်ဝန်ရင့်လာတော့ ရင့်လို့၊ မွေးပြီးတော့ကလေးတာဝန်နဲ့တကြောင်း အလုပ်ကို ဘယ်လိုလုပ်ပြီး ဝမ်းကျောင်းမလဲ'

သူ မေးလိုက်တော့ ဋ္ဌေးဋ္ဌေး မျက်လွှာချသွားကာ မျက်ရည်ကျနေခဲ့၏။ ကိုယ့်အိမ်ပေါ်ထိ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပြီးမှ သူ့မျက်နှာလွှဲစရာလမ်းမရှိတော့ပါ။

'ဋ္ဌေးဋ္ဌေး ဒီမှာပဲ နေပါ၊ ရှေ့ရေးအတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစားကြတာပေါ့'

သူ လေးတွဲသော ခြေလှမ်းများနှင့် နေရာမှထွက်လာခဲ့မိသည်။ ဋ္ဌေးဋ္ဌေး ရှိုက်သံတွေကို ကြားနေရဆဲ။ သူမငိုနေတာ သူမဘဝအတွက်လား။ ဝင်းမော်အတွက်လား။ ဘာပဲဖြစ်ဖြစ် သူမ မျက်ရည်ကျခွင့်ရှိနေသေးသည်။

သူ့မှာသာ မရှုနိုင် မကယ်နိုင်။ ငို၍မရသောဘဝ။

~~~

# အခန်း (၁၂)

'ဘယ်လိုပြောလိုက်တယ် သား၊ ဘာပြောတယ်'

ဒေါ်ကြည်ကြည် ကိုယ့်နားကိုပင် မယုံနိုင်။ ခြံထဲမှာ ပြောကြတာမို့ လူမမာကြားမှာလည်း ပူစရာမလိုဘဲ သူမ အံ့သြမှုကို မထိန်းချုပ်နိုင်တော့။

'ချောချောလှလှ ပညာတတ် သူဌေးသမီးတွေကျတော့ ရတာကိုလည်း မနှစ်သက်ဘူး၊ ထပ်ရမှာကိုလည်း မလိုချင်ပါဘူးတဲ့၊ တောကြိုအုံကြားက စာမတတ် ပေမတတ် သူများကိုယ်ဝန်နဲ့ မိန်းကလေးတစ်ယောက်ကိုကျတော့ လက်ထပ်ယူမလို့ ဆုံးဖြတ်လိုက်တာ၊ ဘယ်သူ့ကိုမှ မတိုင်ပင်ဘူး၊ သားက ဆုံးဖြတ်ပြီးမှ မေမေ့ကို အသိပေးရုံလေး လာပြောတာပေါ့လေ'

'မတိုင်ပင်တာက မေမေတားမှာမှန်းသိလို့ပါ မေမေ၊ လက်ထပ်မှာကတော့ မိုက်ရူးရဲဆန်ပေမယ့် ကျွန်တော့်ဆန္ဒရှိလို့ မဟုတ်ဘူးဆိုတာ ယုံပါ'

'မယုံဘူး သား၊ မေမေ ယုံဖို့ ခက်နေပြီ၊ သား အရင်ကလည်း အဲဒီတောမှာပဲ ဘဝနစ်မွန်းနေခဲ့တာ ခုထိ၊ ခုလည်း ဒါတွေပြန်စလာပြန်ပြီ၊ သားရဲ့ဘဝ စိတ်အနာတရအားလုံး အဲဒီအတိတ်မည်းကြီးထဲက ထွက်ဦးမှာလားဟင်၊ ခုဆုံးဖြတ်လိုက်တာက ဝင်းမော်ဆိုတဲ့ သူငယ်နဲ့ ဟိုတုန်းက သံယောဇဉ်တွေရယ်၊ ဘောရှာကပတ်သက်မှု
~~~

တွေရယ် အားလုံးကို မင်းငဲ့လိုက်တော့ စစ်လိုက်တာ၊ ဒါပါပဲ၊ သားရဲ့ ဆုံးဖြတ်ချက်တွေဟာ ဒီလူ ဒီဟာတွေအတွက် ဒီရွာသား ဒီအဖြစ်တွေထဲမှာပဲ အဆင်သင့်ဖြစ်နေခဲ့တယ်'

'မဟုတ်ပါဘူး မေမေ'

'ဟုတ်တယ်'

'ကျွန်တော် စဉ်းစားထားပါတယ် မေမေ၊ သူမွေးဖွားပြီးတဲ့အခါ ရင်းနှီးထူထောင်ဖို့လေး စီစဉ်ပေးပြီး ကွာရှင်းကြမှာပါ၊ သူနဲ့ ကျွန်တော် ဆွေးနွေးပြီးပါပြီ'

'ဘာ… ဘာပြောတယ်၊ ဆွေးနွေးပြီးပြီ ဟုတ်လား'

ဒေါ်ကြည်ကြည်က အထူးအဆန်းလို သားဖြစ်သူကို ငုံ့ကြည့်တာမဟုတ်၊ ဒီလောက်ထိ ညံ့ဖျင်းရသလားဆိုသော အံ့သြခြင်းများနှင့် ဖြစ်၏။

'မင်း အခု လက်မှတ်ထိုးယူထားပြီးပြီ မဟုတ်လား၊ ဘာဖြစ်ဖြစ် သူက မင်းရဲ့တရားဝင်ဇနီးဖြစ်သွားပြီ၊ မင်းပိုင်ဆိုင်သမျှထဲက သူ့ပိုင်ဆိုင်ခွင့်ကို တောင်းဆိုလို့ရနေပြီ၊ နောင်တစ်ချိန် ကျွန်မသာလျှင် တရားဝင်မယားပါဆိုတာမျိုးဖြစ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ဝင်းမော်ကို မင်း ခင်ခဲ့တာ သူက ဝင်းမော်မဟုတ်ဘူးဆိုတာကော သတိရသေးရဲ့လား၊ သူ့အကြောင်း မင်းဘယ်လောက်သိလို့လဲ၊ သူ ရိုးသားပါတယ်လို့ မင်း ဘာကိုကြည့်ပြီး ယုံကြည်လိုက်တာလဲ'

လူကြီးနဲ့လူငယ် အသိပညာရင့်ကျက်ပြည့်ဝပုံချင်း မတူခဲ့သည်လား။ ဒါမှမဟုတ် သူတကယ်ပဲ သိလျက်နဲ့ ဆုံးဖြတ်ခဲ့တာလား။

ရင်ထဲမှာ အစက ဘာမှမရှိခဲ့တာတော့ အမှန်ပဲဖြစ်သည်။ မေမေမေးသည့် မေးခွန်းတွေကို သူ ဘာမှမဖြေတတ်ခဲ့သောအခါ စိတ်ပျက်ခြင်းဖြင့် သူ့မျက်နှာအုံ့မှိုင်းစပြု၏။

'အခု ကလေးအဖေက မင်းပေါ့'

'မဟုတ်ပါဘူး မေမေ၊ ဝင်းမော်ပါပဲ၊ အသက်ရှိနေတဲ့ပေမယ့် ကျွန်တော် လက်မှတ်ထိုးထားရုံပါပဲ၊ သူ ဒီလောက်မလုပ်ဘူးလို့



ကျွန်တော်ယုံကြည်တယ်၊ အဲဒါ မေမေလည်း ယုံပေးပါ၊ ပြီးလည်း ပြီးသွားပါပြီ၊ စိတ်ဆင်းရဲစရာတွေ ထပ်မပြောပါနဲ့တော့'

သူ မေမေ့မျက်နှာကို မကြည့်တော့ဘဲ ထရပ်လိုက်မိသည်။ အားလုံးပြီးစီးခဲ့မှ လာရောက်အသိပေးခဲ့တာဖြစ်သော သားဖြစ်သူကို ဒေါ်ကြည်ကြည် ကရုဏာဒေါသတွေ ပြည့်သိပ်လျက် စူးစိုက်မော့ကြည့်သည်။ ပြောစရာတွေ ရှိနေသေးသော်လည်း သား ရှောင်ထွက်သွားမှန်းကို သိ၍ မပြောဖြစ်တော့ပါ။

'သား'

ကျောခိုင်းသွားတော့မှ ဒေါ်ကြည်ကြည် ထရပ်လိုက်ကာ

'ဒီကိစ္စကို မင်းအဖေကို မေမေ ပြောမှဖြစ်မှာ'

သူ မျက်လွှာချ ခေါင်းငုံ့ရင်း ခြေဦးထိပ်က ကော့လန်နေသော မြက်ပင်စိမ်းစိမ်းလေးတွေကို ငေးကြည့်လိုက်မိသည်။

'မေမေ… ပြောသင့်တယ်ထင်ရင် ပြောလိုက်ပါ၊ ကျွန်တော်ကတော့ ဖေဖေနဲ့မေမေ ဒေါသဖြစ်လို့ အပြစ်ပေးမယ်ဆိုရင် ဘယ်လိုအပြစ်ပဲဖြစ်ဖြစ် ခံယူဖို့ဆုံးဖြတ်ပြီးသားပါ'

ဒေါ်ကြည်ကြည် မမဲ့ရက်ပေမယ့် မျက်ဝန်းတွေ အေးစက်သွားသည်။ ငယ်ငယ်တုန်းက ပြန်မပြော နားမထောင် ဂျစ်ကန်ကန် ညာဉ်က လွှမ်းခဲ့သော နှစ်များမှစ၍ ပို၍ မာကျောတက်ခဲ့၏။

ဘာပြောပြော နားမထောင်ခဲ့တော့တာ။ အခု ထင်ရာလုပ်ပြီးမှ ပေးချင်တဲ့အပြစ်ပေးပါတဲ့။ ဘဝတစ်ခုလုံးကို မီးပုံရှို့ပစ်လိုက်သည့် အဖြစ်တွေကို ဘယ်မိဘက ကျေနပ်နိုင်မှာလဲ။ ပြီးတော့ ဦးချစ်လှိုင်ဆိုသော သူဌေးကြီး သိရင်လည်း…။

ဘိုးဘွားမိဘတို့၏ အမွေတွေ တစ်ပုံတစ်ပင်ကြီးကို တစ်ဦးတည်းဆက်ခံခွင့်ရခဲ့သည့်သား။ လက်ဝါးပေါ်တင်၍ပင် ဖူးဖူးမှုတ်ထားမတတ် အရိပ်တကြည့်ကြည့် ချစ်ခဲ့ရသည့်မိဘတို့၏ရင်မှာ ဒီသားကို ဤသို့သော နှစ်ခွန်းခြင်းဖြင့် ဆုံးရှုံးချင်ပါ့မလား။ သို့သော်…

~~

## အခန်း (၁၃)

မနက်စောစောကတည်းက မီးဖိုချောင်ထဲမှာ ဆေးကြောချက်ပြုတ်သံကို သူ ကြားနေခဲ့သည်။ နောက်ဖေး မီးဖိုချောင်ထဲမှာ ဘာမှမရှိပါ။ ငါးသေတ္တာဗူးတွေရှိမည်။ ကောင်းသေးသလား။ မကောင်းတော့ဘူးလား မသိ။ မကောင်းဖို့ကတော့ သေချာပါသည်။

ငါးရံ့ခြောက်တွေတော့ ရှိနေလိမ့်မည်။ ဒါက စားစရာတစ်ခုခုဖြစ်နိုင်သော်လည်း မနက်စာအတွက် စိတ်ချနိုင်လောက်သည့် စားစရာဖြစ်နိုင်မှာမဟုတ်။

တစ်ခါတလေ အိမ်မှာ အချိန်မတော် ဆာရင်စားဖို့ ဂျုံကော်ဗူး ချောင်းတွေ သူဝယ်ထားတာရှိသော်လည်း ကျန်သေးလား။ မကျန်တော့ဘူးလား သူ မသိတော့။

ဒွေးဒွေး ဘာတွေ ဘယ်လို ချက်ပြုတ်ကြော်လှော်နေသည် မသိပါ။ သူ အပေါ်ထပ်က ဆင်းသာတော့ မီးဖိုခန်းထဲက ထွက်လာပြီး အနားရောက်လာ၏။

'အစ်ကို ထွန်းခေါ် ထမင်းကြော် စားသွားဦးလေ၊ ငါးရံ့ခြောက်ဖုတ် ဆီဆမ်းထားတယ်၊ ဂျုံအချောင်းတွေတွေ့လို့လည်း ကြော်ထားလိုက်တယ်၊ ဟို ကော်ဖီမစ်ထုတ်တွေတော့ရှိတယ်၊ အစ်ကိုထွန်းခေါ် အချိုအပေါ့ ဘယ်လိုသောက်တတ်မှန်းမသိလို့'

'ဒွေးဒွေး'

'ရှင်'



သူ ဒွေးဒွေးကို တစ်ချက်ကြည့်၍ မျက်နှာကို အတတ်နိုင်ဆုံး ပြေပြစ်အောင် ပြုပြင်ရသည်။ အပြောမကတတ်တော့ ဆဲတာနှင့်တူသတဲ့။

'ကျွန်တော့်အတွက် ဒွေးဒွေး ဘာမှလုပ်ပေးဖို့မလိုဘူး သိလား၊ ကျွန်တော်က အိမ်မှာလည်း စားမှာမဟုတ်ဘူး၊ ညနေပြန်လာရင် ရေခဲသေတ္တာထဲထည့်ထားလို့ရတာတွေ တခြားချက်ပြုတ်စရာတွေ ကော ကျွန်တော် ဝယ်လာပေးမယ့် ဒွေးဒွေးစားဖို့ပဲ လုပ်ပါ'

'ဟုတ်လေ'

ဒွေးဒွေး ဘာမှမပြောရသေးခင် သူ လက်ကာပြလိုက်၏။

'ကျွန်တော် ပြောတာကိုပဲ နားထောင်ပါ၊ ဒီမှာ လွတ်လွတ်လပ်လပ်နေပါ၊ ကျွန်တော်ကလည်း လွတ်လပ်ချင်သူပဲ ဒွေးဒွေး၊ ဝတ္တရားကျေဖို့ ကြိုးစားလာရင် အဲဒါ ကျွန်တော့်ကို နှောင့်ယှက်သလိုပဲ၊ ဒီတော့ ကျွန်တော့်အဝတ်အစားလည်း ဒွေးဒွေး ယူလျှော်ဖို့မလိုဘူး၊ လျှော်မယ့်သူ ရောက်လာလိမ့်မယ်၊ အထူးသဖြင့် ဒွေးဒွေးဒီမှာ အားနာဖို့ မလိုဘူး၊ ဒွေးဒွေးလည်း မလွှဲသာလို့ပဲ ကျွန်တော်လည်း အခိုက်အတန့်အားဖြင့် ကူညီနေတာ၊ မိသားစုလို နွေးထွေးဖို့မလိုဘူး'

ဒွေးဒွေး မျက်နှာပျက်သွားတာကို သူ တစ်ချက်ကြည့်ပြီး မျက်နှာလွှဲသည်။

'ဒွေးဒွေး စားသောက်နေထိုင်ဖို့ အဆင်ပြေအောင် ကျွန်တော် ကူညီမယ်၊ ကျန်တဲ့အပိုင်းမှာ ကျွန်တော့်ဘက်ကနေ စိမ်းသလို အပြုအမူတွေရှိခဲ့ရင်တော့ ဒွေးဒွေး နားလည်ဖို့လိုတယ်၊ ကျွန်တော် ကူညီတာက ဝင်းမော်ရဲ့ကလေးနဲ့ ဇနီးဒုက္ခရောက်သွားမှာ စိုးလို့၊ ကျန်တာမပါဘူး'

သူ့စကားဟာ နားဝင်ချိုရဲ့လား။ ခါးသီးစေခဲ့သလားမသိ။ ပြောပြီး သူထွက်လာခဲ့သည်။ ကားမောင်းထွက်ခဲ့သည်အထိ ရင်ထဲမှာ တင်းကျပ်နေသေး။ မိန်းမတစ်ယောက်ယောက်နှင့် စိတ်ပျက်စွာ အတူနေထိုင်ရခြင်းကို သူ မုန်းတီးသည်။ ဒါပေမဲ့ သူ့ဘေးမှာ မိန်းကလေး

တွေပဲ ရောက်ရောက်လာခဲ့သည်။

'သား… မင်းက ထင်ရာတွေလုပ်ပြီး ကျေနပ်နေတာ မဟုတ်လား၊ မင်းဖြစ်ချင်တာတော့ ဖြစ်အောင်လုပ်ခဲ့တာပဲလေ'

မေမေ့စကားတွေကတော့ သူဟာ စိတ်ရှိတိုင်း ဂရုမစိုက်ရှာလုပ်ပစ်တတ်သူ။ တကယ်တမ်း သူ့ဘဝကြီးဟာ ဖြစ်ချင်တာဘာမှ ဖြစ်ခွင့်ဒရခဲ့တာ ခုချိန်ထိ။

စိတ်ရှိတိုင်း ဘာမှလုပ်ခွင့်မရခဲ့ဘဲ ရင်ခွင်ထဲရောက်လာသမျှကို သိမ်းကျုံးပွေ့ပိုက်နေရသည့်သူ။ ပြဿနာပေါင်းစုံဟာ သူကခေါ်သည်မဟုတ်ဘဲ လွှတ်ချထွက်ပြေး၍လည်းမဖြစ်ခဲ့ဘဲ သူသာ ခါးစည်းခံစားနေရသည်။

အချိန်ပြည့် တွေးနေ ငေးနေတတ်ခဲ့သော အကျင့်တစ်ခုဟာ ဖြစ်ချင်တိုင်းဖြစ်ခွင့်မရခဲ့သော မပြည့်စုံသည့်ဘဝအတွက် ယူကျုံးမရခြင်းများသာဖြစ်သည်ကို ဘယ်သူမှ နားမလည်နိုင်ကြပေ။

အားလုံးအတွက် မဖြေရှင်းဘဲနေခဲ့သော သူဟာ အရူးတဲ့လား။ သူ ကားရပ်လိုက်သည်နှင့် ကြိုနေကျအတိုင်း ဝန်ထမ်းကောင်လေး ပြေးရောက်လာသည်။ လက်ထဲက အိတ်ကို ပေးလိုက်ပြီး သူအပေါ်ထပ်မတက်သေးဘဲ ဝန်ထမ်းများ စားသောက်ဆိုင်ဘက်ကို ထွက်ခဲ့၏။

'ချွတ်'

ခြေထောက်အောက်မှာ တစ်စုံတစ်ခုကို နင်းမိပြီဆိုတာ သိလိုက်သည်။ ဒါပေမဲ့ စိတ်က ခြေထောက်ဆီကို ငုံ့ကြည့်ဖို့အတွက် မရောက်ခဲ့။ သူ့အာရုံတွေ ရှေ့ကိုသာ သည်းမည်းနေသည်။

'ဒီတစ်ခါ ရှင့်ကို တုံ့ပြန်ဖို့ ပီကေနဲ့တင်မရတော့ဘူး၊ အဲဒါ သေချာတယ်'

'ဟင်'

သူ့ဘေးဘက်လေးထောင့်အုတ်တိုင်ကြီးနားကနေ အသံနှင့်အတူ လူရိပ်ကိုပါ တွေ့လိုက်သဖြင့် သူလှည့်ကြည့်ရင်း ခြေလှမ်းပါ တုံ့သွားမိ၏။



'မင်း'

ဘာမှခြယ်သမထားသည့် မျက်နှာပြောင်ပြောင်လေးကို မြင်လိုက်သည်နှင့် ခြေထောက်အောက်ကအရာကိုပါ ငုံ့ကြည့်လိုက်မိ သည်။

အကြည်ရောင် အရုပ်လှလှလေးတစ်ခုပါသည့် ခေါင်းစီးကွင်းအဖြူလေးဖြစ်သည်။ ဘာမှန်းမသိသည့် အရုပ်လေးကတော့ သူ့ခြေထောက်အောက်မှာ ကျိုးပဲ့ကြေမွသွားပြီဖြစ်၏။

'ဟာ… ဆောရီး ဒါ မင်းပစ္စည်းလား'

'ဟွန်း'

သူမ မျက်ဝန်းမှာ ယခင်ဆုံဖူးစဉ် မြင်ဖူးခဲ့သော မျက်ဝန်းများထက် ပို၍ရုးရဲသော မကျေနပ်ခြင်းများကို မြင်ရသည်။

ခုကိစ္စက ဒီပစ္စည်းလေးကို သူနင်းမိ၍ဆိုတာ သေချာသည်ဆိုလျှင် ဟိုတစ်ခါဆိုတာက ဘာလဲ။

'ဒီလိုပါ၊ တို့ရှေ့မှာကိစ္စရှိလို့ စိတ်စောသွားတာ၊ အဲဒါကို တောင်းပန်ပါတယ်'

သူက ကြေမွနေသည့် ပစ္စည်းလေးကို ထပ်ငုံ့ကြည့်ကာ…

'ဒါမှမဟုတ် အစားပြန်ဝယ်ပေးပါ့မယ်၊ ဒါကိုကျေနပ်ပါ၊ မင်းပြောတဲ့ ဟိုတစ်ခါကိစ္စဆိုတာက ဘာလဲ၊ အဲဒါကို တို့မသိခဲ့ဘူး၊ ကျေမယ်ဆိုရင် တောင်းပန်မယ်ကွာ၊ ဘာလဲ ပြောပါ'

သူ့ကားနဲ့ အကြိမ်မှာ ပီတေတွေကပ်ပစ်ခဲ့တာ တမင်လုပ်သွားတာမဟုတ်မှန်းသိရတော့ ဘာလဲဆိုတာ ဗိုသိချင်လာသည်။

သူမက ဒေါသတွေကို မြိုသိပ်ထားရသည့်မျက်နှာနှင့် နှုတ်ခမ်းတွေကို စေ့ပိတ်ပြီး စူးစိုက်ကြည့်နေ၏။

နံ့သာရောင်ဗတ်စုံပေါ်မှာ အနက်ရောင်အပေါ်လွှာပါးလေး တစ်ထည်ထပ်ဝတ်ထားကာ ပခုံးဘေးသာသာ ဆံနွယ်တွေကို ဖြန့်ချထားသည့် မျက်နှာလေးက မပြင်ဆင်ဘဲလှနေသည်။ ဒေါသမျက်ဝန်းတို့က ပြာလဲ့လဲ့ ညိုရင့်နှင့် လက်တက်နေသည်။ သူကလည်း သူမပြန်ပြောလာမည့် စကားကို ငြိမ်သက်စွာ စောင့်စားနေခဲ့၏။ ထိုစဉ် သူမ တစ်ဘက်သို့ ခြေဦးလှည့်လိုက်သည်နှင့်…

'ခဏ'

သူ့ရှေ့ကနေ ဖျတ်ခနဲ ပိတ်ရပ်ပစ်လိုက်၏။

'မင်းက ဘာလဲ၊ တို့ကို ဘယ်တုန်းကတည်းက ဘာတွေ မကျေနပ်ခဲ့တာလဲ၊ မင်းလုပ်ပုံတွေကြည့်ရတာ ဒီမှာ ထုန့်ကျခံနေရ သလိုပဲ၊ အဲဒါ တစ်ဖက်သတ်ကြီးကွာ၊ ခုဘိစ္စတော့ ဟိုတုန်းကကိစ္စပါ မင်းပြောခဲ့ပါ'

သူမမျက်ဝန်းတွေ အရောင်တစ်ချက်လက်သွားပြီး…

'ရှင့်ခြေထောက်ကြီးရဲ့အောက်မှာ ခုလိုပဲလေ ဒီကပစ္စည်း တစ်ခု အနင်းခံခဲ့ရတာ'

'တို့က နင်းခဲ့တယ်'

သူ အံ့သြသွားမိသည်။ သူမ မဟုတ်တာမပြောဘူးဆိုတာ ယုံသည်။ ဒါပေမဲ့ သူ ဘာသိ့ မသိခဲ့တာလဲ။

'ဟွန်း ခုလိုပေါ့၊ တစ်လောကလုံးကို ဂရုမစိုက်ခဲ့တဲ့ ရှင့် မျက်လုံးတွေက ဘယ်လိုမှ မစူးစမ်းဘဲ နင်းဖြတ်သွားခဲ့တာလေ၊ ဒီ ပစ္စည်းကို နှမြောတာမဟုတ်ဘူး၊ ဂရုမစိုက်တတ်တာကို မကျေနပ်တာ၊ ဘယ်သူ ဘာဖြစ်ကျန်ခဲ့ကျန်ခဲ့ လှည့်မကြည့်တတ်တာကို ကြည့်မရ တာ'

'အမှတ်တမဲ့ဖြစ်သွားတာမျိုးလည်းရှိမှာပဲ၊ တို့ ဂရုစိုက်ခြင်း မစိုက်ခြင်းက မင်းတစ်ယောက်တည်းကို သက်သက်ပြုမူသွားခဲ့တာမျိုး လည်း မဟုတ်ဘူး၊ ဒါကို မင်းက တစ်ချိန်လုံး အငြိုးအတေးတွေ ထားနေခဲ့တာ သဘာဝမကျဘူး'

သူမက သူ့တစ်ကိုယ်လုံးကို ခပ်မဲ့မဲ့ငေ့ကြည့်ပြီး မျက်နှာ မော့သည်။

'သဘာဝကျတာ မတရားတာရင်ဆိုင်ဖြတ်ပေးဖို့ မလိုပါဘူး'

'လိုတာပေါ့၊ မင်းပြီကယ်တွေကပ်ပစ်လိုက်တာလည်း ကိုယ် ခံခဲ့ရတာပဲ၊ မင်းပြုလုပ်တာကမှ တမင်တကာ'

'ဒါပေမဲ့ ငါ မကျေနပ်သေးဘူး'

'ခုကိစ္စအတွက်လား'



'နှစ်ရပ်လုံး'

'ဟိုတစ်ခါက မင်းတို့ပြန်ခဲ့တာပဲ'

သူမက ဘာမှမပြောတော့ဘဲ ဆတ်ခနဲ ရှောင်ထွက်သွား၏။ သူ့မှာ ကိုယ့်စက်ရုံဝင်းထဲမှာလည်း ဂရုမစိုက်နိုင်တော့ဘဲ သူမအေးမှ ကပ်လိုက်မိသည်။

'နေဦးလေ၊ မင်းခုကိစ္စကို ရင်ဘတ်ထဲထည့်လိုက်ပြန်ပြီလား'

'ဟုတ်တယ်'

'ဟာကွာ'

သူ ရပ်တုန့်ခဲ့ပြီးမှ ပြန်ဆက်လိုက်ကာ…

'ဒါဆို တစ်မျိုးမျိုးနဲ့ တုံ့ပြန်ဦးမှာပဲလား'

'ဟုတ်တယ်'

သူကလည်း တစ်ချက်မှမရပ်ဘဲ ဖြေသည်။ သူဘာမှ မတတ် နိုင်တော့ဘဲ ပခုံးတစ်ချက်တွန့်လိုက်ကာ…

'မင်း ဒီထဲကို ဘာလာလုပ်တာလဲ'

'ဒီမှာအလုပ်ဆင်းနေတဲ့ သူငယ်ချင်းကို တွေ့ချင်လို့ လာ စောင့်နေတာ'

'ဘယ်သူလဲ၊ တို့ကူညီလို့ရတယ်'

'မလိုတော့ဘူး'

'ပြီးရော'

ခပ်ချင်စိတ်က ပြတ်သားစွာရပ်ကျန်စေခဲ့၏။ ထိုအခါကျမှ သူ ဝေးလံစွာလိုက်လာခဲ့မိမှန်း သတိထားမိလာကာ ကိုယ့်ကိုယ်ကိုယ် အံ့သြမိခဲ့သည်။ သူမနှင့်ပတ်သက်၍ စိတ်ထဲမှာ ဘာဖြစ်လို့ အဆော တလျင် ဖြစ်သွားခဲ့တာလဲ။ သူမ အငြိုးအတေးထားမှာကို မလိုလား သော သူမနှင့် ပဋိပက္ခမဖြစ်လိုသော စိုးရိမ်ခြင်းများက ဘာကြောင့် ရောက်လာခဲ့မှန်းမသိ။

တကယ်ဆို ဒါ မဖြစ်သင့်သော…။

~~~
~~~

အခန်း (၁၄)

စာကြည့်စားပွဲမှာ ထွန်းဇော် ထိုင်နေသည်။ သူသည် တွေး နေငေးနေသည်သာဖြစ်ကာ လက်ထဲမှာဖွင့်လျက်သား စာအုပ်က ဒီ အတိုင်း။ ဒွေးဒွေးရင်ထဲမှာ ပြောစရာတွေရှိနေသည်။ ထွန်းဇော်ရှိရာ ကိုသွားဖို့ တစ်ဝက်ထိဖွင့်ထားသည့်တံခါးဝကနေ လှမ်းဝင်ဖို့ ခြေလှမ်း အရွေ့…

'ဟင်'

တံခါးအတွယ်ဘက်ကနေ ထွက်လာသော အမျိုးသမီးတစ် ယောက်က ဒွေးဒွေးဘက်ကို မလှည့်ဘဲ ထွန်းဇော်ဘေးမှာ စုံရပ်၏။ အုပ်ခဲနေသည့် ဆံပင်ရှည်တွေက တင်ပါးဘေးမှာ ဝဲဖြာနေသည်။ သူမသည် ဆံပင်တွေကို သေသပ်စွာဖြီးထားဟန်မျိုးမဟုတ်ဘဲ ထုံးဖွဲ့ ထားတာလည်း မဟုတ်။

ကျောပေါ်မှာ ခပ်ဖွာဖွာဖြန့်ချလျက် ဘေးတစ်စောင်းမြင်လိုက် ရသည့် ပါးတစ်ခြမ်းပေါ်ထိ ဆံပင်တွေက ကျူးကျော်နယ်လွှမ်းနေကြ သည်။

ဒီအိမ်မှာ မိန်းကလေးရှိတယ်လို့ ဒွေးဒွေး မကြားဖူးခဲ့ပါ။ သူမ ရောက်တာပဲ သုံးရက်ရှိပြီ။ အိမ်မှာ ထွန်းဇော် ထွက်သွားတာ နှင့် သူမတစ်ယောက်တည်း…။



'ဒီကောင်က အိမ်ထောင်ရေးကံမကောင်းဘူး၊ မိန်းမယူလိုက် တယ်၊ တစ်ပတ်ပဲကြာတယ်၊ မိန်းမက ဆုံးသွားတယ်လေ'

'ချစ်သူလည်း ရှိခဲ့ဖူးတယ်၊ ဒါပေမဲ့ ကွဲသွားတယ်'

ဒွေးဒွေးကို အစ်ကိုဝင်းမော် ပြောပြခဲ့ဖူးသည်။ ထွန်းဇော်ဆီ ကို အကူအညီ တောင်းတော့မည်ဆိုကတည်းက ထွန်းဇော် ဘယ်လို လူစား။ သူနဲ့ဘယ်လိုရင်းနှီးတာ အားလုံးကို အစ်ကိုက ပြောပြခဲ့ သည်။ ထိုအထဲမှာ ထွန်းဇော် တည်ကြည်တာ။ ကူညီတတ်တာလည်း ပါသည်။ နောက်ထပ်တွဲနေတယ်။ ဘယ်သူနဲ့ချစ်နေတယ်ဆိုတာလည်း မပါ။ ဒီအမျိုးသမီးပုံစံကလည်း အိမ်ဖော်နဲ့မတူတာ သေချာနေသည်။ သူမပုံစံသည် အိပ်ရာကထလာသလို ကပိုကရိုပေမယ့် နန်းဆန်နေ သည်။ မျက်နှာကို ရှေ့တည့်တည့်က သွားကြည့်ရင်လည်း လှနေမယ် လို့ သေချာပြောရဲသည့်ပုံမျိုး။

ရှိနေတာက ထွန်းဇော်၏ စာကြည့်ခန်းထဲမှာ…

ညဉ့်နက်လှပေမယ့် ကိုးနာရီဆိုတာ မစောတော့သည့်အချိန်။

ဒွေးဒွေး ပါးစပ်အဟောင်းသားနှင့် လှည့်ထွက်သွားဖို့လည်း ဆန္ဒမရှိဘဲ စိတ်ဝင်စားစွာ ရပ်ကြည့်နေမိ၏။ သူမသည် ထွန်းဇော် ရှေ့က စားပွဲကို လက်သီးဆုပ်နှင့် ခပ်ဖွဖွထုချလိုက်ကာ…

'ရှင် သိပ်ရက်စက်တယ် အစ်ကို၊ ရှင့်ကို ကျွန်မ ချစ်ခဲ့ တွယ်တာခဲ့သမျှ ကျွန်မ အနစ်နာခံခဲ့ရသမျှ ခုတော့ သက်သက်မဲ့ ရှင်… ရှင်ဟာ သစ္စာမဲ့တဲ့လူ၊ ကျွန်မကို လုံးဝမေ့ထားပြီး မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက်ယူ၊ စည်းစိမ်ဥစ္စာတွေ ပြည့်ပြည့်စုံစုံနဲ့ အခု ဘာကိုမှ သတိမရတော့ဘူး မဟုတ်လား'

ထွန်းဇော်ကလည်း နေရာမှ ပုန်းခနဲ ထရပ်လိုက်၏။

'မင်း ဘာတွေလာပြောနေတာလဲ၊ ငါက ဘာတွေလုပ်နေလို့ လဲ၊ ငါ့ရင်ထဲမှာ ပျားရည်မြစ်ကြီး စီးနေတာလား၊ မီးပင်လယ်ကြီး ဖြစ်နေတာလား မင်းဝင်ကြည့်စမ်းပါ'

'အို… မပြောနဲ့၊ မယုံဘူး၊ ရှင်သစ္စာမဲ့တာကို ဝန်ခံ'

'ခင်း မဟုတ်တာ မပြောနဲ့' ...

'ဒီတော့ ရှင်မျက်နှာပြောင်ရင် ညာလေ၊ ကျွန်မကတော့ ဒီ အတိုင်းဆက်လုပ်မှာပဲ၊ ရှင် ဘယ်နှစ်ယောက်ပဲ ထပ်ယူယူ၊ အကုန် လိုက်သတ်ပစ်မယ်'

'ဘုရား... ဘုရား...'

ဌေးဌေးနောက်ကို ဖျတ်ခနဲ ဆုတ်လိုက်မိသည်။

'ကျွန်မက ခုန်တတ်တယ်၊ ဒါပေမဲ့ မုန်းမိရင်လည်း အသေပဲ၊ ရှင် ဘယ်နှစ်ယောက်ပဲထပ်ယူယူ ကျွန်မက သတ်မှာပဲ၊ နောက်ဆုံး တားဆီးမရနိုင်အောင် ဖြစ်လာရင် ရှင့်ကိုပါသတ်မယ်'

'အို'

ဌေးဌေး လန့်ဖျန့်ကာ နောက်အဆုတ်။ လက်က တံခါးရွက် ကို ဖိထောက်လိုက်မိကာ တံခါးလည်း ရွေ့သွားသည်။ သူမကိုယ် လည်း ယိုင်နဲ့သွား၏။

ထိုအခါ ခံပင်ဖားလျားနှင့် မျက်နှာတွေကိုပါ ရပ်ကွယ်နေခဲ့ သည့် အခန်းထဲမှအမျိုးသမီး၏ တစ်ပိုင်းတစ်စမျက်နှာ၊ သူမဘက် တဖြည်းဖြည်းလှည့်လာ၏။

'အောင်မလေး'

ဌေးဌေး လန့်ဖျပ်ကာ နောက်လှည့်ပြေးခဲ့မိသည်။

'ရှပ်... ရှပ်... ရှပ်'

'ဟင်'

နောက်က ခြေသံပါလာပြီ။ ဌေးဌေး နောက်လှည့်မကြည့်ရဲ သော်လည်း ဆံပင်ဖားလျားနှင့် အရိပ်မည်းကြီးက သူ့အရှေ့မှာ ထိုးကျ လာ၏။

'ဟင့်အင်း... ဟင့်အင်း... ဌေးဌေး သူ့ကိုမသုပါဘူး၊ တကယ်ယူတာ မဟုတ်ပါဘူးရှင်၊ ဌေးဌေးကို မသတ်ပါနဲ့နော်'

အခန်းထဲပြေးဝင်ကာ တံခါးကိုပြန်ပိတ်သော်လည်း ရှည်လျား သော လက်တစ်ဖက်က တံခါးကြားထဲမှ တိုးဝင်လာပြီး ရှည်လျား



သည့် လက်သည်းချွန်ကြီးများက သူမလည်တိုင်ဆီသို့...

'အား'

ဌေးဌေး ရုန်းကန်ရင်း နောက်ပြန်လဲကျသွား၏။

'ဟင်'

သတိရလာတော့ သူမက အိပ်ရာပေါ်မှာ ငုတ်တုတ်ထိုင် လျက်သား၊ မီးလည်း မမှိတ်ရသေး။ နာရီကိုကြည့်တော့ ညကိုးနာရီ တိတိ။ သူမ အိပ်မက်မက်နေသည်ပဲ။ သို့သော် သတိရပေမယ့် ကြောက်သည့်စိတ်က မပြေ။ ငါ... ငါ... ဘာတွေမက်နေတာလဲ။

အစ်ကိုထွန်းဇော်ကော ပြန်ရောက်ပြီလား။ ညက သူမတစ် ယောက်တည်းနေရင်း ခြေသံတဖျတ်ဖျတ်ကြားလိုက်၏။ ကျောနောက် မှာတစ်ယောက်ယောက်ဖြတ်သွားသလိုလို အခန်းတစ်ခုခုထဲကနေ တစ် စုံတစ်ယောက် ထွက်လာသလိုလိုဖြစ်လိုက်၊ မျက်ဝန်းထောင့်မှာ ရိပ် ခနဲ အေးခနဲ လှုပ်ရှားမှုတွေ ဖြစ်ပေါ်လာတိုင်း တစ်ယောက်တည်း ချောက်ချားလာခဲ့သည်။

ကိုယ့်စိတ်ကိုအားတင်း၍ ဟိုဒီဘက်လှည့်ကြည့်တော့လည်း ဘာမှမရှိ။ တိုက်ကကြီးမားလှသည်မဟုတ်သော်လည်း နှစ်ထပ်တိုက် ကြီးပဲဖြစ်သည်။ လှေခါးကလည်း အမြင့်ကြီး။

ဟိုတွေးဒီတွေး တွေးနေသည်။ ကြောက်စိတ်ဝင်လာတော့ ဟိုအရင်မိန်းမက ဒီအိမ်မှာ သေဆုံးသွားခဲ့သည့် သတင်းတစ်စကို သတိရလာသည်။ ထွန်းဇော်ကိုမျှော်တော့လည်း နာရီသံ တစ်ချပ်ချပ်မှ လွဲ၍ ကားသံလည်းမကြား၊ လူသံလည်းမကြား။ ပတ်ဝန်းကျင်သည် ငြိမ်ချက်သားကောင်းလွန်းနေ၏။ နောက်ဆုံး သူမစိတ်တွေ ချောက်ချားလွန်းကာ အခန်းထဲဝင် တံခါးဂျက်ချအိပ်ဖို့ စိတ်ကူးနှင့် အိပ်ရာထဲရောက်ခဲ့သည်။ သူမလှဲချလိုက်တော့ ကိုးနာရီထိုးဖို့ မိနစ် နှစ်ဆယ်လိုသေးသည်။ အခုကိုးနာရီ မိနစ်နှစ်ဆယ်အတွင်းမက်ခဲ့သည့် အိပ်မက်က ဝိုးတဝါး မဟုတ်ပါလား။ သူမကိုယ်မှာ ချွေးတွေလည်း ရွှဲနစ်နေသည်။ တကယ် ရုန်းကန်ထားရသလို လူက မောဟိုက်နေခဲ့၏။

လည်ပင်းကို ယောင်ရမ်းစမ်းမိရင်း တံခါးကိုကြည့်မိတော့ မျက်လုံးပြူးသွား၏။ တံခါးက ခပ်ဟဟပွင့်လျက်။

မဟုတ်ဘူး။ ငါ သေချာပိတ်ထားပြီးမှ အိပ်တာ။ ရင်တွေ တဆတ်ဆတ်ခုန်လာပြန်သည်။ ခါးပေါ်မှာ တစ်ဝက်တင်ထားသည့် စောင်ကို ကျစ်နေအောင် ဆုပ်ရင်း လက်တွေပါ တုန်ယင်လာခဲ့သည်။

တံခါးကိုက ဂျက်မခိုင်တာလား။ သူမကိုယ်တိုင် စိတ်လော ကြီးသွား၍ ဂျက်မကျခဲ့တာလား။ သေချာကြီးမြင်လိုက်ရသည့် ဆံပင် ဖားလျားနှင့် လှည့်လာသော ဆံပင်တွေကြားမှ မျက်လုံးတောက် တောက်ကြီးတစ်စုံကို သတိရလိုက်၏။ သူမက ဘယ်သူလဲ။ ဘာလဲ။

သူမ ကြောက်စိတ်နှင့် အိပ်သွားခဲ့သဖြင့် ချောက်ချားစွာမက် ခဲ့ခြင်းလား။ ဘာပဲဖြစ်ဖြစ် သူမ ဝါးတားတားမြင်ခဲ့တာ မဟုတ်ပါ။

အစ်ကိုထွန်းဇော်ရော။

နားထင်ဆီမှ စီးကျလာသော ချွေးပေါက်ကြီးများက မေးရိုးထိ လူးလူးလိမ့်လိမ့် စီးကျလာသည်။ တစ်အိမ်လုံးက တိတ်ဆိတ်နေဆဲ။

ထွန်းဇော် ပြန်ရောက် မရောက်ကို သူမ သိချင်နေမိသည်။ ဘယ်လိုလုပ်ရမလဲ။ ဒီအခန်းထဲမှာ ထွန်းဇော် မလာမချင်း သူမ ဒီ အတိုင်းပဲ ကြောက်ဒူးတုန်နေရတော့မှာလား။ ဒီလိုကြောက်ရွံ့မှုမျိုး တွေက ဟိုညတွေက ဘာဖြစ်လို့မခံစားခဲ့ရတာလဲ။ မဟုတ်ဘူး။ ငါ့စိတ်တွေ ချောက်ချားနေတာပါ။

ဒွေးဒွေး ဒီအတိုင်းငြိမ်နေလျှင် ပိုပိုဆိုးတော့မှာမို့ ခုတင်ပေါ်က နေ အသာဆင်းလိုက်သည်။ ထွန်းဇော်အခန်းကို တကယ်သွားကြည့် မည်။ ဒီည ထွန်းဇော်ကို စကားပြောဖို့ သူမ တကယ်စိတ်ကူးထားခဲ့ သည်။ ဒီတိုင်းကြီးပဲ အိမ်ထဲမှာ မိုးလင်းကမိုးချုပ် အလုပ်မရှိ အကိုင် မရှိ မနေချင်၍ပါ။ မြန်မာလူမျိုးတွေဟာ ကျေးဇူးတရားကို အထူးသိ တတ်ကြသည့်လူမျိုးပါ။ ကိုယ့်အပေါ် ကောင်းလည်း ကိုယ်ကလည်း ပြန်၍ကျေးဇူးပြုချင်သည်။ ထွန်းဇော်က ဒါကို လက်မခံ။

သူ့တာဝန် အိမ်တာဝန် ဘာကိုမှ အလုပ်မခံ။ မနက်တိုင်း



သူအလုပ်မသွားမီ အိမ်သန့်ရှင်းရေး လာလုပ်ပေးတတ်သည့် အသား မည်း အကျည်းတန်သော အမျိုးသမီးကြီးတစ်ယောက်ရှိသည်။ သန့် ရှင်းရေးပြီးသည်နှင့် ထွန်းဇော်၏ ရှိသမျှအဝတ်တွေကို သယ်ချသွား တတ်၏။

'ကျွန်တော်တစ်ယောက်တည်းနေတုန်းက နေ့တိုင်းမခေါ်ပါ ဘူး၊ အခု ဒွေးဒွေးရောက်လာတော့ မနေတတ်ဘဲ ဟိုဒီလျှောက်လုပ် မှာစိုးလို့ နေ့တိုင်းခေါ်ထားတာ၊ ဒွေးဒွေးအဝတ်တွေပါ သူ့ကိုပေးချင် ပေးလိုက်လို့ရတယ်'

'အို··· နေပါစေ၊ ဒွေးဒွေးမှာ ဒီအလုပ်ပဲရှိတာ၊ အဝတ်လေး တော့ ကိုယ့်ဟာကိုယ် လျှော်ပါရစေ၊ ဒါနဲ့ အစ်ကိုထွန်းဇော်က အဝတ် ကို အိမ်မှာမလျှော်ခိုင်းဘဲ ဘာဖြစ်လို့ ပေးလိုက်တာလဲဟင်'

'အိမ်မှာ လူပိုတွေ ကြာကြာမရှိတာ ကောင်းပါတယ်၊ စပ်စု တာတွေကို မကြိုက်ဘူး'

ထွန်းဇော်က သူ့စိတ်ကူးနဲ့သူ အိမ်မှာလူပိုမထားခဲ့တာ။ သူမ မှာ မိုးလင်းကမိုးချုပ်ထိ တစ်ယောက်တည်း။ စိတ်ကမရဲသော်လည်း ကြောက်တာကိုပဲ ပြူးပြဲကြည့်နေချင်သည်မို့ ထွန်းဇော်၏ အခန်းဆီသို့ တစ်လှမ်းချင်း လှမ်းခဲ့မိသည်။

'အို'

အခန်းတံခါး တစ်ဝက်ပွင့်နေသည်။ ဒါ သူမ အိပ်မက်မက် တုန်းက ပွင့်နေတဲ့အတိုင်းပါလား။

ဘုရား··· ဘုရား··· သူမ ဆက်သွားရမည်လား။ ရပ်နေရ မလား။ အခန်းထဲက မီးရောင်က အပြင်ကို ဖြာကျနေသည်။

နားစွင့်ကြည့်တော့ အခန်းထဲမှာကော တစ်အိမ်လုံးမှာပါ တိတ် ဆိတ်နေသည်။ ထိုစဉ် အခန်းထဲက လှုပ်ရှားသွားသည့် အရိပ်တစ်ခု။

တစ်ကိုယ်လုံးဖျင်းခနဲဖြစ်ကာ ထိုလှုပ်ရှားမှုကိုပဲ စူးစိုက်ကြည့် နေမိသည်။ အရိပ်က ပြန်ပျောက်သွား၏။ လှုပ်ရှားသံ ဘာညာလည်း မကြား။ သူမရှေ့ကိုတစ်လှမ်းတိုးလိုက်စဉ် နောက်က သိမ့်ခနဲ တစ်

ချက်ဖြစ်သွားသဖြင့် ဖျတ်ခနဲ လှည့်ရင်ဆိုင်လိုက်သည်။ ဘာမျှမရှိ။

အခန်းဆီကို မျက်နှာပြန်မလှည့်ရဲတော့ဘဲ နောက်ကျောမလုံ တော့သည့်စိတ်က ဟိုဘက်လှည့်ကြည့် ဒီဘက်လှည့်ကြည့်နှင့် ဌေးဌေး အရူးမလေးလိုဖြစ်လာသည်။ နဖူးမှာ ချွေးတွေသီးထလာ၏။

နောက်က ဖျတ်ခနဲဖြစ်သွားသလိုထင်ကာ လူက တုန်သွား ပြန်သည်။ ဌေးဌေး တကယ်အိပ်မက်ထဲကလို ဖြစ်နေပါပြီ။

ဒါ အိပ်မက်မဟုတ်ဘူးဆိုတာ သေချာသည်ဆိုလျှင် အိပ်မက် ထဲကလို သူမ လွတ်မြောက်နိုင်ပါ့မလား။

ညသည် တိတ်ဆိတ်ချောက်ချားဖွယ်ကောင်းလှစွာ သူမကို လက်တွေ့ဖြန့်ကားလျက် လျှာတန်းလန်းထုတ်ရင်း လည်မျိုညှစ်ခြေ တော့မည့် သရဲသရဲကြီးတစ်ကောင်လို။ ဌေးဌေးတစ်လှမ်းချင်း ဆုတ် သည်။ ရှေ့မှာ ဘာမှရှိမနေဘဲ ကျောခေပးရဲ။

ကိုယ်တစ်လှမ်းဆုတ်တိုင်း သူတစ်လှမ်းတက်လာသလို ဌေး ဌေး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာ၏။ ထိုစဉ် အခန်းတွင်းမှ အရိပ်မည်းမည်းကြီးတစ်ခုက သူမနောက်မှာ ဘွားခနဲပေါ်လာရာ…

‘အား’

ဌေးဌေးတအားအော်ကာ နားနှစ်ဖက်ကို စုံပိတ်၍ မျက်လုံး များပါ မှိတ်ချပစ်လိုက်၏။

‘ဌေးဌေး’

ခေါ်သံကိုကြားသည်။ သို့သော် အသိစိတ်က ကိုယ်မှာမကပ် မိသေး။ ဌေးဌေးနားတွေကို စုံပိတ်ကာ နံရံမှာ ကျောကပ်လျက် ဆတ် ဆတ်တုန်နေသည်။

‘ဌေးဌေး… ဌေးဌေး… ဘာဖြစ်တာလဲ၊ ဒီမှာ ကျွန်တော် လေ’

သူမလက်မောင်းကို ခပ်ဆတ်ဆတ်ပုတ်၍ ပြောလိုက်သံသည် ထွန်းဇော်အသံမှန်း သတိဝင်လာသည်နှင့် ဌေးဌေးကိုယ်လေး ငြိမ်ကျ သွားသည်။ မျက်လုံးတွေကို တဖြည်းဖြည်းဖွင့်ကာ နားနှစ်ဖက်မှာ



ပိတ်ပိတ်ထားသည့်လက်တို့က ပြေကျသွား၏။ ဌေးဌေး ထွန်းဇော်ကို ပြုံးကြောင်ကြောင်လေး မော့ကြည့်သည်။

‘အစ်ကို ထွန်းဇော်’

‘ဟုတ်ပါတယ်၊ ကျွန်တော်ပါ၊ ဘာဖြစ်လာတာလဲ’

ဌေးဌေးသည် ထွန်းဇော်၏ တစ်ကိုယ်လုံးကို သေချာကြည့် နေမိသဲနှင့် ဘယ်လိုမှမယုံနိုင်သေးသည့် မျက်ဝန်းတို့က ဂနာမငြိမ် သေး။

‘အစ်ကိုထွန်းဇော် ဘယ်တုန်းက ပြန်ရောက်တာလဲဟင်’

‘ခုနတင်ပဲ ရောက်တာ၊ ဌေးဌေး အိပ်နေတာမဟုတ်ဘူးလား၊ ဒီနား ဘာလာလုပ်တာလဲ’

ထွန်းဇော်က မျက်ခုံးနှစ်ဖက် စုကျုံ့လျက် နားမလည်၍ ထပ် မေးခြင်းဖြစ်သလို မလိုလားခြင်းကလည်း အထင်အရှား။

ဒီတော့မှ ဌေးဌေးစိတ်တွေ အနည်းငယ်တည်ငြိမ်သွားပြီး…

‘အစ်ကိုထွန်းဇော် အခန်းထဲမှာ တစ်ယောက်တည်းလားဟင်’

‘ဘယ်လို’

‘အို… ဟို… အပြင်က မိတ်ဆွေတစ်ယောက်ယောက်များ ပါလာပြီး ရှိနေသလားလို့’

‘မပါဘူး၊ ဘယ်သူမှလည်းမရှိဘူး၊ ဘာဖြစ်လို့လဲ’

‘ဟို… ဟိုလေ… ကျွန်… ကျွန်မ…’

ထွန်းဇော်က နောက်တစ်လှမ်းဆုတ်၍ တံခါးရွက်ကိုလှမ်း ကိုင်လိုက်သည်။

‘ကိစ္စမရှိရင် ဌေးဌေး အေးအေးဆေးဆေး အနားယူလိုက်ပါ၊ ကျွန်တော် ဒီမှာအလုပ်ရှုပ်နေလို့’ ဟုပြောပြီး တံခါးပိတ်သွားခဲ့၏။

ဌေးဌေးတစ်ယောက်တည်း တံခါးအပြင်မှာ ခပ်နဲ့နဲ့လေး ရပ်လျက် ကျန်ခဲ့သည်။ ပတ်ဝန်းကျင်သည် ပြန်လည်တိတ်ကျသွား ခဲ့သော်လည်း ဌေးဌေး ကြောက်စိတ်တွေ လျော့ပါးသွားခဲ့ပြီဖြစ်၏။

သို့သော်…

~~~
~~~

## အခန်း (၁၅)

တစ်နေ့နဲ့တစ်နေ့ မိုးလင်းလာလိုက် မိုးချုပ်သွားလိုက်။ အချိန်ကာလများသည် ဌေးဌေးအတွက် အဓိပ္ပာယ်မဲ့စွာ အလွန်လေးဖင့်နှေးကွေးသော ရွေ့လျားခြင်းဖြင့် ကုန်ဆုံးသွားခဲ့ကြသည်။

သူမ တစ်ခုခုထွက်လုပ်နေပါရစေ။ ဈေးခါနီးမှ အနားယူပါရစေဟု ခွေးနွေးကြည့်ခဲ့ဖူးသည်။ ထွန်းဇော်က လက်မခံခဲ့ပေ။

'ကျွန်တော် ပြောပြီးသားပဲလေ၊ ကျွန်တော်တို့က အိမ်သားမှမဟုတ်ကြတာ၊ ခဏတစ်ဖြုတ်အတူနေထိုင်ကြတော့ ဧည့်သည်က ဧည့်သည်လိုနေတာပဲ ကောင်းပါတယ်၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲက တမင်အနစ်နာခံပေးရဲ့တဲ့ သူ့ရဲကောင်းကြီးလည်း ကျွန်တော်က မဟုတ်တော့ သိသာသိစေ မမြင်စေနဲ့ဆိုတာမျိုးပဲ ဖြစ်စေချင်တယ်၊ ဒီမှာ ဌေးဌေးကို ကျွန်တော့်ဇနီးအဖြစ် ရှိစေခဲ့တာက ကိုယ်ဝန်ကိုလွယ်ထားရတဲ့ကာလမှာ ဌေးဌေးရဲ့သိက္ခာကို ငဲ့ပေးလိုက်တာ၊ တစ်သက်လုံးတော့ ကျွန်တော်လည်း မပေးဆပ်နိုင်ဘူးလေ၊ မွေးဖွားပြီးတဲ့အခါ ဌေးဌေးကို ကျွန်တော်နဲ့ ကွာရှင်းလိုက်တဲ့ ကလေးအမေအဖြစ် လူပုံအလယ်မှာ ထုတ်နုတ်ပြောဖို့ရှိလာရင် ပြောနိုင်အောင်ပဲ၊ ဒါပေမဲ့ ကလေးအမေအဖြစ်တော့ သူ့အမေနာမည်နဲ့ပဲ ရှိစေကြမှာ'

'ဒါကို ဌေးဌေးနားလည်ပါတယ် အစ်ကိုထွန်းဇော်၊ ဘယ်လောက်ထိပဲ ကူညီ ကူညီ ကျွန်မက ကျေးဇူးတင်ရမှာချည်းပါပဲ၊



အစ်ကိုထွန်းဇော် ခုလောက်ထိ စောင့်ရှောက်ထားနေတာကိုပဲ တသသဖြစ်နေခဲ့တာပါ၊ အခုက ဌေးဌေး ဒီမှာ သက်သက်ကြီးထိုင်နေရတာကို မနေတတ်တော့'

'နေတတ်အောင်ပဲနေပါ၊ ဒါ တော မဟုတ်ဘူးလေ၊ မြို့ဆိုတော့ မိန်းမတစ်ယောက် ထင်းခွေမထွက်တာ ဟိုမှာအကျည်းတန်ချင်တန်မယ်၊ ဒီမှာ ဘာမှပြဿနာမရှိဘူး၊ လိုအပ်လာလို့ ရင်ဆိုင်ကြရတာမျိုးကလွဲရင် ဌေးဌေးကို ဘယ်သူမှ မမြင်လေ ပိုကောင်းလေပဲ'

ထွန်းဇော် ထိုသို့ပြောခဲ့သည်။ ဟုတ်တာပဲလေဟုတွေးကာ ဌေးဌေး ပို၍ နားလည်ခဲ့၏။ တကယ်တော့ ဌေးဌေးလို မိန်းမတစ်ယောက်အတွက် သူ့ဇနီးပါလို့ လက်မှတ်ထိုးထားခဲ့ပေမယ့် လူသိဘယ်ခံချင်ပါ့မလဲ။

'ကျွန်တော့်ကို နားလည်ပါ ဌေးဌေး၊ မွေးဖွားပြီးတဲ့အခါ ကျွန်တော် ထိုက်သင့်တဲ့ ရင်းနှီးမှုတစ်ခုခု ဌေးဌေးတို့သားအမိအတွက် ထူထောင်ပေးချင်တယ်၊ လက်မှတ်ထိုးထားခဲ့တာက ကျွန်တော် အဲဒီလို စီမံပေးခွင့်ရှိဖို့လည်း ပါတယ်၊ ကျွန်တော့်ဘက်က အတားအဆီးတွေ ရှိမလာအောင်ပေါ့၊ ကျွန်တော် ကူညီနေပေမယ့် ကျွန်တော့်ရဲ့ သဒ္ဓါတရားက တွန့်ဆုတ်နေသလိုမျိုး ဖြစ်ချင်ဖြစ်နေမှာ၊ ဌေးဌေးနားလည်ပေးပါ'

သူ ဘယ်လိုပဲပေးပေး ဘယ်လိုပဲ တွန့်တွန့် ဌေးဌေး နားလည်ပါသည်။ ထွန်းဇော်ကို ကျေးဇူးလည်းတင်သည်။ ထွန်းဇော်၏လက်ထဲမှာသာမဟုတ်လျှင် မြို့ကြီးပြကြီးမှာ သူမဘဝကြီးဟာ···

'တင်··· တင်··· တင်··· တင်···'

'ဟင်···'

ဧည့်ခန်းမှာ တစ်ယောက်တည်း ထိုင်နေရင်း ဌေးဌေး တွန့်ခနဲဖြစ်သွားမိ၏။ ဘာသံလဲ။ အသံကြားရာကို လှည့်ပတ်နားစွင့်ရင်း မျက်လုံးက နံရံကပ်နာရီကြီးဆီ ရောက်သွားသည်။ ကိုးနာရီတိတိ။

ဒါ ဘယ်လိုနေရာ ဘယ်လိုရပ်ကွက်မျိုးလည်းတော့ မသိ။ ညရှစ်နာရီလောက်ဆို လုံးဝတိတ်ကျသွားပြီဖြစ်သည်။ အိမ်မှာ ကိုယ်

တစ်ယောက်တည်းမို့ ပိုဆိုးသည်။ ဒီနေ့တော့ 'အစ်ကိုထွန်းဇော် ညညကို အပြန်နောက်မကျလို့ မရဘူးလားဟင်' ဟု အရဲစွန့်ပြီးမေးလိုက်မိသေးသည်။

'ရပေမယ့် အကျင့်ပါနေပြီ ဒွေးဒွေး၊ ပြန်ချိန်ရောက်ရင် မပြန် ချင်ဘူး ဖြစ်နေတာလေ' သူ ခပ်ပြုံးပြုံးပြော၍ ထွက်သွားသည်။

'စောစောပြန်ခဲ့ပါနော်' လို့ မှာချင်ပေမယ့် ဒွေးဒွေး မရဲခဲ့ပါ။

ကိုယ်က မနေရဲလို့ပေမယ့် ထွန်းဇော်က တစ်မျိုးထင်သွားနိုင်သည်။ ပြီးတော့ ထွန်းဇော် မျက်နှာမှာ သူမ အစေ့တာဝင် စကားသွားပြောတာကို မနှစ်မြို့သည့် အရိပ်အယောင်တွေဖြစ်ဖြစ်သွားတာတော့ ကိုလည်း သူမ သတိထားမိသည်။ ထို့ကြောင့် မနေရဲလို့ပါလို့လည်း ဖွင့်မပြောရဲ။ တားလည်း မတားရဲ။

ဘာလို့မနေရဲတာလဲ၊ ဘာမြင်လို့လဲလို့မေးရင် ဒွေးဒွေးမှာ အကြောင်းပြစရာမရှိ။ သူများအိမ်ပေါ်တက်နေပြီး ကြောက်ပါတယ် ညို့ပါတယ်ပြောနေတော့ရော ကောင်းမလား၊ ဒွေးဒွေး မကြောက်ဖို့ ကိုယ့်စိတ်ကိုယ်တင်း၍ နေရာမှ အသာထလိုက်သည်။ ကိုယ့်ဟာကိုယ် သော့ပိတ်ထားသည့် အပြင်ဘာဂျာတံခါးကြီးသို့လည်း မလုံလေ လှမ်းကြည့်လိုက်မိသည်။

'မိုးချုပ်ရင် တံခါးသော့ခတ်ထားနော် ဒွေးဒွေး၊ ခြံစောင့်ကြီးနဲ့ ကျွန်တော် မဟုတ်ဘဲ တံခါးကိုရမ်းဖွင့်နဲ့' ဟု မှာထား၍ပါ။

ဒီပြင်တံခါးပေါက်တွေလည်း အားလုံးပိတ်ထားပြီးပြီ။ အလုံပိတ်တိုက်ကြီးထဲမှာ ဒွေးဒွေးတစ်ယောက်တည်း။

မကြောက်အောင် အားတင်းထားနေကာမှ ကြောက်စရာတွေကိုပဲ ထပ်ခါထပ်ခါ တွေးမိနေပြန်သည်။

'တင်... တင်... တင်... တင်...'

လာပြန်ပြီ။ ခဏလေးနားသွားပြီး ဒီအသံ ထပ်ထွက်လာ၏။ တိတ်ဆိတ် နေသည်မို့ အသံတာပီပြင်နေပေမယ့် အနီးအနားက မဟုတ်တာ သေချာသည်။ ဒွေးဒွေး အောက်ထပ်က အခန်းတွေဆီ လျှောက်လာခဲ့မိသည်။ စည်းချက်မှန်မှန်ထွက်ပေါ်နေသည့် သံစဉ်တစ်ခုသည် ဒွေးဒွေးကို ပို၍ ရင်ခုန်သံမြန်လာစေကာ စိတ်ဝင်စားမှုကို



ပို၍ဖြစ်လာစေခဲ့၏။ နာရီသံနှင့်တူသည်။

ဒါပေမဲ့ မဟုတ်နိုင်။ ဖုန်းသံလား။ တစ်ခါတစ်ခါ သူမရှေ့မှာ ထိုအသံမျိုးလေးမြည်လာပြီး ထွန်းဇော် အင်္ကျီအိတ်ထဲက ဖုန်းလေး ထုတ်လိုက်သည်ကိုတွေ့ဖူးသည်။ ဖုန်းမှန်းသိပေမယ့် ကစားစရာလေးတစ်ခုလို တကယ့်သေးသေးလေး။ အဲဒါများလား။

'တင်... တင်... တင်... တင်...'

မြည်နေသံမှာ သူမအရှေ့တိုးလေ နောက်ဆုတ်သွားလေဖြစ်နေသလိုမျိုး။ စာကြည့်ခန်းရှေ့မှာ ရပ်၍သေချာနားစွင့်လိုက်တော့ အသံက ဒီထဲကဖြစ်ဖို့များနေ၏။ ကြည့်လိုက်တော့လည်း တံခါးက အသာလေးတွန်းကြည့်လိုက်တာနှင့် လှုပ်သွားသဖြင့် သော့ချမထားခဲ့တာ သိလိုက်သည်။

ဖွင့်ကြည့်လိုက်ရကောင်းမလား။ လက်ကိုင်ဘုကို ဆုပ်ကိုင်ထားပြီး မဝံ့မရဲဖြစ်နေမိသည်။ အထဲကိုကြည့်ရမှာလည်း ကြောက်နေသည်။ ထွန်းဇော်ရောက်လာပြီး တစ်မျိုးထင်သွားမှာလည်း စိုးသည်။

'တင်... တင်... တင်... တင်'

မြည်နေသံက မရပ်တော့။

စိတ်ဝင်စားခြင်းက ပိုမိုလွှမ်းကဲလာကာ ဖြစ်ချင်ရာဖြစ်ဟု သဘောထား၍ ဒွေးဒွေးတံခါးကို တွန်းဖွင့်ပစ်လိုက်၏။ အထဲမှာ မီးဖွင့်ထားသဖြင့် စာကြည့်စားပွဲနှင့် ကုလားထိုင်ကော စာအုပ်စင်ကြီးတွေပါ မြင်ကွင်းက ရှင်းလင်းနေသည်။ မြည်နေသံက ထွက်ပေါ်နေဆဲ။ ဒီထဲကဆိုတာ သေချာပါသည်။ ဒါပေမဲ့ အခန်းထဲဝင်ဖို့ ခြေထောက်တို့က အားမပါဘဲ ဖြစ်နေမိသည်။

အထူးသဖြင့် ထွန်းဇော် ငြိုငြင်မှာကို မလိုချင်။ ပြတ်ပြတ်ပြော ကင်းကင်းနေတတ်သည့် ထွန်းဇော်အထင်အမြင်သေးမှာကို စိုး၏။ ဖုန်းမြည်နေတာဆိုလျှင် မကိုင်ဘဲ ဒီအသံရပ်သွားပါ့မလား။ တော်ကြာ အိမ်မှာနေပြီး ကြားလျက်သားနဲ့ နေစိမ့်လိုက်တာလို့များအပြစ်တင်ဦးမည်လား။

စိတ်က ချီတုံချတုံဖြစ်နေပြီးမှ မဝင်တာပဲကောင်းပါတယ်ဟု ဆုံးဖြတ်လိုက်မိသည်။ စပ်စပ်စုစု ဝင်မပါမိတာကို ထွန်းဇော်လည်း

အပြစ်တင်မှာမဟုတ်ပါ။ သူမ ခြေတစ်လှမ်းပြန်ဆုတ်ကာ တံခါးကို ပြန်ဆွဲလိုက်စဉ် . . .

'ဘုတ် . . . ဒေါက် . . .'

အသံနှစ်သံက တပ်တုကျလျက်။ တစ်စုံတစ်ရာ ပြုတ်ကျသံမှန်းသိလိုက်၏။ လှည့်ကြည့်လိုက်လျှင် လွယ်အိတ်အညိုရောင်လေး တစ်လုံးဖြစ်နေ၏။

ထို့ပြင် သူမရှိရာဘက်သို့ လွင့်စင်ထွက်ကျနေသည့် နာရီလေးတစ်လုံး။

'တင် . . . တင် . . . တင် . . . တင် . . .'

တရေးခံ ခုမှပေါ်သည်။ အသံက ထိုနာရီကဖြစ်နေ၏။ လက်ပတ်နာရီသေးသေးလေးတစ်လုံးကနေ ဒီလောက်အသံအကျယ်ကြီး ထွက်နေတာကို မြွေးမြွေး အနည်းငယ်တော့ အံ့ဩသွားမိ၏။

တောသူပေမယ့် အသံမြည်တတ်သည့် နာရီမျိုးတွေကိုတော့ မြင်ဖူးတွေ့ဖူးပါသည်။ ဒါပေမဲ့ ဒီနာရီမျိုးမဟုတ်။ မြင်ရသည့် နာရီလေးက သေးသေးပြားပြားလေး။ နာရီဆိုတော့ ပြဿနာမရှိပါ။ သူ့ဟာသူ ဘယ်နေရာက ပြုတ်ကျလာမှန်းမသိပေမယ့် ဝင်ကောက်သိမ်းပေးဖို့လည်း စိတ်မကူးတော့ဘဲ တံခါးကို ပြန်ဂျပိတ်လိုက်မိသည်။

နဂိုအတိုင်းပဲ ထားပစ်ခဲ့ပြီး မြည်သံကိုကော အခန်းကိုပါ ကျောခိုင်းလာခဲ့စဉ် ထွန်းဇော်၏ကားလေး ပေါ်တီကိုအောက်မှာ ထိုးရပ်လာတာမြင်လိုက်ရ၏။ တံခါးကို သွားဖွင့်ပေးဖို့မလို။ မလိုအောင်လည်း ထွန်းဇော်က သော့တစ်ချောင်း သပ်သပ်ယူထားသည်။ သူ့ဟာသူ တံခါးဖွင့်ဝင်လာရင်း မြွေးမြွေးကိုကြည့်၍ . . .

'မအိပ်သေးဘူးလား'

ဟု အပြုံးအရယ်မဲ့သည့် မျက်နှာနှင့် မေး၏။

'အိပ်လို့မရတာနဲ့ အောက်မှာ ခဝင်းထိုင်နေတာပါ၊ ဟို စောလည်းစောသေးလို့လေ၊ အစ်ကိုထွန်းဇော် တစ်ခုခုစားဦးမလားဟင် ကျွန်မ လုပ်ပေးပါ့မယ်'

'ရတယ်'

ထွန်းဇော်က ခပ်ပြုံးပြုံးမျက်နှာနှင့် ခေါင်းခါသွား၏။ အပေါ်



ထပ်တက်သွားသည့် ထွန်းဇော်၏ကျောပြင်ကို လိုက်ကြည့်ရင်း မြွေးမြွေး သက်ပြင်းချလိုက်မိ၏။ မနက်ကလည်း အလုပ်ပိုမလုပ်ပါနဲ့ ဟု မှာထားလျက်နဲ့ ဘာဖြစ်လို့များ မလိုအပ်ဘဲ သွားသွားမေးမိမှန်းမသိ။ တကယ်တော့ ခေတနာပါပဲ။ တစ်အိမ်လုံးမှာ လူလေးနှစ်ယောက်တည်းရှိသည်၊ ပြီးတော့ ထွန်းဇော်က အလုပ်ရှုပ်သည့်သူ။

သို့မှ နေမလိုပဲဖြစ်ဖြစ် အလုပ်သမားပုံစံပဲဖြစ်ဖြစ် အားကိုးနေရသည့် သူမဘက်ကတော့ တာဝန်ကျေချင်သည်။ ထွန်းဇော်၏ ဝေယျာဝစ္စ စားသောက်ဖို့သောက်ကို ဖွယ်ဖွယ်ရာရာ စီစဉ်ပေးချင်သည်။ ထွန်းဇော်က လက်မခံ။ အားနာတာ သက်သက်လား။ မြွေးမြွေး စိတ်ကူးယဉ်သွားမှာ စိုးရိမ်သလား။ ထွန်းဇော်က အထူးသဖြင့် တည်တည်တင်းတင်းနေခဲ့သည်။ ဒါကိုလည်း မြွေးမြွေး စိတ်မကောင်းပါ။

ထွန်းဇော် ချောပါသည်။ ချမ်းသာမှန်းလည်း သိသည်။ ကိုယ့်ကိုလက်ထပ်ထားသဖြင့် ကိုယ့်မှာ ပြောပြောဆိုဆို အခွင့်အရေးတွေလည်းရှိနေပြီ၊ ဒါပေမဲ့ သူမဟာ ဒီလိုမိန်းမျိုးမဟုတ်ဘူးဆိုတာတော့ နားလည်စေချင်သည်။

သူမသည် ဒီအိမ်မှာ တရင်းတနှီး ဝေယျာဝစ္စလုပ်ရင်း ပေါ့ပါးစွာနေချင်သည်။ ခုတော့ သူမဘာဝက ဘယ်လိုကြီးမှန်းမသိဘဲ ဘယ်လိုသဘောပိုက်နေရမှန်းမသိ။ တောမှာလို ပင်ပင်ပန်းပန်းမလုပ်ရဘဲ ခေါင်းအုံးအောက်မှာ ငွေတွေအထပ်လိုက်ပေးထားသည်။

စားသောက်စရာ အချိုအချဉ် အပူအအေး အစုံအလင်ရှိသည်။ ဒါပေမဲ့ သူမ ပျော်မွေ့နိုင်ခြင်း မရှိ။ မြွေးမြွေး တံခါးဆီတစ်ချက်ပြန်ကြည့်ကာ အပေါ်ထပ်သို့ ခြေလှမ်းလိုက်ပြီးမှ စောစောကအသံကို သတိရသွားမိသည်။

နာရီသံ ဘယ်တုန်းက ရပ်သွားခဲ့ပါလိမ့်။ စာကြည့်ခန်းဆီသို့လည်း လှမ်းကြည့်လိုက်မိသည်။ အခန်းရှေ့က သူမထွက်လာခဲ့သည့်အချိန်ထိ အသံမြည်နေတုန်းဖြစ်သည်။ ထိုအချိန်မှာပဲ ထွန်းဇော်လည်း ပြန်လာခဲ့သည်၊ အသံဘယ်တုန်းက ပျောက်သွားတာလဲ။ ထိုအတွေးသည် နာရီလေးတစ်လုံးပဲဆိုသော အမှတ်မဲ့စိတ်ဝင်ကာ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့၏။

အိပ်ရာထဲရောက်တော့လည်း အိပ်လို့မပျော်။ ဌေးဌေး ဟိုဒီ လှုးလှိမ့်ရင်း ချစ်သူကိုသတိရ၍ မျက်ရည်ကျ၏။ ကံကြမ္မာဟာ ဒီလို ဖြစ်လာမယ်မှန်းသာ သိခဲ့ပါလျှင် အစ်ကို့ကို သူမခိုးခိုင်းမိမည် မဟုတ်ပါ။ ကိုယ့်ဘဝပျက်ရမှာနဲ့ အစ်ကို့အသက်သေရမှာကို ရွေးချယ်ခိုင်းလျှင် ဌေးဌေး အစ်ကို့ကိုပဲ အသက်ရှင်လျက် မြင်ခွင့်လိုချင်သည်။

ဘာဖြစ်လဲ။ ဒီကလေးဟာ အစ်ကို့ကလေး။ အစ်ကိုဟာ ကလေးရဲ့အဖေဖြစ်နေတာကို အသိအမှတ်ပြုခွင့်ရလျှင် တော်ပါပြီ။

ခုတော့ သူမကို ရန်ကုန်ခေါ်လာရင်း အစ်ကိုဟာ မျက်စိတစ်မှိတ်လေးအတွင်းမှာ သေဆုံးခဲ့ရသည်။ ဒါဟာ သူမကြောင့်ပဲဖြစ်သည်။ ခေါင်းအုံးတို့ကို စိုစွတ်နေပြီဖြစ်သည့် မျက်ရည်စတို့ကိုသုတ်ပစ်ပြီး ဌေးဌေး အိပ်ရာပေါ်က ပြန်ဆင်းသည်။ ခေါင်းရင်းပြတင်းနားမှာ ရပ်လိုက်မိစဉ် တံခါးခေါက်သံထွက် ပေါ်လာ၏။

'ဌေးဌေး'

'ရှင်··· လာပြီ'

ဌေးဌေး ပျာပျာသလဲ သွား၍ တံခါးဖွင့်လိုက်၏။

'အစ်ကိုထွန်းဇော် ဘာလဲဟင်'

ထွန်းဇော်မျက်နှာက ခါတိုင်းထက် ပို၍တင်းနေသလို ရှိကာ သူမမျက်နှာကို ခပ်စူးစူးကြည့်လိုက်ပြီးမှ···

'ဌေးဌေး ကျုန်တော့်စာကြည့်ခန်းထဲကို ဝင်သေးလား'

'ရှင်'

ဌေးဌေးမျက်နှာ ပျက်သွားမိ၏။ သူမ မဝင်ခဲ့ပါ။ ဒါပေမဲ့ တံခါးဖွင့်၍ ခြေကျုံလိုက်မိတာတော့ အမှန်ပဲဖြစ်သည်။

'ဘာ··· ဘာဖြစ်လို့လဲဟင်၊ ဌေးဌေးမဝင်ဘူး၊ ဒါပေမဲ့ ဟို နာရီမြည်သံကြားလို့ တံခါးတော့ ဖွင့်ကြည့်လိုက်မိပါတယ်၊ ဘာ ပျောက်သွားလို့လဲဟင်'

ထွန်းဇော်မျက်နှာ တင်းခနဲဖြစ်သွား၏။ ပါးစပ်လည်းပြင်လိုက်သည်။ ပြီးမှ ဘာမှမပြောဖြစ်တော့ဘဲ။

'ဘာမှမပျောက်ပါဘူး၊ ပစ္စည်း··· အဲ··· ဘာမှမဟုတ်တော့ဘူး' ဟုဆို၍ လှည့်ထွက်သွားသည်။



'အစ်ကိုထွန်းဇော် အဲဒီထဲမှာလေ'

'ရပြီ'

ထွန်းဇော် လှည့်မကြည့်ဘဲ မျက်နှာခပ်တောင်းတောင်းငုံ့၍ ပြောသည်။ လှေခါးအတိုင်း တောက်လျှောက်ဆင်းလာခဲ့စဉ် ဌေးဌေး မျက်နှာပေါ်ကရိုးသားမှုကိုကော မရိုးသားစွာ ထွက်ကျနေသည့် လွယ်အိတ်နဲ့ နာရီ၏အဖြစ်ကိုကော ဘယ်လိုမှ ဆက်စပ်မရဘဲ ဖြစ်နေမိ၏။

ဌေးဌေး ညာမပြောတာကို သူ ယုံသည်။ ဒါပေမဲ့ စာကြည့်ခန်းထဲမှာ သူ သေသေချာချာသိမ်းဆည်းထားခဲ့သည့် လွယ်အိတ်လေးက အပြင်ရောက်နေသည်။ လိမ့်တတ်သည့်ပစ္စည်းမဟုတ်ဘဲ လက်ပတ်နာရီက အိတ်ထဲကနေ ထွက်ကျနေ၏။ ထိုပစ္စည်းတွေကို သူ စတင်သိမ်းဆည်းခဲ့ပြီးကတည်းက ဘယ်တုန်းကမှ ထုတ်ကြည့်ခဲ့တာ မဟုတ်။ အခု ကြမ်းပေါ်မှာ ဖရိုဖရဲကျနေသည်။ သူ့အခန်းထဲ ပြန်ရောက်လာတော့ စားပွဲရှေ့မှာ ပြန်ထိုင်ချကာ လွယ်အိတ်နှင့်နာရီလေးကို သေသေချာချာ ငေးကြည့်နေမိ၏။ ဒါ သာကီရဲ့ ပစ္စည်းလေးတွေ။

သူ့နောက်ကိုလိုက်ဖို့ သာကီဟာ ရှိစုမဲ့စုလေးတွေကို သိမ်းစုထုပ်ပိုးကာ သူပေးထားခဲ့သော နာရီလေးကိုလည်း ထည့်ခဲ့ရှာသည်။

ထိုညက သာကီ အသတ်ခံခဲ့ရသည်ကို သူနဲ့ဝင်းမော် မသိခဲ့ဘဲ လှည့်ပြန်ခဲ့ကြသည်။ ပြန်လာတော့ ထိုအိတ်လေးပဲ လက်ထဲမှာ ပါလာခဲ့၏။

'လိုချင်ရင် ရအောင်ယူလို့ ရပါတယ်ကွာ၊ ပြီးတော့ မင်းက ရန်ကုန်သွား၊ နှယ်သာကီကို ဟိုခေါ်ပြေးရုံပဲ၊ မပူနဲ့၊ နှယ်သာကီကို ရအောင် ပြန်ခိုးမယ်၊ ငါ လုံးဝကိုယ်ဖိရင်ဖိ ကူညီမယ်ကွာ၊ ကဲ···'

ဝင်းမော်ကတောင် အားပေးခဲ့သေးသည်။

ထိုညမှာပဲ ထာဝရဝေးကွာခဲ့ရပြီကို သူတို့နှစ်ယောက် လုံးဝ မသိခဲ့ကြပါ။ တကယ်တော့ သူတို့မသိခဲ့သော တစ်နေရာရာမှာ နှယ်သာကီက အသတ်ခံခဲ့ရပြီဖြစ်၏။

ထိုအမှုကိစ္စတွေကို သူ နောက်နေ့ကျမှ သိခွင့်ရခဲ့သည်။ တရားခံဖြစ်နိုင်ခြေရှိသူကို စုံစမ်းဖမ်းဆီးဖို့ ကြိုးစားနေဆဲမှာ သူပြန်လာခဲ့ရသည်။

'ငါ မယုံဘူး၊ သာကီမသေဘူး ဝင်းမော်၊ သူ့အသံကို ကြားနေရတယ်'

'သာကီ'

သူ ဝင်းမော်ဆီမှာ အိပ်လို့လည်းမရတော့။ နေရင်းထိုင်ရင်း အသံကြားလိုက်တိုင်း လှည့်ကြည့် ဖျတ်ခနဲ မြင်လိုက်သလိုလို အနားမှာ လာရပ်နေသလိုလို။ သာကီကိုယ်က သနပ်ခါးနံ့ သင်းသင်းလေးက သူ့အနားနားမှာ...

'သာကီ'

သေပြီဆိုတာကို သိပါသည်။ ဒါပေမဲ့ သာကီ သူ့နားမှာရှိနေသည်။ သာကီ သူ့နောက်ကို တကောက်ကောက်လိုက်နေသလို ခံစားနေရသည်။

'သူ ငါ့အနားမှာပဲ ရှိနေတယ်၊ ဒါပေမဲ့ ငါမမြင်ရဘူး၊ သူ ငါ့ကိုစွဲလမ်းပြီး ငါ့နားမှာပဲ နေနေရှာတာ ထင်တယ်၊ ငါ သူ့ကိုမြင်ချင်လိုက်တာ၊ သာကီ့ကို သနားလိုက်တာကွာ'

ယောက်ျားတန်မဲ့ သူ မျက်ရည်ကျတော့ ဝင်းမော် စိုးရိမ်တကြီးဖြစ်ရုံသာမကဘဲ သူ့မိဘများပါ ပါလာသည်။

'စွဲလမ်းမှုဆိုတာ ဖြစ်နိုင်တယ်၊ တော်ကြာ ဒီထက်ဒုက္ခပေးလာရင် မလွယ်ဘူး၊ မောင်ထွန်းဇော်ဦးကို ရန်ကုန်ပြန်ဖို့ မင်း နားချစမ်း'

ဝင်းမော်ကို သူ့အဖေက တိုက်တွန်းနေသံလည်း သူကြားသည်။ ဝင်းမော်ကလည်း သူ့ကိုပြန်ဖို့ပဲ ပြောလာခဲ့သည်၊ နောက်ဆုံး သူ့ကို ဝင်းမော် ရန်ကုန်ပြန်ဖို့ ခရမကပြောလာခဲ့တဲ့အထိ သူကိုယ်တိုင် ဘယ်လိုအခြေအနေတွေဖြစ်နေခဲ့လို့ဆိုတာ မတွေးနိုင်ခဲ့ပါ။ သူ ရန်ကုန်ကိုရောက်တော့လည်း ဝင်းမော် ဘာပြောသွားခဲ့သည်မသိ။ မေမေ ဗေဒင်ဆရာဆီပြေး။ ယတြာတွေချေ။ အိမ်မှာ ဟိုဆရာဒီဆရာတွေပင့်။

သူ့မှာကြောက်ရွံ့နေရတာတစ်ဖက်။ မေမေ ဒီလိုလာပါ ဒီမှာထိုင်ပါ။ ဒီဆရာပြောတာ ဒီလိုနာခံပါ ဆိုသော ညွှန်ကြားမှုတွေကို မလွန်ဆန်နိုင်တာကတစ်ဖက်။



နောက်များမှာတော့ သူကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ဖို့လိုပြီကို နားလည်ကာ ပြုပြင်ဖို့ ကြိုးစားခဲ့သည်။ မတွေးဘဲ မနေနိုင် ငေးဘဲမနေတတ်ခဲ့သည်က အကျင့်တစ်ခုလိုဖြစ်ခဲ့ပေမယ့် အလုပ်တွေ လုပ်နိုင်ကိုင်နိုင်ခဲ့သည်။

အလုပ်လုပ်နေသည့်အချိန်မှာ ဘာကိုမှသတိမရအောင် နေတတ်ခဲ့ရင်းနဲ့ ခုဆို သူ့ရင်ထဲအတော်လေး ငြိမ်းချမ်းနေခဲ့ပါပြီ။

သိမ်းဆည်းထားခဲ့ပြီးသည့် ဒီပစ္စည်းတွေကိုလည်း ထုတ်မကြည့်ဖြစ်ခဲ့တာ ကြာပြီပဲ။ ခုကျမှ သူနာရီကို သေချာပွတ်သပ်ကြည့်နေရင်း သတိတရဖြစ်လာနိုင်သည့် အကြောင်းတို့ကို ပြန်ဖျောက်ဖို့ ကြိုးစားရသည်။

လောလောဆယ် သိဖို့လိုတာက ဒီပစ္စည်းတွေဟာ စာကြည့်စင်၏နောက်ဘက်ကြားထဲက သေတ္တာငယ်လေးထဲမှ အပြင်ထွက်ကျနေခြင်းသည် ဘာကြောင့်လဲ။

ဌေးဌေးက သူ့အထဲမဝင်ဘူးတဲ့။ သစ္စာရှိစွာ တရွေ့ရွေ့လှုပ်ရှားနေသော စက္ကန့်တံလေးကို စူးစိုက်ကြည့်၍ သူ သက်ပြင်းရှိုက်လိုက်မိသည်။

ကားနဲ့ဝင်လာတုန်းက ဒီအခန်းရှေ့ကနေ ဌေးဌေးထွက်လာတာ သူမြင်သည်။ ဟိုတစ်ညက တစ်ခါ။ အပေါ်ထပ် သူ့အခန်းရှေ့မှာ ဌေးဌေးကို တစ်ခါတွေ့သည်။ ဌေးဌေးဟာ စပ်စုတတ်တဲ့ မိန်းကလေးတစ်ယောက်လား။

ဒါမှမဟုတ်။ သူ့ခတစ်စုံတစ်ရာကို စိတ်ဝင်စားပြီး စူးစမ်းလေ့လာနေတာလား။ ဒီလိုမှမဟုတ်လျှင် မေမေတို့ပြောသလို သူနဲ့ပတ်သက်၍ လောဘတွေတက်ကာ ဌေးဌေးစိတ်ကူးကြံစည်နေသည်လား။ မဖြစ်နိုင်ပါ။ နောက်ဆုံးအတွေးမျိုးကို သူ လက်မခံနိုင်။ ဌေးဌေးဟာ ဒီလောက်ထိ လည်ဝယ်ကောက်ကျစ်တတ်သည့် သွင်ပြင်လက္ခဏာမျိုးမဟုတ်။

ထိုစဉ် သူမျက်နှာရှေ့၌ ထိုင်နေသည့် ရှေ့က ပြတင်းပေါက်မှန်တံခါးပေါ်တွင် အနီရောင်မီးပွင့်လေး ပြေးလွှားပေါ်လာသဖြင့် သူ ချက်ချင်းထသွား၏။ တံခါးကို ဖွင့်၍အောက်ကို ငုံ့ကြည့်လိုက်လျှင်

ဓာတ်မီးအိမ်ကိုတစ်ဖက်ကဆွဲလျက် သူ့ဆီသို့ အချက်ပြဓာတ်မီးလေး လှမ်းထိုးနေသော ခြံစောင့်ကြီးကို မြင်လိုက်ရ၏။

ခြံစောင့်ကြီးက သူ့ကိုမြင်တော့...

'လူလေး... မိန်းကလေး ခြံထဲဆင်းလာသလား'

'ဟင်'

မဆင်းပါဘူးဟု ဖြေမည်ကြံပြီးမှ ဖွေးထိန်နေသော လပြည့်ညကြီးကို သတိရတာ ဌေးဌေးများ ခြံထဲဆင်းသွားလို့လားဟု တွေးမိလိုက်သဖြင့် ရုတ်တရက်မဖြေနိုင် တစ်ချက်မျှ စဉ်းစားပြီးမှ...

'ဘာဖြစ်လို့လဲ ဦး'

ခြံစောင့်ကြီးကလည်း ခြံထဲကို ဓာတ်မီးအမှီလေးတစ်ချက် ဝေ့ထိုးလိုက်ပြီးမှ သူ့ထံပြန်မော့ကြည့်ကာ...

'ခြံထဲမှာ မြင်လိုက်လို့ပါ'

'ဟင် အခုရှိနေလို့လား'

'မတွေ့တော့လို့'

ထွန်းခော်မျက်မှောင်တွန့်သွား၏။ ခုနကပဲ သူ ဌေးဌေးနဲ့ စကားပြောခဲ့သေးသည်။ သူမ အိပ်ရာထဲက ထလာတဲ့ပုံပါ။ ပြီးတော့ လသာသာမှာ ခြံထဲဆင်းလမ်းထွက်လျှောက်ရအောင် ဌေးဌေး သတ္တိရှိမှာမဟုတ်။

ခြံစောင့်ကြီးကတော့ မြင်လိုက်တာမဟုတ်ဘဲ တကူးတက ပြောပါ့မလား။ နှစ်ယောက်သား မရေမရာနှင့်ပဲ ခြံစောင့်ကြီးမီးအိမ်ကိုဆွဲ၍ ပြန်လှည့်ထွက်သွားကာ သူ ဒီအတိုင်းရပ်ကျန်ခဲ့၏။

ဌေးဌေးကို ထပ်သွားကြည့်ဖို့စိတ်ကူးနှင့် သူ အခန်းပြင်ပြန်ထွက်ခဲ့မိသည်။ ပြောလို့တော့မရ။ ဌေးဌေးကို သူ ဟိုနားမှာတွေ့ ဒီနားမှာတွေ့ တွေ့နေတာလည်းရှိသည်။ သူမမှာ စူးစမ်းချင်သည့် စိတ်ဆန္ဒလေးရှိနေတာတော့ သေချာပါသည်။ အခန်းထဲမှာ တိတ်ဆိတ်ငြိမ် သက်နေ၏။

တစ်ချက်မျှစဉ်းစားပြီး တံခါးကိုအသာတွန်းကြည့်တော့ အတွင်းကနေ ပိတ်ထားတာကိုတွေ့ရသည်။ ဒါဆို အထဲမှာ ဌေးဌေး ရှိတာပဲ။ ခြံစောင့်ကြီးနဲ့သူက ညညဆို ဒီလိုပဲ အချက်ပြ ဆက်သွယ်



တတ်ခဲ့တာ ရှိသည်။ ညဘက်ခြံထဲမှာ ကင်းလှည့်တိုင်း တစ်စုံတစ်ခု ထူးခြားတာရှိလျှင် မီးနီကလေးနဲ့ထိုး၍ ခေါ်သည်။

လိုအပ်လျှင် ဆင်းလာဖို့ပြော၍ အောက်ကျမှပြောဆိုတိုင်ပင် ကြတာရှိသည်။ မှတ်မှတ်ရရ ဒါပါနဲ့ဆို နှစ်ခါရှိပါပြီ။ သက်သက်ခင် မဆုံးမီ ဒီခြံကို ပြောင်းခဲ့ပြီး ငါးရက်မြောက်နေ့။ ခြံစောင့်ကြီးကို အလုပ်ခန့်လိုက်ပြီး နှစ်လမြောက်မှာဖြစ်သည်။

သူ အပြင်ကအပြန် ကားနဲ့ဝင်လာတော့ ခြံစောင့်ကြီးက တံခါးဖွင့်ပေးရင်း...

'မိန်းကလေး ခြံထဲမှာ မတက်သေးဘူး လူလေး၊ ညဉ့်နက်နေပြီ၊ ခေါ်သွားလိုက်ပါဦး'

ခြံစောင့်ကြီးက သတိပေးသည်။ မေမေကိုယ်တိုင် ခန့်ပေးလိုက်သည့် ခြံစောင့်ကြီးက ဂရုစိုက်တတ်သော အပြောအဆို သိမ်မွေ့၍ စည်းကမ်းလည်းရှိသော လူကြီးဖြစ်သည်။

ထို့ကြောင့် သူလည်း လေးစားသည်။ ယုံလည်းယုံကြည်သည်။ သက်သက်ခင်ကို သူ ခပ်တန်းတန်းပဲ နေခဲ့ပေမယ့် ကိုယ်က သူ့ခင်ပွန်းဖြစ်နေသည်မို့ တာဝန်ရှိသည်။

သူမဟာ အိမ်ထောင်ရေးကို စိတ်ပျက်စွာ သူ့ကိုပါအလိုမကျ စိတ်များနှင့် ခြံထဲမှာ ညဉ့်နက်အောင် နေနေတာလည်းဖြစ်ကောင်းဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ခေါ်ဖို့ကတော့ သူ့တာဝန်ဖြစ်၏။ ကားရပ်ပစ်ခဲ့ပြီး ထိုင်နေလို့ရသည့် ခုံတန်းနှင့် မီးတိုင်တွေရှိသော ခြံ၏ ညာဘက်ထောင့်သို့ သူထွက်ခဲ့သည်။ ထိုနေရာမှာ ကာရံထားဆီးနိုင်သော သစ်ပင်ပန်းပင် ထူထူထဲထဲ ဘာမှမရှိပါ။ ခပ်လှမ်းလှမ်းကနေ လှမ်းကြည့်တာနှင့် မြင်နိုင်သည်။

ခုံတန်းကလေးက မီးရောင်အောက်မှာ ဒီအတိုင်း။ သူ့ခြေလှမ်းတွေ တုံ့သွားကာ ဟိုဒီလိုက်ကြည့်မိသည်။ သက်သက်ခင်ကို မမြင်တော့မှ ပြန်တက်လာခဲ့၏။

ဒီတော့မှ တံခါးနှစ်ချပ်ရှေ့မှာ ရပ်မိရင်း အထဲကနေ သော့ခတ်ထားသည့်အဖြစ်ကို စိတ်ပျက်ဖွယ် တွေ့လိုက်ရသည်။ ဒီသော့ကို ကြည့်ပြီးမှ သွားရှာပါတော့လား။ ကိုယ့်ပေါ့ဆမှုကိုပဲ မကျေမနပ်ဖြစ်

ရင်း သော့ထုတ်၍ တံခါးဖွင့်ဝင်ခဲ့ရသည်။

'ဒီခြံစောင့်ကြီးကလည်း ဘာလဲ'

မကျေနပ်စိတ်က ခြံစောင့်ကြီးကိုပါ အဖျားခတ်ခဲ့သေးသည်။ အပေါ်တက်လာသောအခါ သက်သက်ခင်က ရန်လုပ်နေ၍ စကားများရ၊ ဒေါသဖြစ်ရ ထိုညမှာ အပေါ်ထပ်တွင် သူနဲ့သက်သက်ခင် ငုန်းဒိုင်းကြဲသွားခဲ့၏။ သူ အခန်းတံခါး ဆောင့်ပိတ်ပစ်သည်။

သက်သက်ခင် တံခါးကိုထု၊ တကဲခေါက် အပြင်မှာ ဒေါသတွေ ထန်နေခဲ့၏။ မနက်မှာ ကားနှင့်ထွက်လာတော့ ခြံစောင့်ကြီးကို ပတ်ရမ်းမိသည်။

'ဦးက ဘာလဲဗျာ၊ ဘာတွေမြင်ပြီး ညက လာပြောတာလဲ'

'ဟာ··· တကယ် လူလေး၊ ဆံပင်တွေဖြန့်ချပြီး ခုံတန်းလေးမှာ မိန်းကလေးထိုင်နေတာ၊ ဦး သွားပြောဖို့တောင် ခြေလှမ်းလိုက်သေးတယ်၊ ဦးတို့ဘောမှာတော့ မြို့ပြလိုမဟုတ်ဘူးလေ၊ ညမှုညတာ ဆံပင်တွေဖြန့်ပြီး မနေတတ်ဘူးကွယ့်၊ ပြီးတော့ ညဥ့်နက်နေတာကို စိတ်ပူလို့ပါ၊ ဒါပေမဲ့ သူ တစ်ခုခုတွေးငေးနေပုံရတာကို သွားပြောလို့ မကောင်းလောက်ဘူးထင်တာနဲ့ ပြန်လှည့်ခဲ့တာ၊ ဦး မညာပါဘူး၊ တကယ်မြင်တာပါ'

သူ့မှာ ခြံစောင့်ကြီးကိုကြည့်၍ ဇဝေဇဝါဖြစ်ခဲ့ရ၏။ ခုတော့ တစ်ခါ။ သူ ကိုယ့်အခန်းကို ပြန်ဝင်ကာ တံခါးပိတ်ပြီး စားပွဲမှာ ထိုင်လိုက်၏။ ညညဆို အလုပ်ကိစ္စတွေရှင်း၊ အိပ်မရလို့ ဟိုတွေး ဒီငေးနှင့် ညတိုင်းအိပ်ချိန်ဟာ တစ်နာရီခွဲ နှစ်နာရီမှာ ပုံမှန်လိုဖြစ်နေခဲ့ပြီ။

အကျင့်တစ်ခုလိုဖြစ်လာတော့လည်း ကုန်းမာရေး ထိခိုက်တာမျိုး ဘာညာမဖြစ်တော့ပါ။ သူ သက်ပြင်းတစ်ချက်ချကာ ပေါ့ပါးအောင် ဖန်တီးလိုက်ရသော စိတ်က ထင့်ခနဲ ပြန်ဖြစ်သွားခဲ့၏။

နာရီ ဘယ်ရောက်သွားလဲ။ ခုနကပဲ သူ ပွတ်သပ်ကြည့်နေခဲ့သေးသည်။ သူ့နေရာနှင့်သူ မပျက်မယွင်းရှိနေခဲ့သော ဘာအုပ်တွေ ဖိုင်တွေကို မလိုအပ်ဘဲ ဟိုဟာဖယ်ကြည့် ဒီဟာဖယ်ကြည့် လုပ်နေမိသည်။



ဘာရယ်မဟုတ်။ ခြေထောက်ကို ဟိုခရွှေ့ဒီရွှေ့နှင့် ကြမ်းပေါ်ကို တစ်ခါငုံ့ကြည့်။ ဘယ်ရောက်သွားလဲ။ အမှတ်တမဲ့ လွယ်အိတ်လေးထဲကို လက်နှိုက်လိုက်တော့မှ နာရီကို စမ်းလိုက်မိ၏။

'ဟင်'

နာရီကို သူပြန်ထည့်လိုက်မိသလား။ မထည့်ခဲ့ဘူးဆိုသည့် အဖြေကို ရသည်၊ သူ ဒီလောက်အထိ သတိမချွတ်ယွင်းသေးပါ။

ထိုစဥ် သူ့နှာခေါင်းထဲမှာ မွှေးပျံ့သော သနပ်ခါးနံ့တစ်ချက် ငွေ့ခနဲဖြစ်သွား၏။

'သာကီ'

သူ နေရာမှ ငုန်းခနဲထရပ်လိုက်မိသည်။ ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်ကာ သူ့မျက်နှာမှာ နာကျင်ခွေးမြွေခြင်းတို့ ဖုံးလွှမ်းလာခဲ့သည်။

'မင်း ကိုယ့်နားကို ပြန်ရောက်နေသလား သာကီရယ်၊ သွားပါတော့၊ မင်း သွားပါတော့ကွာ၊ မင်းဘဝဆုံးခဲ့သလို ကိုယ့်ဘဝလည်း သေခဲ့တာပါပဲ၊ ကိုယ်တို့ တော်ကြပါစို့'

သူအသံတိတ် ငိုကြွေးရင်း အရုပ်ကြိုးပြတ်ပြန်ထိုင်ချလိုက်၏။ သနပ်ခါးနံ့က သင်းနေဆဲ။ ထိုသနပ်ခါးနံ့လေးကို ရတတ်တိုင်း သူ အရူးဖြစ်ခဲ့ရသည်။

'သာကီ'

သူ့နားမှာ သာကီရှိနေရာသည့်အဖြစ်ကို သနားညှာတာစိတ်ဖြင့် သာကီအမည်ကို ကျုံးဟစ်ခေါ်ရင်း လျှောက်ပြေးခဲ့ဖူး၏။

'ဘယ်မှာလဲ သာကီ၊ ကိုယ့်ကိုမြင်သာအောင် မင်းရပ်ပြစမ်းပါ၊ ကိုယ် မြင်ပါရစေ'

ဘမ်းတမ်းတာဘ ငိုကြွေးရင်း လူတွေကွယ်ရာ လျှောက်ပြေးရင်း ရူးခဲ့ဖူးသည်။ ဒါတွေကို သူကြောက်ရွံ့ခဲ့ပါပြီ။ သူ့ဘဝ ထို့ထက်မက စုတ်ပြတ်မသွားမီ လက်မတင်ကလေး ထိန်းနိုင်ခဲ့တာက တရားပဲ ဖြစ်၏။

ခမေမေက မေခင်တွေနဲ့ ဓာတ်ဆရာ နတ်ဆရာတွေစုံအောင် လုပ်ပေး၏။ ဖေဖေကတော့ သူကိုးကွယ်သည့် ဆရာတော်ကြီးတစ်ပါး

ဆီးခေါ်သွားခဲ့တာ နှစ်ခေါက်၊ ထိုအခါ ဖွင့်နှာသွားခဲ့သော ရုပ်ကြွင်းခန္ဓာတစ်ခုၡ၏ ထင်းတစ်စလောက်တောင် အသုံးမဝင်တော့သော အိုမှာသေဘောကို ရေးရေးခြင်လေသည်။ ရုပ်ခန္ဓာပြောင်း၍ ဘဝများစွာကို ကျင်လည်နေကြရသော ပဋိသန္ဓေဆက်များအတိုင်း ဟုတ်ပါလားဆိုတာ သိလာ၏။

'ဒီဘဝ ဒီစိတ်နဲ့ ဒီခန္ဓာ၊ ဟိုဘဝမှာ ဟိုစိတ်နဲ့ ဟိုခန္ဓာ၊ သေဆုံးသွားတဲ့သူက သနားစရာမဟုတ်ဘူး ဒကာလေးရဲ့၊ ကျန်ခဲ့တဲ့သူကသာ သနားစရာ၊ ကိုယ်ရှုးသွပ်နေတာကို သူများက သနားနေကြတာ၊ ရှက်စရာမကောင်းဘူးလား ဒကာ'

ဆရာတော်ကြီး၏ ဆိုဆုံးမသော တရားတော်ကို သူ နားလည်သည် မဟုတ်ပေမယ့် သူ့စိတ်တွေ အေးချမ်းခဲ့ရသည်။ ထို့ကြောင့် မီးကျွမ်းမတတ် ဖြစ်ခဲ့ရသည့် နှလုံးအိမ်ထဲက မီးကို သူအကြောက်ကြီး ကြောက်သွားခဲ့တာဖြစ်သည်။

နောက်ပိုင်းမှာ ဆရာတော်ကြီးဆီ မကြာခဏ ရောက်ခဲ့ရင်းခုတော့ ရင်ထဲမှာဘာမှမကျန်တော့လောက် သူနေတတ်ခဲ့ပြီ။

'ဟိုအခန်းထဲက လွယ်အိတ်လေး သားဘယ်မှာ ထွေထားလိုက်ပြန်ပြီလဲ၊ မေမေ့ကိုပေးစမ်း သား၊ အဲဒါတွေ ဘာမှမထားနဲ့၊ သံသရာရှည်တယ်ကွယ်'

'မဆိုင်တော့ပါဘူး မေမေ၊ သူ့အဝတ်အစားတွေ ကျန်တော်ဖွန့်ပစ်ပြီးပါပြီ၊ လွယ်အိတ်နဲ့ နာရီပဲ ကျန်တာ၊ နာရီက ကျန်တော့်ပစ္စည်းပါ'

သိန်းကျော်တန်နာရီကို ခက်မောချ၍လည်း မဟုတ်ပါ။ သာကီကို စွဲလမ်းစိတ်လေးရှိနေသေးပေမယ့် အမှတ်တရသိမ်းထားတာမျိုးလည်း မဟုတ်ဘဲ မစွန့်ရက်သေးတာတော့ အမှန်ပဲဖြစ်သည်။

ထို့ကြောင့် သူ ဒီကိုပြောင်းလာတော့ စာကြည့်ခန်းနောက်ထဲတစ်ခါတည်းသိမ်းဆည်းလိုက်တာဖြစ်၏။

ခု ဘာဖြစ်လို့ ဒါတွေအပြင်ရောက်နေခဲ့တာလဲ၊ ဒါတွေကိုတွေ့ရသော ဒီညမှာ ထူးခြားနေတာတွေက တိုက်ဆိုင်တာလား။ တကယ် ဒါကြောင့်လား။



မဟုတ်ဘူး သာကီ မင်းမလာပါနဲ့တော့။

သူ ချက်နှာကို လက်ဝါးနှစ်ဖက်နှင့် ဖိပွတ်ရင်း လေးတိလေးကာန်နဲ့ မှီချလိုက်မိသည်။ စွဲလမ်းနေတဲ့ ဒုက္ခကို ငါ ခါးသီးသွားပြီ သာကီရယ်။ မင်းဘဝမင်းပဲ ထွက်လှမ်းသွားပါတော့။

သူ လွယ်အိတ်လေးကို အဖျားက ကိုင်၍ သွန်ချလိုက်၏။

'ဒေါက်'

နာရီလေးက ဒေါက်ခနဲ ကျလာသည်။ သူ နာရီကို တယုတယ ကိုင်တွယ်မိသည်။

'နာရီက လက်တောက်နေတာပဲ၊ လှလိုက်တာ အစ်ကိုရယ်၊ ဒါအဖိုးတန်မှာပဲ၊ သာကို့ကို မပေးပါနဲ့'

'သာကီလေ အစ်ကို့နာရီလေးကို ဆုပ်ကိုင်ပြီး ညညအိပ်ပျော်ရတာလေးကို သိပ်စိတ်ချမ်းသာတာပဲ၊ အစ်ကိုနားမှာ ရှိနေသလိုပဲ သိလား'

'နာရီသံညက်ညက်လေးက သန်းခေါင်ကျော်သွားတော့ ကြားလာရတယ်၊ ကြားချင်လို့ကိုပဲ ခေါင်းအုံးပေါ်မှာလေ မျက်နှာဘေးမှာ ထားအိပ်တာ'

'နေ့ဘက်ဆို စက်သံမကြားရဘူးနော် အစ်ကို၊ အဲဒီနာရီလေးကို သာကီချစ်လိုက်တာ၊ အစ်ကို့ကိုချစ်နေရသလိုပဲ'

သာကီပြောသမျှကို သတိတရ စဉ်းစားမိရင်း နာရီလေးကို ငေးကြည့်နေမိသည်။ သူဟာ အားလုံးကိုမေ့ပျောက်ဖို့ ကြိုးစားနိုင်ခဲ့သော်လည်း ဒီပစ္စည်းလေးကိုတော့ မစွန့်လွှတ်နိုင်ခဲ့ပါလား။ သာကီကို သနားကြင်နာခဲ့သော စိတ်သည် ဒီနာရီလေးကိုတော့ မစွန့်ရက်ပဲ ရှိနေခဲ့တာဖြစ်၏။ သက်ပြင်းငွေ့ငွေ့ချရင်း နာရီကို အံဆွဲထဲထည့်လိုက်သည်။ လွယ်အိတ်လေးကိုတော့ လျှော်ဖွတ်ဖို့ အဝတ်တွေထည့်ထားသည့် ခြင်းထဲကို လုံးထွေး၍ လှမ်းထည့်လိုက်သည်။

တဖြည်းဖြည်းစွန့်ဖို့ ကြိုးစားသည့်ထဲမှာ လွယ်အိတ်လေးခုန်ထွက်သွားခဲ့သည့်အဖြစ်အတွက် စိတ်မကောင်းသော်လည်း သူ သက်ပြင်းငွေ့ငွေ့ ချလိုက်မိ၏။

~~~
~~~

## အခန်း (၁၆)

'မိန်းကလေး ညက ခြံထဲဆင်းသေးလား'

'ရှင်'

ဌွေးဌွေးက ခြံထဲဆင်းလာရင်း ခြေလှမ်းတွေတုံ့သွားကာ ပန်းပင်တွေရေလောင်းနေသည့် ခြံစောင့်ကြီးကိုလှည့်ကြည့်သည်။

'ကျွန်မ မဆင်းရပါဘူး၊ ညည အစ်ကိုထွန်းဇော် ပြန်မလာမချင်း အိပ်ပေါ်မှာနေရတာတောင် ကြောက်လို့ ခြံထဲဘယ်လိုလုပ်ဆင်းရဲမှာလဲ'

'ဪ'

ခြံစောင့်ကြီး ပိုက်ကိုကိုင်ရင်း နေရာမှပဲ့ထွက်သွားသည်။ ဌွေးဌွေး ထပ်မေးဖို့ ပါးစပ်ပြင်လိုက်ပြီးမှ မေးမ ဖြစ်တော့ပါ။ မေးမှာ စိုးလို့ ရှောင်သွားတာလားဟု တွေးမိကာ ဆက်၍လည်းမလိုက်တော့ဘဲ မူလအတိုင်းပဲ ပန်းခြံထဲက ထွက်ခဲ့မိ၏။

နုသစ်သောနေရောင်ခြည်အောက်မှာ ညတိုင်းခံစားနေရသလို မွန်းကျပ်မနေဘဲ စိတ်ထဲမှာ လန်းဆန်းနေခဲ့၏။ သူမကို တစ်နေရာမှ လှမ်းကြည့်၍ စိတ်ရှုပ်ထွေးပုံပေါက်နေသည့် ခြံစောင့်ကြီး၏မျက်လုံးများကိုတော့ သူမ မမြင်ခဲ့တော့ပါ။

ကျစ်ဆံမြီးနှစ်ချောင်းချထားသည့် ဆံပင်ဖျားတွေကို တစ်ဖက်ဆီဆုပ်ကိုင်ရင်း ဝင်းမော်သေဆုံးခဲ့သည့်ရက်ကို စိတ်ထဲက တွက်ကြည့်



နေမိသည်။ ပေါ့ပါးခြင်းတို့ ချက်ချင်းပျောက်ဆုံးကုန်လျက် မျက်ဝန်းမှ မျက်ရည်တို့ ဝေ့သီလာခဲ့သည်။ ဝင်းမော်သေဆုံးခဲ့တာ တစ်လပြည့်ဖို့ တစ်ပတ်သာလိုတော့သည်။ တစ်လပြည့်လျှင် လလည်ဆွမ်းလေးကပ်ပေးဖို့ ထွန်းဇော်ကို ပြောကြည့်ချင်သည်။ အကျယ်တဝင့်မဟုတ်ဘဲ ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းမှာ ဆွမ်းချိုင့်ပို့ တရားနာရုံလေးဖြစ်ဖြစ်။

ဒါမှမဟုတ် ထွန်းဇော်သဘောတူမည်ဆိုလျှင် အိမ်မှာ ဘုန်းကြီးငါးပါးလောက် ပင့်ပြီး ဆွမ်းကပ်ချင်သည်။ ပြောသင့်ရဲ့လား။ ကူညီနေတဲ့သူ စေတနာပုက်အောင် ဖြစ်သွားခဲ့ရင် မကောင်း။ ထိုစဉ် ခြံထဲကို ကားတစ်စီးဝင်လာသဖြင့် ဌွေးဌွေး အံ့သြသွားသည်။

ထွန်းဇော် ခုနမှ ထွက်သွားတာဖြစ်သည်။ ထွက်သွားပြီး ချက်ချင်းပြန်ရောက်မလာတတ်သောကြောင့် ကားကို သေချာကြည့်လိုက်မိသည်။ ထွန်းဇော်၏ကား မဟုတ်ပါ။

သူမရပ်ကြည့်နေမိစဉ် ကားက ပေါ်တီကိုအောက်မှာ ရပ်သွားသည်။ ဆင်းလာသူက သပ်ရပ်ချောမောသော အမျိုးသမီးကြီးတစ်ယောက်။ ဒေါ်ကြည်ကြည် ထွန်းဇော်ဦး အမေမှန်း သိလိုက်သည်။ သူမနဲ့ထွန်းဇော်ဦး လက်ထပ်လက်မှတ်ထိုးပြီး နှစ်ရက်ကြာတော့ တစ်ခါရောက်လာခဲ့ဖူး၏။ ဌွေးဌွေးမျက်နှာငယ်ကျသွားကာ ဖြစ်နိုင်လျှင် သွားမတွေ့ဘဲ တစ်နေရာရာမှာ ဝင်ပုန်းနေချင်မိသည်။

ဒေါ်ကြည်ကြည်၏ မလိုလားသော မျက်ဝန်းများကို ရင်မဆိုင်ရဲပါ။ ဒါပေမဲ့ သူမ ဒီလိုလည်း မနေရဲ။ နေရာမှ ခပ်သုတ်သုတ်လျှောက်ခဲ့ရင်း အိမ်ထဲဝင်သွားသည့် ဒေါ်ကြည်ကြည်နောက်ကို လိုက်ခဲ့မိသည်။ ဒေါ်ကြည်ကြည်သည် လက်ပွေ့အိတ်ကြီးကို တံတောင်ဆစ်ကွေးမှာ ချိတ်၍ ဧည့်ခန်းထဲလျှောက်ဝင်သွားရင်း တစ်အိမ်လုံးကို လှည့်ပတ်ကြည့်၏။ ပြီးမှ နောက်ကလူရိပ်ကြောင့် ဖျတ်ခနဲ လှည့်ကြည့်သည်။

'ဒေါ်လေး ထိုင်ပါရှင်'

မေမေလို့မခေါ်ရဲ။ ရှေ့မှာ မျက်လွှာချ၍ ခေါင်းငုံ့ရပ်နေသည့် ဌွေးဌွေးကိုခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ ဆိုဖာမှာ ဝင်ထိုင်ဖြစ်သည်။

‘သားလေး ညညဘယ်အချိန်အိပ်လဲ’

‘ရှင်’

ဆိုင်းမဆင့်မုံမဆင့် မေးချလိုက်သဖြင့် ဌေးဌေး ကြောင်တောင်တောင် ဖြစ်သွား၏။ ဒါကို သူမ မသိပါ။

‘ဟို… သူ ညဉ့်နက်မှ အိပ်တက်ပါတယ်၊ ဘယ်အချိန်ဆိုတာတော့ ကျွန်မ မသိပါဘူး’

‘အလုပ်က ပြန်တော့ရော’

‘အစောဆုံးက ကိုးနာရီ၊ နောက်ကျတဲ့နေ့ဆို ဆယ်နာရီခွဲလောက်’

‘ဘာ’

ဒေါ်ကြည်ကြည် မျက်နှာပျက်ပျက်နှင့် ဖြတ်မေး၏။

‘သားလေးက အဲဒီလောက်ထိ နောက်ကျသလား’

‘ဟုတ်… ဟုတ်ကဲ့’

တစ်စုံတစ်ရာ အပြစ်တင်လို၍ နှုတ်ခမ်းကိုလှုပ်သွားပြီးမှ ဒေါ်ကြည်ကြည် အရှိန်ပြန်သတ်သည်။ ဒီမိန်းကလေးက သားရဲ့တကယ့်ဇနီးမှမဟုတ်ဘဲ။ သားကကူညီနေတာပဲ ပြန်တွေးလိုက်မိ၏။

‘သား အိမ်မှာ ထမင်းစားလား’

‘မစားဘူး’

‘မင်းကရော စားဖို့ မပြောဘူးလား’

‘ပြောပါတယ်၊ အစ်ကိုထွန်းဇော်က မစားတာပါ’

သူမေးသမျှကို ခေါင်းလေးငုံ့၍ ဖြေနေသော ဌေးဌေးကို စေ့စေ့ကြည့်ကာ ဒေါ်ကြည်ကြည် မျက်နှာပြေကျသွား၏။

‘ကဲ… မင်း ဒီမှာထိုင်ပါဦး၊ ပြောစရာရှိလို့’

‘ဟုတ်ကဲ့’

ဌေးဌေးက ခပ်ယို့ယို့လေး ဝင်ထိုင်သည်။

‘မင်းနဲ့သား သပ်သပ်စီ အိပ်ကြတာမဟုတ်လား’

တည့်တည့်ပဲ မေးလိုက်မိ၏။ ဌေးဌေးက ခေါင်းညိတ်၍…

‘ဟုတ်ပါတယ် ဒေါ်လေး’

‘သားအခန်းထဲကို မင်း ဝင်ဖူးလား’



‘ရှင်’ ဌေးဌေးမျက်နှာလေး ဖျတ်ခနဲမော့သည်။

‘ဆိုလိုတာက သန့်ရှင်းပေးတာမျိုး၊ သူနဲ့ပြောဆိုစရာရှိလို့ဝင်သွားတာမျိုးပေါ့’

ဒေါ်ကြည်ကြည်က ပြန်ရှင်းပြသည်။ ဒါကိုလည်း ဌေးဌေး ခေါင်းခါရပြန်သည်၊ ထွန်းဇော်ဦးက သူ့အခန်းရှေ့မှာ ရပ်တာပင် မကြိုက်တဲ့သူပါ။

‘ဒီနေ့ထိ တစ်ခါမှ မဝင်ခဲ့ဘူးပါဘူးရှင်’

‘မဝင်ရဘူးလို့ သူက တားမြစ်ထားသေးလား’

‘အဲဒီလိုတော့ မဟုတ်ပါဘူး၊ သူမကြိုက်တာကို ကျွန်မသိလို့ဆင်ခြင်တာပါ’

စိတ်ထဲမှာ အံ့ဩလာမိသည်။ ဒီအချိန် ထွန်းဇော်မရှိမှန်းသိလျက်နှင့် ရောက်လာပြီး မတူမတန်ကြောင်း မနှစ်သက်ကြောင်း ကြိမ်းမောင်းပြောဆိုဖို့ဟု။ တကယ်မေးလာတာတွေက ဘာတွေမှန်းမသိ။ ဒါပေမဲ့ ဒေါ်ကြည်ကြည်က စကားစလာ၏။

‘မင်းကို အန်တီ အကူအညီတစ်ခုတောင်းချင်တယ်၊ အဲဒါမင်းကူညီမှ အဆင်ပြေမှာမို့ပါ၊ အန်တီက မိဘလည်း ဖြစ်နေတယ်၊ သားလေးကို တိုက်ရိုက်စိန်ခေါ်ပြီး မိဘအာဏာနဲ့ စိတ်ဆင်းရဲစေတာမျိုး မလုပ်ချင်တော့လို့’

‘ပြောပါ ဒေါ်လေး၊ ကျွန်မ ကူညီပါ့မယ်’

ဒေါ်ကြည်ကြည်က ခေါင်းတချက်ညိတ်လိုက်ပြီး…

‘သိပ်တော့ မလွယ်ဘူး၊ မင်း စွန့်စားရမယ်၊ အနစ်နာခံရမယ်၊ နောက်ဆုံး ဒီကိစ္စပေါ်သွားတဲ့အထိ အန်တီခိုင်းလို့ဆိုတာမျိုး သူ့ကို မပြောရဘူး’

ဌေးဌေးက ခေါင်းလေးညိတ်၍ ငေးကြည့်နေသည်။

‘ပြောရရင် မင်းအတွက်လည်း ပါတယ်၊ ဘာဖြစ်လို့လဲ သိလား’

ဌေးဌေးမသိတော့ ခေါင်းခါရပြန်သည်။

‘မင်းကို ရှေ့ကသေသွားခဲ့တဲ့ သူ့ဇနီးသက်သက်ခင်လို မဖြစ်စေချင်လို့’

‘ရှင်’

ငွေးငွေး ထိတ်လန့်သွား၏။ သက်သက်ခင်အကြောင်း အနည်းအကျဉ်းသိခဲ့ပေမယ့် ထိတ်လန့်စရာ မပါခဲ့ပါ။

‘သူက ဘာဖြစ်ခဲ့လို့လဲဟင်’

‘သူ သေသွားတယ်လေ၊ ရောဂါရှိလို့မဟုတ်ဘဲ ပယောဂနဲ့ သေတာ’

‘အို’

‘ဒါတွေ ဂဃနဏတော့ မပြောချင်တော့ဘူး၊ စိတ်စွဲလမ်းပြီး မကျွတ်မလွတ်ကြတဲ့ ဝိညာဉ်လောကတစ်ခုထဲမှာ သားလေးရဲ့ ချစ်သူ ရှိနေတယ်’

‘ရှင်’

ငွေးငွေးတစ်ကိုယ်လုံး တုန်ခနဲဖြစ်သွား၏။

‘အဲဒါကို ခေတ်ပညာတတ် လူကြီးလူငယ်တွေ ဘယ်လိုယုံယုံ မယုံယုံ အန်တီကတော့ ယုံတယ်၊ အန်တီယုံခဲ့လို့ သားလေးနစ်မွန်းရမယ့်အဖြစ်ကနေ ကယ်တင်နိုင်ခဲ့တာပေါ့၊ ဒါပေမဲ့ တစ်ခုကျန်သေးတယ်’

‘ဒေါ်လေး ကျွန်မ တစ်ခုလောက် မေးပါရစေ’

‘မေးလေ၊ ဘာလဲ’

‘အဲဒီ မကျွတ်တဲ့ဝိညာဉ်က မသက်သက်ခင်လားဟင်’

‘ဘယ်ဟုတ်မလဲ၊ သက်သက်ခင်က သူ့ကြောင့်သေတဲ့ မိန်းကလေး၊ သူက သားရဲ့ချစ်သူပါ၊ သက်သက်ခင်နဲ့လက်ထပ်တော့ သူ မလိုလားတာနဲ့ တစ်ခုခုခြောက်လှန့်လိုက်တာနေမှာပေါ့၊ သက်သက်ခင်မှာ နှလုံးရောဂါရှိခဲ့တာလည်းမဟုတ်ဘူး၊ ဖျားနာနေတာလည်း မရှိဘူး၊ လုံးဝအကောင်းကြီးကနေ ဆုံးသွားတာ၊ ဆရာဝန်စမ်းသပ်တော့ ထိတ်လန့်ပြီး ရှော့ခ်ရသွားတာလို့ ပြောတာပဲ၊ မယုံတဲ့လူတွေ အဲဒီအဖြစ်ကို ဘာမှမပြောနိုင်ကြတော့ဘူးလေ’

ငွေးငွေး ငုတ်တုတ်မေ့နေသလို မျက်လုံးကြောင်တောင်လေးနှင့် ငေးငိုင်သွားခဲ့၏။

‘သားလေးရဲ့စိတ် သားရဲ့အနေအထိုင်တွေ ခုလို ခက်ထန်



မာကျော တွေဝေငေးငိုင်နေတတ်အောင် ပြောင်းလဲသွားတာ အဲဒီ ဝိညာဉ် ဒုက္ခပေးသွားတာပေါ့’

ဟုတ်မှာပါ။ ငွေးငွေး မက်ခဲ့သော အိပ်မက်ကို သတိရလိုက်ကာ ကြက်သီးတွေ ဖျန်းခနဲ ထသွားခဲ့သည်။

‘ဒါတွေကို အန်တီက အပြီးသတ်သွားစေချင်တာ’

‘ကျွန်မက ဘာလုပ်ပေးရမလဲဟင်’

‘သားသိမ်းထားတဲ့ အညိုရောင်လွယ်အိတ်လေးတစ်လုံးကို ရှာပေးရုံပဲ’

‘လွယ်အိတ်’

‘ဟုတ်တယ် အဲဒီလွယ်အိတ်ထဲမှာ နာရီတစ်လုံးရှိနေတယ်၊ အိတ်ကိုယူရင် နာရီပါပြီပေါ့၊ မင်း အဲဒါကို ယူပေးပါ’

ငွေးငွေး ကျောက်ရုပ်လေးဖြစ်သွားသည်။

‘ဒါ အန္တရာယ်မို့ပါ၊ မင်းလည်း ခဏတာခိုလှုံတာပဲ၊ ဒါပေမဲ့ လောလောဆယ်တော့ သားရဲ့ဇနီးပဲ မဟုတ်လား၊ သားလေးရဲ့စိတ်ကိုတော့ မင်းအတွက်ပါ ရှင်းသွားစေချင်တာ’

ငွေးငွေး သိလိုက်ပါပြီ။ သူမ မက်ခဲ့တာ အိပ်မက်မဟုတ်နိုင်။ ဒါဟာ သတိပေးချက်တစ်ခုပဲ။ ပြီးတော့ သူမကြားခဲ့သည့် နာရီသံ။

သူမရှေ့ထိ ကျလာခဲ့သည့် နာရီလေး။

ဒေါ်ကြည်ကြည်ကို ဒါတွေပြန်ပြောပြဖို့ အားယူရင်း လည်ချောင်းတွေခြောက်သွေ့လာခဲ့သည်။

‘အဲဒါကို မင်းရှာကြည့်စမ်းပါ၊ သားလေးထွက်သွားတာနဲ့ မင်းအိမ်မှာ အချိန်တွေအများကြီးရနေတာပဲ၊ မင်းကိုအန်တီက ကျေးဇူးပြုပါ့မယ်’

‘ဟို… အဲဒါလေ ကျွန်မ…’

‘မင်း ကူညီမှ ဖြစ်မှာမို့ပါ၊ ကူညီပါကွယ်၊ သားရဲ့အိပ်ခန်းနဲ့ စာကြည့်ခန်းသော့တွေ အန်တီ့မှာရှိတယ်၊ အခုပေးထားခဲ့မယ်၊ မင်း သေချာရှာပါ၊ ရတာနဲ့ ဖုန်းဆက်လိုက်၊ အန်တီလာယူမယ်၊ သူ လုံးဝမသိစေနဲ့’

ဒေါ်ကြည်ကြည်က သူမပြောလိုရာကိုသာပြောကာ သော့

နှစ်ချောင်းပါသည့် ကွင်းကလေးတစ်ခုကို ရှေ့မှာချပေးသည်။

ကွင်းငယ်မှာတွဲထားသည့် သော့နှစ်ချောင်းကို ငုံ့ကြည့်ရင်း ဒွေးဒွေး နှုတ်ခမ်းလေးကို ဖိကိုက်ထားမိ၏။ နာရီလေးက ထွန်းဇော်ရဲ့ ပစ္စည်းလား။ သူ့ချစ်သူရဲ့ ပစ္စည်းလား။ ဒါကိုယူဖို့ ဘာဖြစ်လို့ အရေးကြီးနေခဲ့တာလဲ။

အသံမြည်နေသည့် နာရီလေးဟာ သူ့အရှေ့ရောက်လာခဲ့တာ တစ်စုံတစ်ရာ၏ တွန်းပို့လိုက်ခြင်းလား။ တိုက်ဆိုင်ခဲ့သော မတော်တဆလား။ သူမ ဒီကိစ္စထဲကို ဝင်လို့ရော ဖြစ်ပါ့မလား။

ခေါ်ကြည့်ကြည့် ပြန့်သွားသည်အထိ သော့ကိုကောက်ယူဖို့ လက်က မရောက်။ ညစဥ်ချောက်ချားခဲ့ရသော ဒီတိုက်ကြီးထဲမှ အရှုပ်အထွေးတွေထဲ သူမ ဝင်ပါမိလျှင် ဒီထက်ဆိုးသွားသေမလား။

ဒါပေမဲ့ ထွန်းဇော်အတွက်ဆိုတော့ သူမ ကူညီချင်ပါသည်။ ပြီးတော့ သူမအတွက်လည်း ချောက်ချားဖွယ်တွေ ပျောက်ကွယ်သွားနိုင်သည်။ ကြိုးစားကြည့်ဖို့ ဆုံးဖြတ်ကာ သော့ကိုကောက်ယူလိုက်မိ၏။

အကယ်၍ ဒီထက်ဆိုးဝါးသော ချောက်ချားဖွယ်တွေ ဆက်ပြလာလျှင် သူမ ဒီကနေ ထွက်သွားတော့မည်။ လူသေခဲ့ဖူးသော ရှေ့ဆက်လည်း ကျောချမ်းသွေးပျက်ဖွယ်တွေရှိနေသည့် နေရာဖြစ်ခဲ့လျှင် သူမတစ်ယောက်တည်းနေဖို့က ဘယ်လိုမှမဖြစ်နိုင်တော့။

ဒွေးဒွေး သော့တွဲလေးကိုကိုင်၍ နေရာမှထရပ်လိုက်သည်။

သူမ၏ ရည်ရွယ်ချက်တွေ အထမြောက်နိုင်ပါမည်လား။

~~~

## အခန်း (၁၇)

အခန်းထဲရောက်တော့ ရင်သည် အဆမတန် ခုန်နေပြီဖြစ်သည်။ ခိုးချောင်ခိုးဝှက်လုပ်ရသည့်အလုပ်တစ်ခု မလွယ်လှပါလားဆိုတာကို လက်တွေ့သိလိုက်သည်။ ဟိုတစ်ညက ကြမ်းပေါ်မှာတွေ့လိုက်သည့် လွယ်အိတ်အညိုလေးနဲ့ နာရီကို သူမလုံးဝရှာမတွေ့ခဲ့ပေ။

ထိုညကပဲ ထွန်းဇော်ဦး လာမေးသေးသည်။ သူ့အခန်းထဲမှာ ဒီပစ္စည်း ဖြန့်ကျနေတာကိုမေးဖို့လာမှန်းသိသော်လည်း တည့်တည့် မမေးဘဲ ပြန်လှည့်သွားသည်။ သူမလည်း ဖြေရှင်းခွင့်မရလိုက်ပါ။

အခု လွယ်အိတ်လေးကို ဘယ်မှာ သွားသိမ်းလိုက်ပြီလဲ။ ခွေးခြေတစ်လုံးချ၍ အပေါ်မှာတက်ရပ်ကာ စာအုပ်စင်တစ်ခုလုံးကိုလည်း မွှေပြီးခဲ့ပြီ။ အထပ်တွေလည်းစုံပြီ။

ဘီရိုထဲမှာကြည့်တော့လည်းမရှိ။ ရင်တွေပါ တုန်နေသည်မို့ ဘယ်မှာထပ်ရှာရမှန်း မသိတော့ဘဲ ခွေးခြေပေါ်မှာပဲ ဒီတိုင်းရပ်ကာ ဟိုကြည့်ဒီကြည့်ဖြစ်နေဆဲ…

'သမီးရေ…'

'ရှင်'

ခြံစောင့်ကြီးအသံမှန်း သိလိုက်သဖြင့် ဒွေးဒွေး အခန်းထဲကနေ ပြေးထွက်ဖို့ ပြင်ပြီးမှ ဣန္ဒြေဆည်ရသည်။ ပြီးမှ အခန်းထဲကနေ ရင်ခုန်နေတာကို ထိန်းချုပ်၍ ခပ်တည်တည်လေး ထွက်လာခဲ့၏။

'ဦးလေး ဘာလဲဟင်'
~~~

ခြံစောင့်ကြီးက တံခါးရှေ့မှာရပ်လျက် စောင့်နေပြီး ဌေးဌေး အနားရောက်မှ တစ်သောင်းတန်နှစ်ရွက်ကို တံခါးကြားက ကမ်းပေး၏။

"ဒီနေ့ လပြည့်နေ့မို့ နို့မရဘူးတဲ့ကွယ်၊ ရော့ ပိုက်ဆံ၊ ဦး လည်းမေ့နေလို့ မပြောမိဘူး၊ မနက်ဖြန်စောစောကျမှ ဦး သွားထပ်မှာပေးပါ့မယ်"

"ဟုတ်ကဲ့"

ဌေးဌေးလက်ထဲ ပိုက်ဆံရောက်တော့ ခြံစောင့်ကြီးက ပြန်ထွက်သွား၏။ အိမ်ထဲချက်ချင်းပြန်ဝင်ကာ စာကြည့်ခန်းထဲ ရောက်ပြန်သည်။ မနက်ကတစ်ခါ အပေါ်ထပ်က ထွန်းဇော်အိပ်ခန်းမှာ ဝင်ရှာပြီးပါပြီ။ အတွင်းမှာ မီးခံသေတ္တာတစ်လုံးမှလွဲ၍ အဝတ်ဗီရို၊ စာရွက်စာတမ်းတွေရှိသော ဗီရိုအားလုံးက သော့မရှိ။

အလွယ်တကူပဲ သူမ ဖွင့်ရှာနိုင်ခဲ့သည်။ ဘယ်မှာမှမရှိ။ စာကြည့်ခန်းထဲဝင်ရမှာတော့ လန့်နေသဖြင့် နေ့လယ်ပိုင်းကျမှ ဝင်ခဲ့မိတာဖြစ်သည်။ သူမနောက်ထပ် ဘယ်နေရာထပ်ရှာရမှန်းမသိဘဲ ကုလားထိုင်တွေ ခွေးခြေပုတွေ သူ့နေရာသူပြန်ထား၊ လက်ရာပျက်သွားသည့်ပစ္စည်းတွေ စာအုပ်တွေကို သေချာပြန်စီ။

လက်က လုပ်ကိုင်နေရင်း စိတ်ကလည်း နာရီကိုသာ ခုန်းဆ မြင်ကာ ဘယ်မှာထပ်ရှာရကောင်းမလဲဟု တွေးနေမိသည်။

ထိုစဉ် ဟထားသည့်တံခါးအပြင်မှ ရိပ်ခနဲလှုပ်ရှားမှုတစ်ခုကြောင့် လှည့်ကြည့်လိုက်မိသည်။

"ဟင်" ဌေးဌေး ကြက်သီးတွေ ဖျင်းခနဲ ထသွားမိ၏။ ဆံပင်တွေကို သူမ သေချာမြင်လိုက်သည်။

ဖြန့်ချထားသည့် ဆံပင်ရှည်တို့၏ နောက်စပ်ကို ရိပ်ခနဲမြင်လိုက်ရတာမို့ ဒေါ့ဝဲသွားတာတွေဟာ ဆံပင်တွေမှန်းလည်း ပို၍ သေချာသွားသည်။ နေ့လည်ခင်းမို့ ကြောက်ပေမယ့် ဌေးဌေး သတ္တိတော့ ရှိလာသည်။ နေရာမှ ချက်ချင်းပြေးထွက်လိုက်သည်။

တံခါးဆွဲဖွင့်ကာ အပြင်ကိုတောက်လျှောက်ထွက်လိုက်၍ အရိပ်ပျောက်ကွယ်သွားသည့်ဘက်ကို လိုက်မိ၏။



ဘာမှမရှိပါ။ ဘယ်ကိုလိုက်ကြည့်ကြည့် ဘာဆိုဘာမှမရှိ။ ဌေးဌေး ရင်တွေခုန်နေပေမယ့် ညလောက်တော့ မဆိုးခဲ့ပေ။ ဒါ ဒေါ်ကြည်ကြည် ပြောသည့်ထွန်းဇော်ရဲ့ချစ်သူ့ဝိညာဉ်လား။ ဒါမှ မဟုတ် သေဆုံးသွားခဲ့သည့် သက်သက်ခင်၏ ဝိညာဉ်လား။ လူ မဟုတ်တာတော့ သေချာသည်။ တံခါးကို သူမသော့ခတ်ထားတာပဲ။ ပို၍သေချာသည်မှာ သူမ ဆံပင်တွေကို သေချာမြင်လိုက်တာပါ။ စာကြည့်ခန်းဆီကို ပြန်လျှောက်ခဲ့ရင်း ခြေလှမ်းတို့က နှေးလာသည်။ တံခါးကို အရင်တွန်းဖွင့်ပြီး အထဲကိုသေချာကြည့်ပြီးမှ တဖြည်းဖြည်း ဝင်ခဲ့မိ၏။ နာရီနဲ့လွယ်အိတ်ဆိုတာ ဘယ်သူ့ပစ္စည်းတွေလဲ။

ဒါတွေကိုရှာနေတာ မနက်ကတော့ ဘာမှ မဖြစ်ခဲ့။ မမြင်ခဲ့။ ဒီကိုဝင်ရှာမှ ထူးခြားမှုကိုစတွေ့ရတာဖြစ်သည်။ ဒီပစ္စည်းကို မရှာစေချင်၍လား၊ ဒါဆို ဌေးဌေးကို သူတို့ကျေနပ်ကြပါ့မလား။ ပစ္စည်းကတော့ ဒီထဲမှာရှိဖို့က သေချာနေပါပြီ။

ဘာဖြစ်လဲ သူတို့က ကိုယ့်ကို ဘာလုပ်နိုင်မှာမို့လို့လဲ။ နေ့ အလင်းရောင်ကြောင့် ဌေးဌေး စိတ်ကိုတင်းထားနိုင်နေသည်။ ကြမ်းခင်း၊ ဗီရိုအောက်ခြေအကြိုအကြားကအစ လိုက်ရှာရင်း နောက်ဆုံး စားပွဲခုံဘေးမှာ စိတ်ပျက်လက်ပျက်ရပ်နေမှ မျက်လုံးတို့က စားပွဲအံဆွဲကို သတိရသွားသည်။ ကြည့်စမ်း လွယ်လွယ်လေးကို သူမ သတိမရခဲ့၊ အံဆွဲရှေ့ကို ကပျာကယာသွားကာ ဆွဲဖွင့်လိုက်မိသည်။ တွေ့ပြီ။ လွယ်အိတ်အညိုလေးနဲ့ မဟုတ်ပါ။ နာရီက ဒီတိုင်းလေးဖြစ်သလို ရှိနေတာဖြစ်သည်။ ဌေးဌေး နာရီကိုယူ၍ အံဆွဲကို ပြန်ပိတ်သည်။

အခန်းထဲမှာ ခြေရာလက်ရာပျက်ခဲ့တာ ရှိသေးလား။ သေချာပြန်ကြည့်ကာ မရှိတော့ဘူးထင်မှ အခန်းထဲက ထွက်ခဲ့၏။ ရှာလိုက်ရတာ ညနေလေးနာရီပင် ထိုးနေပြီ။ နဖူးမှာစို့နေသည့် ချွေးတို့က သုတ်၍ အပေါ်ထပ်ပြေးတက်ခဲ့မိ၏။ ထွန်းဇော် မနှစ်သက်တာကို လိုက်ရသည့် သူမစိတ်တော့ မကောင်းပါ။ ဒါပေမဲ့ ဒါဟာလည်း ထွန်းဇော်အတွက်ပဲမို့ စွန့်စားခဲ့မိတာဖြစ်သည်။

ဒီနာရီသာ ဒေါ်ကြည်ကြည်လက်ထဲ ထည့်ပေးလိုက်လျှင် တာဝန်ပြီးပြီ။

'ဒါတစ်ခုကို ရှင်းလိုက်နိုင်ရင် ပြီးပြီ၊ သားလေးရင်ထဲမှာလည်း ဘာမှကျန်တော့မှာမဟုတ်ဘူး၊ အစွဲအလမ်းဆိုတာ အဲဒါကစခဲ့တာပဲ'

နာရီကိုအခန်းထဲဝင်ကာ သေချာသိမ်းဆည်းပြီးမှ အောက်ထပ်မှာ ဖုန်းဆက်ဖို့ ပြန်ဆင်းခဲ့မိသည်။ ဒါပေမဲ့ ဖုန်းဆက်တော့ ဒေါ်ကြည်ကြည်နဲ့ ဌေးဌေး မတွေ့ခဲ့ပါ။ နောက်နာရီဝင်လောက်ကြာမှ ထပ်ဆက်တော့လည်း ဖုန်းကမဝင်။ မိုးချုပ်စလောက်ထိ ဌေးဌေး ဖုန်းနားမှာ တဝဲဝဲဖြစ်နေမိသည်၊

ကိုယ်က ယူပေးရုံပဲ ပေးချင်သည်။ ဒီပစ္စည်းကို ကိုယ့်လက်ထဲမှာ သိမ်းဆည်းပေးမထားချင်ပါ။ ပြီးတော့ ဒီအိမ်ထဲကနေ ထုတ်ပစ်စေချင်ပါပြီ။

စိတ်ထဲမှာထင်နေသည်က ဒီနာရီမှာ စွဲကပ်နေသည့် ဝိညာဉ်နှင့်သက်ဆိုင်နေသည်ဆိုလျှင် နာရီမရှိတော့လျှင် အားလုံးအေးချမ်းပြီဟု။

လေးကြိမ်မြောက်ဖုန်းဆက်တော့ ညခုနစ်နာရီထိုးပြီဖြစ်၏။

'ရပြီ ဟုတ်လား၊ အေး ကောင်းတယ်၊ မင်းပဲသိမ်းထားဦး၊ အန်တီ ဒီမှာအရေးကြီးတဲ့ကိစ္စတွေရှုပ်နေလို့ ဒီညတော့ မလာနိုင်တော့ဘူး၊ မနက်ဖြန်လာခဲ့မယ်'

ဌေးဌေး ဖုန်းချ၍ စိတ်ညစ်သွားမိတော့သည်။ ဒီပစ္စည်းကို ဒီည သူမ သိမ်းဆည်းထားရဦးမှာပါလား။ ကြောက်စိတ်လည်းဝင်လာသည်၊ ခေါင်းထဲမှာလည်း ရှုပ်ထွေးသွားခဲ့၏။

ညကမှောင်သွားပြီမို့ သူမ၏ ချောက်ချားမှုများက စလာရပြန်ပြီ။ ဒီလိုသာ ညတိုင်းဆို ဘယ်လိုလုပ်မလဲ။ ခေါင်းရင်းပြတင်းပေါက်ကို ပိတ်ဖို့ ထိုင်လိုက်ပြီးမှ လပြည့်ညဆိုတာကို သတိရလာမိသည်။

လရိပ်က ဖြာနေပြီဖြစ်သော်လည်း လကိုတော့ မမြင်ရသေးပါ။ သစ်ရိပ်ခေါင်ဖျားတို့ကို လက ကျော်လွန်မြင့်တက်လာခြင်းမရှိသေး။ တစ်အိမ်လုံးက တိတ်ဆိတ်ငြိမ်သက်နေ၏။ ဗိုက်ကဆာနေပြီပေမယ့် ထမင်းဝင်စားချင်သည့်စိတ်ကလည်း မရှိ၊ ဝမ်းနည်းကြေကွဲ



ယ်ကောင်းသော သူမ၏ဘဝ။ အထီးကျန်သော သိမ်ငယ်သော ကြောက်ရွံ့ချောက်ချားနေခဲ့ရသော ဒီနေ့ထိ ကောင်းခြင်းသုခဆိုတာ မရှိခဲ့သေးသော ဖြစ်စဉ်တို့၏ တောက်လျှောက်ကို ပြန်လည်ကာ ဌေးဌေးဝမ်းနည်းလာမိသည်။ ဘာပဲဖြစ်ဖြစ် မွေးဖွားပြီးချိန်အထိတော့ သူမ ဒီဒဏ်တွေကို ခံရဦးမှာပါ။ သို့သော် ဒေါ်ကြည်ကြည်ကိုကော ထိုအိမ်ကြီးမှ ခိုကပ်နေသည့် အမျိုးသမီးဝိညာဉ်ကိုကော သူမ ပြောပြချင်သည်။ သိစေချင်သည်။

သူမဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တဲ့သူပါ။ ထွန်းဇော်ဆိုသော သူဌေးသားလူချောလေးကိုလည်း စိတ်နဲ့တောင်မှ မကူးခဲ့ဘူးပါ။

ခုကော နောင်ကော သူမဘက်မှ ဘယ်တော့မှ ကောက်ကွေ့ခြင်းဖြင့် ဆက်ဆံမှာမဟုတ်တာကို ယုံကြည်စေချင်သည်။ ဌေးဌေး ခြေထောက်တွေ တောင့်လာသည်အထိ ရပ်နေမိဆဲမှာ ပြည့်ဝန်းသော လကလေးကို မဆို့မပို့ လှမ်းမြင်လာရသည်။ ဒီနေ့ အစ်ကိုထွန်းဇော် စောစောပြန်လာပါစေဟု အားနည်းစွာ ဆုတောင်းနေမိသည်။

ဘယ်တုန်းကမှ စောစောမပြန်တတ်မှန်းသိထားပေမယ့် ဒီည သူမရင်ထဲမှာ လေးလံနေခဲ့သည်။ ဆိုဖာမှာ ပြန်ထိုင်ရင်း ဖျော်ထားသည့်ကော်ဖီကိုလည်း မသောက်ဖြစ်။ ထမင်းလည်း မစားဖြစ်သေးဘဲ ဆိုဖာမှာ ထိုင်နေမိတာ ကြာသွားသည်၊ ထွန်းဇော်လာမှ အပေါ်တက်ဖို့ စိတ်ကူးနှင့် ဖြစ်သော်လည်း ဆယ်နာရီလောက်မှ ပြန်တတ်သည့် လူကို မျှော်ရတာ အားတော့ငယ်နေမိသည်။

ခြံစောင့်ကြီးသည် ဓာတ်မီးအိမ်တစ်လက်နှင့် ရှေ့ကနေ တစ်ခါဖြတ်သွားတာတွေ့လိုက်၏။ ဒီလိုပါပဲ ခြံစောင့်ကြီးက သူ့တာဝန်ကိုတော့ ကျေပွန်သည့်သူပါ။

သူမမှာ စကားပြောဆိုရင်း ကြောက်စိတ်ကို ဖြေနေချင်ပေမယ့် ခြံစောင့်ကြီးကိုလည်း ကြောက်လို့ပါဟု မပြောရဲ။ သင့်လည်း မသင့်တော်ပါ။

ဆိုဖာမှာ နောက်ပြန်မှီနေမိရင်း နာရီကိုလှမ်းကြည့်မိတော့ ကိုးနာရီထိုးဖို့ ငါးမိနစ်လိုသေးသည်၊ ထိုစောင့်နေသူအဖို့ အချိန်တွေက

ကုန်ခဲလွန်းလှသည်။ ဒါပေမဲ့ ထွန်းဒေါ်ပြန်လာခါနီးပြီမို့ စိတ်ထဲမှာ အားရှိသလိုတော့ ဖြစ်သွားမိ၏။

နေရာမှထရပ်ကာ ခြံထဲမှာ ဖြူဖွေးနေသော လရောင်ကိုကြည့်ဖို့ ပြတင်းပေါက်ဆီ ခြေလှမ်းပြင်လိုက်မိစဉ်…

'ဒုန်း'

'ဟင်'

စူးလှသော အသံတစ်ချက်နှင့်အတူ တစ်စုံတစ်ရာတို့ တိုက်ရွေ့လျားသံများပါ ထွက်ပေါ်လာခဲ့၏။ ဒွေးဒွေးအပေါ်ထပ်သို့ အလန့်တကြား မော့ကြည့်လိုက်မိသည်။ ဘာသံလဲ၊ ဘာဖြစ်တာလဲ။

ရင်ခုန်သံတွေ တဒိန်းဒိန်းဆူညံလာသည်။ သူခိုးလား။ မဖြစ်နိုင်ပါ။ ဒါဆို ဒွေးဒွေး ခြံစောင့်ကြီးကို ခေါ်ဖို့ တံခါးဝဆီပြေးကြည့်မိသည်။ ပြီးတော့ ဒွေးဒွေး ပြတင်းပေါက်တွေဆီ ပြေးပြန်သည်။

ခြံစောင့်ကြီး၏ အရိပ်ကိုလော သူကိုင်ထားသည့် ဓာတ်မီးရောင်ကိုလော ဘာမှမမြင်ရသဖြင့် ဘာလုပ်ရမှန်းမသိဘဲ ခေါင်းထဲမှာ ပူထူလာသည်။

'ဂျီ… ဂျစ်'

ဘာနဲ့ဘယ်လိုထိတွေ့ပြီး ထွက်ပေါ်လာသံတွေမှန်းမသိ၊ ဒါဟာ သရဲတစ္ဆေ ဖြစ်နိုင်ပါ့မလား။ သံသယစိတ်နှင့်ကြောက်စိတ်က လန့်လာ၏။ ဆက်လက်ထွက်ပေါ်နေသည့် လှုပ်ရှားသံများက သရဲခြောက်နေသည်ဟု ထင်စရာမရှိတော့ဘဲ လူတစ်ယောက်ယောက် ခိုးကြောင်ခိုးဝှက်လှုပ်ရှားနေသလိုမျိုး ဖြစ်လာသည်။

တစ်ခုခုဖြစ်သွားလျှင် အိမ်တံခါးတွေလည်း ပိတ်ထားလျက်နဲ့ ကိုယ်လည်းရှိနေလျက်နဲ့ ပြောစရာမရ ဖြစ်တော့မည်။ ဒွေးဒွေး စိတ်ကိုတင်းကာ လှေခါးရင်းသို့ ထထွက်သွားခဲ့မိသည်။ ဘာပဲဖြစ်ဖြစ် တက်ကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

လှေခါးထစ်များကို နင်းဖြတ်ရင်း အောက်ကိုပြန်ငုံ့ကြည့်၍ မျက်နှာမော့လိုက်လျှင် ကခန်းကတန်းပြန်လှည့်ပြေးသလို အရိပ်တစ်ခုကို သူမမြင်လိုက်၏။

စိတ်ထဲမှာ ရုတ်တရက်ကြောက်စိတ်ပျောက်သွားကာ ဘယ်သူ



လဲဆိုသည့် အသိနှင့် လှေခါးကို ပြေးတက်လိုက်၏။

ထိုစဉ်…

လှေခါးထိပ်ရောက်ခါနီး တစ်ဆစ်ချိုးအကွေ့သို့အရောက် သူမရှေ့မှာ ကျောပေးရပ်နေသည့် အမျိုးသမီးတစ်ယောက်သည် ကျောပြင်ကို မမြင်ရလောက်အောင် ထူခဲမည်းနက်သော ဆံနွယ်ရှည်တွေ ဖြန့်ချလျက်…

'ဟင်'

ပြေးတက်သွားခဲ့မိသည့်အရှိန်က ကိုယ့်ကိုယ်ကိုယ်ရုတ်တရက် မထိန်းလိုက်နိုင်မီ သူမက ဆတ်ခနဲလှည့်လာလျှင်…

'အောင်မလေး'

သူမမျက်နှာရှေ့ထိ ဝဲခါလွင့်တက်လာသည့် ဆံပင်တွေကို လန့်ဖျန့်ကာ သတိလက်လွှတ်နောက်သို့ အဆုတ်တွင် ခြေထောက်တစ်ဖက်က ဘာကိုမှမနင်းမိတော့ဘဲ…

'အား'

ဒွေးဒွေး လှေခါးပေါ်ကနေ ဒလိမ့်ခေါက်ကွေး ကျွမ်းပြန်ကျသွားလေသည်။

'အင့်… အား…'

လှေခါးခြေရင်းကို ပက်ခနဲ လန်ကျတော့ ခေါင်းတစ်ခုလုံး ပွင့်ထွက်သွားပြီလား ထင်ရသည်။ ဒွေးဒွေးအာရုံတွေ ဘာကိုမှ မသိတော့ပါ။ မျက်လုံးထဲမှာ ပြာသွားလိုက်၊ မည်းသွားလိုက်။

စွေးစွေးနီသော သွေးအိုင်ကြီးတစ်ခုကို မြင်လိုက်စဉ် အလွန်ရှည်လျားသော ဆံနွယ်တွေ သွေးအိုင်ထဲမှာ သတ္တဝါတစ်ကောင်လို လွန့်လူးကျူးခတ်နေ၏။ ထိုစဉ် ကားသံတစ်ချက်ဝင်လာသည်။

'ဒွေးဒွေး'

ချောက်ချားသော ခေါ်သံတစ်ချက်။ ပြီးတော့…

တံခါးဖွင့်သံ၊ ခြေသံ။

ဒွေးဒွေး ဝေဒနာကိုလူးလဲခံစားရင်း ဘာဆိုဘာမှမသိတော့ပါ။

## အခန်း (၁၈)

'ဌေးဌေး'

ခေါ်သံကို ကြားသည်၊ သူမမျက်လုံးဖွင့်ကြည့်မိသည်။ သို့သော် သူမ၏မျက်လုံးတွေ ပွင့်ရဲ့လား။ မပွင့်ခဲ့ဘူးလား မသိ။

သူမ ဘာမှမမြင်ရ။

'ဌေးဌေး··· ဌေးဌေး သတိရလားဟင်၊ ကျွန်တော်ပြောတာ ကြားရဲ့လား'

ဌေးဌေးထံမှ မျက်ခွန်းကလေးတွေ အနည်းငယ်ရွေ့လျားသွားတာကို နိုးရိမ်တကြီး ကြည့်နေရင်း လက်ဖဝါးလေးကို ဆုပ်ကိုင်ထားမိ၏၊ သူမ ဘာကိုမှ မြင်ပုံမရပါ၊ နှုတ်ခမ်းလေး ခပ်ဟဟဖြစ်လာကာ မေးဖျားလေးတွေ လှုပ်လာသည်။ ဒါပေမဲ့ ဘာသံမှမထွက်။

'ဌေးဌေးရယ်'

သူ မချိတရိ အံကြိတ်လိုက်မိသည်။ ဌေးဌေးသည် နောက်ဆုံးချိန်ကို ရောက်နေရှာပါပြီ၊ မျက်ဝန်းအိမ်မှ မျက်ရည်ကြည်များ ဆဲစများထဲသို့ တလိမ့်လိမ့်စီးကျနေကြတာကိုလည်း မြင်နေရသည်။

အနားမှာ ဆရာဝန်ဆရာမတွေ ဝိုင်းနေကြသည်။ မေမေလည်း ရှိသည်၊ အော်ပရေးရှင်းခန်းထဲ သွင်းလို့မရတော့လောက်အောင်



ကြွေမွပျက်စီးလုပြီဖြစ်သည့် ဦးခေါင်းခွံတွင်းမှ စည်းနှောင်ထိန်းချုပ်ထားသော်လည်း စိမ့်ယိုစီးကျနေသည့် သွေးတို့က မြင်မကောင်း။

သူ့မှာ ဌေးဌေးနဲ့ပတ်သက်သော သံယောဇဉ်မရှိခဲ့ပါ။ သို့သော် သက်သက်ခင် ဆုံးစဉ်ကထက်ပို၍ ကြေကွဲမိသည်။ ယောကျ်ားတန်မဲ့ မျက်ရည်ဝဲခဲ့သည်။ ဌေးဌေးဟာ သနားစရာမိန်းကလေးပါ။ ချစ်သူနှစ်ယောက်ဟာ သူနဲ့ပတ်သက်ဖို့ရောက်လာခဲ့ကြရင်း သူ့ရှေ့ သူ့လက်ပေါ်မှာပဲ ပိုးစိုးပတ်စက်ကြီး···

'ဌေးဌေးရယ်··· မင်း'

ဌေးဌေး ဘာပြောချင်နေသည်ကို ပြောလိုက်စေချင်ပါသည်။ ဒါဟာ သိချင်စိတ်ကြောင့် နှုတ်ထုတ်ချင်တာမျိုးမဟုတ်ဘဲ ဌေးဌေးပင်ပန်းစွာ ညှစ်ထုတ်ကြိုးစားနေရခြင်းကို မကြည့်ရက်၍ ဖြစ်သည်။

'ဒေါက်တာ သူ့ကို သက်သက်သာသာလေးဖြစ်သွားအောင် ကြည့်ပေးပါဦးဗျာ၊ သူ သိပ်ခံစားနေရတာကို ကျွန်တော် မကြည့်ရက်လို့ပါ'

'ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြပါတယ် ကိုထွန်းဇော်ဦး၊ တကယ်ဆို ဒေဒနာဒီလောက်ကြီးမားပြင်းထန်လျက်နဲ့ တင်းခံနေနိုင်တာပဲ အံ့ဩစရာကောင်းနေပြီ၊ တရားနဲ့သာ ဖြေပါတော့ဗျာ'

ဒေါက်တာက မျက်နှာလွှဲ၍ ထွက်ခွာသွား၏။ ကားမရပ်မီ ဌေးဌေးအော်သံကို သူ ကြားလိုက်သည်။ ကားရပ်လိုက်တော့မှ ဌေးဌေးဟာလေ့ခါးရင်းသို့ အရုပ်လေးတစ်ရုပ်လို ခွေခေါက်ပုံကျနေခဲ့ပြီဖြစ်၏။ ဌေးဌေးအော်သံကော သူ့ခေါ်သံပါကြားကာ ခြံစောင့်ကြီးလည်း အပြေးရောက်လာ၏။ ဌေးဌေးတစ်ကိုယ်လုံးမှာ သွေးချင်းချင်းနီလျက်၊ သူ့ကားပေါ် ထွေ့တင်ခဲ့သည်။ ငါးလဲဆိုသော ကိုယ်ဝန်လည်း ပျက်ကျသွားခဲ့၏။ ဦးခွံတစ်ခုလုံး ကြေမွပျက်စီးသွားသည်။ ဘာဖြစ်တာလဲ ဌေးဌေး။ သူ့မှက်စိအောက်မှာ လူတွေဘာဖြစ်လို့ တစ်ယောက်ပြီးတစ်ယောက် သေနေကြတာလဲ။ ပထမဆုံး သူ ချစ်ခဲ့သော နှယ်သာကီ။ ပြီးတော့ သက်သက်ခင်။ ခုတော့ ဌေးဌေး။

ဒါတွေဟာ သူနဲ့သက်ဆိုင်နေပြီလား။

မေမေ့မျက်ဝန်းများကတော့ စိတ်ပျက်ချောက်ချားခြင်းများနှင့် ဒွေးဒွေးကိုကြည့်နေလိုက်၊ သူ့ကိုပြန်မော့ကြည့်လိုက်...။

သူခေါ်လိုက်တိုင်း သူ့အသံကြားတိုင်း မျက်ဝန်းလေးတွေ ရွှေ့လျားသွားတတ်သော နှုတ်ခမ်းလေးတွေ လှုပ်ခတ်သွားတတ်သည့် ဒွေးဒွေးအဖြစ်က သူ့ကိုမြင်ချင်နေတာ ပြောချင်နေတာတွေ ပြည့်ကျပ်စွာ ရှိနေမှန်း သူသိနေသည်။

ပြောပါ။ မင်း ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ မင်းပြောချင်နေမှာပါ။ သို့သော် 'ပြောလေ ဒွေးဒွေး'လို့ သူထပ်မမေးရက်တော့ဘဲ လက်ဖဝါးလေးကိုဆုပ်၍ မျက်ရည်စက်စက်ကြွေကျသွားစဉ် ဒွေးဒွေး မျက်နှာလေး ဘေးသို့ စောင်းကျသွားခဲ့လေသည်။

'ဒွေးဒွေး'

'သူ ဆုံးသွားပြီးသား'

မေမေပြောသံသည် ဝါကျတိုတိုလေးပေမယ့် 'အဲဒါ သား သိရဲ့လား' 'သားကြောင့်' ဟု ဆက်ပြောနေသလို သူ ခံစားလိုက်ရသည်။ တရားမဲ့သေဆုံးခဲ့ခြင်းများ ဤမျှနှင့် အဆုံးသတ်ပါစေ။ ကျွန်တော့်ဘဝထဲကို မိန်းမများဝင်လာခြင်းဟာ ဒါနောက်ဆုံးပဲဖြစ်ပါစေ။ ဤဘဝ မကုန်ဆုံးသမျှ အချစ်ကို ရှောင်ကြဉ်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

~~~

## အခန်း (၁၉)

လေယာဉ်ပေါ်ကဆင်းတာ သူက တတိယမြောက်ပါပဲ။ အမိမြန်မာပြည်ကို ခွဲခွာထွက်သွားခဲ့တာ သုံးနှစ်တိတိ။ တစ်ရပ်တစ်ကျေးမှာ ပညာယူ စီးပွားရှာရင်း အချိန်တွေ ကုန်ဆုံးသွားခဲ့တာ သုံးနှစ်ဆိုတာ ဘာမှမကြာလိုက်သလိုပဲဖြစ်၏။

အမိမြေကို ခြေချလိုက်သည်နှင့် လွမ်းခဲ့သော အတိတ်ဆိုးတို့ကို ဖျတ်ခနဲ သတိရလိုက်မိသေးသည်။ ရင်ထဲမှာ အတော်ပြေပြေပျောက်ပျောက် ဖြစ်သွားခဲ့တာလည်း စိတ်သက်သာဖွယ် သိလိုက်ရသည်။

အတိတ်ကို တွေးလိုက်မိပေမယ့် ရင်ထဲက ပူလောင်ခြင်းက ဟိုက်ခနဲ ပြင်းထန်သွားတာမျိုးမဖြစ်တော့။ တကယ်ဆို သူပြန်မလာချင်သေးပါ။ ဖေဖေ ဆုံးသွားပြီးကာမှ မေမေ တစ်ယောက်တည်း ဖြစ်နေရှာတာကို ပစ်မထားနိုင်၍ဖြစ်သည်။ သူ နိုင်ငံခြားကို ထွက်သွားခဲ့ပြီး တစ်နှစ်မပြည့်မီမှာပဲ ဖေဖေဆုံးသွားခဲ့သည်။

ဟိုရောက်စ လုပ်ငန်းအဆက်အသွယ်တွေလည်း ဖြစ်နေဆဲ အားလုံးက အားယူထူထောင်ဆဲမို့ သူ ဘယ်လိုမှ ပြန်မလာနိုင်ခဲ့ပါ။ နောက်တော့လည်း မသာယာတာတွေဘဲ စုပြုံနေခဲ့သည့် ကိုယ့်အတိတ်
~~~

ထဲကို ပြန်မဝင်ချင်တော့သော စိတ်တွေသာဖြစ်ကာ သုံးနှစ်ကြာအောင် နေခဲ့မိ၏။

မေမေ တတွတ်တွတ်ပြန်ခေါ်နေတာကို မကြားရက်တော့မှ သူ ပြန်လာခဲ့တာဖြစ်သည်။ လုပ်ငန်းတွေချဲ့ထွင်ထူထောင်သည်။ လေ့လာခဲ့သော စီးပွားရေးနည်းပညာများနှင့် သူ ကြပ်မတ်ဦးစီးမည်။ ထိုအခါ သူ့စိတ်တွေ ပိုမိုငြိမ်ပါလိမ့်မည်။

ကိုယ့်ပစ္စည်းကို ယူပြီး သူထွက်လာတော့ ကြိုမည့်သူကို ရှာမိသည်။ မေမေ လာကြိုမယ်လို့ သေချာပြောထားသည်ပဲ။ ဒါမှ မဟုတ် ဒရိုင်ဘာကိုစိုး မလာဘူးလား။ အိတ်ကို တစ်ဖက်ကဆွဲရင်း အဆောက်အဦးအပြင်ကို သူ လှမ်းကြည့်မိ၏။ ကြိုသူတွေ ပို့သူတွေ အသီးသီးထွက်သွားကြသည်။

သူ ရပ်ကြည့်နေဆဲ။ ဘေးမှာ လူရိပ်တစ်ရိပ် ကျရောက်လာသည်။

'ဆောရီး… လမ်းမှာ ကိစ္စတစ်ခုပေါ်လာလို့ နောက်ကျသွားတာ'

'ဟင်… မင်း… မင်း… ငုဝါ'

သူ အားနာရခုန်းသိ ငုဝါကို ခြေဆုံးခေါင်းဆုံး နှစ်ခေါက်မျှ အပြန်ပြန်အလှန်လှန် ကြည့်ကာ ယုံလည်းမယုံနိုင်။

သူနောက်ဆုံးမြင်ခဲ့သော ငုဝါ ဆံပင်တွေက ပခုံးအောက် လေးပါ။ အခု သူ့ရှေ့မှာရပ်နေသည့် ငုဝါသည် တင်ပါးထက်မှာ ဝဲဖြာနေသော ဆံနွယ်ရှည်များနှင့်…။

သွယ်နွဲ့ပြည့်တင်းသော ကိုယ်ဟန်မြင့်မြင့်မှာ ခေါက်မြင့် ကြိုးသိုင်းဖိနပ်ကို စီးထားသဖြင့် သူ့အောက် သိပ်မနိမ့်ဘဲ ပခုံးချင်း ယှဉ်ချင်ချင်။ အလယ်ခွဲဆံပင်တွေကို ဆံမြိတ်မထားဘဲ အားလုံးတပြေး တည်း ဒီတိုင်းချထားပုံက သူမမျက်နှာ သွယ်သွယ်လေးနှင့် ဘိုရုပ် လေးပေါက်နေ၏။

ကျပ်ကပ်နေသည့် အပြာနုနုဝတ်စုံပေါ်မှာ ဂျင်းဂျက်ကက်



လေး ထပ်ဝတ်ထား၏။ သူမ၏ ပုံစံက နုသစ်လှပနေဆဲ။ သူ စူးစိုက် ကြည့်နေတော့ သူမမျက်နှာလေး ခပ်တင်းတင်းဖြစ်သွားသည်။

'ရှင့်ကို အန်တီ လာကြိုခိုင်းလိုက်တာ၊ လိမ်ခေါ်တယ်များ ထင်နေလို့လား'

'ကိုယ့်ကို လာကြိုတာ'

သူ ထပ်မံ အံ့သြရပြန်ပြီ။ ဒီမိန်းကလေးနဲ့ မေမေ ဘယ်လို ပတ်သက်သွားခဲ့တာလဲ။ သူ ကြာကြာစဉ်းစားချိန်မရဘဲ ဆတ်ဆို လှည့်ထွက်သွားသည့် သူမနောက်ကို ခြေလှမ်းကျဲများနှင့် လျှောက် လိုက်ခဲ့ရသည်။

မိန်းကလေးဖြစ်ပြီး လျှောက်လှမ်းပုံက နွဲ့နွဲ့ရှင်းရှင်း မရှိ။ ခါးမတ်မတ် ခြေလှမ်းကျဲကာ မြန်လိုက်သည့်ဖြစ်ခြင်း။

'ငုဝါ… ခဏနေဦး'

ကားတံခါးဖွင့်မည်လုပ်တော့ သူမရှေ့မှာ သူရပ်လိုက်သည်။

'ကိုယ့်ကို ကားသော့ပေး'

'ဘာလုပ်မလို့လဲ'

'မိန်းကလေး ကားမောင်းတာကို ဘေးကထိုင်မစီးချင်ဘူး'

'ဘေးကမထိုင်ချင်လည်း ခေါင်မိုးပေါ်က တက်လိုက်ခဲ့လေ၊ ဒီကလည်း ဘယ်ယောကျ်ားမောင်းတဲ့ဘေးကမှ ထိုင်လိုက်ခဲ့ဖူးတာ မဟုတ်ဘူး'

'အဲဒါလည်း ကောင်းတာပဲ'

'ဘာကောင်းတာလဲ'

'မင်း ပြောတာလေ'

'ဟွန်း'

မိန်းမလှ၏ မျက်စောင်းလေးတစ်ချက်ကို သူ စူးစိုက်ကြည့် ၍ သူမလက်ထဲက ကားသော့ကို လှမ်းယူလိုက်သည်။

'ဘေးမှာမထိုင်ချင်ရင် နောက်မှာသွားထိုင်၊ ကားက ကိုယ် မောင်းရမှဖြစ်မယ်'

ပြောပြီး သူ ကားပေါ်တက်သည်။ သူမ မတက်လာဘဲ အတန်ကြာရပ်နေတာကို သူ စိတ်ရှည်လက်ရှည် စောင့်၏။ သူမ နောက်မှ တက်လိုက်မှ သူ မောင်းထွက်ခဲ့သည်။

'ငုဝါ… မင်းနဲ့ကိုယ်တို့ ဘယ်လိုပတ်သက်သွားကြတာလဲ၊ ကိုယ်သိချင်လို့ပါ၊ အုံ့သြနေလို့'

သူ မှန်ထဲကနေ ကြည့်၍ မေးလိုက်၏။ ငုဝါက သူ့ကိုမကြည့်ပါ။ ဘေးကိုပဲ ကြည့်လာပြီး သူ မေးတာကိုလည်း ဖြေချင်ပုံမပေါ်ဘဲ အတန်ကြာမှ…

'ရှင်သိချင် အိမ်ရောက်တော့ မေးကြည့်ပေါ့'

'မင်းကိုယ့်ကို ငြိုးနေတာတွေကော မရှိတော့ဘူးလား'

'အဲဒါ ရှင့်ကိစ္စမဟုတ်ပါဘူး'

'ဘာလို့ မဟုတ်ရမှာလဲ၊ မင်းက ရန်ငြိုးတွေနဲ့ ကိုယ့်အိမ်မှာ လာရောနေတာဆိုရင် ကိုယ့်ဘက်က ကာကွယ်ဖို့မလိုဘူးလား'

ငုဝါ၏ ဒေါသမျက်နှာလေး သူ့မျက်လုံးတွေဆီ ဖျတ်ခနဲ ရောက်လာ၏။

'ဟုတ်တယ်၊ ကြဲစည်နေတာ၊ ရှင် သတိထားနေပေါ့၊ လစ်တာနဲ့ ကျောကနေ ဓားနဲ့ထိုးဖို့ ရှိတယ်၊ အခုက စပြီ'

'ကြောက်စရာပါလား'

သူ ပခုံးတစ်ဖက်တွန့်၍ ခပ်တိုးတိုးပြောမိသည်။ စိတ်ထဲမှာလည်း တွက်လိုက်မိသည်။ သူ့အတွက် ဘာတွေထူးဆန်းစွာ ဖြစ်လာဖို့ ရှိသေးသလဲ။

ကားလေးက လှပကျယ်ဝန်းသော ခြံကျယ်ကြီးတစ်ခုထဲသို့ ကွေ့ဝင်လာခဲ့၏။

~~~

## အခန်း (၂၀)

'ဗျာ… ဘယ်လိုမေမေ'

'အို… တိုးတိုးပြောပါ သားရယ်'

သူ ထိတ်ထိတ်ပျာပျာ ထရပ်လိုက်တော့ ဒေါ်ကြည်ကြည်သင်းက လက်ကို ဖျတ်ခနဲ ဆွဲထား၍ စိုးရိမ်စိတ်နှင့်တားသည်။

သူ ကုလားထိုင်မှာ ပြန်ထိုင်လိုက်ကာ မေမေ့လက်ကို ဖယ်ချ၍…

'အဲဒါ မေမေ ကျွန်တော့်ကို ဘာဖြစ်လို့ မတိုင်ပင်ဘဲ လုပ်ချလိုက်တာလဲ၊ ဒါ ကျွန်တော့်အိမ်ထောင်ရေးမဟုတ်ဘူးလား၊ အခု ကျွန်တော် ပြန်လာတာ သုံးရက်ရှိပြီ၊ ဒီနေ့မှ မေမေ ပြောတယ်'

'သားရယ်… သား ငြင်းမှာပဲဆိုတာသိလို့ လူတွေစုံနေတုန်းတမင် မပြောခဲ့တာပါ၊ မေမေကလည်း သားကို အရွယ်မလွန်ခင် အိမ်ထောင်နဲ့ အေးအေးချမ်းချမ်းဖြစ်သွားစေချင်တယ်၊ သူတို့မှာလည်း အခက်အခဲရှိနေတယ်လေ၊ သူတို့နဲ့ ကျေးဇူးမကင်းတဲ့ လူမျိုးခြားတစ်ယောက်က ငုဝါလေးကို ကမ်းလှမ်းနေတယ်၊ သူတို့က လူမျိုးခြားနဲ့တော့ လုံးဝမဖြစ်စေချင်ကြဘူး၊ ဒါပေမဲ့ ငြင်းဖို့လည်း ခက်နေတဲ့လူဖြစ်တော့ ဒီဘက်မှာသေချာလိုက်ပြီဆိုမှ ဟိုမှာငြင်းလို့ကောင်းမှာမို့'
~~~

'အဲဒါလည်း ဒီလောက်ထိ စီစဉ်ပစ်ဖို့မလိုသေးတဲ့ အခြေအနေပဲ မေမေ၊ ဒါတွေကို ငုဝါ သိသလား'

'သူလည်း ဒီရောက်မှ သိတာ'

'ငုဝါကို ရန်ကုန်မှာပဲ ကျွန်တော်တွေ့ခဲ့တာ ကြာပြီ'

'ဟုတ်တယ်၊ ကိုမြင့်နဲ့ ဝင့်နွယ်က သမီးလေး ဆယ်တန်းမဖြေခင်ကတည်းက ကွဲနေကြတာလေ၊ သမီးက သူ့အဖေနဲ့နေတာ၊ ဝင့်နွယ်က မန္တလေးမှာပဲ၊ လူမျိုးခြားနဲ့ စီးပွားရေးအရ ငြိခဲ့တာက ကိုမြင့်ပေါ့၊ သမီးကို မပေးနိုင်တော့ လင်မယားမသင့်မြတ်ပေမယ့် ဝင့်နွယ်ကို လှမ်းတိုင်ပင်တယ်၊ ဝင့်နွယ်က ခုလိုစီစဉ်လိုက်တာ၊ သူတို့က ကွဲနေတာဆိုတော့ သူ့အမေက ဒီလိုစီစဉ်လိုက်လို့ပါဆိုပြီး တစ်ဖက်မှာ ရှောင်ရှဲလို့ရသွားတာပေါ့၊ ဝင့်နွယ်လည်း စိတ်ချလက်ချ ပြန်သွားပြီ သားရယ်၊ နောက်နေ့ဆိုရင်ပဲ စေ့စပ်ကြောင်းလမ်းကြောင်း သတင်းပါလာတော့မှာ၊ မေမေတို့ သူငယ်ချင်းချင်း မျက်နှာပျက်ရအောင် မလုပ်ပါနဲ့နော်၊ ဝင့်နွယ်နဲ့ မေမေက ကျောင်းနေဖက် သူငယ်ချင်း'

'မေမေရာ'

ထွန်းဇော်ဦး ဆံပင်ဖွ၍ ရှုံ့မဲ့သွားခဲ့သည်။

'မေမေပဲ သက်သက်ခင် ဆုံးသွားပြီးတော့ နောက်ထပ် မေမေ ဒါမျိုး မစီစဉ်တော့ပါဘူး' ဆိုဟု မေးလိုက်ချင်သည်။

ဒါပေမဲ့ မမေးဖြစ်ပါ။ ဒွေးဒွေးကို သူလက်ထပ်ခဲ့တာလည်း မေမေက ထောက်ပြလာဦးမှာပဲ ဖြစ်သည်။ သူ အိမ်ထောင်ဆိုသည့် အသံကို ကြားပင်မကြားချင်တော့။

ငုဝါ၏ မျက်နှာလေးကို သတိရမိတော့ ပို၍ စိတ်ညစ်သွား၏။ သူကြုံဆုံခဲ့ဖူးသော မိန်းကလေးတွေထဲမှာ ငုဝါသည် အလှဆုံးပါပဲ။ ပြီးတော့ အနိုင်မခံ အရှုံးမပေးတတ်သော ဂျစ်ကန်ကန် မာကြောကြောလေး ဖြစ်၏။ လှသော နုသော သစ်လွင်သော သူမဘဝလေးနဲ့ ဇနီးနှစ်ယောက်ရှိခဲ့ဖူးသည့် သူ့ရင်ခွင်က ထိုက်တန်သလား။ ငုဝါကိုလည်း သူ စိတ်မဝင်စားချင်။ ကိုယ့်ရဲ့အတိတ်ကိုလည်း သတိမရချင်တော့ပါ။ ထို့ပြင် နွယ်သာကီ၊ သက်သက်ခင်၊ ဒွေးဒွေးနှင့် ငုဝါတို့၏ မျဉ်းဖြောင့်တစ်ကြောင်းတည်းဖြစ်နေခဲ့သော အချက်တစ်ချက်က



လေး ယောက်လုံးသည် ဆံနွယ်ရှည်များနှင့် မိန်းမများဖြစ်နေကြခြင်း။

သူ ဆံပင်တွေကို ထပ်ဖွသည်။ မေမေ လှမ်းမဆွဲနိုင်မီ ထရပ်၍ ပြတင်းပေါက်ဆီ ထွက်သွားမိသည်။

သူ ဆုတောင်းမပြည့်ခဲ့ပါလား။ မိန်းမများ သူ့ထံသို့ ဘာကြောင့် တစ်ယောက်ပြီးတစ်ယောက် ရောက်လာခဲ့တာလဲ။ ရောက်လာစေဖို့အကြောင်းတွေက ဘာဖြစ်လို့ သူ့အလိုလို တိုက်ဆိုင်စွာ ဖြစ်ထွန်းပေါ်ပေါက်လာနေရတာလဲ။

'ငုဝါနဲ့ သူ့မိဘက ကျွန်တော့်ရဲ့အတိတ်ကို သိကြရဲ့လား မေမေ'

သူ နောက်ဆုံးအားကိုးရာ၍ မေမေ့ဟာကွက်ကို ထောက်လိုက်မိသည်။ သို့သော် မေမေက ဆတ်ခနဲ ခေါင်းညိတ်၍ သူ့ဆီထလာ၏။

'ပြောရတာပေါ့ သားရယ်၊ ဒါဟာ ဖုံးကွယ်ထားရမယ့် အဖြစ်တွေမှမဟုတ်တာ၊ ဒါပေမဲ့ သားက အရည်အချင်းရှိတဲ့ ယောကျ်ား၊ သားကိုယ်တိုင်ဖောက်ပြန်ပျက်စီးခဲ့တာ တစ်ခုမှမဟုတ်ဘူး၊ ဒါကံကြမ္မာပဲ သားရယ်၊ ဝင့်နွယ်က နားလည်တယ်'

'ငုဝါကကော'

'သူလည်း ခေါင်းညိတ်ခဲ့တာပဲ၊ ဝင့်နွယ် ပြန်တော့လည်း နေခဲ့ရှာတာပဲ သားရယ်၊ သားက မူမပျက်ပါနဲ့၊ မိန်းကလေးသိသွားရင် ဘယ်လောက်ဝမ်းနည်းရှာမလဲ၊ သူတို့က မေမေတို့ထက်နိမ့်ပါးလို့ အောက်ကျနောက်ကျ စီစဉ်နိုင်းတာလည်းမဟုတ်ဘူး၊ ဟိုပြဿနာ တစ်ခုတည်းကြောင့်ပဲ ဝင့်နွယ်ကော ကိုမြင့်ကော အမျိုးကိုချစ်တဲ့စိတ်တော့ ပြင်းထန်ကြတယ်၊ သမီးကို လူမျိုးခြားနဲ့ သွေးမနှောစေချင်တာ တစ်ခုတည်းနဲ့ သားနဲ့ကိစ္စကို သာတယ်နာတယ်မမှတ်ဘဲ စီစဉ်ခဲ့ကြတာ'

'ခက်တယ် မေမေ၊ မေမေတို့ပြောလိုက်ရင် အားလုံး အဆင်မပြေဖို့ ဘာမှမရှိတော့ဘူး၊ ဒါပေမဲ့ လက်တွေ့မှာ မလွယ်ဘူး၊ ကျွန်တော့်ဘက်က အမည်းစက်တွေက ဒီအတိုင်းကြီး ရှိနေသေးတာ၊ နောက်ထပ်အိမ်ထောင်ပြုဖို့ဆိုတာ တကယ်မလွယ်ဘူး၊ ဘယ်တုန်းကမှလည်း ကျွန်တော့်ခေါင်းထဲမှာ မရှိခဲ့ဘူး'

'အခု ရှိလိုက်ပါ သားရယ်၊ သားငြင်းမှာစိုးလို့သာ မပြော မဆိုစီစဉ်လိုက်တာကို တောင်းပန်ပါတယ်၊ ဖျက်ဖို့တော့မစဉ်းစားပါနဲ့'

'ကျွန်တော် စီးပွားရေးချဲ့ထွင်ဖို့ တစ်ခုမှ ခြေလှမ်းမစရသေးဘူး မေမေ'

'အဲဒါ အိမ်ထောင်ရေးနဲ့ မဆိုင်ပါဘူး သားရယ်၊ သားလည်း အရွယ် ထပ်မလွန်သင့်တော့ပါဘူး'

မေမေ့ကို သူဘယ်လိုနည်းနဲ့မှ ပြောလို့မရတော့တာကို နားလည်လိုက်သည်။ ဖေဖေ ဆုံးသွားခဲ့တာလည်း သူ၏ အိမ်ထောင်ရေးရှုပ်ထွေးမှုများကြောင့်ဖြစ်ရာ တကယ့်ကို ထပ်၍လည်း အတိုက်အခံ မပြောချင်တော့ပေ။

'ဘယ်လဲ သား'

'မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတာ ရှိလို့ပါ'

သူ ကုတ်အင်္ကျီထပ်ဝတ်၍ အပြင်ထွက်လာခဲ့မိသည်။ ထိုစဉ် အဝတ်သေတ္တာကို ဆွဲထွက်လာသည့် ငုဝါကလည်း သူမ၏ ကားလေးဆီသွားနေသည်။ ထွန်းဇော်ဦး ကားတံခါးကို ကိုင်လိုက်ပြီးမှ ငုဝါကို လှမ်းကြည့်ပြီး မျက်မှောင်ကုတ်သွားခဲ့၏။

ငုဝါ မျက်နှာလေးက နီရဲညိုပုတ်လျက် နှုတ်ခမ်းလေးကို ခပ်ဖိဖိကိုက်ထား၏။ သေတ္တာကို နောက်ခန်းထဲ ပစ်ထည့်လိုက်ပုံက ခြေင်သာ၊ တံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်၏။

'ငုဝါ … ငုဝါ … နေဦး'

ထွန်းဇော် တစ်စုံတစ်ရာကို နားလည်လိုက်ကာ ငုဝါဆီ ပြေးသွားရင်း တံခါးကို ဖမ်းဆွဲထားလိုက်သည်။

'ဘယ်သွားမလို့လဲ'

'ပြန်မယ်၊ ပြန်မလို့၊ ရှင်ဖယ်ပေးနော်'

အော်လိုက်တာပေမယ့် ငုဝါအသံလေးက တုန်ခါလျက် မျက်ရည်တွေ ဖိုးဖိုးပေါက်ပေါက်ကျလာကြ၏။

သေချာပါပြီ။ မေမေနဲ့သူ ပြောနေတာတွေ ငုဝါ ကြားသွားပြီ။

'ကိုယ် ရှင်းပြမယ် ငုဝါ၊ အဲဒီကိစ္စက …'

'မလိုဘူး၊ ရှင် လွှတ်လိုက်၊ ဘာမှထပ်မပြောနဲ့၊ ရှင်တစ်ခါ



ပြောရင် ငုဝါတစ်ခါ ရှက်ရမယ်၊ ရှင့်လိုပဲ ငုဝါကလည်း မာနကြီးတယ် သိလား၊ ရှင်ကတောင် ဆောရီးဆိုနိုင်ရင် ငုဝါက ရယ်လိုက်ဦးမယ်၊ ဒီမျက်ရည်တွေက ရှင့်ကို အသနားခံနေတယ်လို့တော့ မထင်လိုက်နဲ့'

'မထင်ဘူး၊ ကိုယ် အဲဒီလို အထင်လည်းမသေးတတ်ဘူး၊ ခင်း ကိုယ်ပြောချင်တဲ့အဓိပ္ပာယ်တွေကို မသိသေးလို့ပါ၊ အဲဒါ ကိုယ် ပြောပြချင်တယ်'

'မလိုတော့ဘူး၊ ငုဝါက ဒါဆို ဒါပဲ'

'ငုဝါ'

သူ့လက်ကို တအားပုတ်ချကာ ငုဝါကားပေါ် ခွတက်သည်။ သူ ကပ်နေလို့မရအောင် ကားကိုခပ်ကြမ်းကြမ်း မောင်းထွက်သွား၏။

'သား'

မေမေ တိုက်ထဲကနေ ပြေးထွက်လာသည်။ သူ ရုတ်တရက် ကျန်နေခဲ့ပြီးမှ ကားပေါ်ပြေးတက်ကာ …

'ကျွန်တော် လိုက်သွားမယ် မေမေ'

'ပါအောင် ပြန်ခေါ်ခဲ့နော် သား'

မေမေ လှမ်းပြောလိုက်သေးသည်။ လမ်းပေါ်မှာ ကားနှစ်စီးကြားက ခံလျက် ငုဝါကားလေးကို သူတောက်လျှောက် လိုက်ကပ်ခဲ့သည်။ ငုဝါကလည်း မြင်သည်။ ကားကို အခွင့်ရတိုင်း မျက်ခြည်ပြတ်ဖို့ ကြိုးစားနေ၏။ အံကြိတ်ထားရင်း မျက်ရည်တွေက ပြည့်တက်လာတတ်ကာ မျက်တောင်မခတ်မိအောင် တောင့်ခံထားပေမယ့်လည်း တလိမ့်လိမ့်ဆင်းကျလာခဲ့၏။

ဝမ်းနည်းကြေကွဲ၍ မဟုတ်ပါ။ မာနကြောင့် ဆတ်ဆတ်ခါနာကျင်သွားခဲ့သော ဒေါသကြောင့် စွန်းထင်းခဲ့ခြင်းဖြစ်သည်။

'မေမေရာ'

သူ့ထံမှ စိတ်ပျက်လက်ပျက်သံကြီးကို ခါးသီးစွာ ကြားနေမိဆဲ။ နောက်ထပ်အိမ်ထောင်ပြုဖို့ဆိုတာ တကယ်မလွယ်ဘူး။ ဘယ်ဟုန်းကမှလည်း ကျွန်တော် ခေါင်းထဲမှာ မရှိခဲ့ဘူး။

သူကမှား ငြင်းလိုက်တာ။ ရှင့်ထက်ပိုတာပေါ့ ထွန်းဇော်ဦး

ရယ်။ ကားကို အရှိန်မြှင့်လိုက်ရင်း နှုတ်ခမ်းက မဲ့ကျသွားသည်။ ယောက်ျားလေးဘက်က ခါးသီးစွာ ငြင်းပယ်ပစ်ခံလိုက်ရသည့် ရင်နာခြင်းမျိုး ပထမဆုံးခါးသီးစွာ ခံစားလိုက်ရဟန်ဖြစ်သည်။

သူမ ကားကို လမ်းကြောင်းလွှတ်သည်နှင့် အရှိန်ထပ်မြှင့်သည်။ ထိုအခါ ထွန်းဇော်ကလည်း ကြားခံနေသည့်ကားနှစ်စီးကို ပတ်ကွေ့ကာ သူမကားနောက်မှာ လာကပ်၏။

မီးပွိုင့်တစ်ခုမှ ရပ်လိုက်ပြီး လွှတ်သည်နှင့် ငုဝါကားကို လမ်းသွယ်တစ်ခုဘက်သို့ ကွေ့ဝင်လိုက်၏။ ထွန်းဇော်ဦးကားကို မိုက်တီမိုက်ကန်းကျော်ကပ်၍ သူမကား ကို ဘေးချင်းဆွဲချိတ်လိုက်၏။

'အို'

'ကျီး'

ငုဝါ ထိတ်ခနဲဖြစ်သွားကာ လမ်းဘေးကို ဆွဲကွေ့ပစ်လိုက်သည်။ ထွန်းဇော်၏ကားပါ ပူးကပ်လျက်ပါလာပြီး ကားနှစ်စီးသည် လမ်းဘေးကသစ်ပင်ကြီးတစ်ပင်ကို ဦးတိုက်ပြီးမှ ရပ်တန့်သွားခဲ့၏။

နောက်ထပ် တစ်ထောင်လောက်သာ. ရှေ့ထပ်တိုးမိခဲ့လျှင် ထွန်းဇော်၏ကားက ထိုအပင်ကြီးကို ပစ်ဆောင့်တော့မှာဖြစ်ပြီး ငုဝါ၏ ကားသည် ထိုနောက်ကအုတ်နံရံဆီသို့ ပြေးတိုက်သွားလိမ့်မည်။

ငုဝါ ချက်လုံးလေးပြူးကာ သတိဝင်လာတော့ ထွန်းဇော်ဦးက သူမဘေးကို ရောက်နေပြီဖြစ်၏။

'ငုဝါ… မင်း ထင်ရာတွေးပြီးလျှောက်မလုပ်နဲ့၊ ကိုယ်နဲ့ ပြန်လိုက်ခဲ့'

'မလိုက်ဘူး'

သူ တံခါးဆွဲဖွင့်တော့ ငုဝါလှမ်းပိတ်ပေမယ့် မမီတော့။ ထွန်းဇော်က ကားထဲဝင်ထိုင်ပစ်လိုက်ပြီး ငုဝါပါးပြင်ထက်က သွေ့စပြနေပြီဖြစ်သော မျက်ရည်စတို့ကိုကော ကော့ညွှတ်သည့်မျက်တောင်များတို့မှာ စိုကပ်နေဆဲ မျက်ရည်တွေကိုပါ စူးစိုက်ကြည့်၏။

'ကိုယ်ပြောနေတာကို မင်းအားလုံးမကြားဘဲ ဘာဖြစ်လို့ ထင်ရာတွေးနေတာလဲ'

'ကိုထွန်းဇော်ဦး ရှင်ပြောတိုင်း ကျွန်မသိကာ မာနကို ပါးပါး



လှီးနေသလိုပဲနော်၊ မပြောနဲ့၊ ရှင် အခုဆင်းသွား၊ သွား…'

ပြောနေရင်း ဒေါသမထိန်းနိုင်ဖြစ်ကာ ဒက်ရှ်ဘုတ်ပေါ်က ပိုက်ဆံအိတ်ရှည်ကို ဆွဲယူ၍ သူ့ကို ရိုက်ပုတ်တော့သည်။

'ကိုယ် မင်းပါမှ သွားမှာ'

သူ ငုဝါလက်ကလေးကို သေချာဖိချုပ်ထားလိုက်ပြီးမှ…

'ကိုယ့်ဘဝမှာ အမည်းစက်တွေ အများကြီးရှိခဲ့ဖူးတယ်၊ ကိုယ်နဲ့ ပတ်သက်ခဲ့တဲ့ မိန်းမတိုင်း သေကုန်ကြတယ်၊ နောက်ထပ် မိန်းမယူရင်လည်း သေမှာပဲလို့ အများအပြောခံနေရတဲ့လူ၊ နောက်ထပ်လည်း ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးလို့ ကိုယ် တကယ်ဆုံးဖြတ်ခဲ့တာ၊ အခု ချက်ချင်းကြီးသိလိုက်ရတော့ ကိုယ်လက်ထပ်ရမယ့် မိန်းကလေးက မင်းဖြစ်နေခဲ့တယ်'

စူးစူးရဲရဲ ကြည့်နေသည့် ငုဝါမျက်ဝန်းလေးတွေကို သူ ပြန်ကြည့်သည်။ ရှန်းထွက်ရန် အဆင်သင့် ဆုတ်ကျစ်အားယူထားသည့် လက်ကလေးနှစ်ဖက်ကို လက်ကောက်ဝတ်မှ ဖိဆုပ်ထားရ၏။

'ကိုယ်တကယ် မညာပါဘူး၊ ပထမဆုံးချစ်သူဆုံးသွားခဲ့ပြီး တကယ့်လက်ထပ်ခဲ့ရသမျှ မိန်းကလေးတွေဟာ ကိုယ့်ဆန္ဒနဲ့ တပ်မက်မှုကြောင့်မဟုတ်ခဲ့ဘူး၊ ဒါပေမဲ့ သူတို့ ကိုယ်ကြောင့် ဖြစ်ကုန်ကြတာကို ကိုယ်တကယ်ခံစားခဲ့ရတယ်၊ အခုမင်းကို လက်မထပ်ချင်တာက စေတနာတွေပါ၊ မင်းဟာ ကိုယ့်ရင်ထဲမှာ ဟိုးတုန်းကတည်းက ရင်းနှီးခဲ့ပြီးသား၊ မင်းဘဝက သိပ်ကို နုသစ်ပါတယ်၊ ကိုယ်နဲ့မတန်ပါဘူး၊ မင်းထိခိုက်မှာစိုးလို့ ကိုယ်ငြင်းနေတာ'

'မေမေ ပြောနေတဲ့အချိန်မှာပဲ ကိုယ် အိမ်ထောင်ရေးအကြောင်းတွေ မင်းကို သေချာပြောပြပြီး လက်မခံနိုင်ရင် နောက်ဆုတ်၊ လက်ခံမယ်ဆိုမှ လက်ထပ်မယ်လို့ ကိုယ်ဆုံးဖြတ်ခဲ့တယ်၊ အဲဒါ ကိုယ့်ဘက်က ဘာကိုမှ ဖုံးဖိမထားခဲ့ချင်တာ သက်သက်ပဲ၊ အိမ်ထောင်ကျခဲ့ဖူးတယ်ဆိုတာ သိရုံနဲ့ မလုံလောက်ဘူးလို့ ကိုယ်ထင်တယ်၊ အခု ကိုယ်ပြောပြီးပြီ၊ မင်း ဘယ်လိုဆုံးဖြတ်မလဲ'

'ဘာအကြောင်းနဲ့မှ လက်ထပ်ဖို့ စိတ်မကူးဘူး၊ ရှင် အခုဆင်းသွား'

'ကိုယ်ပြောတာကို ခုမှသိရလို့ ကြောက်သွားတာလား၊ ကိုယ့်စကားတွေကို မယုံလို့ ခုနက ကိစ္စကို အစာမကျေတာလား'

'ဘာပဲဖြစ်ဖြစ် ရှင့်ကို မယူဘူးလို့ ပြောပြီးပြီပဲ'

'ဒါပေမဲ့ စေ့စပ်ပြီးနေပြီဆိုတော့ ကိုယ့်ဘက်က ပြောခွင့်နည်းနည်း ရှိတယ်၊ အခုလောလောဆယ် ကိုယ်နဲ့ ပြန်လိုက်ခဲ့ပါ'

'မလိုက်ဘူး'

ငုဝါက လက်ကို အတင်းရုန်းနေ၏။ သူကလည်း မလွှတ်။ လက်ကောက်ဝတ်လေးမှာ နီရဲညိုတက်လာ၏။

'မင်းဘယ်ကိုသွားမှာလဲ ငုဝါရယ်၊ မင်း ဒယ်ဒီလည်း စက်ဘုကို သွားနေတယ်၊ မင်္ဂလာရက်ကျမှ ပြန်လာမှာဆို၊ မင်းရဲ့မာမီလည်း မန္တလေးပြန်သွားပြီ'

'ဒါ··· ရှင့်ပူဖို့မလိုပါဘူး'

'ထားပါတော့၊ မေမေကတော့ တံခါးဝဆီ ပြေးလိုက်ပြီးမှာရှာတယ်၊ မင်းပါမသွားလို့မဖြစ်ဘူး။ ပြန်လိုက်ခဲ့ပါ၊ မင်းမကျေနပ်ရင် ကိုယ်က ခွတ်လက်မထပ်ပါဘူး၊ မင်းစိတ်တိုင်းကျ ဖြစ်ရမယ်၊ ဘယ်လိုလဲ'

ငုဝါ အံကြိတ်နေသည်။ သူက ရူးစိုက်ကြည့်နေ၏။ နှစ်ဦး၏ မာနနှင့် ပူပန်မှုများ ကြားမှာ စည်းတစ်ဖက်ခြားလျက် ရှိလေသည်။

~~~

## အခန်း (၂၁)

အစကတည်းက နာခံခဲ့ပြီးသား ကိစ္စမို့ လူကြီးတွေက စီစဉ်ထားပြီးသည့်အတိုင်း မဖြစ်မနေ စီစဉ်ခဲ့ကြသည်။ သူ ငုဝါမျက်နှာကို တကြည့်ကြည့်နှင့် ရှိနေသလောက် ငုဝါ သူ့ကိုဘယ်တော့မှ ကျေနပ်မှာ မဟုတ်ပါ။

သူပြောသည့်အကြောင်းတွေဟာ တကယ်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ငုဝါကို လက်မထပ်နိုင်ပါဟု ပြောခဲ့တာကတော့ အမှန်ပဲဖြစ်သည်။

လူမျိုးခြားပဲဖြစ်ဖြစ်၊ ဘာသာခြားပဲဖြစ်ဖြစ် ယူလိုက်တော့ ဘာဖြစ်လဲ။ ဒီလူကို တမင်ရွဲ့ပြီးယူပြလိုက်ချင်သည်။ ဒယ်ဒီက လုံးဝ လက်မခံပါ၊

မာမီက သူသဘောတူသော လူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်နေပြီဆိုကတည်းက ငုဝါ စိတ်ညစ်သွားခဲ့သည်။ ဒယ်ဒီ ရှေ့မှာပဲ ညည်းခဲ့ဖူး၏။ ဒယ်ဒီက···

'သမီးမာမီ စီစဉ်တာကို နာခံရမယ် သမီး၊ သမီးမာမီနဲ့ ဒယ်ဒီက ကွဲကွာနေကြပေမယ့် မုန်းကြလို့မဟုတ်ဘူး၊ မာနတွေနဲ့ တင်းခံနေကြတာ၊ ဟိုတုန်းကတည်းက ကိုယ်ယုံကြည်ချက်နဲ့ကိုယ်၊ ဘယ်တုန်းကမှ တွေဝေဟတ်ခဲ့ကြတာမဟုတ်ဘူး၊ သူကောင်းမယ်ထင်လို့ စီစဉ်တာ မမှားနိုင်ဘူးလို့ ဒယ်ဒီ ယုံတယ်၊ သမီးနာခံလိုက်ပါ၊ ဒယ်ဒီသမီးကို နိုင်ငံရပ်ခြားကသွေးနဲ့ ရောနှောမခံနိုင်ဘူး၊ ငြင်းဖို့
~~~

လည်းခက်နေပြီ၊ သူ သမီးကို သိပ်ကိုသဘောကျနေတာ၊ အချိန်နည်းနည်းမှ ဆိုင်းလို့ကို မရတော့ဘူး၊ သမီးမာမီ စီစဉ်လိုက်တဲ့အသံကို နားစွင့်ပြီးမှ ဒယ်ဒီငြင်းလို့ရမှာ'

အဖြစ်က ဒါပါပဲ။ သူမ ရင်ထဲမှာ ထွန်းဇော်ဦး အပေါ် မကျေနပ်၍ ငြင်းနေသည့်အကြောင်းတွေကို မာမီ လုံးဝခေါင်းထဲ မထည့်ခဲ့ပေ။

ငြင်းမိကာမှ ချက်ချင်း လက်ထပ်ပေးတော့သည်။ ဒယ်ဒီတောင် ရောက်မလာနိုင်တော့အောင် အလောသုံးဆယ်ကြီး ဖြစ်၏။

'သမီးက မခိုက်ပေမယ့် သိပ်မလိမ္မာဘူး၊ ကြာကြာအချိန်မဆွဲသင့်ဘူးလို့ ထင်လို့ မာမီစီစဉ်ရတာ၊ ကိုယ်ကတော့ သားသမီးကို ယုံပြီး လင်နောက်လိုက်ပြေးမှ ရင်ဘက်တုင်ရတဲ့ အမေမျိုး မာမီ မဖြစ်ချင်ဘူး သမီး၊ သမီး အဲဒီလိုလုပ်သွားကြည့်'

မာမီကြိမ်းလိုက်တာ တစ်ခွန်းတည်း။ ငုဝါအတွက်ကတော့ ကြိုးတုတ်ခံလိုက်ရသလိုပဲဖြစ်၏။

'ငုဝါ… ရေချိုးလိုက်ပါလား၊ လန်းဆန်းသွားတာပေါ့'

'မချိုးချင်ဘူး'

သူရေချိုးပြီး အခန်းထဲဝင်လာတော့ ငုဝါ မှန်တင်ခုံရှေ့ကနေ ဖျတ်ခနဲထသည်။ အဖြူရောင် ခါးစည်းလက်စည်း ဂါဝန်ပွပွလေးနှင့် ဆံပင်တွေဖားလျားဖြန့်ချထားသည်၊ ငုဝါသည် အိပ်ရာဝင် ညအိပ်ဂါဝန်လေးနှင့်ပေမယ့် စနိုးဝိုက်ရုပ်လေးလို လှနေသည်။ နူထွက်သန့်စင်နေသည်၊ သို့သော် စူတင်းနေမြဲရှိသည့် မျက်နှာလေးကတော့ တစ်ချက်မှ မလျော့သေး။

'ငုဝါ'

သူ ငုဝါလက်ကလေးကို ဆုပ်ကိုင်ကိုင်မိသည်။ ငုဝါက စတင်၍ မျက်နှာလွှဲပစ်ကာ နှုတ်ခမ်းကို သိသာအောင် စေ့ပိတ်ထား၏။ ထွန်းဇော်ဦး ပင့်သက်ရှိုက်မိရင်း ငုဝါမျက်နှာလေးကို အတင်းအကျပ် သူ့ဘက်ဆွဲလှည့်ယူလိုက်သည်။

'ငုဝါ ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလား'

ငုဝါက နှုတ်ခမ်းလေးမဲ့၍ ရန်လိုကြည့်နှင့်ကြည့်သည်။



'မဆိုးပါဘူး၊ ဆိုးလို့လည်း မရတော့ဘူးလေ၊ ရှင်နိုင်တာပဲဟာ၊ ငုဝါက ရှင်နဲ့လက်ထပ်နိုင်ဖို့ အသေအလဲကြိုးစားခဲ့ရတဲ့မိန်းမ'

'ကျွတ်'

သူ ငုဝါကိုယ်လေးကို ခပ်ကြမ်းကြမ်းဆွဲဖက်ပစ်လိုက်ကာ…

'အဲဒီလောက် ရန်မလိုပါနဲ့ ငုဝါရယ်၊ ကိုယ်ရှင်းပြပြီးပြီ၊ ထပ်ပြီးတော့လည်း တောင်းပန်တယ်၊ ကိုယ်လေ လက်ထပ်ဖူးပေမယ့် ခုလို ပွဲဖက်ပတ်သက်ဖို့ မပြောနဲ့ မိန်းမတစ်ယောက်နဲ့ တစ်ခန်းတည်း နှစ်ယောက်အတူ တစ်နာရီပြည့်အောင်တောင် မနေခဲ့ဖူးဘူး'

ငုဝါက မဲ့ပြုံးသည်။ သူ နာကျင်သွားမိ၏။ မယုံနိုင်ဘူးဆိုတာကိုလည်း သိပြီးသားပါ။ ဒါပေမဲ့ သူ့ဘက်က မှားယွင်းခဲ့တာ ဘာမှမရှိ။

'မင်းကို ယုံပါလို့ ကိုယ်မပြောပါဘူး၊ ဒါပေမဲ့ ကိုယ်ဟာ သွေးဆာတတ်တဲ့ယောကျ်ားမဟုတ်ဘူး၊ ချစ်တဲ့စိတ်နဲ့ မဟုတ်ဘဲ ဘယ်မိန်းမကိုမှလည်း သာယာပျော်ဝင်ခဲ့တာ မရှိခဲ့ဘူး၊ ဒါပေမဲ့ ကိုယ်မင်းကို မြင်မြင်ချင်းပဲ စိတ်ဝင်စားခဲ့တယ်၊ လက်ထပ်ဖို့ဖြစ်လာတော့ လက်ခံတဲ့စိတ်ကချက်ချင်းဖြစ်ခဲ့တယ်၊ ငြင်းခဲ့တာက ရှေ့က ဖြစ်ပျက်သွားကြသလို မင်း ထိခိုက်မှာ စိုးလို့ပါ'

သူ ငုဝါပခုံးလေးကို ခပ်ဖိဖိဆုပ်၍…

'မင်းကို ကိုယ်ချစ်တယ်'

'ငုဝါ ဘယ်တော့မှ မချစ်ဘူး၊ သိစေချင်လို့'

သူ မချိတရိပြုံးမိသည်။

'နောက်တော့ချစ်လာမှာပါ၊ ကိုယ့်စကားတွေအပေါ် စိတ်ကောက်ပြေတော့နော်'

သူ ငုဝါမျက်နှာလေးကို နမ်းဖို့ငုံ့လာ၏။ ငုဝါ ရှောင်တိမ်းပစ်ကာ…

'ရှင့်ကို မေးစရာရှိတယ်'

'မေးလေ ဘာလဲ'

'နွယ်သာကြီးခြံကို ငုဝါသွားကြည့်ချင်တယ်'

'ဘယ်လို'

ဖက်ထားသည့်လက်တို့ အထိတ်တလန့် ပြေကျသွား၏။

'နွယ်သာကီခြံကို ဟုတ်လား'

'ဟုတ်တယ်၊ အဲဒီမှာ မိန်းမနှစ်ယောက်သေခဲ့တယ်ဆိုတဲ့ အဖြစ်က စိတ်ဝင်စားဖို့ကောင်းနေလို့၊ ငွေဝါ မကြောက်တတ်ဘူး၊ ရှင် လိုက်ပို့မှာလား'

'မပို့နိုင်ဘူး၊ မင်း မသွားရဘူး ငွေဝါ၊ အခု အဲဒီခြံဟာ နွယ်သာကီလည်း မဟုတ်တော့ဘူး၊ ဆိုင်းဘုတ်ကို ဖြုတ်ချလိုက်ပြီးပြီ၊ ရောင်းဖို့စီစဉ်ထားတာတောင် ဒီနေ့ထိမထွက်ဘူး၊ မင်း အဲဒီလိုနေရာမျိုးကိုမှ ဘာဖြစ်လို့ သွားချင်ရတာလဲ၊ ဖြစ်ခဲ့သမျှတွေဟာ လူကြောင့်ပဲဖြစ်ဖြစ် ဝိညာဉ်ကြောင့်ပဲဖြစ်ဖြစ် ဘာကြောင့်ဖြစ်ဖြစ်ကွာ ယုံကြည်တာ မယုံကြည်တာတွေနဲ့လည်း မဆိုင်ဘူး။ မင်းကိုတော့ ကိုယ် သွားခွင့်မပြုနိုင်တာ အမှန်ပဲ၊ ကိုယ် မပေးနိုင်တာကို မတောင်းဆိုပါနဲ့ ငွေဝါရယ်၊ ဒီတစ်ခါ ကိုယ့်ဘဝရဲ့ပထမဆုံးနဲ့ နောက်ဆုံးချစ်ခြင်းပဲ၊ မင်းကို ဆုံးရှုံးမခံနိုင်ဘူး၊ မင်းကို ဘာမှ ဖြစ်ခွင့်မပေးနိုင်ဘူး'

သူ ငွေဝါကို တင်းကျပ်စွာဖက်ထားရင်း အရူးတစ်ယောက်လို ပြောနေမိသည်။ လွန်ခဲ့သောကာလများဟာ မနေ့တစ်နေ့ကလို ရင်ထဲမှာ တလှပ်လှပ်တုန်ခါလာစေခဲ့၏။

ငွေဝါကိုတော့ သူ လေဟာပ်တာလေးလောက်တောင် မခံနိုင်ပါလား။ သေချာပါသည်။ ငွေဝါကို သူ အသည်းနှင့်အောင်ချစ်ခဲ့ပြီ။

~~~

# အခန်း (၂၂)

လုပ်ငန်းအတွက် ကြော်ငြာကိစ္စများ ဆွေးနွေးပြီး တာဝန်လွှဲသင့်သည့်လူတွေကို အသီးသီးတာဝန်ခွဲပေးလိုက်သည်။

သူတို့၏ ပြဿနာ လက်ရှိလုပ်ငန်းအခြေအနေတွေကို စုသိမ်းကာ ဆွေးနွေးပွဲပြီးတော့ ခေါင်းတွေမူးနောက်လာသည်။

'စန်းမောင်'

'ဗျာ… အစ်ကိုလေး'

'သံပုရာချဉ်ချဉ်တစ်ခွက်လောက် သွားယူကွာ၊ မြန်မြန်လာခဲ့'

'ဟုတ်ကဲ့ အစ်ကိုလေး'

သူ နားခန်းထဲဝင်ကာ မျက်လုံးတွေကို မှေးစင်းရင်း မူးနောက်နေတာကို ပြေဖျောက်ဖို့ ကြိုးစားနေမိ၏။ တအောင့်ကြာလျှင် ညှိသည်တွေ ရောက်လာတော့မည်။

ဘီယာလေးတစ်ကျိုက်နှစ်ကျိုက်နှင့် အတော်ကြီးမူးနေသည့် ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်မိသည်။ ဘီယာလောက်ကတော့ စားသောက်ပွဲတွေတက်တိုင်း မိတ်ဆွေအပေါင်းအသင်းတို့နှင့် ဆုံဖြစ်တိုင်း သူသောက်ဖူးခဲ့သည်။

ခုကျမှ မဟုတ်တရုတ်လေးနှင့် မူးနောက်နေတာက ထူးဆန်းနေ၏။ သူ အသာလေးမှိတ်နေရင်း စန်းမောင်ကို စောင့်နေမိသည်။

'...............'
~~~

ခေါ်သံက အေးစက်ခက်ထန်နေသည်။ သူ မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်ကာ လှမ်းကြည့်လိုက်မိ၏။

‘ဟင်… သာကီ’

သူ့တစ်ကိုယ်လုံး တောင့်တင်းသွား၏။ သာကီကို မြင်လိုက်ရ၍မဟုတ်ပါ။ သူမလက်ထဲမှာ နောက်ပြန်လေး ချုပ်ဖက်ခံထားရသည့် ငုဝါကို တွေ့လိုက်ခြင်းကြောင့် ဖြစ်သည်။

‘မင်း… မင်း ငုဝါကိုလွှတ်လိုက်ပါ၊ လွှတ်လိုက်ပါ သာကီ’

‘မလွှတ်ဘူး၊ သူ့ကိုချစ်နေတယ် မဟုတ်လား၊ မချစ်ရဘူး အစ်ကို၊ အစ်ကို့ရင်ခွင်ထဲမှာ ဘယ်မိန်းမမှ ရှိခွင့်မပေးနိုင်ဘူး’

သာကီသည် ခက်ထန်စွာပြောနေသော်လည်း မျက်ရည်တွေ စီးကျလာလျက်…

‘အစ်ကိုရယ်… သာကီ့ကို အစ်ကိုမချစ်တော့ဘူးလားဟင်၊ သာကီ့ကို အစ်ကို မသနားတော့ဘူးလား၊ နွယ်သာကီခြံကို အစ်ကို ပြန်လာခဲ့ပါနော်၊ သာကီချစ်တဲ့ သင်္ကေတအဖြစ် နွယ်သာကီဆိုတဲ့ ဆိုင်းဘုတ်ကို ပြန်တပ်ပေးပါ၊ အစ်ကိုနဲ့ သာကီ အဲဒီမှာ နှစ်ယောက်တည်းနေကြရအောင်၊ အစ်ကို ပြန်လာခဲ့နော်’

‘အဓိပ္ပာယ်မရှိတာ သာကီ၊ မင်းနဲ့ငါ့ဘဝ ခြားသွားပြီပဲ၊ ကြာလည်းကြာပြီကွာ၊ မင်းအစွဲအလမ်းတွေကို ဖြတ်လိုက်ပါ၊ ငုဝါကို လွှတ်လိုက်ပါ’

‘ရက်စက်လိုက်တာ အစ်ကိုရယ်’

ငိုညည်းသလိုဆို၍ အေးခက်ရူးလက်သွားသော သာကီမျက်ဝန်းတွေကိုမြင်လျှင် သူ ငုဝါအတွက် စိုးရိမ်ကာ နေရာမှ ဝုန်းခနဲ ထလိုက်မသိသည်။ သာကီက တံခါးဝမှ နေ၍ နောက်ပြန်ဆုတ်သည်။

‘မလုပ်နဲ့၊ ခေါ်မသွားနဲ့လေ၊ ငုဝါကိုလွှတ်လိုက်ပါ၊ ကိုယ် တောင်းပန်ပါတယ် သာကီ’

‘မလွှတ်ဘူး၊ သတ်ပစ်မှာ၊ အကုန်လုံးကိုသတ်မှာ၊ သာကီ ပြောပြီးသားပါ၊ အစ်ကိုမချစ်တော့ရင် အစ်ကို့ကိုပါ သတ်မှာပဲ’

‘ဟင်…. မင်း…’

သူ့ရှေ့တိုးလေ နွယ်သာကီက ဆုတ်၏။ လည်ပင်းကို လက်



နှင့်ဖိချုပ်ခံထားရသည့် ငုဝါမျက်နှာလေး ရှုံ့မဲ့ကာ နွယ်သာကီ ဆုတ်သွားသည့်နောက်သို့ ပါနေရရှာ၏။

‘သာကီ မဆုတ်နဲ့တော့၊ နောက်မှာ လှေခါး’

‘ကောင်းတယ်လေ၊ သူ့ကိုရောချပစ်လိုက်ရုံပေါ့’

‘မလုပ်နဲ့ သာကီ၊ မလုပ်နဲ့၊ ငုဝါ…’

သာကီ ငုဝါကို တကယ်ဆွဲချပစ်လိုက်၏။ သူ တအားအော်၍ ငုဝါကို ပြေးဆွဲလိုက်မိသည်။

‘ဟင်’

သူတစ်ယောက်တည်းပါလား။ ပြီးတော့ အိမ်မှာမဟုတ်။ ကုမ္ပဏီက နားနေခန်းထဲမှာပဲ။ သူ အိပ်ပျော်သွားတာမဟုတ်ဘဲ ဘာဖြစ်သွားတာလဲ။ လည်ပင်းမှာ ချွေးတွေ စိုစွတ်နေသည်။ ရှေ့မှာက သံပုရာရည်ဖန်ခွက်က ငြိမ်သက်စွာ ရှိနေသည်။

ဧန်းမောင် သူ အိပ်နေ၍ ထားပေးသွားတာဖြစ်မည်။ စိတ်အိုက်လှုအိုက်နှင့် သံပရာရည်ကို တစ်ဝက်ခန့်ကျသွားအောင် သောက်လိုက်ပြီး နေရာမှထ၏။ ဟမ်းဖုန်းကိုထုတ်ကာ ပြတင်းပေါက်နားမှာ ရပ်လိုက်ပြီး တံခါးတစ်ချပ်လှပ်လိုက်သည်။

‘ဟဲလို’

ငုဝါ၏ထူးသံလေးကြားလိုက်ရမှ သူ့စိတ်ထဲမှာပေါ့ပါးသွား၏။

‘ငုဝါ… ငုဝါ… ဘာလုပ်နေလဲဟင်’

‘စာဖတ်နေတယ်’

‘အိမ်မှာ မေမေရှိလား’

‘ရှိတယ်’

‘ခဏခေါ်ပေးကွာ’

သူ တအောင့်စောင့်ရသည်။ ပြီးတော့ မေမေ့အသံကို ကြားလိုက်ရ၏။

‘သား… မေမေ့ကို ပြောစရာရှိလို့လား’

‘မေမေ’

‘ပြောလေ သား’

‘ဟို… ငုဝါကိုလေ ငုဝါကို ဘယ်မှမသွားလာပါစေနဲ့နော်၊

မေမေ ဂရုစိုက်ပေးပါ၊ သွားဖို့ရှိရင်လည်း ကျွန်တော့်ကိုပြောပါ'

'အေးပါ သားရယ်'

မေမေ့အသံက ရယ်သံသွဲ့သွဲ့ပါနေသည်။

'ပေးစားမယ်ဆိုတုန်းကတော့ ငြင်းလိုက်တာ၊ ခုကျမှ' ဆိုသည့် အပြုံးတစ်မျိုး မေမေ ပြုံးနေပါလိမ့်မည်။

ဒါပေမဲ့ သူ မတတ်နိုင်။ ငုဝါ့အတွက်ပဲ သူနေ့စဉ်နှင့်အမျှ ပူနေရသည်။ ထားခဲ့ရတာလည်း စိတ်မချ။ အဝေးရောက်နေလည်း သတိရ စိတ်မချ။ နွယ်သာကီကို သွားချင်သည်ဟု ပြောဖူးတော့ ပို၍ စိုးရိမ်နေမိသည်။ မတော်လို့များ စွတ်ခနဲထွက်ချသွားလျှင် မခက်ဘူးလား။ ခြံစောင့်ကြီးကိုလည်း သတိပေးထားဦးမှဖြစ်မည်။

နွယ်သာကီမှာ လူမနေတော့ပေမယ့် ပြန်ရောင်းသည့်အခါ ခြံနွယ်ပိတ်ပေါင်းများနှင့် အကျည်းမတန်ရအောင် ခြံစောင့်ကြီးကိုတော့ အဲဒီမှာပဲ ဆက်၍ စောင့်ရှောက်စေခဲ့၏။ နွယ်သာကီဟာ လှပနေဆဲ စိုပြည်နေဆဲသာ။ ဒါပေမဲ့ ထိုနေရာဟာ မသွားအပ်တော့သည့်နေရာ။ မဆိုင်ပါဘူးဆိုသည့် မယုံကြည်မှုများနှင့် သူခုံမင်ခွာနေထိုင်ခဲ့ဖူးသော်လည်း ဒွေးဒွေး၏ အဖြစ်ဆိုးတို့ကို မြင်လိုက်ခဲ့ပြီးသည့်နောက်မှာ သူ့ရင်ထဲမှာ ခါးသီးသွားခဲ့သည်။ ကြောက်ရွံ့တာမဟုတ်ဘဲ နာကြည်းသွားခဲ့တာ ဖြစ်၏။

ချစ်ခဲ့ဖူးတာက သပ်သပ်။ နာကျည်းသွားတာက သပ်သပ်။ ဒါတွေဟာ နွယ်သာကီနှင့်နေမှ ဤဖြစ်ပွယ်တွေ အများကြီးတွေ့လာခဲ့တော့ သူ သာကီကိုပါ စိတ်နာလာခဲ့၏။ ဘဝချင်းတူတော့တာမဟုတ်ဘဲ ဘာဖြစ်လို့ မဆီမဆိုင် လိုက်ပြီး ဒုက္ခပေးခဲ့တာလဲ။ ထို့ကြောင့် သူ နွယ်သာကီနာမည်တပ်ထားသည့် ခြံကလေးကို ခွန့်ခွာသွားခဲ့တာဖြစ်သည်၊ ခြံကိုသာမက ရင်ထဲက နွယ်သာကီကိုပါ မေ့ပစ်နိုင်ခဲ့သည်။ အတိတ်ကို သတိရမိတိုင်း သေဆုံးခဲ့ကြသူတွေကို စာနာသနားခဲ့တိုင်း သူမကို နာကြည်းစွာ သတိရခဲ့သည်။

နိုင်ငံခြားမှာလည်း သူ သတိရ။ ပြန်လာတော့လည်းမေ့နေခဲ့ပြီးမှ ဒီနေ့ထုးဆန်းစွာ အိပ်မက်ထဲ ပြန်ရောက်လာသည်။

'သူမသေက်ထဲမှာ ငုဝါကို ချုပ်ထားလျက်'



သူမ တကယ်ပဲ ခိုတွယ်တည်ရှိနေဆဲလား။

ဒုက္ခပေးဖို့တွေ တကယ်ပဲ ကြံစည်နေပြီလား။

ငုဝါရယ် မင်းကို ကိုယ်ဘယ်လိုမှ စိတ်မချတော့ဘူး။ အဲဒါ မင်းနားမလည်ဘူးကွ။

ရင်ထဲမှာနင့်နေအောင် ခံစားနေရသည်။ မိန်းမနှစ်ယောက်ရခဲ့ဖူးသော ရင်ခွင်ဟာ နုသစ်လျက်ပါဆိုတာကို ယုံမည့်သူမရှိ။

သူ့နှုတ်ဖျားက ခုမှချစ်တတ်ပါသည်ပြောလျှင်တော့ ဘယ်သူယုံမှာလဲ။ ငုဝါကတော့ မဲ့ရှုပင် လှောင်ခဲ့ပါသေးသည်။ စိတ်ပူလို့ ဖုန်းဆက်တော့လည်း စိတ်မရှည်သလိုလို။ မျက်နှာချင်းဆိုင်တိုင်း စကားကောင်းပြောလို့မရ။

မှားယွင်းခဲ့သော သူ့စကားတစ်ခွန်းအပေါ် ငုဝါ ဒီလောက်ထိမှတ်သားခဲ့သလား။ ဒါဟာ ချစ်လို့ပါဟု ပြောလည်းမယုံ။ စေတနာတွေပါ စိုးရိမ်လို့ပါ ဘယ်လိုပြောပြော ငုဝါက ဂရုမစိုက်။ တမင်ရွဲ့နေတာလား။ တကယ်ပဲ သူ့ကို မုန်းနေတာလား။

အချစ်ကိုရှောင်ရှားချင်လို့ တောက်လျှောက်မာနကြီးကြီးနေခဲ့သမျှ ငုဝါနဲ့ကျမှ သူ့မှာ အလဲလဲအကွဲကွဲ။

ခုတော့ မလိုချင်ခဲ့သော ချစ်တတ်သည့်စိတ်တွေ ရင်ထဲမှာ ပြည့်ကျပ်ကာ တစ်ဖက်သတ်ချစ်ခြင်းဖြင့် သူကသာ ပေးဆပ်သွားရတော့မည်။ သို့သော် သူ ဒါကို ကျေကျေနပ်နပ် ခါးစည်းခံဖို့ အဆင်သင့် ဖြစ်နေခဲ့၏။

## အခန်း (၂၃)

သူ ကုမ္ပဏီကအပြန် နောက်ကျသွားသည်။ ကားပေါ်ကဆင်း လိုက်ကတည်းက ညှော်ခန်းမှာသာ ဒီအချိန်ဆို အများအားဖြင့် ထိုင်နေတတ်သည့် မေမေ့ကို မတွေ့ရ။

'မေမေ'

အထဲမှာ ဘယ်သူမှမရှိပါလား။

'ငုဝါ'

သူ မျက်နှာပျက်သွားသည်။ အိတ်ကို ရိုးကော့စ်ပေါ် ဒီအတိုင်း တင်ထားလိုက်ပြီး အပေါ်ထပ်ပြေးတက်ခဲ့၏။ မှောင်ရီပျိုးစအချိန်။

ငုဝါ ဘယ်သွားနေသလဲ။ အခန်းတံခါးက ပိတ်မထားပါ။ သူ တွန်းဖွင့်လိုက်တော့လည်း အထဲမှာ မရှိ။

'ငုဝါ… ငုဝါ… ဘယ်မှာလဲ'

သူ ခေါင်းရင်းပြတင်းပေါက်ဆီ ပြေးသွားကာ ခြံထဲကို ငုံ၍ ရှာကြည့်မိသည်။

ဘေးကလူတွေမြင်လျှင် သူ့ကို ရယ်ကြမည်လား။ သူ့အဖြစ်က သက်ချင်းဘွဲ့ထားလျက်နှင့် လက်တွဲဖြုတ်သွားသည့် ရှင်သွေးငယ်



ကို လူအုပ်ထဲမှာ တိုးဝှေ့ရှာဖွေနေသလို။ ဒါဟာ လူစည်ကားသည့် ပွဲဈေးတန်းလည်းမဟုတ်။ ငုဝါကလည်း လူမမယ်ကလေးမဟုတ်ဘဲ နှင့်…

'ငုဝါ'

သူ ဘာကိုမှ ဂရုမစိုက်၊ အိမ်ပေါ်ထပ်မှာ ခေါ်လည်းခေါ် အခန်းရှိသမျှ ဝင်ရှာ၊ မတွေ့တော့ ပြေးဆင်းလာခဲ့မိပြန်သည်။

ဒီနေ့ လပြည့်နေ့။

ရင်ထဲမှာ တိုက်ဆိုင်မှုများစွာ တူညီနေခဲ့သည့် လပြည့်ည။ လပြည့်ညတိုင်းမှာ ဖြစ်သွားခဲ့သည့် သွေးကွက်များကို သတိရလာခဲ့၏။ နွယ်သာကီမှ စခဲ့သော လပြည့်ည။ သက်သင်ခင် သေဆုံးခဲ့တာ လပြည့်ည။ ဒွေးဒွေးအဖြစ်ဆိုးသွားခဲ့တာလည်း လပြည့်ညပဲဖြစ်သည်။ ဒါတွေဟာ ဘာဖြစ်လို့ တူညီစွာ တိုက်ဆိုင်နေခဲ့တာလဲ။

လပြည့်ညမှာ ငုဝါကို မတွေ့ရသော အဖြစ်မှာ သူ့ရင်ထဲမှာ ဆောက်တည်ရာမဲ့သွားသည်။ မနက်ကပဲ သူ မသွားခင် သူမ၏ သူငယ်ချင်းအိမ်မှာ မုန့်လုပ်စားကြဖို့ သွားမည်ဟု ငုဝါမေမေ့ဆီမှာ ခွင့်တောင်းနေတာကြားလို့ သူ တားခဲ့မိသည်။

'ဘာမုန့် လုပ်စားမှာမို့လို့လဲကွာ၊ ဒီမှာကြိုက်တာလုပ်စားလို့ ရတာပဲ၊ မသွားနဲ့'

'ဟုတ်ပါတယ် သမီးရယ်နော်၊ သမီးဘာစားချင်လဲ မေမေ လုပ်ကျွေးမယ်'

မေမေကပါ ချော့မော့ပြောပေမယ့် ငုဝါမျက်နှာ ညှိုးရော်ခဲ့သည်။ နဂိုကတည်းက စကားပြောရှုံမရသော ငုဝါက သူ့ကုမ္ပဏီက နေ ဖုန်းဆက်တော့ စကားသိပ်မပြောဘဲ ဖုန်းချပစ်သည်။

သူ့ကိုရွဲ့ပြီးတော့များ ငုဝါ ထင်ရာထွက်သွားသလား။

'သူဇာ… ဟေ့ သူဇာ'

သူ အိမ်ရှေ့ပြေးထွက်ဖို့ ပြင်ပြီးမှ သူဇာကိုလှည့်ခေါ်သည်။ သူဇာ အဝတ်လျှော်စက်နားကနေ ပြေးလာပုံပေါ်သည်။ လက်ထဲမှာ ဆပ်ပြာတွေနှင့်…

'ရှင်… အစ်ကိုလေး'

သူ အရေးတကြီးအော်တာမို့ သူ့အာ ပျာပျာသလဲ ပြေးလာ ရှာသည်။

'မေမေတို့ကော၊ ငုဝါဘယ်မှာလဲ၊ မေမေနဲ့ပါသွားတာလား၊ သပ်သပ်ထွက်သွားတာလား'

ရုတ်တရက် ဘယ်ကစဖြေရမှန်းမသိဘဲ သူ့အာ တုန့်တုန့် ယင်ယင်လေး စဉ်းစားနေသည်။

'မေမကြီးက ခုနကပဲ ဒေသ့်သည်အန်တီကြီးနှစ်ယောက်ကို ပြန်ပို့ဖို့ဆိုပြီး ပါသွားတာပါ၊ မမငုဝါက ရှိပါတယ်'

'မရှိဘူး၊ မတွေ့လို့မေးနေတာ၊ ဘယ်မှာရှိလို့လဲ'

'ခြံထဲမှာထင်တယ် အစ်ကိုလေးရဲ့၊ ခုနက ဟိုပြတင်းနားကနေ ခြံထဲကို လည်ပင်းရှည်ကြည့်နေတာ တွေ့တယ်'

သူ့အာ စကားမဆုံးခင် သူ ခြံထဲကို ပြေးလွှားဆင်းခဲ့၏။ မှောင်ရိပ်သမ်းနေပေမယ့် ခြံထဲမှာ လင်းနေပါသေးသည်။

'ငုဝါ'

သူ ခပ်ကျယ်ကျယ် အော်ခေါ်ရင်း တစ်ဖက်ကို ပြန်အလှည့်

'ငုဝါ ဒီမှာ'

'ဟင်း'

ထွန်းဇော်ဦး ချက်ချင်းနောက်ပြန်လှည့်မိသည်။ ဂရေပင်ကြီး၏ နောက်မှ ငုဝါက ခုမှထရပ်လိုက်ပုံမျိုးနှင့် ခါးစပ်နားက အကျီစလေး တွေ ဘွန့်တက်နေသည်၊ လက်ခုပ်နှစ်ဖက်ဖြန့်လှုကထားသည့် ဖဝါး ထဲမှာ ခရေပန်းပွင့်တွေက ပြည့်လှုလှုဖြစ်နေပြီ။

'ငုဝါ'

သူ ဝမ်းသာခြင်း စိတ်ချမ်းသာသွားခြင်းနှင့် ငုဝါ ပခုံးလေး နှစ်ဖက်ကို ပြေးဆုပ်ကိုင်မိ၏။

'မင်းပျောက်သွားလို့ ကိုယ်လန့်သွားလိုက်တာ ငုဝါရယ်'

ငုဝါ သူ့ကို နားမလည်နိုင်စွာ ကြည့်၏။

အပေါ်ထပ်ပြတင်းပေါက်ကနေ ငုဝါလို့ အော်ခေါ်ပြီး ရှာဖွေ နေတာ သူမ မြင်သည်။ ပြီးတော့ ယောက်ယက်ခတ်ပြေးလွှားနေတာ ကိုလည်း တွေ့၏။



ထွန်းဇော်ဆိုသော ယောကျ်ား၏အချစ်ကို အစကမယုံချင်ပေ မယ့် မယုံလို့မရတော့လောက်အောင် ဖြစ်နေခဲ့ပြီ။ လူကြီးတွေ သဘော တူခဲ့တာပေမယ့် သူကချစ်တယ်လို့ပြောခဲ့တုန်းက ယုံစရာမှမရှိခဲ့ဘဲ။ တကယ်တော့ထွန်းဇော်သည် သူမအပေါ် အလိုလိုက်သော ဂရုစိုက် သော မြတ်နိုးယုယတတ်ခဲ့ခြင်းနှင့်အတူ သူမ နားမလည်နိုင်လောက် အောင် ပူပင်နေတာတွေက အံ့ဩလောက်မိ၏။

'ရှင် ဘာဖြစ်နေတာလဲ ကိုဇော်'

'မင်းကို စိတ်ပူလို့ပါ ငုဝါရယ်၊ မင်းကိုမျက်စိအောက်က ပျောက်သွားမှာကို စိုးနေတာ'

'ဘာဖြစ်လို့လဲ၊ ငုဝါက ရှင် မေ့လျော့ထားခဲ့မိတာနဲ့ သူများ လက်ထဲ ပါသွားနိုင်တဲ့ အရုပ်တစ်ရုပ်လား'

'ငုဝါရယ်'

သူ ပခုံးလေးကို ကိုင်ထားသည့် လက်တစ်ဖက်နှင့် ငုဝါ ပါးပြင်လေးကို တယုတယ ပွတ်သပ်မိသည်။

'မင်းသာ အရုပ်လေးတစ်ရုပ်ဆိုရင် ကိုယ် ဘယ်သွားသွား၊ အိတ်ထဲကောက်ထည့်သွားရုံပဲ၊ ကိုယ်ရှိနေတဲ့နားမှာ အသာလေးချထား လိုက်ရင် ပြီးရောပေါ့၊ မင်းဟာ ကိုယ့်ရဲ့အိမ်ထောင်ဦး မဟုတ်ခဲ့ပေမယ့် ကိုယ့်ရဲ့အချစ်ဦး၊ ကိုယ့်ရဲ့ပထမဆုံး တွေးပိုက်ယုယရင်း ချစ်ခဲ့မိတဲ့ အနီး၊ မင်းကို သူများတွေလို ကိုယ်ဆုံးရှုံးမခံနိုင်ဘူး၊ မင်းအနေအထိုင် အသွားအလာဆင်ခြင်ပါ ငုဝါရယ်၊ စိတ်ပူလွန်းလို့ပြောတာ၊ ဆရာ လုပ်တာ မဟုတ်ဘူး၊ ချစ်လို့တားဆီးတာကို ချုပ်ချယ်တယ်မထင်ပါနဲ့'

'ငုဝါက ဘာတွေလုပ်မယ်ထင်လို့ ရှင်က ဒီလောက်စိတ်ပူ နေတာလဲ'

'ကိုယ်ပြောတာကို ငုဝါက စေတနာလို့မထင်ဘဲ တလွဲတွေး နေတယ်ဆိုရင် ကိုယ့်ကွယ်ရာမှာ တစ်ခုခုရှဲ့မှာစိုးလို့ပါ'

ငုဝါ မျက်လွှာလေးချ၍ ပြုံးမိသည်။ သူက ငုဝါ မေးဖျားလေး ကို မော့ယူကာ...

'ငုဝါ ဘာပြုံးတာလဲဟင်၊ မင်းအတွေးထဲမှာ ကိုယ်က ခပ် ပေါပေါကြီး ဖြစ်နေလို့လား'

'ဟင့်အင်း'

ငုဝါ သူ့ကိုမော့ကြည့်၍ ခေါင်းခါပြသည်။ ဟိုတုန်းကတည်းက ဒီယောကျ်ားကို သူမ စိတ်ဝင်စားခဲ့တာမှာ ဂရုမစိုက်တတ်သောဘာပြောပြော ရုတင်းနေသည့်မျက်နှာကို သတိထားခဲ့မိတာဖြစ်သည်။

မကြာခဏ သတိရမိတိုင်း မျက်နှာချောချောက မာနတွေကို မုန်းသလိုဖြစ်ခဲ့သည်။ ကိုယ့်ပစ္စည်းလေးတွေကိုပဲ ဖိနှင်းပစ်တတ်သောသူ့ကို မခံချင်စိတ်နှင့်လည်း မေ့လို့မရ။ သူမ အမြင်မှာ ထိုမျှပြတ်သားသော မာကျောတတ်သော ယောကျ်ားဟာ သူမအပေါ် ဒီလောက်ထိ မြတ်နိုးသွားသည်တဲ့။

မျက်ဝန်းချင်းကြာမြင့်စွာ စူးစိုက်ကြည့်နေရင်း ထွန်းဇော်မျက်နှာ ငုံ့ကျလာကာ သူမနဖူးလေးမှာ အနမ်းတစ်ပွင့်ကြွေ၏။ ပြီးတော့ သူသည် ငုဝါကိုယ်လေးကို ထွေးပွေ့ယူလိုက်လျှင် ငုဝါလက်ခုပ်ထဲက ခရေလေးတွေ လွင့်ကျပြန့်ကျဲကုန်ခဲ့၏။

အမှောင်ထု ရစ်ဆိုင်းနဲ့ပြီဖြစ်သော ခြံထဲမှာ သူ၏အနမ်းတို့ဖြင့် ပို၍ မှောင်မိုက်သွားခဲ့လေသည်။

⁂

အခန်း (၂၄)

'ဒီမှာ… ဒီမှာ သော့'

ကားပေါ်မှာလည်း သည်သုံးယောက်ရှိနေသည်။ သော့တက်ယူသူကို ဒေါ်ကြည်ကြည်က ကပ်မှာနေ၏။ အားလုံးကို ငုဝါကြားပါသည်။

'ဒီတစ်ခါတော့ အဆင်ပြေအောင် လုပ်ပေး မောင်မောင်၊ မင်းကို အန်တီ မနစ်နာအောင်ပေးမှာ၊ တိုက်က လုံးဝရှယ်ပါ၊ သူတို့က ဘာသတင်း ညာသတင်း ကြားမထားသေးဘူးဆိုရင် တစ်ခါတည်းတည့်သွားအောင် မင်းပဲ အလျှောအတင်းလုပ်ပေးလိုက်၊ အန်တီ မင်းကိုယုံတယ်'

'စိတ်ချပါ အန်တီ၊ ကျွန်တော် တစ်ခါတည်းပါသွားအောင် ကြိုးစားပေးပါ့မယ်'

'အေး… အေး…'

မောင်မောင်ဆိုသူက သော့ယူပြီး ဆင်းသွား၏။ ဒေါ်ကြည်ကြည်က လိုက်ထွက်ကြည့်နေပြီးမှ ဆိုဖာမှာ ပြန်ထိုင်သည်။

'အင်း… ဒီနွယ်သာကီ မြန်မြန်ထွက်သွားမှ အေးမှာပါ၊ သူတို့တောင် စိတ်ပျက်လောက်ကုန်ပြီး နိုင်ငံခြားထွက်သွားကြပြီ'

တစ်ယောက်တည်း ရေရွတ်နေခဲ့၏။

'သူတို့ဆိုတာ ဘယ်သူလဲ၊ နွယ်သာကီက မေမေတို့ပိုင်တာမဟုတ်ဘူးလား'

ဒေါ်ကြည်ကြည် မျက်နှာညှိုးနွမ်းသွားခဲ့သည်။ ဖုံးကွယ်လိုက်တာ မဟုတ်ဘဲ စိတ်မချမ်းသာစရာတွေကို ပြန်သတိရသွားတာမျိုး ဖြစ်၏။

'နှယ်သာကီခြံက အစက နှယ်သာကီခြံ မဟုတ်ဘူး၊ သားနဲ့ ပထမဆုံး လက်ထပ်ပေးခဲ့တဲ့ သက်သက်ခင်ရဲ့အမေ လက်ဖွဲ့ခဲ့တဲ့ခြံကြီး၊ နှယ်သာကီဆိုတာ...'

ဒေါ်ကြည်ကြည်စကားရပ်သွားတော့ ငုဝါက ဖြူးလိုက်ပြီး...

'ကိုဇော်ရဲ့ ချစ်သူနာမည်မဟုတ်လား၊ ကိုဇော် ပြောပြပါတယ်'

'ဟုတ်တယ်၊ အဲဒီတုန်းက သူ့ချစ်သူကို သူမေ့လို့မရသေးတဲ့ အချိန်ပေါ့၊ သက်သက်ခင်ကို လက်ထပ်ခဲ့ပေမယ့် မပေါင်းသင်းခဲ့ဘူး၊ မကြင်နာဘူး၊ သင်သက်ခင်ဟာ ဒါကိုမခံရပ်နိုင်ဖြစ်ပြီး ဒီထိ ရန်လာတွေ့ခဲ့တယ်၊ မေမေလည်းနားချတာပေါ့၊ ဒါပေမဲ့ သူ သဘောမပေါက်ဘဲ စီစဉ်ပေးခဲ့တာမို့ နောက်ထပ် ချစ်ပါပေါင်းပါ ဆိုတာမျိုးလည်း ထပ်ပြီး မတိုက်တွန်းချင်တော့ဘူးလေ၊ သားက ခေါင်းမာတယ် သမီးရယ်၊ သက်သက်ခင်နဲ့ အိမ်ထောင်ရက် ခုနစ်ရက်ပဲကြာတယ်၊ သက်သက်ခင် ဆုံးသွားခဲ့တယ်၊ အဲဒီတုန်းကဆို သားနဲ့ သက်သက်ခင်ရန် ခဏခဏဖြစ်လွန်းလို့ သားကို အတော်လေး စစ်ဆေးခံလိုက်ရသေးတယ်'

ဒေါ်ကြည်ကြည်က ဒွေးဒွေးနဲ့ လပ်ထပ်ဖြစ်ခဲ့ပုံများကိုပါ သေသေချာချာပြောပြပြီး ဆိုဖာမှာ ခပ်လျှော့လျှော့မှီလိုက်၏။

'မေမေ ထင်တာတော့ နှယ်သာကီဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်နေတယ် ဆိုတာပဲ၊ ဒီမိန်းကလေးဟာ သေဆုံးပြီးကတည်းက သားနားမှာပဲ ရှိနေတာ၊ သား မိန်းမယူလို့ လုံးဝမရဘူး၊ သားရဲ့နားမှာ ရောက်လာတဲ့ မိန်းကလေးတွေ ဒုက္ခရောက်ကုန်တယ်၊ ဒါကြောင့် သားက သမီးကို အရိပ်တကြည့်ကြည့် ဖြစ်နေခဲ့တာပေါ့ကွယ်'

'ဒါမျိုးတွေ တကယ်ရှိနေတာတဲ့သလား မေမေ၊ ငုဝါ မကြုံဖူးဘူး၊ ယုံလည်းမယုံဘူး'

'ဟင်... ဘာ... မယုံဘူး ဟုတ်လား၊ အောင်မလေး သမီး



ရယ်၊ ဒါဟာ ဆုပ်ဖမ်းပြလို့မရတဲ့အဖြစ်တွေပါ၊ သမီးယုံအောင် ပြစရာ မရှိပေမယ့် ဒါတွေတကယ်ဖြစ်ခဲ့တာ'

ဒေါ်ကြည်ကြည် မမေ့နိုင်ပါ။

သူမကိုယ်တိုင် ဒွေးဒွေးကို အကူအညီတောင်းခဲ့သည့် နာရီကိစ္စက အထင်အရှား။ ထိုညမှာပဲ ဒွေးဒွေး ပက်ပက်စက်စက် သေဆုံးခဲ့ရှာသည်။ ဒါဟာ ကိုယ့်အပြစ်မကင်းသလိုလည်း ခံစားမိခဲ့၏။ ထို့ကြောင့် နာရီကိစ္စကိုတော့ ငုဝါကို ထည့်မပြောဘဲ ထားခဲ့မိသည်။

တိုက်တွန်းခဲ့မိတုန်းက စိတ်ထဲမှာ ဖြူစင်နေခဲ့ပေမယ့် ခုလို ဖြစ်သွားတော့ ဝန်ခံရဲဘဲ ဖြစ်ခဲ့၏။ သား သိသွားလည်း သူမကိုပဲ အပြစ်တင်ပါလိမ့်မည်။ ထိုနာရီလည်း ဘယ်ကိုရောက်သွားသည်မသိ။

သားပဲ ပြန်သိမ်းလိုက်သည်လား။ ဒွေးဒွေးနဲ့အတူ ပျောက်ကွယ်သွားပြီလား။ သားတို့တိုက်မှာမနေတော့ဘူးဆိုတာနဲ့ပဲ နာရီကိစ္စကို သူမတို့မေ့ထားလိုက်ခဲ့၏။

'ခုတော့လည်း သူ သမီးလေးကို အတော်ချစ်ရှာတာ သမီးရယ်၊ ဒါတွေကြောင့်ပဲ စိတ်ပူပြီး ဘယ်သွားသွား မဖြောင့်ရှာဘူး၊ တကယ်တော့ သားလေး အိမ်ထောင်ကျခဲ့ဖူးတာ သူ့ဆန္ဒနဲ့တစ်ခုမှ မဟုတ်ခဲ့ပါဘူး၊ သမီးကိုကျမှ သူချစ်တာ'

ငုဝါ ဖြူးလိုက်မိသည်။

ထိုအဖြစ်ကို သူမကိုယ်တိုင် လက်ခံယုံကြည်မိခဲ့ပါပြီ။ ဒါပေမဲ့ ရင်ထဲမှာ အထစ်လေးတစ်ထစ် ကျန်နေသည်။ ထိုအထစ်လေးဟာ နှယ်သာကီကို သူမ စိတ်ဝင်စားနေခြင်းဖြစ်၏။ ဘယ်သူတွေ ဘာပြောပြော သူမ လက်မခံနိုင်သလို ဖြစ်နေသည်။

လူတစ်ယောက်ရဲ့ ကုသိုလ်ကံကြမ္မာကို ဆုပ်ကိုင်ဖမ်းယူနိုင်တာ မဟုတ်ဘဲ ဝိညာဉ်လောကကနေ ဒီလောက်ထိ ဒုက္ခပေးလို့ရသလား။

ထိုစဉ် ဒေါ်ကြည်ကြည်က ဆက်ပြော၏။

'ဟိုတုန်းက အဲဒီတိုက်ထဲကနေ ဘယ်မှမထွက်ဘူး၊ ဒီမှာလာနေပါဆိုလည်း မရဘူး၊ အဲဒီဒွေးဒွေးဆိုတဲ့ သူ့သူငယ်ချင်းရဲ့ မိန်းမလေးဆုံးသွားပြီးမှ သူ တကယ်ခံစားသွားရတယ်၊ ဒွေးဒွေးကို သူ

လက်ထပ်ထားပြီး သူ့ညီမလေးလို့ပဲ စောင့်ရှောက်နေခဲ့တာပါ၊ သူ့လက်ပေါ်မှာပဲ မရှုမလှသေဆုံးခဲ့တော့ သူ ခေါင်းမာခဲ့သမျှတွေ အဲဒီမှာ အဆုံးသတ်သွားခဲ့တာပဲ၊ နှယ်သာကီကို ဖြုတ်ချပစ်လိုက်တယ်၊ တိုက်ကို ပိတ်ပစ်လိုက်ပြီး နိုင်ငံခြားသွားဖို့ စီစဉ်တော့တာပဲကွယ်၊ ဒါပေမဲ့ သူ့ဖေဖေဆုံးသွားမှ တကယ်ထွက်သွားဖြစ်ခဲ့တယ်'

ကံကြမ္မာကလည်း ငုဝါနဲ့သူ့ကို ဆန်းကြယ်သော တွေ့ဆုံမှုများနှင့် ရင်းနှီးစေခဲ့တာဖြစ်၏။ လက်ထပ်ဖို့ဖြစ်လာကြတော့လည်း နှစ်ယောက်လုံးဘက်မှာ ဘာမှ အဆင်သင့်ဖြစ်ခဲ့တာမရှိဘဲ လက်ထပ်ဖြစ်ခဲ့သည်။

ချစ်နေမိခဲ့ကြတာချင်း တိတ်ဆိတ်စွာ အံ့ဖွဲ့ခဲ့ကြတာလည်း အတူတူ။ ဒါပေမဲ့ ငုဝါ စိတ်ထဲမှာ ခုနေသေးသည်။

သွေးတို့စွန်းထင်ခဲ့သည်ဆိုသော နှယ်သာကီကို သွားကြည့်လျှင် ဒီတစ်ခါသာ အလည်အပတ်မဟုတ်ခဲ့လျှင် သူမရောက်အောင် သွားဖို့ ဆုံးဖြတ်မိ၏။ ထိုအခါ သော့တွေရအောင် ယူဖို့လည်း လိုလာ၏။

## အခန်း (၂၅)

ထွန်းဇော်ဦး အခန်းထဲဝင်လာတော့ ငုဝါက စားပွဲမှာ စာရေးနေသည်။

'ဟိတ်... မအိပ်သေးဘူးလား'

သူ ငုဝါ ခေါင်းကလေးကို နောက်ကနေ ပုတ်၍ စားပွဲမှာ လက်ထောက်ရပ်သည်။ ငုဝါက ရေးနေသည့်စာအုပ်လေးကို ပိတ်ပစ်ပြီး မော့ကြည့်၏။

'အဟွန့်... ဝတ္ထုရေးနေတာ'

'ဘာ... ဝတ္ထု'

ထွန်းဇော်က ရယ်ပြီး စားပွဲမှာ တံတောင်နဲ့ထောက်လိုက်တော့ ငုဝါမျက်နှာနှင့် နီးနီးလေးဖြစ်သွားသည်။

'ပြောပါဦး၊ မင်းက ဝတ္ထုတွေ ဘာတွေ ရေးတတ်နေတယ်ပေါ့'

ငုဝါက ကလေးရယ်သလို ဇက်လေးပုပြီး ရယ်သည်။

'ရေးတာဖြင့် ကြာလှပြီ၊ မဂ္ဂဇင်းထဲမှာပါတာက နှစ်ပုဒ်ပဲ ရှိသေးတယ်'

'အလို့... တယ်ဟုတ်ပါလား၊ ဘာတွေရေးတာလဲ ပြောပါဦး'

ထွန်းဇော်က ငုဝါကျောပေါ်မှာ ဖြန့်ချထားသည့် ဆံနွယ်ရှည်တွေကို ဆွဲဖွပစ်လိုက်၏။ ငုဝါက နှုတ်ခမ်းလေးတစ်ချက် ဖိကိုက်ပြီးမှ…

'ဂန္ဓီရလည်း ဝါသနာပါတယ်၊ လျှို့ဝှက်သည်းဖိုလည်း ရေးတယ်၊ ဟိုလေ ဝိညာဉ်ကလေ့ဲစားတို့ ပြစ်မှုကျူးလွန်တာတို့ ဘာတို့'

ထွန်းဇော် မျက်နှာ ကွက်ခနဲပျက်သွားသည်။ ပြုံးနေသည့် မျက်နှာက သိသာစွာ ညို့မှောင်သွားပြီး ကိုယ်ပါမတ်မတ်ဖြစ်သွား၏။ ငုဝါက မသိတာလား။ တမင်ပြောနေတာလားမသိ။

'အဲဒါမျိုးကလေ တကယ်လေ့လာ၊ တကယ်သိပြီးရေးတာက ပိုကောင်းတယ် ကိုဇော်၊ စိတ်ဝင်စားစရာကောင်းတဲ့ ဂန္ဓီရဆန်ဆန် ဖြစ်ရပ်တွေကို ငုဝါ သိပ်ဝါသနာပါတာ၊ နာမည်ကြီးစာရေးဆရာသာဖြစ်လာခဲ့ရင် တကယ်ကိုယ်တိုင်သွားပြီး လက်တွေ့လေ့လာမှာ'

'ငုဝါ'

ထွန်းဇော် အသံက လိုတာထက်ပို၍ တင်းမာနေသည်။ နူးညံ့ခြင်းတွေ ချက်ချင်းပျောက်ဆုံးသွားခဲ့သည်။ ထွန်းဇော် မျက်နှာကို ငုဝါက အံ့ဩသော်လည်း မကြောက်တတ်သော မျက်နှာလေးနှင့် မော့ကြည့်၏။ ထိုမျက်ဝန်းများသည် သိလျက်နှင့် တမင်ရိုးဆွပြောဆိုနေတာမှန်းသိသာစေတာ ထွန်းဇော်မျက်နှာ ပို၍မှောင်ကျသွား၏။

'မင်း ကိုယ်မကြိုက်တာသိလို့ တမင်စိန်ခေါ်ပြောနေတာလား၊ ငုဝါ ကိုယ်မကြိုက်ဘူးဆိုတာ ဘယ်သူ့အတွက် ပုပင်လို့ပြောတာလဲ မင်း နားလည်ဖို့သင့်တယ်'

ငုဝါ မျက်နှာလည်း ချက်ချင်းစူးစူးရဲရဲ ဖြစ်သွားသည်။ သို့သော် စူးစိုက်ကြည့်နေသည့်မှလွဲ၍ ဘာမှမပြော။

'လက်တွေ့ကျကျသိဖို့ လေ့လာတယ် ကွင်းဆင်းတယ်ဆိုတာ လူ့အကြောင်းလောကနဲ့ ဒွန်တွဲနေတဲ့ ဘဝဇာတ်နခု အကြောင်းသာတွင်းထဲခုန်ချဖို့ မဟုတ်ဘူး၊ သေချာကိုမယုံလို့ စမ်းသေကြည့်တာမျိုး မင်းကြားဖူးသား၊ အဲဒီလောက် အဆိဘာဏ်မဲ့တဲ့လူမျိုးရော မင်းတွေ့ဖူးလား'

ဇော်ကားပြီ၊ ငုဝါ နေရာကနေ ဆတ်ခနဲ ထရပ်လိုက်၏။



'ဟုတ်တယ်၊ ငုဝါ မကြားဖူးပေမယ့် ရှင်ကြားဖူးသွားအောင်လေ၊ စမ်းသပ်စွန့်စားမှုတွေသာ မရှိခဲ့ရင် ဒီနေ့ခေတ်မှာ ဘာတွေတိုးတက်လာမှာလဲ၊ ကမ္ဘာကြီးလုံးတာ ပြားတာ ဘယ်သူခွဲခြားနိုင်မှာလဲ၊ ရှင်ပြောသွားသလိုဆို လကမ္ဘာမှာ အောင်လံစိုက်ခဲ့နိုင်ကြတဲ့ လေသူရဲတွေအားလုံး အသိဉာဏ်မဲ့တဲ့လူတွေပဲပေါ့'

'သူတို့က အသက်ပေးပြီး ရင်းနှီးပြတာ၊ ကမ္ဘာအတွက်လေ၊ မင်းက ဘာအတွက်လဲ၊ ဘယ်လောက်ကြီးမားတဲ့ ရည်ရွယ်ချက်တွေရှိလို့လဲ'

'အဲဒါ ရှင် စော်ကားလိုက်တာပဲ ကိုထွန်းဇော်၊ စွန့်စားမှုအားလုံးမှာ ဝါသနာရှိတယ်၊ ဝါသနာနဲ့ ရင်းနှီးနိုင်တဲ့ လူတွေဟာ ကျန်တာ ဘာမဆိုဆုံးရှုံးခံနိုင်တယ်၊ ငုဝါ ဝါသနာပါတာကိုလုပ်တာ ကမ္ဘာအတွက်မဟုတ်ပေမယ့် ငုဝါဘဝအတွက်တော့ အရေးကြီးတဲ့ စွန့်စားမှုပဲ၊ သိချင်တာကို သိအောင်လုပ်မယ်၊ သွားမယ့်လမ်းကို ဘယ်သူတားတား သွားမှာပဲ'

'မသွားရဘူး၊ မင်း ဘာမှမလုပ်ရဘူး'

သူ ငုဝါလက်ကို ဆတ်ခနဲ ဆောင့်ဆွဲသည်။ ငုဝါက လက်ကို တအားဆောင့်ခါပစ်လိုက်၏။

'ငုဝါဘက်က စီစဉ်ချင်လို့ ရှင်နဲ့ငုဝါ လက်ထပ်ခဲ့ရတာဆိုပြီး ရှင်က ရှင့်သဘောကျ ပုံစံချချင်တာ မဟုတ်လား၊ မရဘူး ကိုထွန်းဇော်ဦး၊ ရှင် ချောင်ထိုးထားတိုင်း ငုဝါက ငြိမ်နေမှာမဟုတ်ဘူး'

'မင်း… အဲဒါကစပြီး လွဲနေတာ'

'မလွဲဘူး၊ ရှင်က လွဲထားချင်နေတာ၊ ရှင့်မိန်းမတွေတုန်းက ရှင် တစ်အိုးတစ်အိမ်ထောင် တစ်ထီးတစ်နန်းထားခဲ့ပြီး ငုဝါကိုကျတော့ ဘာလုပ်ပေးတာ ရှိသလဲ၊ ငုဝါက ရှင်ထားသလို ယောက္ခမအိမ်မှာ ကပ်နေရတာလေ'

'ငုဝါ'

'ဒါပေါ့၊ ရှင့်ဘက်က ငုဝါတို့အတွက် လိုက်လျှောလိုက်ရတာမျိုးကိုး'

'မင်း… မင်း… ဘာတွေလျှောက်ပြောနေတာလဲ'

'ဟုတ်တာတွေ ပြောနေတာ၊ ငုဝါတန်ဖိုးမဲ့ခဲ့တဲ့အကြောင်း တွေလေ'

'မင်း…'

သူ ငုဝါပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ငုဝါက အတင်းပြန်ရုန်း၏။ သူ လွှတ်မပေးဘဲ ဆုပ်ကိုင်ထား၍…

'မင်းဟာ ကိုယ့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ နှလုံးသား ရတနာ၊ ဘယ်မှာမှကို ခွဲမထားရက်လို့ ဟောဒီနေရာမှာ တိတ်တိတ် ဆိတ်ဆိတ် လာဂုက်ထားရတာ၊ တစ်အိုးတစ်အိမ်ထောင်ဆိုတာ ဘာလဲ၊ အဲဒီတစ်အိုးတစ်အိမ်ထောင်မှာ မင်းကို ထားခဲ့ပြီး ကိုယ်က အလုပ် ထွက်သွားရင် မင်းကို ဘယ်လိုအစောင့်အရှောက်နဲ့ ထားခဲ့ရမလဲ၊ စိတ်မချတာနဲ့ ချစ်ချယ်တာကို ခွဲခြားနားလည်ဖို့ ကောင်းမယ်ကွာ'

'ရှင် အကြောင်းပြကောင်းနေတာကို ငုဝါက ကြွဲဖန်နားလည် ပေးရမှာလား၊ မိန်းမချင်း အတူတူ ငုဝါ ဘာမှလုပ်ခွင့်မရ၊ ဘာအခွင့် အရေးမှမရှိ၊ ရှင်နဲ့လက်ထပ်ပြီးကတည်းက ငုဝါ ဒီအိမ်ကြီးထဲမှာနေ ပြီး ဘယ်လောက်ကြာအောင် ပေးဆပ်နေရဦးမှာလဲ၊ ကိုယ်ဝါသနာပါ တာ ကိုယ်လုပ်ပြီး စိတ်ချမ်းသာခွင့်လေးယူတာတောင် ရှင် ဒီလောက် တွန့်တိုနေရသလား'

'ငုဝါ မင်းအကြောင်းပြနေတာ ဘာမှအဓိပ္ပာယ်မရှိဘူး၊ ကိုယ် ဒီလောက် ရှင်းပြနေ ချစ်နေတာတောင် အနိုင်ကျင့်တာ၊ ချုပ်ချယ်တာ လို့ပဲ ခွတ်ပြောနေတယ်၊ တစ်ထီးတစ်နန်းနေချင်တဲ့ဆန္ဒ မင်း တကယ် ရှိနေတာလား၊ ဒါမှမဟုတ် နွယ်သာကီကို သွားခွင့်ရဖို့ ကြိုးစားနေ တာလား၊ ရှင်းရှင်းပြော'

'ဘာကြောင့်ပဲဖြစ်ဖြစ် ငုဝါ လုပ်ချင်တာလုပ်ခွင့်ရဖို့ အဓိက ပဲ၊ နောက်ထပ် ရှင်ဘာမှ ဝင်မပါတော့ဘူးဆိုရင် ရပြီ'

'မပါလို့ ရမလား၊ မင်း… ကျွတ်'

ဝင်ပါတော့ ချုပ်ချယ်သည်တဲ့။ မပါဘဲနေလိုက်လျှင် ဒုက္ခ ဖြစ်တော့မည်။ သူ့မှာ စကားပြောဖို့ ခက်အောင်ဖြစ်နေတော့သည်။

'ကောင်းပြီ မင်းနဲ့ကိုယ် သပ်သပ်ခွဲနေဖို့ ကိုယ်ချက်ချင်း



စီစဉ်မယ်၊ တစ်ပတ်ပဲစောင့်၊ မင်းစိတ်တိုင်းကျတဲ့အထိ ကိုယ်ဖြစ်စေရ မယ်၊ နွယ်သာကီကိုတော့ နောက်ထပ်စကားထဲတောင်ထည့်မပြောပါနဲ့'

သူ ချာခနဲ လှည့်ထွက်သွားသည်။ ငုဝါ အံကြိတ်လျက် နောက်ကနေ သူ့ကျောပြင်ကို စူးစိုက်လိုက်ကြည့်၏။ စေတနာပဲဖြစ် ဖြစ်၊ တမင်တကာပဲဖြစ်ဖြစ် သွားပါ။ ဒီက ခေါင်းညိတ်လိုက်နာနေ သမျှ သင်းမှာ ဖိနှိပ်ချုပ်ချယ်စရာတွေ ဘယ်တော့မှ ကုန်တော့မှာ မဟုတ်ဘူး။

နွယ်သာကီကိုသွားတာ ဘာဖြစ်သွားနိုင်လဲ။ သွားပြမယ်၊ ကြည့်နေ။ ငုဝါ နေရာမှ ချာခနဲ လှည့်ကာ အိပ်ရာခေါင်းရင်းအောက် တည့်တည့်မှ ခုတင်တိုင်ခေါင်းပေါက်ထဲကို လက်နှိုက်လိုက်၏။

ပြန်ထုတ်လိုက်တော့ သော့တွဲတစ်တွဲ ပါလာ၏။

ဟွန်း…။

ငုဝါနှုတ်ခမ်းများ မဲ့ပြုံးတစ်ခုဖြစ်ထွန်းသွား၏။ ဒေါ်ကြည် ကြည် သိမ်းထားသည့် သော့တွဲကို ယူ၍ သူမဆင့်ပွားထားခဲ့တာဖြစ် သည်။ ပြီးတော့ ဘယ်သူမှမသိအောင် သော့တွဲကို အသာလေးပြန် ထားခဲ့လိုက်၏။ ဒါကိုပဲ ကြံစည်နေသည့်သူ့အတွက် မအောင်မြင်ဘူး ဆိုတာမရှိ။ နွယ်သာကီအား ဝယ်ယူမည့်သူ နောက်ထပ်တစ်ဦးလွဲသွား ပြီးသည့်နောက်မှာ သူမ ခြေလှမ်းစခဲ့တာဖြစ်သည်။

ငုဝါ ဘာတွေလုပ်မလဲ၊ ရှင်ကြည့်နေလိုက်။

## အခန်း (၂၆)

ဖုန်းမြည်နေတာကို ကြားသည်။ ငုဝါ တာမင်ထွက်မကိုင်ဘဲ နေလိုက်သဖြင့် အပြင်သွားဖို့ပြင်ဆင်ပြီး ဆင်းလာသည့် ဒေါ်ကြည်ကြည် ကမျာကယာသွားကိုင်သည်။

'ဟင်… သားလား'

'မေမေ… ငုဝါအိပ်နေလား'

'မအိပ်ဘူးသား၊ အခန်းထဲမှာ စာဖတ်နေတယ်ထင်တယ်'

'မေမေ ဒီနေ့ ဘယ်သွားစရာရှိသေးလဲဟင်'

'ခုပဲ သွားမလို့ သားရယ်၊ မြေကွက်ကိစ္စလေး မပြတ်သေးဘူးလေ၊ မေမေနဲ့ လိုက်ဖို့ခေါ်တာတောင် သူ မလိုက်ဘူးတဲ့၊ သမီးလေးက လီမွာပါတယ်ကွယ်၊ သား သိပ်စိတ်ပူမနေပါနဲ့၊ မေမေလည်း သိပ်ကြာမှာမှ မဟုတ်တာ'

တစ်ဘက်မှဖုန်းကိုင်ရင်း ထွန်းဇော် စိတ်ပျက်သွားမိသည်။ ဟိုတစ်နေ့က စကားများကြပြီး သူလည်း စကားစမပြောမိတော့ဘဲ ငုဝါကလည်း ဂရုမစိုက် အစော်ကားခံရတာများထဲမှာ စေတနာစော်ကားခံရတာလောက် ခံရခက်တာမရှိ။ ဒီမိန်းမ စကားပြောတာ တစ်ဖက်စောင်းနှင်း ဆန့်လွန်းသည်။

ဘယ်သူဘာပြောပြော ဘယ်လိုပဲရှိရှိ ဒါဆိုမှဒါ၊ ကျန်တာဘာမှလက်မခံ၊ ရှောမောလွန်းလို့ ပိုဆိုးနေတာလား။ သူ မခံချင်စိတ်နှင့် စကားမပြောဘဲနေခဲ့တာ နှစ်ရက်ရှိပြီ။



မေမေ့ကိုပဲ ဖုန်းဆက်မေး၊ ဂရုစိုက်ဖို့ပြောရင်း သူ့မှာ သက်ပြင်းချနေခဲ့ရ၏။ မေမေကတော့ သူဘာဖြစ်လို့ အရိပ်တကြည့်ကြည့်ဖြစ်နေမှန်းသိပါသည်။ ငုဝါကို ပိုသိစေချင်တာ။

သိနေလျက်နဲ့ သက်သက်ကပ်ဖွဲ့နေတာမျိုးကျတော့ ဘာမှမတတ်နိုင်၊ ဖုန်းကိုင်ရင်း ငုဝါကို ခေါ်ပေးပါဟု ပြောမိမလိုဖြစ်ပြီးမှ မေမေ့ကို နှုတ်ဆက်ပြီး သူ ချထားလိုက်မိသည်။ ကိုယ့်ကို သက်သက်နဲ့ပြော အနိုင်ယူချင်တာမျိုးဆိုလျှင် မကြာမကြာ စိုးရိမ်နေကာမှ သူမကို ကျူးလွန်းဖို့ သတိပေးနေသလို ဖြစ်သွားနိုင်သည်။ မလွယ်ပါလား။

အောက်ထပ် နံပါတစ်ခုလပ်ခေါ်ပြီး သူ ခဏစောင့်လိုက်၏။

'ကိုပြည့်လား၊ အင်း… ကိုယ်ပါ'

'ဘာလဲ၊ မင်း အိမ်ကိစ္စပြောမလို့ မဟုတ်လား'

'ဒါပဲရှိတာပဲ၊ ကိုယ် အဲဒီခြံကို ရမှဖြစ်မှာနော်'

'ဈေးသိပ်မြင့်နေတာ ထွန်းဇော်ရာ၊ တိုက်နဲ့ခြံနဲ့ တစ်ခါတည်းဖြီးမယ့်ဟာကို မင်း ဒီလောက်ဈေးနဲ့ ပဲရမှာ၊ ခြံချည်းပဲသက်သက်ကို ဒီလောက်ထိ ပေးစရာလား'

'မဟုတ်ဘူး၊ တိုက်တွေပါရင် ရာဇဝင်တွေ၊ အတိတ်တွေ ရှုပ်ထွေးလို့၊ ဘယ်သူ ရာဇဝင် ဘာအကြောင်းတွေမှလည်း မဖြစ်လိုက်မနေနိုင်ဘူး၊ အဲဒီခြံကိုပဲရအောင်လိုက်စမ်းပါ၊ ခုနော်… နောက်နှစ်နာရီကြာရင် ဖုန်းဆက်မယ်၊ ဒီညနေ မပြန်ခင် အဖြေသိချင်တယ်ကွာ၊ အဲလျှောအကောင်းတွေ လုပ်မနေနဲ့၊ သစ်ခွတိုင်တွေနဲ့ပဲ တန်တယ်၊ ငါ့မိန်းမ သဘောကျရင်ပြီးရော'

'ဒါဆိုလည်း သူ့ကို အရင်ခေါ်ပြလိုက်လေကွာ၊ ဝယ်တာက မင်း ဒီလောက်ဖစ်ခက်ပေးနေမှတော့ မင်းပဲရမှာပါ၊ ပြီးမှ သူမကြိုက်ရင်…'

'ကြိုက်ဖို့က သေချာပါတယ်၊ ရေကူးကန်နဲ့ ပန်းခြံနဲ့တင် သူ ကျေနပ်မှာ၊ တိုက်ဆောက်ဖို့ ကျန်တဲ့မြေကလည်း ငါဆောက်မယ့် တိုက်ပုံက ဖစ်ဆိုက်၊ အားလုံးအဆင်ပြေပါတယ်၊ ညနေ မင်းသေချာပြီဆိုရင် သူ့ကိုပြန်ခေါ်ပြီး ကိုယ်တို့နှစ်ယောက် ငွေလာချေမယ်'

'အေးပေါ့ကွာ၊ မင်းက ချမ်းသာတော့လည်း ဖြုန်းပေါ့၊ ငါ

ဘက်က စိတ်ချပါ၊ မင်းဒီလောက်လိုချင်နေရင်ရရစေမယ်၊ နောက်နှစ်နာရီ မင်းမဆက်နဲ့ ငါပြန်ဆက်မယ်၊ အင်း… မိန်းမကိုရှောင်ချင်လိုက်ရတာ၊ ခုတော့ ဆောင်စရာမှန်း သိသွားပြီလား'

သူ ဟက်ခနဲ ရယ်ပြီး ဖုန်းချသည်။ ညနေ အလုပ်က ပြန်ရင်တော့ ငုဝါကို သူချော့ရမည်။ ခြံကိုသွားကြည့်ဖို့ခေါ်ပြီး တိုက်ပုံစံကိုလည်း သူစိတ်ကူးထားတဲ့အတိုင်း ပြောပြမည်။ မကြိုက်သေးလည်း သူမစိတ်ကြိုက် လုပ်ပါစေ။ နောက်ထပ်ဘာမှ စိတ်ကောက်ဖို့ မကျန်အောင် သူ အားလုံးလိုက်လျောဖို့ ဆုံးဖြတ်ထား၏။

ခုချိန်ဆို အိပ်ရာထဲမှာ ငုဝါစိတ်ကောက်နေမည်ဟု သူ ထင်ခဲ့သော်လည်း တကယ်တမ်း လမ်းပေါ်ရောက်နေပြီဖြစ်သည့် ကားလေးတစ်စီးပေါ်မှာ ငုဝါ။

အရှိန်ကို မြန်အောင်မောင်းလို့ရသမျှ မြန်အောင်မောင်းကာ မျက်စိရှေ့မှာချထားသည့် လိပ်စာထဲက ခြံနံပါတ်ကို ပြန်ကြည့်မိသည်။ ၄၅ ဆိုတော့ အင်း… ရှေ့နှစ်ခြံဆိုရောက်ပြီ။ စိတ်ဝင်စားလွန်း၍ ရင်တွေခုန်လာသည်။ နှယ်သာကီကို ပါးစပ်ထဲပါလာသည်နှင့်ပဲ မျက်စိပျက်မျက်နှာပျက် ဖြစ်သွားတတ်သော ထွန်းဇော်ကို သတိရ၍လည်း မဲ့ပစ်လိုက်မိသည်။

နှယ်သာကီဆိုတာနဲ့ပဲ ဘာဖြစ်သွားနိုင်သလဲ။ ဒီထဲလာကြည့်ရုံနဲ့ပဲ သေသွားနိုင်လို့လား။ သူမ ခြံရှေ့မှာ ကားရပ်လိုက်၏။

'တီ…'

ဟွန်းကိုခပ်ဆတ်ဆတ် ရိုက်ချလိုက်သည်။ လူကြီးတစ်ဦး ထွက်လာ၏။ ငုဝါ မျက်မှန်လေးကို ဆွဲချွတ်လိုက်ပြီး မှန်ချထားသည့် တံခါးကနေ မျက်နှာငုံ့ကာ…

'ကိုထွန်းဇော် ရောက်နေပြီလား ဦး'

'မောင်ထွန်းဇော်လား မရောက်လာပါဘူး၊ မိန်းကလေးက ဘယ်သူလဲ'

လက်ထပ်ပြီးတာ နှစ်လတောင် မပြည့်သေး။ ပြီးတော့ ငုဝါ ဒီကိုတစ်ခါမှ မရောက်ဖူးသဖြင့် ခြံစောင့်ကြီးက သူမကို မသိတာဖြစ်ပေမည်။



'ကျွန်မက ငုဝါပါ၊ ကိုထွန်းဇော်ရဲ့ ဇနီး'

'ဟော'

ငုဝါဆိုတော့ ခြံစောင့်ကြီး သိသွားပုံရသည်။ ကပျာကယာ ခေါင်းညိတ်၍ ရှေ့တိုးလာသည်။ တံခါးကိုလာမဖွင့်သေးပါ။

'ကျွန်မ ကိုဇော်နဲ့ ဒီမှာဆုံဖို့ ချိန်းထားတာ၊ အရောင်းအဝယ် စကားပြောဖို့ ဧည့်သည်တွေလည်း လာဖို့ရှိတယ်လေ'

ဘာရမလဲ၊ ငုဝါက စီစဉ်ခဲ့ပြီးသား။ ခြံစောင့်ကြီး ပျာပျာသလဲ တံခါးဖွင့်ပေးသည်။ ငုဝါ ကားကို ခြံထဲသို့ ခပ်တည်တည်လေး မောင်းဝင်ခဲ့သည်၊ ခြံထဲမှာ ပန်းရောင်စုံတွေမရှိပါ။ လှလှပပ စနစ်တကျလေးရှိသည်။

ငုဝါ ကားပေါ်ကဆင်း၍လှည့်ပတ်ကြည့်ပြီးမှ တိုက်ကို တံခါးဖွင့်သည်။ သော့တွဲတစ်တွဲလုံးကို သွားယူထားတာမို့ ဘယ်သော့က ဘယ်တံခါးဆိုတာကို အတော်ရွေးနေရသည်။

တံခါးက ဘာဂျာတံခါးနှင့် မှန်တစ်ဝက်တပ်သောကျွန်းတံခါးချပ်ကြီးနှစ်ထပ်ဖွင့်ရသည်။ အထဲကို ဝင်လိုက်သည်နှင့် စိမ့်ခနဲအေးသွားခြင်းကို ပထမဆုံး ခံစားလိုက်ရင်း တံခါးတွေအားလုံး ပိတ်ထားသည်မို့ မှောင်မိုက်နေ၏။ ငုဝါ မီးခလုတ်တွေ လျှောက်ဖွင့်ပစ်လိုက်၏။ ဧည့်ခန်းမှာ အိမ်ထောင်ပရိဘောဂအားလုံးက အပြည့်အစုံ ဒီအတိုင်း။

ကြမ်းခင်းမှာ ခြေရာထင်သည်။ ဆိုဖာလက်တင်ကိုအသာပွတ်ကြည့်လိုက်တော့ လက်မှာဖုံတွေပေလာ၏။ ခြံစောင့်ကြီးက ခြံထဲမှာ အမှိုက်တစ်ပင်မရှိအောင် ပန်းကလေးတွေ မညှိုးရအောင် အားလုံး တာဝန်ကျေပေမယ့် တံခါးပိတ်ထားသည့် တိုက်ထဲကိုတော့ သန့်ရှင်းရေး ဘယ်လုပ်နိုင်မလဲ။

ဒါက မထူးဆန်းပါ။ ထူးဆန်းသည်က စားပွဲပေါ်မှာ လက်ရာမပျက်ရှိနေသေးသည့် ကော်ဖီတစ်ခွက်။ ငုဝါ မျက်မှန်ကို စားပွဲပေါ် အသာချ၍ သေချာငုံ့ကြည့်မိ၏။

ပန်းကန်မှာကော ကော်ဖီတွေမှာပါ ဖုံတက်နေပါပြီ။ ပြီးတော့ ပန်းသီးခြမ်းကလေးတစ်ခြမ်း။ အထဲမှာ ပန်းသီးတွေက ဒီတိုင်း။ ဒီ

ကော်ဖီဖျော်ပြီး မသောက်ဘဲ ဘယ်သူ ထားခဲ့ပါလိမ့်။ ဒါဟာ နောက်ဆုံး လူနေထိုင်ခဲ့သည့် ပြယုဂ်။ လက်ကျန်တစ်ခုဖြစ်ပေမည်။ ငုဝါ ကြိုးသိုင်းအိတ်လေးကို ကြိုးမှဆုပ်ကိုင်ထားရင်း လှေကားကြီးဆီသို့ မျက်နှာမူလိုက်သည်။

အပေါ်ကိုမော့ကြည့်လိုက်တော့ မှောင်မည်းနေသည်။ ပြီးတော့ တိတ်ဆိတ်ခြင်းက ကြီးစိုးနေသည်။ မိန်းမနှစ်ယောက် ဆိုးဝါးစွာ သေဆုံးခဲ့သည်ဆိုသော...။

သူမသည် နောက်တစ်ယောက်အလှည့်ကျလာနိုင်သည့် မိန်းမတစ်ယောက်အဖြစ်၊ လွန်မင်းစွာ စိုးရိမ်နေခဲ့သော...

ထိုသောများစွာနှင့်အကြောင်းများကို တွေးမိကာ ထိတ်လန့်မှုလေးတော့ ရှိ၏။ ဒါပေမဲ့ ဘာဖြစ်လဲ။ ဘာဖြစ်သွားနိုင်လဲ။ ဘာမှမဖြစ်ခဲ့ပါဘူးဟု ထွန်းဇော်ကို သူမ တုံ့ပြန်ပြောပြချင်သည်။ လှေခါးရင်းသို့ နောက်ထပ် ခြေတစ်လှမ်း ထပ်တိုးလိုက်သည်။ ပြီးတော့ ဆက်လျှောက်သည်။

ငုဝါလှေခါးအောက်ရောက်သွားလျှင် အပေါ်ဘက်မှ လင်းခနဲ တစ်ချက်တစ်ချက် ဖြတ်ပြေးသွားသလို ဖြစ်သွားဖြင့် မော့ကြည့်လိုက်မိသည်။ လှေခါးထိပ်ကို မမြင်ရသော်လည်း မှောင်မိုက်နေသည်မှ အပ မည်သည့်လှုပ်ရှားမှုမှ ရှိမနေ၊ သူမအပေါ်ထပ်ကို တက်ဖို့ကျတော့ မသိစိတ်က စိုးရွံ့နေခဲ့မိသည်။ ပထမဆုံးလှေခါးထစ်ကို တစ်လှမ်းတင်လိုက်ပြီး ဘယ်မှ ရှေ့ဆက်မတိုးဖြစ်ဘဲ ရပ်တန့်သွား၏။

ထိုစဉ် နောက်ဖေးဘက်သို့ဆင်းသော မျက်နှာဘက်မှ အခန်းတစ်ခန်းကို ငုဝါ သတိထားမိသွားသည်။

ထိုအခန်းသည် အခန်းအားလုံးထဲမှာ သော့တန်းလန်းဖြစ်နေ၏။ အပေါ်တက်မည့် ခြေထောက်ကို ပြန်ရုပ်၍ ထိုအခန်းဆီသို့ ဦးတည်လိုက်သည်။ မျက်နှာမူရာအရပ် ပြောင်းပစ်လိုက်သည်နှင့် မျက်ဝန်းထောင့်မှာ ခားမားကြီးပေါ်လာသည့် အရိပ်တစ်ခု။

ကြက်သီးတွေ ဖြန်းခနဲထသွားကာ ချက်ချင်းလှည့်ကြည့်လိုက်၏။ ဘာမှမရှိ။ နောက်ထပ်တစ်ခါ လှေခါးထိပ်သို့ ပြန်မော့ကြည့်ကာ ငုဝါ မကျေမနပ်ဖြစ်သွားခဲ့သည်။ သူမ သေချာကြီးသိလိုက်ပါ



လျက်နှင့် နှယ်သာကြီးဟာ တကယ်ပဲ ထူးခြားမှုများနှင့် ပဋိလက်ဆန်နေခဲ့သည်လား။ လှေခါးရင်းမှ သူမခြေလှမ်းပြင်တိုင်း မျက်နှာလွှဲလိုက်ဆဲ့တိုင်း မျက်ဝန်းထောင့်မှာ လူရိပ်ကပေါ်လာသည်။ ကြည့်လိုက်တော့ ဘာမှမဟုတ်။

ထိုအခါ ငုဝါမျက်ဝန်းတို့ကို လှေခါးထိပ်သို့သာ စူးစိုက်ကြည့်နေခဲ့တော့သည်။ ထိတ်လန့်စိတ်ဖြစ်မိပေမယ့် ဘာကိုကြောက်ရမှာလဲဆိုသည့် မာနစိတ်ဖြင့် ဘောင့်တောင့်လေးရပ်နေမိသည်။ ထိုစဉ် ဖုန်းမြည်သံလေးမြည်လာသည်။ ဖုန်း ကပျာကယာထုတ်ယူလိုက်၏။

အိမ်မှာ သူမ ဖုန်းပလပ်ဖြုတ်ပစ်ခဲ့သည်။ ထွန်းဇော် ဖုန်းဆက်လျှင် သူမဆီရောက်အောင်ဖြစ်သည်။ ထင်သည့်အတိုင်း သူမ၏ဟန်းဖုန်းကို ထွန်းဇော်ခေါ်နေ၏။

'ဟဲလို'

'ငုဝါ မင်း ဘယ်ရောက်နေလဲ၊ ဖုန်းကိုင်မယ့်သူ အိမ်မှာမရှိဘူး'

'ခြံထဲမှာ'

သူ့အသံကြားတော့ အဆင်မပြေဖြစ်ထားခဲ့သည့်အရှိန်နှင့် ခပ်ဖွက်ပြတ်ပြတ်ပြန်ပြောလိုက်မိသည်။ ထွန်းဇော် ယုံမှာမဟုတ်ဘူးဆိုတာလည်း နောက်မှတွေးလိုက်မိသည်။ ဒါပေမဲ့ ဒီလိုပဲ ပြောလိုက်ပြီးပြီဖြစ်၏။

ခြံထဲဆင်းရုံမပြောနဲ့ သွားရင်းလာရင်းတောင် ဟန်းဖုန်းတကားကားနဲ့ မသွားတတ်နဲ့တာ သူမအကျင့်ကို ထွန်းဇော် သိမည်သာ။

'ငုဝါ'

ဖုန်းထဲကနေ ထွန်းဇော်၏ ခပ်ဆိုင်းဆိုင်းခေါ်သံ ထွက်လာပြီး ဖုန်းပိတ်လိုက်သည်ကို သိလိုက်သည်။

ဘာမှန်းမသိသော်လည်း သူမ ပြန်မှဖြစ်မည်ကို သိလိုက်၏။ မိုးချောင်ခိုးဝှက်လုပ်သည့်ကိစ္စမှာ ဂရုစိုက်၍ မဟုတ်ပေမယ့် ကိုယ့်မှာ မပြစ်ရှိသည်။ ဒါဟာ ကိုယ့်ကို ပေးအပ်ထားသည့်နေရာမဟုတ်။

သူ့ပိုင်နက်ထဲကို ကိုယ်က ခိုးဝင်ခဲ့တာ။ ငုဝါ ချက်ချင်း

ပြေးထွက်ကာ တံခါးတွေကို အမြန်ဆုံးပြန်ပိတ်သည်။ ထိုအချိန်မှာ တစ်အိမ်လုံး ဘာဖြစ်နေနေ သူမ ဂရုမစိုက်မိတော့ဘဲ ကားပေါ်တက်ကာ အိမ်သို့ပြန်မောင်းလာခဲ့မိ၏။ ထွန်းဇော်ထက် သူမ ဦးအောင် ရောက်နေမှ ဖြစ်မည်။ မဟုတ်လျှင် နောက်တစ်ကြိမ်ဆို ထပ်ရနိုင်ဖို့ မလွယ်။ ဒီတိုက်ကြီးကို သူမ နံ့စပ်အောင် သိချင်သေးသည်၊ ကြည့်ရမှဖြစ်မည်၊ ပြီးတော့ သူမမှာ သော့တူတွေခိုးလုပ်ထားသည့်ကိစ္စက ပို၍ရုက်မွယ်ပင်။ သော့တူလုပ်ဖို့မူရင်းသော့ကို ခိုးယူခဲ့ခြင်း၊

ဤခြံထဲသို့ ခိုးဝင်မိခြင်း။ မမှန်မကန်လုပ်ခဲ့မိသည့် နှလုံးအိမ်က တဒိတ်ဒိတ်ခုန်ရုံမက ချွေးစေးများပင် ပြန်ချင်လာ၏။

သို့သော် အိမ်ပြန်ရောက်တော့ ထွန်းဇော် မရောက်သေးပါ။

"ဟူး"

ကားပြန်သိမ်းပြီး အပေါ်ထပ်ပြေးတက်ကာ အိပ်ရာပေါ် ဝုန်းခနဲ ပစ်လှဲမိသည်။ နွယ်သာကီကို ပြန်သတိရ၏။ ထွန်းဇော်ကိုလည်း သတိရလိုက်သည်၊ ထို့ကြောင့် အိပ်ရာပေါ်မှ ချက်ချင်းပြန်ထ ကာ ခြံထဲမှာဆင်းနေဖို့ စိတ်ကူးနှင့် အကျီကာဟျာကယာလဲလိုက်၏။ ငုဝါဆင်းလာတော့ ဒေါ်ကြည်ကြည်၏ကားလေး ပြန်ရောက်လာသည်။

"သမီး… နေ့ခင်းတောင် အိပ်မပျော်ဘူးပေါ့"

သူမမျက်လုံးက ဘယ်လိုပုံစံပေါက်နေပါလိမ့်။ ငုဝါ ဟန်ချက် ပြုံးရယ်လိုက်ပြီး…

"သုံးနာရီကျော်နေပြီ မေမေရဲ့၊ နေ့လည်မှ မဟုတ်တော့တာ"

"အေး… ဟုတ်သားပဲ၊ အလုပ်လုပ်နေရတော့ အချိန်တောင် သတိမထားလိုက်မိဘူး"

ဒေါ်ကြည်ကြည် အပေါ်ထပ်တက်သွားတော့ ငုဝါခြံထဲဆင်းခဲ့၏။ ထွန်းဇော်ရောက်မလာသဖြင့် စိတ်ချသွားပေမယ့် အံ့သြမိသေးသည်။ သူမထင်သည်က ချက်ချင်းလိုက်လာမည်။ ထွန်းဇော်နှင့်သူမ ရှေ့နောက်ကွာရုံပဲဟု။ ခြံထဲမှာ ခရေပင်အောက်ရောက်တော့ လေးတွဲ့စွာ ထိုင်ချလိုက်မိ၏။

နောက်ထပ်တစ်ခါ နွယ်သာကီကို သွားသည့်အခါ ဒီလို



ချောက်ချားစိတ်တွေ ကင်းစင်နေမှဖြစ်မည်။ တစ်တိုက်လုံးအနှံ့ သေချာလိုက်ကြည့်ချင်သည်၊ ငုဝါ တိုက်မှာရှိသမျှ တံခါးတွေကို စိတ်ထဲက လိုက်ဖွင့်ပစ်ရင်း ခေါင်းညိတ်လိုက်မိသည်။ ဒါဆို တိုက်ထဲမှာ လင်းလင်းချင်းချင်း ဖြစ်သွားလိမ့်မယ်။ အမှောင်ဟာ စိတ်ကိုချောက်ချားစေတာ ဖြစ်၏။ နေ့အလင်းရောင်ထဲမှာ ဒီတိုက်ကြီး ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ဘာကြောက်စရာ လိုသလဲ။

အတွေးထဲမှာ အစီအစဉ်တွေ ချနေဆဲ သူမဘေးသို့ လူရိပ်တစ်ခု ကျရောက်လာခဲ့၏။ လူထက် အရင်ရောက်လာသည့် ရေမွှေးနံ့ကြောင့် ထွန်းဇော်မှန်း သူမသိလိုက်၏။ သူ၏ ခြေအစုံဆီ ခပ်ငွေငွေငေးကြည့်ကာ မျက်ဝန်းတို့ကို မျက်နှာဆီမပို့ဘဲ ငုဝါ မျက်နှာပြန်လွှဲပစ်သည်။

သူက ငုဝါ၏ မျက်နှာရှေ့သို့ရောက်အောင် လာရပ်လိုက်ပြီး

"တော်တော် ကျေနပ်ခဲ့ရဲ့လား ငုဝါ"

ငုဝါ ထိတ်ခနဲဖြစ်သွားသည်။ ဒါပေမဲ့ မျက်နှာကို ပို၍တင်းပစ်ပြီး သူ့ကိုမော့ကြည့်လိုက်သည်။ ထွန်းဇော် မျက်နှာ နီရဲသုန်မှုန်နေသည်။ နှုတ်ခမ်းမှာ နာကျင်သည့် မဲ့ပြုံးတစ်ချက်ဖြစ်သွား၏။

ပြီးတော့ ဘောင်းဘီထဲမှာ ရောက်နေသည့် လက်တစ်ဖက်ကို ဆွဲထုတ်လိုက်ပြီး ငုဝါရှေ့မှာ ကမ်းပေး၏။ သူ့လက်ထဲမှာ ငုဝါ၏ မျက်မှန်လေး ငုဝါ ဘယ်လိုမှ ထိန်းလို့မရလိုက်ခင် မျက်လွှာချပစ်လိုက်မိသည်။ သူက ဟင်းခနဲအသံထွက်အောင် မဲ့ပစ်ကာ…

"မင်း… မျက်မှန်မေ့ကျန်ခဲ့လို့ ကိုယ်ယူလာခဲ့တာ ရော့"

သူ ငုဝါပေါင်ပေါ်ကို မျက်မှန်ပစ်တင်လိုက်၏။

"အဲဒီလောက်ထိ မင်း ကြိုးစားပမ်းစား လူပ်ရှားနေခဲ့တာ ကိုယ်တကယ်အံ့သြတယ်၊ ဘာလဲ၊ ကိုယ်စိုးရိမ်နေတာကို သိလို့ မင်း တခင်္ဂနေတာလား၊ ဒါမှမဟုတ် အသက်ပေးပြီးတော့ပဲ တကယ် စိတ်ဝင်စားနေတာလား"

ငုဝါ ဆတ်ခနဲ ထရပ်လိုက်သည်။

"ဘာကို အသက်ပေးရမှာလဲ၊ အသက်ပေးရမယ်လို့ စိတ်စွဲနေတဲ့ ရှင့်အတွေးတွေကိုပဲ ငုဝါ အံ့သြမိတာ၊ ခေတ်ပညာတတ်တစ်

ယောက် ဖြစ်နေပြီး ရှင် ဒီလောက်ထိ အစွဲကြီးရသလား၊ ခု ရှင့်ရှေ့မှာ ရပ်နေတာ ငှဝါလေ၊ ငှဝါ ဘာဖြစ်ခဲ့လို့လဲ၊ ခဏတဖြုတ်သွားကြည့်မိတာနဲ့ပဲ အသက်ဆုံးရှုံးသွားနိုင်သလား’

‘မင်း ကိုယ့်ကို အဲဒီမေးခွန်းမျိုး ပြန်မေးချင်လို့ သွားခဲ့တာ မဟုတ်လား’

‘ဟုတ်တယ်’

ငှဝါကလည်း ပြတ်သည်။ သူ့လက်နှစ်ဖက် ငှဝါလက်ပေါ် တင်းကျပ်စွာ ဆောင့်ခါလာ၏။

‘မင်း ကိုယ့်ကို မရှုံ့နဲ့၊ အိမ်မှာ မင်းမရှိတော့မှန်းသိကတည်းက ကိုယ်ကားပေါ်ရောက်သွားတာ၊ မင်းကို ကိုယ် ကားပေါ်ကလှမ်းဆက်တာ၊ မင်းအတွက် ကိုယ့်ရင်ထဲမှာ အဲဒီလောက်ထိ သောကတွေ တောက်လောင်သွားခဲ့တာကို ဘာဖြစ်လို့ နည်းနည်းလေးမှ နားမလည်ခဲ့တာလဲ၊ ခြံဝမှာ မင်းပြန်သွားပြီပြောတော့မှ ကိုယ့်မှာ အသက်ရှူဖို့ သတိရခဲ့တယ်’

‘ငှဝါဟောင်း ကိုယ့်ကိုယ်ကိုယ် မပူတာ ရှင်မပူနဲ့ပေါ့’

‘ဘာပြောတယ်’

ငှဝါက ပခုံးတွေ နာကျင်လာသဖြင့် ဒေါသဖြစ်ဖြစ်နှင့် သူ့ကို ပြန်၍ ထုနှက်လာသည်။ သူက ဗိုလ်ချုပ်ညစ်ချုပ်ကိုင်ထားလျက်...

‘မင်းမှာရှိထားတဲ့ သော့တွေ ဘယ်မှာလဲ၊ ကိုယ့်ကိုပေး’

‘ဘာလို့ပေးရမှာလဲ၊ မပေးနိုင်ဘူး’

‘မင်း နောက်ထပ်တစ်ခါ အဲဒီကို သွားရမယ်များ ထင်လို့လား’

ငှဝါ မျက်ရည်တွေကျလာကာ သူ့ကိုမော့ကြည့်သည်။

‘သွားမှာပဲ၊ ဘာလဲ ရှင်က ခြံစောင့်ကို ငှဝါဆိုတဲ့ မိန်းကလေးလာရင် တံခါးဖွင့်မပေးရဘူးလို့ မှာထားခဲ့ပြီလား၊ မှာထားဖို့တွေ ရှိနေလို့လား၊ လုပ်လိုက်လေ၊ ငှဝါက ရှင့်မိန်းမဆိုတဲ့နေရာမှာ ပခုံးချင်း ယှဥ်ခွင့်မရနိုင်ဘူးဆိုတာ အတိအလင်းကြေညာလိုက်၊ ရှင့်ရဲ့ ခြံစောင့်ဆီမှာ ငှဝါလိမ်ညာသွားတယ်လို့ ပြောလိုက်စမ်းပါ၊ အားနော ကြေးပေါ့’



‘တောက်.... မင်း... မင်းကွာ’

ထွန်းဇော်... ငှဝါပခုံးကို လွှတ်ပစ်လိုက်ပြီး ချာခနဲ လှည့်သွား၏။ သူ့ကျောပြင်ကိုစိုက်ကြည့်ကာ ငှဝါ လက်သီးနှစ်ဖက် ဆုပ်ကျစ်တောင့်တင်းစွာ ရပ်နေမိသည်။

ထွန်းဇော် ဖျတ်ခနဲ ပြန်လှည့်လာကာ...

‘မင်းနဲ့ကိုယ် ဘာဖြစ်လို့ ဒီလောက်ထိ အတိုက်အခံတွေ ဖြစ်နေရတာလဲ၊ နှယ်သာကီက မင်းရင်ထဲမှာ ဒီလောက်ထိ နေရာယူခဲ့တာ အံ့သြစရာပဲ၊ ဒါ မင်းစိတ်ဝင်စားရုံသက်သက် မဟုတ်ဘူး၊ ကိုယ့်ကို တမင်တိုက်ခိုက်ချင်တာ’

‘ဟုတ်တယ်လေ၊ ရှင်ကလည်း စိုးရိမ်တာပြပြီး ချုပ်ကိုင်ထားချင်တဲ့သူပဲ’

‘စိုးရိမ်တာအကြောင်းပြရအောင် မင်းကို အဲဒီမသွားဖို့တားဆီးတာကလွဲပြီး ကိုယ် ဘာတွေချုပ်ကိုင်ဖို့ ကြိုးစားခဲ့လို့လဲ’

‘အဲဒါနဲ့ပတ်သက်ပြီး ငှဝါ ဘယ်မှသွားခွင့်မရဘူး၊ ဘာမှ မလုပ်ရဘူး၊ ဒီထဲမှာပဲ ပိတ်လှောင်ခံထားရတာလေ၊ ငှဝါက ဒီတိုင်းပဲ နေသွားရတော့မှာလား၊ နှယ်သာကီကို တစ်စုံတစ်ယောက် ဝယ်ယူမသွားမချင်း ဒီအချုပ်ထဲမှာပဲ နေရမှာလား၊ ဒီမှာ ရှင်ပြောတဲ့ ပုံပြင်တွေ၊ ပုခက်ထဲက ကလေးကိုသွားပြော’

ထွန်းဇော် ခေါင်းငိုက်စိုက်ကျသွား၏။ သူဘာပြောပြော ငှဝါ တိုက်ခိုက်နေတော့မှာပဲဆိုတာ သဘောပေါက်သွားခဲ့သည်။ ပြီးခဲ့ပြီဖြစ်သည့် ပဥ္စလက်ဆန်သော အိပ်မက်ဆိုးများမှာ ဘာကြောင့်ဟု လက်ဆုပ်လက်ကိုင်မပြနိုင်ခဲ့သည့် သူ့အဖြစ်က ငပေါ။

မိန်းမတစ်ယောက်၏ လက်ညှိုးထိုးမှုအောက်မှာ သူဟာ ပေါကြောင်ကြောင်တစ်ယောက်ဖြစ်ခဲ့ပြီ။ သွေးစွန်းခဲ့သည့်လပြည့်ညတွေကို သူ မပြောဖြစ်တော့ပါ။ လပြည့်ညတိုင်းမှာ ဒုက္ခပေးတတ်တာကို ပြောမိလျှင် လပြည့်ညကို တမင်ထပ်မသွားဘူးဟု မပြောနိုင်။

သူ ငှဝါကို စူးစူးစိုက်စိုက်ကြည့်ကာ အံကြိတ်ထားမိ၏။ အချစ်ဟာ ကိုယ့်ရင်ဘတ်ထဲ ရောက်မလာခင်က အရာရာ ကိုယ်နဲ့ မဆိုင်သလိုနေနိုင်ခဲ့သော်သည်း ခုတော့ ရင်ထဲမှာ မီးလောင်ပြင်ကြီးလို

ပါလား။ မျက်မှန်စိမ်းတပ်၍ ကြည့်နေသော သူ၏မျက်ဝန်းထဲမှာ ဘယ်နေရာ ဘာကိုကြည့်ကြည့် အစိမ်းရောင်တွေပဲ မြင်နေမည်သာ။ ထိုမျက်မှန်ကို ဖြုတ်ချပေးပါလိုကလည်း သူ ထပ်၍ မတောင်းဆိုချင်တော့။

'ကောင်းပြီ၊ ငဝါ မင်းစိတ်ချမ်းသာသလိုနေပါတော့၊ ဒါပေမဲ့ ဘယ်ကိုပဲသွားသွား မင်းရှိတဲ့နေရာမှာ ဖုန်းကိုထားပြီးမှ သွားပါ'

သူ ကျောခိုင်းထားခဲ့မိသည်။ သူ မျက်ဝန်းထဲမှာ ရုပ်ဆိုးပန်းဆိုး ပြုံးပြဲသေဆုံးခဲ့သော သက်သက်ခင်၏ မျက်နှာ၊ သွေးတို့ဖြင့် လူးနေသည့် ဖွေးဖွေးမျက်နှာ။ ပြီးတော့ နှယ်သာကီ သေဆုံးခဲ့ခြင်း အကြောင်း သတင်းစကားတွေ…။

'နှယ်သာကီ အသတ်ခံရတာ လည်ပင်းမှာ တည်းတည်းကလေး ကျန်ခဲ့တာတဲ့'

'အပင်အောက်မှာ သွေးတွေဆိုတာ ဗွက်ထနေတာပဲတဲ့၊ ဒီရွာကလူတွေ အကုန်လုံး သွားကြည့်ကြတယ်'

'တရားခံက မမိသေးဘူးတဲ့'

ထိုသတင်းများကြားရပြီး သူဟာ လူမှန်းသူမှန်းမသိတော့အောင် ချောက်ချားသွားခဲ့သည်။ နှယ်သာကီသည် အရုပ်မျက်နှာအနှံ့ အပြားများ ရှိနေကာ သူ့ကိုလက်ယပ်ခေါ်နေသလိုခံစားလာရ၏။

ချစ်သူသည် သူ့ထံသို့မလာနိုင်ရှာပါလားဟု တွေးကာ သူ့မှာ ရင်ထုမနာဖြစ်ရရင်း အရိပ်နောက် လျှောက်လိုက်လိုလိုက်။

သင်းခေါင်တလွဲ ရွာလယ်လမ်းမကို ထွက်လိုထွက်။ ထို့ကြောင့် သူ့ကို စိတ္တဇဖြစ်နေပြီဟု သတ်မှတ်ကာ မြို့ကိုပြန်ဖို့ တိုက်တွန်းခဲ့ကြ၏။

ထိုညသည် လပြည့်ည…။

ခုလည်း ငဝါ ပါးစပ်ထဲမှာ သူဟာ အရူးသာသာ။ ကိုယ်တကယ် ရူးခဲ့ရင်တောင် မင်းကို စိုးရိမ်လွန်းပြီး ရူးခဲ့တဲ့အရူးပါ ငဝါရယ်။

⁂

## အခန်း (၂၇)

အပြင်ကနေ တံခါးခေါက်သံ ထွက်ခေါ်လာသည်။

'ကျော်ကျော်… ဘာလဲ'

'ဆရာ ခေါ်လိုက်သလားလို့'

'မခေါ်ဘူး'

သူ နားနေခန်းထဲမှာ ခဏဝင်ပြီး အပန်းဖြေရင်း မှေးခနဲ ပျော်သွားခဲ့ခြင်းဖြစ်၏။ နာရီကိုကြည့်တော့ ညနေ သုံးနာရီခွဲ။ နဖူးမှာ အေးစက်စက်ဖြစ်နေသည့် ချွေးတို့ကို သုတ်ပစ်လိုက်သည်။ နေရာမှထ ရပ်လိုက်ပြီးမှ ကိုထွန်းဇော်ဟု ခေါ်သွားသည့် အေးစက်ခက်ထန်သော နှယ်သာကီ၏ အံကြိတ်သံကို သတိတရဖြစ်နေမိ၏။

နာရီသံ။ နာရီသံနောက်ကို သူလိုက်ခဲ့သည်။ နှယ်သာကီက သူမကို ဖျက်ဆီးဖို့ ကြိုးစားသည်ဟု ပြောခဲ့၏။ မေမေပြောသလို တကယ်ပဲ နှယ်သာကီဟာ နာရီပေါ်မှာ စွဲကပ်နေခဲ့သည်လား။ သူ့ကို မုန်းတယ်ဟုပြောသွားသည်။ မုန်းတယ်ဆိုတော့ သူမ ဘယ်လိုတွေ တုံ့ပြန်လာနိုင်သလဲ။

'နာရီကို ရှင် ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး'တဲ့။ သူမတွေ့ခဲ့သောနာရီဟာ သာကီလှည့်စားပစ်လိုက်တာလား။ သူ စိတ်ပျက်စွာ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိသည်။ သူ ဒါတွေတွေးနေတာများ ငဝါသိလျှင် ကြောင်နေပြီဟုပြောဦးမည်သာ။ ဒါပေမဲ့ ငဝါနဲ့သူ မာန ပြိုင်၍ ဒီတိုင်းနေသွားလို့မဖြစ်။ ဘာလုပ်ရမလဲ။ စဉ်းစားရင်း အလုပ် စားပွဲနားရောက်ပြီးမှ မထိုင်ဖြစ်ဘဲ ငိုင်နေမိသည်။

ငုဝါ လုပ်ချင်တာလုပ်ပါစေတော့ဟု ပစ်ထားခဲ့လိုက်တာကြာပြီ။ မေမေကတော့ ချော့မော့တားသီးနေတာတွေရှိသည်။ အပြင်လည်း သိပ်မထွက်ဘဲ ငုဝါကိုပဲ အရိပ်တကြည့်ကြည့်နေရှာသည်။ လူကြီးကို မလွန်ဆန်ချင်၍လား၊ ဒါမှမဟုတ် ကြိတ်၍ပဲ ကြံစည်နေသည်လားတော့မသိ။

'သမီးကို ချော့ချော့မော့မော့ပြောကြည့်ပါလား သားရယ်၊ စိတ်ရင်းလေးက နူးညံ့ရှာပါတယ်၊ သားက ဓနိးမယားနဲ့ ဘာနပြိုင်မနေပါနဲ့'

မေမေပြောတော့ သူ့မှာမရှုနိုင် မကယ်နိုင်။ ငုဝါ သူ့ကို စော်ကားထားတာတွေ စိန်ခေါ်ထားတာတွေ။ ဒါတွေ မေမေ ဘာမှမသိ။ ထို့ကြောင့် သူ ထိုကိစ္စနှင့်ပတ်သက်၍ ဘာဆိုဘာမှမပြောဘဲ မကြည့်မိအောင် နေသည်။ မပြောဖြစ်အောင် ကြိုးစား၏။ ခုတော့ သူ့စိတ်တွေ လှုပ်ရှားနေလေပြီ။ ဒီနေ့ လပြည့်နေ့။

'ပြတ်တောက်ကျန်ခဲ့ပြီးသည့် အတိတ်က ဒီနေ့ကျမှ သူ့အိပ်မက်တွေထဲ ဘာဖြစ်လို့ ပြန်ရောက်လာခဲ့တာလဲ'

သူ ဖုန်းကိုချက်ချင်းကောက်ကိုင်၏။

'ဟဲလို'

'မေမေလား၊ ငုဝါ အိမ်မှာရှိလား မေမေ'

'ရှိတယ် သား၊ ခုပဲပြန်ရောက်တာ'

'ဗျာ… ဘယ်ကိုသွားတာလဲ'

'ဩော်… သူ့အသုံးအဆောင်ပစ္စည်းလေးတွေကို ဝယ်ဖို့လို့ သူ့သူငယ်ချင်းတွေနဲ့ ချိန်းပြီးသွားကြတာလေ၊ မေမေကိုယ်တိုင် လွှတ်လိုက်တာ သားရဲ့၊ ပြန်ရောက်နေပါပြီဆိုမှ'

'ဘယ်တုန်းက သွားတာလဲ မေမေ'

'မနက်ကလေ'

'ဟင်'

တစ်နေကုန်ဈေးဝယ်ထွက်နေသတဲ့။ သူ စိတ်ရှုပ်ထွေးစွာ ဖုန်းကိုချပစ်လိုက်သည်။ တစ်နေကုန်အလုပ်လုပ်ရတာ စိတ်မပါတော့။

## အခန်း (၂၈)

'ဟော… သမီးလေး လာ'

ငုဝါ ထမင်းစားခန်းထဲဝင်လာတာကို သူလှည့်မကြည့်ဘဲ ထမင်းပဲ ငုံ့စားနေမိသည်။ မေမေက သူ့ကို နှုတ်ဆက်စေချင်သည့် မျက်ဝန်းများနှင့်ကြည့်ကာ ငုဝါအတွက် ပန်းကန်ကို ကိုယ်တိုင်လှန်၍ ထမင်းထည့်ပေး၏။

ထမင်းစားရင်း တင်းကျပ်လာသည့် စိတ်က ဘယ်လိုမှ ဆက်မစားချင်တော့သည်အထိဖြစ်လာကာ သူ့မျက်နှာ မော့လိုက်သည်။

ဇွန်းခက်ရင်းကို ကိုင်လိုက်သည့် ငုဝါ၏ လက်ကောက်ဝတ်ဖွေးနုနုလေးအထက်သို့ မျက်လုံးက တန်းခနဲရောက်သွားသည်။

'ဟင်'

တစ်ကိုယ်လုံး ကျင်တက်သွားသလား မသိလိုက်။ မျက်ခုံးလေးခပ်တွန့်တွန့်နှင့် မထိတထိ ပုံစံလုပ်နေသည့် ငုဝါမျက်နှာဆီ သူ့မျက်ဝန်းတွေ ထပ်ရွှေ့လိုက်မိလျက်…

'ငုဝါ'

သူ ထမင်းစားပွဲကနေ ဝုန်းခနဲ ထရပ်လိုက်၏။

'သား'

ဘာမှနားမလည်သေးသော်လည်း သားဖြစ်သူ ဒေါသတကြီးပေါက်ကွဲတော့မှာကိုသိကာ ခေါ်ကြည်ကြည် အထိတ်တလန့် တားဆီးဖို့ ပါးစပ်ပြင်၏။ သို့သော် သူမ ဘယ်လိုမှကြားမဝင်နိုင်သည့်ကိစ္စ။

ထွန်းဇော် ငုဝါဘေးသို့ ဖျတ်ခနဲရောက်သွားကာ ငုဝါ၏ ဘယ်လက်ကောက်ဝတ်လေးကို ဖမ်းဆုပ်လိုက်သည်။ မျက်ဝန်းတို့သည် နာရီနှင့် ငုဝါ၏မျက်နှာကို တစ်လှည့်စီစိုက်ကြည့်လျက်…

'မင်း… မင်း… ဒီနာရီကို ဘယ်ကရခဲ့တာလဲ'

ငုဝါက အံ့သြဟန်လေးနှင့် သူ့ကို တစ်ချက်ကြည့်၏။ ဒါ တမင်လုပ်ပစ်တဲ့အမူအရာမှန်း သူသိသည်။ ပြီးတော့ လက်ကို ဆတ်ခနဲ ပြန်ရုန်း၏။

'ငုဝါ မင်းပြောစမ်းပါ၊ ဒီနာရီကို…'

'ရှင် မသိဘူးလား၊ သိလျက်သားနဲ့ အပိုတွေလာမမေးနဲ့၊ ထမင်းစားမလို့' ငုဝါ ချထားသည့် ဇွန်းခက်ရင်းကို ပြန်ကိုင်သည်။

'သိတယ်၊ သိလို့မေးတာ၊ မင်း ဒါကိုဘယ်ကဘယ်လို ရှာယူလာတာလဲ၊ ဒါ… ဒါ… မင်းမကိုင်ရဘူး၊ အခုချွတ်စမ်း'

'အို… ဖယ်'

'ချွင်'

သူက ပြန်ဆုပ်ကိုင်သည်။ ငုဝါက ခါထုတ်လိုက်၏။ သူမ ကိုင်ထားသည့် ခက်ရင်းက ခပ်ဝေးဝေးသို့ လွင့်ထွက်သွားသည်။

'ရှင်… ရှင်… ကဲ…'

'မင်း… တော်နော်၊ ငုဝါ ရပ်စမ်း'

'သား… သား… ဒေါသမထွက်ပါနဲ့ကွယ်၊ သမီးလေး ရပ်လိုက်ပါ'

တစ်ယောက်က ထုနှက်ရိုက်ပုတ်လျက် ထွန်းဇော် အံကြိတ်ထားရင်း ပေါက်ကွဲတော့မှာကို ကြိုသိလိုက်သဖြင့် ဒေါ်ကြည်ကြည် အတင်းဝင်ဆွဲ၏။

'နာရီက ဘာဖြစ်လို့လဲ သားရယ်'

နာရီနဲ့ ပတ်သက်တာကို ကြားထားခဲ့ပေမယ့် ဒေါ်ကြည်ကြည် မမြင်ဖူးပါ။ ခုဖြစ်နေကြသည့် နာရီကိစ္စကိုလည်း ဘာဖြစ်နိုင်သည်ကို သူမ ရုတ်တရက် ဆက်စပ်မတွေးမိသေး။

'ဒီနာရီက…'

ထွန်းဇော် ပြန်ဖြေမည်ပြင်လိုက်စဉ် ငုဝါက သူ့ရင်ဘက်ကို



ဆောင့်တွန်းပစ်လိုက်ပြီး…

'ဟုတ်တယ်၊ အဲဒါ ရှင့်ရဲ့ဇနီးဟောင်း အဝတ်ဗီရိုထဲက ထုတ်ယူလာတာ၊ မလိုချင်ပေမယ့် ယူချင်လို့ယူတာ ဘာဖြစ်လဲ၊ ရှင်က ရှင့်ဇနီးရဲ့ပစ္စည်းတွေကို လက်ရာခြေရာမပျက်ထားပြီး ငုဝါ ဖွကိုင်ထားလို့ ဒေါသထွက်နေတာ မဟုတ်လား၊ အဲဒီမှာ လဲသေလိုက်'

'ငုဝါ… ငုဝါ… မင်း…'

ငုဝါလှည့်ထွက်သွားတော့ သူ ဒေါသတကြီးလိုက်ဆွဲသည်။

'သား… သားရယ်… စိတ်ကို ခဏလေးလျှော့ထားလိုက်ပါ'

မေမေက ကြားကနေ အတင်းဝင်ဖက်၍ တားဆီးလိုက်သဖြင့် သူမ အပေါ်ပြေးတက်သွားတာကို မချင့်မရဲလိုက်ကြည့်နေမိသည်။

※

ငုဝါ အခန်းထဲပြေးဝင်ကာ အိပ်ရာပေါ်မှာ မှောက်ပြန်ထိုင်ချရင်း သူ ဆုပ်ကိုင်ဆောင့်ခါပစ်ခဲ့သည့် ပခုံးတွေကို ဖိအုပ်ကိုင်လိုက်မိသည်။ အောင့်တက်နာကျင်လွန်းသည့်ဝေဒနာက ကိုယ့်အသားကိုပင် ပြန်မဆုပ်နိုင်တော့သည်အထိ ပြင်းထန်လှသည်။ ရက်စက်တဲ့လူ၊ အလကားလူ၊ သူ့မိန်းမပစ္စည်းကို ထုတ်ကိုင်လာလို့ ဆတ်ဆတ်ခါနေတာ၊ ငုဝါ… ဝမ်းနည်းလို့မဆုံး နာကျည်းလွန်းလို့ အားမရ။

'ငုဝါရယ်… နှင့်လူကြီးက ချောတော့ချောပါတယ်၊ ဒါပေမဲ့ လူပျိုမဟုတ်တာ မကောင်းဘူး'

'ဟုတ်တယ်၊ ရွယ်တူအချင်းချင်း အပျိုချစ်ကြည်းကြရင် လူအိုတွေက ကျော်ကြပါတယ်ဟာ၊ သူတို့က ချစ်ဖူးညားဖူးပြီးသားကိုး၊ ကိုယ့်မှာသာ မချစ်ဖူးတော့ အချစ်ဦး၊ ကိုယ်ကပဲ ချစ်ရတော့တာ'

ငုဝါ အံကြိတ်ထားမိသည်။ သူမရင်ထဲက အစိုင်အခဲဟာ သူငယ်ချင်းတွေပြောကြသည့် စကားများမှ စ၍ ထိရှခဲ့တာဖြစ်သည်။ ခုတော့ သူမ မြင်သမျှကြားသမျှအားလုံး သူတို့ပြောကြသလိုပါပဲလား။

ထွန်းဇော်သည် သူမအပေါ် စိုးရိမ်ပူပန်တာကို အကြောင်းပြကာ ချုပ်ချယ်သည်။ တစ်နေကုန်ချောင်ထိုးထားပြီး ပြောတော့ ဒေသနာတဲ့။ ငုဝါစိတ်ကောက်တော့ သူက ဒေါသပိုကြီးပြ၏။

'ဟုတ်လား၊ နင်တို့မခေါ်ကြဘူးလား၊ သူက နင့်ကိုမချော့ဘူးလားဟယ်'

'ချော့မလားဟ၊ ဒီလိုလူမျိုးတွေက အံတိုနေပြီဥစ္စာ'

သူငယ်ချင်းတွေရှေ့မှာ လင်မယားမခေါ်တဲ့အကြောင်းပြောတော့လည်း ကြားရတာက ဒီစကားပဲဖြစ်သည်။ မှန်နေတာပဲလည်း ဖြစ်သည်။ ငုဝါ နာရီကို စူးစူးစိုက်စိုက် ငုံ့ကြည့်ကာ မဲ့ပစ်သည်။

'ဝတ်မယ်၊ ဝတ်ကိုဝတ်ထားဦးမှာ၊ သင်း စိတ်တိုလွန်းပြီး သတိတွေဘာတွေ မေ့သွားတဲ့အထိ ဝတ်ထားပြစ်မယ်'

ငုဝါ အိပ်ရာထဲမှာ ကန့်လန့်ဖြတ်လှဲလိုက်သည်။ မျက်လုံးတို့က အခန်းဝထိပ်မှ နာရီကြီးဆီရောက်၏။ ည ခုနစ်နာရီပင် မထိုးသေး။ ပြီးတော့ လက်ကနာရီကို မြောက်ကြည့်မိပြန်သည်။ နာရီနှစ်လုံးက အချိန်ကွက်တိ။ ဒီနာရီဟာ အတွင်းမှာပါသည့်စိန်တန်ဖိုးအတိုင်း တန်ဖိုးကြီးမှာ သေချာသည်။ ဘယ်နှစ်သိန်းလောက် တန်နိုင်သည်ကို သူမ မခန့်မှန်းနိုင်။ စိန်ပွင့်တွေက ဖျတ်ဖျတ်လက်နေသည့် နာရီမှန်ကာဘာသည် ရောင်စုံမီးလုံးကလေးလည်နေသလို မှန်မှာ အရိပ်ထင်၍ ဖြာထွက်နေ၏။

စိန်နှင့် အလင်းရောင်က စိတ်ကိုညှို့ယူနေသလို ဆွဲဆောင်မှု ရှိနေသည်။ ထို့ထက်ပို၍ ဆွဲဆောင်သည်က ဉာဏ်နာရီမှာမြည်သော အသံ။ နေ့လယ်က သူမတို့အုပ်စု ဉာဏ်နာရီမှထွက်ပေါ်နေသည့် အသံကြောင့် သုံးယောက်လုံး အလုပ်ရှုပ်သွားခဲ့ကြသည်။ ငုဝါ နေ့လယ်က နွယ်သာကီမှာ ဖြစ်ခဲ့သမျှကို ပြန်တွေးနေမိ၏။

## အခန်း (၂၉)

တိုက်ထဲကို သုံးယောက်သား ဝင်လိုက်တော့ မိုးသဲနဲ့ အိအိက တစ်တိုက်လုံးကို လှည့်ပတ်ကြည့်ပြီး 'မှောင်လိုက်တာ' ဟု အရင်ပြောသည်။

'တိုက်ကအရမ်းလှပြီး အထဲမှာ တစ်မျိုးကြီးပဲနော်'

မိုးသဲက ဟိုကြည့်ဒီကြည့်နှင့် လက်ကလေးပိုက် ပခုံးတွန့်၍ ပြော၏။ ဒါပေမဲ့ ဒီတိုက်ကြီးသည် နွယ်သာကီဖြစ်ကြောင်း။

နွယ်သာကီဟာ ဘယ်လိုအတိတ်ဆိုးတွေရှိခဲ့ကြောင်း သူမ သိသမျှ ငုဝါဘာမှပြောပြမထားခဲ့ပါ။ အိအိက ကြောက်တတ်သည်။

သူမတို့ဟာ သူငယ်ချင်းအသစ်တွေမို့ ထွန်းဇော်ဦးနဲ့ သူမ ဟိုတုန်းကတည်းက ပြောဆိုဆက်ဆံခဲ့ဖူးသည့် အကြောင်းတွေကိုလည်း မသိကြ။ သူမ လက်ထပ်လိုက်ရသည့် ယောကျ်ားအဖြစ်မှလွဲ၍ ဘာမှ ပိုမသိ။ မိုးသဲက ကုမ္ပဏီကြီးတစ်ခုက စာရေးမလေးဖြစ်ကာ အိအိကတော့ ကိုယ်ပိုင်မားကက်တစ်ခုမှာ သူကိုယ်တိုင်လည်းကောင်တာ ထိုင်သည်။ ဒီနေ့ ဥပုသ်နေ့။ လပြည့်နေ့မှာ နှစ်ယောက်လုံး အလုပ်နားကြသဖြင့် ဒီမှာ အေးချမ်းစွာ အပန်းဖြေကြဖို့ ငုဝါကပဲ စုရုံးစေခဲ့တာ ဖြစ်သည်။

'ငုဝါရော အပန်းဖြေတာများ ပန်းခြံတို့ ကစားကွင်းတို့ အများကြီးပဲ ဒီတိုက်ကြီးထဲများ ဘာလုပ်ရမှာလဲ'

'ဘာဖြစ်လဲဟာ၊ ဟောဒီတံခါးတွေဖွင့်ပစ်လိုက်ရင် လင်းသွားတာပဲ ဥစ္စာ'

ပြောပြောဆိုဆို ငုဝါတံခါးတွေ ဖွင့်တော့ သူတို့ပါလိုက်ဖွင့်၍ ပါးစပ်တွေပိတ်သွားကြသည်။ ခနက်ပိုင်းပဲရှိသေးတာမို့ လူအင်အားလည်း မိုလာသဖြင့် ငုဝါ အနည်းငယ်မျှ စိုးရွံ့စိတ်မဖြစ်ခဲ့ပါ။

‘ဒါက ကိုဖော် ဟိုတစ်ယောက်နဲ့ လက်ထပ်ဘုန်းက နေခဲ့တဲ့ တိုက်ဟ၊ သူက အသေပိတ်ထားတာကို ငါစိတ်ဝင်စားလို့ တမင်ဝင်ကြည့်တာ၊ လာ အပေါ်ထပ်တက်မယ်’

တိုက်က မကြီးလှသော်လည်း လှေကားက အမတ်ကြီးဖြစ်သည်။ လက်ရန်းတိုင်တွေကို အထူးလှပစွာပြင်ဆင်ထားသဖြင့် ဘယ်က ကြည့်ကြည့်လှနေသည်။ တက်ကြည့်တော့မှ အတော်မြင့်မြင့်ကနေ ပြန်ငုံ့ကြည့်လျှင် ကျောချမ်းဖို့ကောင်းမှန်းသိရသည်။ ပြီးတော့ အပေါ်ရောက်ဖို့ အနည်းငယ်တိုသော လှေခါးတစ်ဆစ်ချိုးကို တက်ရသေးသည်။ ထိုနေရာတွင်…

‘အယ်… ဒါ… ဒါ… ဘာတွေလဲမသိဘူး ကြည့်စမ်း’

လှေကားကို နောက်ဆုံးက တက်လိုက်လာသည့် အိအိက သူတို့ တစ်ဆစ်ချိုးကိုရောက်မှ သူမက လှေခါးတစ်ဝက်သာသာပဲ ရှိသေးသည်။ လက်ရန်းကိုကိုင်ကာ လှေခါးလယ်မှာ ကုန်းကွနေသဖြင့် မိုးသဲ ဟျာဟျာသလဲဖြစ်သွားကာ…

‘အောင်မလေး လှေခါးမတ်မတ်ကြီးကို ကုန်းကုန်းကွကွနဲ့ အသည်းယားလိုက်တာ၊ အိအိရယ် တက်ခဲ့စမ်းပါ၊ မြန်မြန်၊ ခိငုဝါ ဘယ်လိုနေရာကိုများ အပန်းဖြေရွေးထားသလဲ မသိဘူး၊ ဟွန်း… သူ့ယောက်ျားရဲ့အခေါ်တွေ မေတ္တာတွေကို ခိုန်ခွင်လျှာထိုးကြည့်မလို့ ဒီမှာလာရှာတာမဟုတ်လား၊ မပြောလိုက်ချင်ဘူး၊ ကျုပ်တို့ကအဆစ်’

မိုးသဲကလည်း သူ့အကျင့်နဲ့သူ ပြောတာပါ။ ဒါပေမဲ့ ရင်ထဲကို တည့်တည့်မှန်သွားသဖြင့် ငုဝါ ရက်ရယ်လေးရယ်မိ၏။

‘ငုဝါ မိုးသဲ… ဒီဟာ သွေးတွေဟ’

‘ဘာ… ဘာ…’ ‘ဟင်’

မိုးသဲမျက်လုံးပြူးနေဆဲ ငုဝါလှေခါးအတိုင်း ပြန်ဆင်းသွားပြီဖြစ်သည်။ အိအိပြသည့် လက်ရန်းတိုင်နှစ်တိုင်ကြား အခြေအောက်တန်းတွင် လက်တစ်ဝါးခန့်ရှိသော သွေးကွက်ကြီးက အရောင်ညိုညစ်ညစ်ပြောင်းနေပေမယ့် သွေးတွေမှန်း သိသာနေသည်။ လှေခါး



ခြေနင်းတွေအပြည့် အုပ်ခင်းထားသည့် ရွှေရောင်ကတ္တီပါ၏အစွန်းအားမှစ၍ ခွန်းထင်းနေခဲ့သဖြင့် တိုင်ခြေထိ ပြန့်ကျသွားသည့်သွေးကွက်က ပို၍သိသာစေတာ ဖြစ်သည်။ ထိုမှတစ်ဆင့် အောက်ထပ်ကြမ်းခင်းဆီသို့ စီးကျသွားခဲ့ပုံမျိုး။ အိအိ တံတွေးကို ဝိုခနဲမြိုချကာ ငုဝါကိုမော့ကြည့်သည်။ ငုဝါက မျက်မှောင်ကုတ်ထားသည်ကို ချက်ချင်းဖြေချပစ်ကာ… ‘ဟုတ်ချင်မှ ဟုတ်မှာပါဟာ၊ ညိုညစ်ညစ်ကြီးဥစ္စာ’

‘ဒါ… ဒါကြီးကို မဖြစ်နိုင်ဘူး ဟုတ်လား ငုဝါ’

‘ဘယ်မှာလဲ’

မိုးသဲ ထပ်ဆင်းလာပြန်သည်။ သို့သော် လှေခါးပေါ်မှာ ကုန်းကုန်းကွကွလုပ်ရမှာ မရဲသော မိုးသဲက ငုဝါကျောနောက်ကနေ ငိုကော့၍ ကြည့်မလာ။

‘ကဲပါ အိအိရယ်၊ မဟုတ်က ဟုတ်ကတွေကို ခေါင်းထဲထည့်မနေစမ်းပါနဲ့၊ ဒီလောက် တောက်ပသားနားနေတဲ့ တိုက်အသစ်ကြီးကို တောင်ထင်မြောက်ထင်နဲ့ ဟိုပုဂ္ဂိုလ်ကြားရင် စွေ့စွေ့ခုန်သွားဦးမယ်၊ အဟွန့်…’

ငုဝါ ရယ်၍ မိုးသဲကို လှေကားပေါ် ပြန်တွဲတင်၏။ အိအိမျက်လုံးကိုလည်း သ အကဲမခတ်မိတော့။ သုံးယောက်သား အပေါ်ထပ်က အခန်းတွေကိုလျှောက်ကြည့်ရင်း အဝတ်ဗီရိုတွေ၊ အင်္ကျီချိတ်တွေနှင့် ပြည့်နေသော နှစ်ယောက် အိပ်ခုတင်ကြီးလည်းရှိသည့် အခန်းကျယ်တစ်ခုထဲကို ဝင်ခဲ့ကြသည်။ ငုဝါက သော့တွဲလေးကို တချွင်ချွင်လှုပ်ဆော့ပြီး အခန်းကိုလှည့်ပတ် ကြည့်ရင်း…

‘အံမယ်… ဒီထဲမှာ မိန်းမ အင်္ကျီ စကတ်တွေပဲ မနည်းပါလား။ ဆွယ်တာတွေလည်း လှလိုက်တာ၊ ကြည့်စမ်း၊ အားလုံး ဒီအတိုင်းပဲနော်၊ မလျှော်ရသေးတဲ့ အဝတ်ခြင်းထဲမှာရော အင်္ကျီတွေရှိနေတယ်၊ လူနေလက်စနဲ့ ချက်ချင်းကြီး ထားပစ်ခဲ့ကြသလိုပဲ’

အိအိကပဲ စ၍ဝေဖန်သည်။ ရောင်စုံဝတ်စုံများက အင်္ကျီချိတ်တိုင်းတွေမှာ ပြည့်ကျပ်နေသည်။ ဒါပေမဲ့ ယောက်ျားအင်္ကျီ တစ်ထည်မှမပါ။ ငုဝါအခန်းထဲမှာ လှည့်ပတ်ကြည့်နေဆဲ အိအိနဲ့ မိုးသဲက ဒီပြင့်အခန်းတွေကို သူတို့ဟာသူတို့ လျှောက်ဖွင့်၍ လိုက်ကြည့်ကြ၏။

‘ငုဝါရေ ဒီမှာက ယောက်ျားအိပ်တဲ့အခန်းဟ၊ ဒီမှာယောက်ျား

ဝတ် အင်္ကျီ ဘောင်းဘီရှည်တွေ ကုတ်အင်္ကျီတွေရှိတယ်၊ မိန်းမအင်္ကျီ လုံးဝ မရှိဘူး’

အခန်းဝကနေ မိုးသဲလာခေါ်ပြတော့ ငုဝါသွားကြည့်မိသည်။ ဟုတ်ပါသည်။ အင်္ကျီတွေနားကပ်မိတော့ ထွန်းဇော် သုံးနေကျ ရေမွှေးနံ့ မျိုး ခပ်ငွေ့ငွေ့ရသည်။

‘သူတို့ကလည်း နိုင်ငံခြားစတိုင်လ် ထင်တယ်၊ လင်မယား တစ်ခန်းစီ ခွဲအိပ်ကြလို့’

‘တော်ပါတော့၊ ဘယ်လင်မယားမှ ခွဲမအိပ်ဘူး၊ အခု အားလုံး အတူတူပဲ အိပ်ကြတာ။ ဘယ်နိုင်ငံမှာဖြစ်ဖြစ် အချစ်ဆိုတာ လူတိုင်းမှာ ရှိတယ်၊ ချစ်တဲ့သူနဲ့ ဘယ်သူကခွဲအိပ်ချင်မှာလဲ၊ ချစ်ကြ ညားကြတာ တိရစ္ဆာန်တွေလို မေထုံပြုဖို့တစ်ခုတည်းမှ မဟုတ်ကြဘာ၊ လူတွေကို က ဟိုနိုင်ငံမှာ ဒီလိုပဲ၊ ဒီနိုင်ငံမှာဒီလိုပဲနဲ့ လူ့အထင်ကြီးမလားလို့ လျှောက်ထွင်တာ’

မိုးသဲက မဲ့မဲ့ရွဲ့ရွဲ့ပြောပြီး ငုဝါငေးနေတာကိုကြည့်၍…

‘ငုဝါ နင့်ကိုရော ဒီပုဂ္ဂိုလ်က ဒီလိုပဲ ခွဲအိပ်သလား၊ ဒါဆိုရင်တော့ ငါ ပြောရဲတယ်၊ နင့်ယောကျ်ားရုပ်လေးချောတာမောတာနဲ့ ဗိုလ်ရှုးပဲ’ ငုဝါ စကားပြန်ပြောဖို့ မေ့နေသည်။

‘ကိုယ် ဘယ်မိန်းမကိုမှ ထိတွေ့ပေါင်းသင်းခဲ့တာ မရှိပါဘူး’

ဆိုသော ထွန်းဇော်စကားကို သတိရလာသဖြင့် စိတ်က ခဏ လေးတော့ နုသက်သွားခဲ့၏။

‘ဟိုဘက်မှာလည်း စာကြည့်ခန်းရှိသေးတယ်ဟ၊ အောက်မှာ လည်းရှိတယ်နော်’

‘အေး… ဒီအပေါ်ခန်းက ရေးဟောင်းပစ္စည်းတွေပါရှိတာ၊ လာ… တို့ သွားကြည့်ရအောင်’

စောစောက သွေးဆိုတာတွေ သူမတို့ ဘာကိုမှသတိမရကြ တော့။ နောက်တော့ နှစ်ယောက်စလုံး ပျော်သွားကြသည်။ ပြောမည့် ဆိုမည့်သူမရှိသော တိုက်ကြီးထဲမှာ တစ်ခန်းဝင်တစ်ခန်းထွက် ဝင် ကြည့်ဝေပန်၊ လျှောက်လျှောက်လပ်လပ်ရယ်ကြ အော်ကြ။

‘ဗိုက်ဆာလာမှဆို မလွယ်ဘူး၊ ချက်ရအောင်ဟာ’

ဗိုက်ဆာတော့မည်ထင်သည်နှင့် ပါလာတာတွေကို မီးဖို



ဆောင်ထဲ သယ်ပြီး မိုးသဲက လိုအပ်သမျှလုပ်ပေးပြီး အိအိက ဒိုင်ခံ ချက်သည်။ မီးဖိုဆောင်မှာ သားစိမ်းငါးစိမ်းမှလွဲလျှင် ချက်ပြုတ်စရာ အားလုံး အဆင်သင့်ပြည့်စုံစွာ ရှိနေသည်။ ဒီကိုလာကြကတည်းက သုံးယောက်တိုင်ပင်ကာ စီတီးမတ်ခ်မှာချက်ပြုတ်ဖို့ အကုန်ဝင်ဝယ်ခဲ့ ကြသဖြင့် အဆင်ပြေကြ၏။ ငုဝါကတော့ ဟိုမတ်တပ် ဒီမတ်တပ် လုပ်ရင်းနဲ့ပဲ အပေါ်ပြန်ရောက်လာခဲ့၏။

‘ကဲပါ မယ်မင်းကြီးမရယ်၊ ရှင် ကြွပါ၊ ရှင့်ယောကျ်ားကြီးရဲ့ ဒိုင်ယာရီလေး မှတ်စုလေး အစုတ်အပြတ် အဟောင်းအဆွေး လွှန်လေ ပြီးသော အပိုင်းအစတစ်ခုခု’

‘အောင်မလေး မိုးသဲရယ် ထပ်စုတ်ဖို့ရှိသေးရဲ့လား’

မိုးသဲက အိအိနှင့်ပခုံးချင်းတိုက်ပြီးရယ်သည်။ ပြီးမှ…

‘စဉ်းစားလိုက်ဦးမယ်’ ဟုပြောကာ…

‘ဪ… အချစ်ဆိုတာကို သူမပြောဘဲနေတာလား၊ ဒိုင်ယာ ရီထဲ ရင်ဖွင့်ထားမှာပေါ့’

‘ဟဲ့… ဒိုင်ယာရီက သူ့ဆီမှာပဲရှိမှာပေါ့၊ ဘာပဲဖြစ်ဖြစ် သူ့စိတ်သဘောကို သိရတာပေါ့ဟ’

ငုဝါကတော့ အပေါ်ပြန်ရောက်လာကတည်းက ဗီရိုထဲက မွေ့ရာခင်းနှင့် ခေါင်းအုံးအသစ်ထုတ်၍ မွေ့ရာပေါ်မှာ လဲခင်းလိုက် သည်။ ပြီးတော့ စိတ်ပင်ပန်းစွာ လှဲချလိုက်ရင်း ရင်ထဲမှ ရှုပ်ထွေးနေ သမျှကို ပြေချကြည့်နေမိ၏။ မိန်းမသုံးယောက်နှင့်ပတ်သက်ခဲ့ဖူးသော သူသည် ပထမဆုံးကတော့ ချစ်တဲ့သူဟုဆိုပြီး နောက်ကျတော့ မိဘတို့ ဆန္ဒအတိုင်း နောက်တစ်ယောက်သည် ဝတ္တရားရှိသည်နှင့်အညီ။

‘မင်းနဲ့ကျမှ ကိုယ်မြတ်နိုးခဲ့တာ’ ဟု ပြောခဲ့သည်က သူမကို ဖြစ်သည်။ ဒါဆို သူမဟာ စတုတ္ထမြောက်။ ငုဝါ ဟိုဒီတွေးရင်း မျက်တောင်တွေ စင်းကျလာသည်။ အခန်းတံခါးက ဖျတ်ခနဲပွင့်သွား ၏။ မိုးသဲတို့ တက်လာသလားဟုထင်ကာ လှမ်းကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက်…

‘ဟင်’

ငုဝါ မျက်လုံးတွေကျယ်သွားကာ ငေါက်ခနဲ ထထိုင်လိုက်မိ သည်။ အခန်းရှေ့က ဖြတ်သွားသည့် အမျိုးသမီး၏ကျောနောက်က

ရှည်လျားသော ဆံနွယ်တွေက ငုဝါကို လက်ယပ်ခေါ်သွားသည့်နှယ်။

ငုဝါအခန်းထဲကနေ ပြေးထွက်ခဲ့သည်။ သူမသည် အလွန်နွဲ့နှောင်းလှပသော လှုပ်ရှားဟန်နှင့် လှေခါးဘက်သို့ လျှောက်ထွက်သွားနေ၏။ ငုဝါငေးကြည့်နေပြီးမှ သူမ လှေခါးအတိုင်း ဆင်းသွားတော့ သူမနောက်မှ ထပ်လိုက်ခဲ့ပြန်သည်။

'ဟင်… ဟိုမှာရောပဲ'

ငုဝါ လှေခါးထိပ်ရောက်တော့ သူမက တစ်ဆစ်ချိုးကွေ့မှာ ရပ်လျက် သူမအောက် မျက်နှာရှေ့မှာရပ်နေသူတစ်ယောက်နှင့် စကားပြောနေသည်ထင်၏။ မျက်နှာချင်း ကွယ်နေသဖြင့် တစ်ယောက်ကို ငုဝါ မမြင်ရပါ။ ပြီးတော့ အောက်ဘက်ကတစ်ယောက်ရော နောက်ကြောင်းပြန်လှည့်လာကာ နှစ်ယောက်အတူ လှေခါးအတိုင်း ဆင်းသွားကြ၏။ ထိုအခါ အောက်ဘက်ကနေခဲ့သည့် အမျိုးသမီးသည် ရှေ့မှဖြတ်သွားကာ သူမ၏ ပခုံးစွန်းထိ အုပ်ခဲ ပြန့်ကျဲနေသော ဆံပင်ရှည်များကိုပါ မြင်လိုက်ရ၏။ နှစ်ယောက်သည် ကိုယ်ဟန်လှပတာကို ဆံပင်ရှည်တာရော ပုံစံတူ မတိမ်းမယိမ်းကလေးပဲဖြစ်၏။

ရှေ့မှတစ်ယောက်က ကိုယ်လုံးအနည်းငယ် ပို၍ပါးလျားသည်။ သူမတို့သည် နောက်ကိုတစ်ချက်မှ လှည့်မကြည့်ကြ။ ငုဝါ ကြောင်ကြည့်နေရင်းမှ သတိဝင်လာတော့ ဆက်လိုက်ခဲ့မိပြန်သည်။ ကိုယ့်ကို သူမတို့ မြင်သွားမှာစိုးသည်။ ဒါပေမဲ့ ဘယ်ကိုသွားနေကြတာလဲ။ ဘာလုပ်နေတာလဲဆိုတာကို သိချင်သောကြောင့် ငုဝါကြောက် တာကိုပင် ဂရုမထားမိတော့…။

'အို'

ကိုယ့်နှုတ်ခမ်းကို လက်ဖဝါးနှင့် ကပျာကယာပိတ်ပစ်လိုက်ရသည်။ လှေခါးရင်းမှာ ကျောပေးရပ်နေသော နောက်ထပ်တစ်ယောက်။ သူမတို့ကဲ့သို့ပင် ဆံပင်ရှည်များနှင့် ဖြစ်ကာ သူမကတော့ ထူးခြားစွာ ပဝါဖြူလေးတစ်ထည်ကို လွှမ်းခြုံထား၏။ လှေခါးပေါ်က ဆင်းသွားကြသော နှစ်ယောက် သူမအနားရောက်တော့ သူမ စတင်ရွေ့လျားသွားသည်။

ငုဝါရပ်နေလျက် သတိလစ်သွားသလိုရှေ့ဘက်လိုက်ဖို့လည်း မေ့နေသည်။ အောက်ထပ် အားလုံးကိုမြင်သာသည့် နေရာမှာ မိမိ



ရောက်နေသလို သူမတို့နောက်ကို ပြန်လှည့်ကြည့်လိုက်၍ ကိုယ့်ကို မြင်သွားမည်မှန်းသိပေမယ့်လည်း ဖုန်းကွယ်ဖို့သတိမရ။

လှေခါးလက်ရမ်းကို တင်းကျပ်စွာဆုပ်ကိုင်ရင်း တောင့်တင်းစွာ ရပ်လျက် ငုံ့ကြည့်နေမိ၏။ နှစ်ယောက်သည် နောက်မှ ကပ်ကပ်လေးသွားနေ၏။ ပဝါခြုံထားသည့်တစ်ယောက်ကတော့ ခပ်ကွာကွာလောက်မှနေ၍ ရှေ့ကသွားသည်။

သုံးယောက်လုံး ဦးတည်နေသည်က မီးဖိုဆောင်ဆီသို့ဖြစ်၏။ ငုဝါသည် ကိုယ်ခန္ဓာမလှုပ်မိအောင် မှင်တက်မိနေသော်လည်း အသိစိတ်ထဲမှာ ဖျာခနဲဝင်လာသည်က မီးဖိုဆောင်ထဲမှာ မိုးသဲတို့ရှိနေခြင်းကိုဖြစ်သည်။ ဒီအမျိုးသမီးသုံးယောက်က ဘယ်သူတွေလဲ။

မီးဖိုဆောင်ကိုသွားနေကြတာ ဘာလုပ်ဖို့လဲ။

အိအိနဲ့မိုးသဲအတွက် စိုးရိမ်သွားသည်။ သို့သော် သူမ နေရာမှ မရွေ့လျားမိသေး။ ငုဝါရပ်ကြည့်နေဆဲမှာပင် သုံးယောက်လုံး မီးဖိုဆောင်ရှေ့မှာ ရပ်လိုက်ကြ၏။ ပြီးလျှင် ပဝါခြုံသည့် အမျိုးသမီးကျန်ခဲ့ပြီး နှစ်ယောက်က မီးဖိုဆောင်ထဲ ဝင်သွားကြ၏။ ငုဝါမျက်လုံးတွေပြူးကျယ်သွား၏။ နေရာမှစတင်ရွေ့လျားဖို့ သတိရလာသည်။ မိုးသဲတို့ကို ကူညီရမည်။ သူမတို့ မိုးသဲတို့ကို ဒုက္ခပေးတော့မည်ကို အတပ်သိနေ၏။

'အ'

ခြေထောက်အောက်မှာ ပျစ်စေးသောအရာတွေကို နင်းမိ၍ ချော်ထွက်ကာ ငုဝါလှေခါးနှစ်ထစ်ခန့် ရှောတိုက်ကျသွား၏။ နမ်းကြည့်လိုက်တော့ သွေးတွေ။

လက်ရမ်းကိုသာ မိမိ မဆွဲလိုက်မိလျှင် သူမ ခုလောက်ဆိုလျှင် လှေခါးအောက်ထိ ဒလိမ့်ခေါက်ခွေးကျနေလောက်ပြီ။

ငုဝါ သွေးတွေပေနေသည့်ခြေချောင်းတွေကို ငုံ့စိုက်ကြည့်ရင်း မျက်လုံးတို့က လှေခါးတောက်လျှောက်အတိုင်း ဆင်းပါသွားခဲ့၏။ သွေးစက်တွေ။ သွေးစက်တွေက စောစောကအမျိုးသမီးနှစ်ယောက် ဆင်းသွားသည့် လမ်းအတိုင်း ထမင်းစားဆောင်ထဲသို့ကွေ့ဝင်သွားကာ သူမတို့ရပ်နေသော တံခါးဝမှာတော့ သွေးကွက်ကြီး ပြန့်ကားကျန်ခဲ့၏။ ငုဝါ နှုတ်ခမ်းသားတို့သည် ချမ်း၍တုန်နေသလို တဆတ်ဆတ်

တုန်လာ၏။ တောင့်မတ်စွာ ကျောပေးရပ်နေသည့် အမျိုးသမီး၏ကျော ပြင်ကို စူးစိုက်ကြည့်ရင်း သတိလစ်မတတ် ကြောက်ရွံ့ကာ အသား ပင်ရဲရဲမလှုပ်ရဲတော့ပေ။ ထိုစဉ် အထဲကအမျိုးသမီးတစ်ယောက် ထွက် လာသည်။ ပထမတစ်ယောက်သည် မျက်နှာကိုခပ်ငုံ့ငုံ့နှင့် ဖြူဖွေးနေ သော မျက်ဖြူလန်နေသည့် မျက်လုံးတို့ မစို့မပို့ပေါ်နေ၏။ ငုဝါ လှေခါးကို နောက်ပြန်ဆုတ်တက်ဖို့ ကြိုးစားသည်။ ခြေကန်နေရင်း ကိုယ်က လိုက်မပါနိုင်ဘဲ အင်အားမဲ့နေ၏။ နောက်ထပ်တစ်ယောက် ထွက်လာသောအခါ သွေးစက်တို့၏ တရားခံကို ငုဝါတွေ့လိုက်ရလေ သည်။ အလွန်လှပန့်နှောင်းသော ဒုတိယအမျိုးသမီး၏ ကျောနောက် မှ ဖြန့်ချထားထားသည့် ဆံနွယ်ရှည်များမှ သွေးစက်တို့က မိုးတိတ်စ အိမ်တံစက်မြိတ်မှ ဆင်းကျနေသော ရေပေါက်များနှယ် တပေါက် ပေါက် အဆက်မပြတ် ကျနေ၏။ သူမတို့နှစ်ယောက်သည် အောက် ထပ် စာကြည့်ခန်းထဲရှိရာသို့ ကျွေ့ထွက်လာကြတာ ဖြစ်၏။ ငုဝါကို လှည့်ကြည့်လိုက်လျှင် အနည်းငယ် စောင်းငဲ့ရုံပဲဖြစ်ပေမယ့် မကြည့်၊ ဘေးတိုက်မျက်နှာများကို ငုဝါမြင်ရလိုက်သည်ရှိသော်လည်း ဆံပင် တွေသာ အုပ်ကွယ်လျက် မမြင်ရ။

သူမ သွားနေသော ကြမ်းခင်းပေါ်မှာသာ သွေးစက်တို့က မျဉ်းဖြောင့်တစ်ကြောင်း ဆွဲချလိုက်သလို ဈေးဈေးနီသွားခဲ့သည်။

နောက်ထပ် ပဝါတစ်စ လွင့်ရှားသွားသည်။

ငုဝါမျက်လုံးတွေ တံခါးဝမှာ ရပ်ကျန်ခဲ့သည့် ပဝါရှင်ဆီ ဖျတ်ခနဲ ပြန်ရောက်လာ၏။ သူမသည် ပဝါကိုခြုံထားသည် မဟုတ် တော့ဘဲ ပခုံးတစ်ဖက်မှတစ်ဖက်ကို ပဝါတစ်စကို တန်းလန်းချပစ် လိုက်သဖြင့် ပဝါ၏အစွန်းမှာ နီရဲနေသော သွေးကွက်ကြီးကို မြင်လိုက် ရသည်။ ထိုစဉ် သူမက ငုဝါဘက်သို့ တဖြည်းဖြည်းလှည့်ရပ်လိုက် လျှင် ‘အောင်မလေး’ ငုဝါ လန့်ဖျပ်အော်သည်။ နေရာမှသေလု မျောပါး ကျုံးထပြီး အမျိုးသမီးလည်တိုင်ကျောမှ ဖြဲဟနေသော ဒဏ်ရာကြီးနှင့် ထိုမှကျသော သွေးတို့ဖြင့် ရင်တစ်ပြင်လုံး ချင်းချင်း နီနေသည်ကို မြင်လိုက်ရပြီး ငုဝါသည် ‘အား…’ လှေကားထက် မှအောက်သို့ ဦးတိုက်ကျွမ်းပြန်ကျသွားခဲ့လေသည်။

အခန်း (၃၀)

‘ငုဝါ’

‘ငုဝါရေ’

‘သွေး… သွေးတွေ၊ အား’

‘ငုဝါ’

အတင်းရုန်းကန် ကျုံးထလိုက်သော်လည်း သူမကိုယ်မှာ တုတ်နှောင်ဖက်တွယ်ထားကြသည့် လက်တို့က ဖယ်ကျမသွားခဲ့ပေ။

ငုဝါကြည့်လိုက်တော့ သူမကိုစိုးရိမ်တကြီး ဖက်ထားကြသည့် မိုးသဲနဲ့ အိအိ။

‘အိအိ’

‘ဘာဖြစ်တာလဲ ငုဝါရယ်၊ နင်ကလည်း အော်သံကြားလိုက် လို့ ငါတို့ဖြင့် အောက်မှာ အိုးတွေလွှတ်ကျ ခွက်တွေ လွှတ်ကျ’

‘အေးလေ၊ ဘာတွေ အိပ်မက်မက်နေလို့လဲ၊ စောစောစီးစီး အိပ်ရာပေါ်လှဲချပြီး စိမ်ကျကျမနေဘဲ သူ့မှာကြောက်နေသေးတယ်’

မိုးသဲက သက်ပြင်းလေးချ၍ ရေတစ်ခွက်ခပ်ပေးသည်။

‘ဧကန္တ သွေးဆိုတာနဲ့ပဲ လန့်သွားတာမဟုတ်လား၊ ပြော တော့ဖြင့်သူပဲ ဘာမှမဖြစ်သလိုလို ဘာလိုလိုနဲ့’

‘အဟွန်း’

ငုဝါ ဟန်ဆောင်ပြုံးရယ်ကာ နဖူးကချွေးကို လက်ဖဝါးနဲ့ ပွတ်သုတ်ပစ်လိုက်သည်။ မိုးသဲတို့ ပေါ့ပါးသွားစေလို၍ဖြစ်သည်။

ပြီးတော့ အိပ်မက်က အိပ်မက်ပဲ။ ငုဝါ ကြောက်စိတ်တို့ ချက်ချင်းပြေသွားသည်။ သူငယ်ချင်းတို့၏မျက်နှာနှင့် နေ့ဘက်မက်သည့်အိပ်မက်နှင့် လက်တွေ့ကို ခွဲခြားဖျောက်ဖျက်ပစ်လိုက်သလို လည်းဖြစ်ခဲ့၏။ သို့သော်…

'တင်… တင်… တင်… တင်… တင်'

'အယ်'

'ဟဲ့… အဲဒါ ဘာသံလဲ'

အိအိနဲ့ မိုးသဲတို့က ငုဝါကို ကြည့်၍ မေးသတ်၏။ ငုဝါ မဖြေနိုင်။ သူမကိုယ်တိုင် ဘာမှန်းမသိပါ။

'ဒီအခန်းထဲကဟာ'

'ဟုတ်တယ် နာရီသံလား မသိဘူး'

ကြောက်ရွံ့ကုန်ကြသည့်မျက်နှာတွေ ဖြစ်သွားကြသည်။ စပ်စုတတ်သည့်မျက်ဝန်းတို့ကတော့ ဟိုကြည့်ဒီကြည့် ဖြစ်နေဆဲ။ ဒါက ကိုယ်ခေါ်လာသည့်နေရာ။ ကိုယ်က အိမ်ရှင်။ ငုဝါ အိပ်ရာပေါ်က ဆင်းကာ အသံလာသည်ဟုထင်ရသော နေရာသို့ ရဲရဲတင်းတင်းသွား၏။ ထိုအခါကျမှ မိုးသဲတို့နောက်က လိုက်လာကြသည်။

'ဒီဗီရိုထဲက ထင်တယ်'

'ဟုတ်တယ် ငုဝါ၊ နင့်မှာ သော့ပါလား'

'ပါတော့ပါတယ်၊ အဲဒီသော့ ပါလား မပါလား မသိဘူး'

ငုဝါသော့ဖွင့်နေတော့လည်း အသံက စည်းချက်မှန်စွာ မြည်နေဆဲ။ တံခါးဖွင့်သွားသည်နှင့် အသံက အထဲကမှန်း ပို၍သေချာလေ၏။ ဗီရို၏ ကျောနောက်နှင့် အောက်ခြေတွေမှာ လိုက်ရှာနေသည့် အိအိက ကပျာကယာထလာကြည့်သည်။

ဗီရို၏ တတိယထပ် အထည်ခေါက်တို့၏ နောက်ကြားထဲကို ရှာဖွေသည့်ငုဝါလက်ထဲမှာ နာရီလေးပါလာလေသည်။ ဘူးတွေဘာတွေနှင့် ထည့်ထားတာမဟုတ်။ ဒီတိုင်း ထိုးသိပ်ထည့်ထားတာမျိုးဖြစ်သည်။ ထူးခြားသည်က နာရီကို သူမလက်နှင့် ထိကိုင်လိုက်သည်နှင့် မြည်သံက တိခနဲ တိတ်ကျသွားခဲ့၏။

'ဟယ်… နာရီလေးပဲ ကြည့်စမ်း၊ လှလိုက်တာ၊ ဘယ်က



မြည်တာလဲ၊ ပြန်လုပ်ကြည့်စမ်း ငုဝါ၊ နင်ပိတ်လိုက်တာလား၊ ဆယ့်တစ်နာရီထိုးဖို့ ဆယ်မိနစ်လိုသေးတယ်၊ စောစောကမြည်နေတာ နာရီထိုးသံတော့ မဖြစ်နိုင်ဘူး'

'ငါဘာမှမလုပ်ပါဘူး၊ ကိုင်လိုက်တာနဲ့ ပိတ်သွားတာ'

ငုဝါ တကယ်ဘာမှမလုပ်သည်မို့ မလုပ်ဘူးဘဲ ပြောတော့ သူတို့မှာ ပို၍ ထူးဆန်းကျေနပ်သွားကြပြန်သည်။

'ကလေးလေးလိုပဲနော်၊ ကောက်ချီလိုက်တာနဲ့ အငိုတိတ်သွားသလိုမျိုး၊ ပြစမ်း ချစ်စရာလေး'

သူတို့ကိုင်ကြည့်နေကြတာကို ငုဝါလိုက်ငေးရင်း ဒါ ဘယ်မိန်းမရဲ့ပစ္စည်းဖြစ်နိုင်မလဲဆိုတာကို တွေးနေမိသည်။

ဒီအိမ်မှာ သက်သက်ခင်နဲ့ ဌေးဌေးဆိုတာ နှစ်ယောက်နေခဲ့သည်။ ဘယ်သူ့ပစ္စည်းလဲ။ ဒီအခန်းမှာ နှစ်ယောက်လုံးပဲ နေခဲ့သည်လား။ နွယ်သာကြီကတော့ ချစ်ခဲ့ပေမယ့် လက်ထပ်ခဲ့တာမဟုတ်တော့ ဒီရောက်နေသည့် ပစ္စည်းဟာ သူ့မပစ္စည်းမဟုတ်နိုင်။

ဘာပဲဖြစ်ဖြစ် ထွန်းဇော်ဦး မြင်လိုက်လျှင်တော့ သိမှာပင်။ ရင်ထဲမှာ ရှက်ရွံ့နာကျည်းလာခဲ့မိ၏။

ဤကဲ့သို့ အိမ်ထောင်ဆက်တွေရှိခဲ့သော ယောကျ်ားနှင့်မှ လက်ထပ်ပေးခဲ့သော မာမီတို့ကိုလည်း မကျေနပ်သလိုဖြစ်မိသည်။ အလွယ်တကူလက်ခံခဲ့မိသော ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်။ ဒီယောကျ်ားနှင့်လက်ထပ်ပေးမည်ဟု မိဘတွေပြောစဉ်က ကိုယ့်ထက်အသက်ကြီးကာ လူမျိုးဘာသာကွဲနေသည့် ဟိုလူကြီးကို ဘယ်လိုမှ လက်မခံနိုင်ဖြစ်နေသည့် စိတ်ကလည်း ရှိနေသည်။

ဓာတ်ပုံကိုမြင်တော့ သူ့ပါလားဟုသိလိုက်ရသည့်အချိန်မှာ ခဏလေးအတွင်း မာနတွေပြိုဆင်းကုန်ကာ တစ်ထိုင်တည်းဆုံးဖြတ်၍ ခေါင်းညိတ်ခဲ့မိ၏။ ခုကျတော့ ကြာလာလေ ရင်နာလေ မခံစားနိုင်ဖြစ်ခဲ့ရလေ။ ဒါ ဘာဖြစ်လို့လဲ။ ဘယ်မိန်းမကိုအချစ်ဆုံးလဲဆိုသည့် အဖြေဟာ အချိန်နှင့်အမျှ အရေးကြီးလာခဲ့တာ ဘာကြောင့်လဲ။ ငုဝါ မသိပါ။ ဒါပေမဲ့ သူမရင်ထဲမှာ အချိန်တိုင်း တင်းကျပ်နေခဲ့သည်သာ ဖြစ်၏။

'ကဲ… ကဲ… ထမင်းသွားစားရအောင်၊ သူဌေးကတော်လေး အိပ်ရေးဝဝ အိပ်ပြီးပြီ မဟုတ်လား'

အိအိက ငုဝါလက်မောင်းလေးကို ပုတ်၍ ရှေ့ကထွက်သွားသည်။ မိုးသဲက နောက်ကထွက်၏။ ငုဝါ နာရီကို လက်မှာငုံ့ပတ်ရင်း နေရာမှာတင် ရပ်ကျန်ခဲ့သည်။ ထိုစဉ် မျက်လုံးတို့က နာရီမှကျော်လွန်၍ ဘယ်ဘက်ခြေချောင်းထိပ်ဖျားကလေးများဆီ အမှတ်တမဲ့အရောက်

'ဟင်'

ငုဝါ မျက်လုံးတွေ ပြူးကျယ်သွား၏။ ငုတ်တုတ်လေးထိုင်ချကာ သေသေချာချာကြည့်၏။ ထို့နောက် မရဲတရဲတို့ကြည့်လိုက်တော့ သွေးတွေ။

'ဘုရား… ဘုရား'

ငုဝါ ရင်တွေ တဒိန်းဒိန်းခေါင့်ခုန်လာ၏။ နေရာမှဖျတ်ခနဲ ထရပ်ကာ လှေခါးအတိုင်း ပြေးဆင်းလာခဲ့သည်။ အိပ်ခန်းထဲမှာ သူမခြေချကျခဲ့သည့် လှေခါးနှစ်ထစ်ရောက်တော့ ရပ်၍ သေသေချာချာငုံ့ကြည့်၏။ ဘာမှမရှိပါ။

ပြီးတော့ တိုနေရာမှ တောက်လျှောက် အောက်ထပ်ကြမ်းပြင်တစ်ပိုက်ထိ ကမန်းကတန်းဝေ့ဝဲကြည့်မိသည်။ မီးဖိုခေတင် တံခါးဝမှာ အိုင်ထွန်းသော သွေးတွေကော မျဉ်းတစ်ကြောင်းလို အတန်းလိုက်ဖြစ်ကျန်ခဲ့သော သွေးစက်များပါ ဘာဆိုဘာမှမရှိ။ ဒါပေမဲ့ သူမ ခြေချောင်းမှာတော့ သွေးတွေစိုနေသည်။ ငုဝါ လှေကားမှတစ်ထစ်ချင်း နင်းဖြတ်ဆင်းရင်း ခရင်းလင်းနိုင်သော ရင်ဘတ်ထဲမှာ ထွန်းဇော်ဦးရယ် မိန်းမသုံးယောက်ရယ်သာ။

⁂

အခန်း (၃၁)

နာရီကြောင့် အမျှင်မပြတ်နိုင်သော အတွေးတို့ကို တွေးနေရင်း ငုဝါ အိပ်ရာထဲမှာ ဟိုလိမ့် ဒီလိမ့်နှင့်ဖြစ်နေခဲ့သည်။ ဒါ ဘယ်သူ့နာရီလဲ။ ထွန်းဇော်တော့ သိမှာပဲမို့ သူ့ရှေ့မှာ တမင်ပတ်ထားလိုက်တာဖြစ်ကာ ခုတော့ သူမထင်ထားသည်ထက် ပိုကဲသော ထွန်းဇော်၏ မျက်နှာပေါ်က လှုပ်ရှားမှုများကို တွေ့ရသည်မှာ ရင်နာစရာကောင်း လှသည်။

သူ ပြောပါလိမ့်မည်။ မင်းကို စိုးရိမ်လို့ပါဟု။ ထိုစဉ် အခန်းတံခါးလာခေါက်သံကို ကြားလိုက်ရင်း…

'ခေါက်… ခေါက်'

'သမီးရေ… ငုဝါ'

'ရှင်'

ငုဝါ လှဲနေရာမှ ထထိုင်၍ ထူးလိုက်၏။

'မေမေ ပုတီးစိပ်ဦးမယ်၊ သမီး ထမင်းဆင်းစားလိုက်ပါဦးကွယ်၊ ညဉ့်နက်နေပြီ၊ တော်ကြာ ဗိုက်တွေဘာတွေ နာနေဦးမယ်'

'ဟုတ်ကဲ့၊ ငုဝါ မဆာသေးလို့ပါ၊ ဆာရင် စားမှာပါ'

'အေး… အေး…'

ခေါ်ကြည်ကြည်ကို ငုဝါ အားနာပါသည်။ တစ်ခါတစ်ခါ တော်တော်ပြောဆိုမိသလိုလည်း ငုဝါဘက်က ရှိဖူးသည်။ ထိုအခါ ထွန်းဇော်ကို အနိုင်မခံ အရှုံးမပေးပြောခဲ့မိပေမယ့် ငုဝါသိသည်။

အိပ်ရာထက်သို့ တအိအိပြန်လှဲလိုက်ရင်း ချော့မော့အရှုံးပေးတတ်ခြင်းမရှိခဲ့သော မာနကြီးလွန်းသည့် ထွန်းဇော် မျက်နှာကို မြင်ယောင်ကာ အူတွေနာအောင် ဆာနေတာကိုလည်း ဂရုမစိုက်ချင်တော့။

ပခုံးတွေကို နာကျင်အောင် ဖျစ်ညှစ်ဆောင့်ခါခဲ့ခြင်းအား ပြန်သတိရလာ၏။ ငုဝါ မျက်ဝန်းတွေကို မှိတ်ချကာ အံကြိတ်ထားလိုက်သည်။

'တင်… တင်… တင်… တင်…'

'ဟင်'

ငုဝါ နာရီပတ်ထားသည့်လက် ဆတ်ခနဲဖြစ်သွားသည်။ ကြည့်လိုက်တော့ ကိုးနာရီတိတိ။

'တင်… တင်… တင်… တင်'

ဒီနာရီဟာ ဘယ်နှစ်နာရီထိုးထိုး မထိုးထိုး မြည်နေတာပဲလား။ နာရီကိုငေးကြည့်ရင်း ငုဝါ မျက်ဝန်းထဲမှာ ရီဝေဝေ မှုန်ဝါးဝါး မိုက်ခနဲဖြစ်သွားသည်။

မျက်တောင်တွေကိုပုတ်ခတ်၍ သေချာပြန်ကြည့်တော့ ကြည်လင်သွား၏။ ချက်ချင်းပြန်၍ ဝါးသွားပြန်သည်။ ထိုအခါ ဖြူနုသော မျက်နှာပုံတစ်ခုကို ရိပ်ခနဲမြင်လိုက်သည်။ မှန်ကာဘာဘာဟာ ကြေးမုံတစ်ခုဖြစ်သွားသလိုလို…

'ချုပ်'

ငုဝါ မျက်ဝန်းထောင့်မှာ တံခါးပွင့်သွားတာကို သိလိုက်သည်။ လှည့်ကြည့်လိုက်တော့ ဟနေသည့်တံခါးကြားမှာ သူမဘက်ကိုရပ်၍ စူးစိုက်ကြည့်နေသည့် ပဝါရှင်အမျိုးသမီး…

'ဟင်… ရှင်… ရှင်…'

ငုဝါ နောက်ထပ်တစ်ကြိမ် လူးလဲကျုံးထကာ ထိုအမျိုးသမီးကို ကြည့်သည်။ သူမသည် ဝတ်ထားသည့်ဝတ်စုံ ပခုံးမှာချထားသည့် ပဝါနှင့်လိုက်၍ ဆွတ်ဆွတ်ဖြူနေသော မျက်နှာဖွေးဖွေးကြီးက ထင်းနေ၏။ ပြီးတော့ ထိုမျက်နှာပေါ်မှာ ဝင်းဝင်းလက်လက်ဖြစ်နေသည့် မျက်လုံးအစုံ။ သူမလည်ပင်းမှာ နီရွှေးသော ဒဏ်ရာကြီးက ကန့်လန့်ဖြတ်ရှိနေသည်။ သွေးများလည်း ထွက်နေ၏။



လည်ပင်းမှ ရင်ဘတ် ဝမ်းဗိုက် ဝတ်စုံများမှတစ်ဆင့် ကြမ်းပေါ်သို့ ကျလှကျခြင်း။ လှုပ်လီလှုပ်လဲ့ခိုတွဲနေသည့် သွေးစက်တို့က လှန်းထားသည့် ရေစိုအဝတ်တစ်စမှ ရေသီးတွေကဲ့သို့။

ငုဝါ အော်ဟစ်မောင်းထုတ်မိသော်လည်း လည်ချောင်းဝမှာ တစ်ဆို့ကျပ်ခဲနေသည်။

ထိုစဉ် သူမသည် အခန်းတွင်းသို့ တစ်လှမ်းချင်းလှမ်းဝင်လာ၏။

'တင်… တင်… တင်… တင်…'

သူမတို့ခြေလှမ်းတို့ချတိုင်း နာရီစက်သံနှင့်တစ်ထပ်တည်းဖြစ်နေသည်။

'ရှင်… ရှင်…'

ငုဝါ ဘာဆို ဘာအသံမှမထွက်ပါလား။ သူမသည် ငုဝါကို စူးစိုက်ကြည့်ရင်း ညှင်းသွဲ့သော လေပြည်နုနုလို လျှောက်ဝင်လာခဲ့၏။ ငုဝါ သူမကိုကြည့်ကာ နေရာမှ တဖြည်းဖြည်းထရပ်လိုက်မိ၏။ သူမသည် ငုဝါနှင့် ခပ်လှမ်းလှမ်းမှာ ခြေစုံရပ်ပစ်ပြီး ခပ်ညှင်းညှင်းရယ်၏။ ရယ်သံသည် တောပတ်လည်ကာရံသည့် တောင်စောင်းမှ ပဲ့တင်ထပ်လာသလို လှိုက်ခါ တုန်ဟီးလျက်ကျောချမ်းစရာကောင်းနေသည်။

'နင်'

သူမထံမှ ပြေရှရှ အသံကြီးနှင့်အတူ သူမ၏ ညာဘက်လက်က ဆတ်ခနဲ ဆန့်ထွက်လာ၏။ ပြီးလျှင် ငုဝါမျက်နှာတည့်တည့်ကို လက်ညှိုးထိုးလိုက်ပြီး…

'ငါ့နောက်က လိုက်ခဲ့စမ်း'

သူမသည် မည်သို့သော ချုပ်ကိုင်နိုင်စွမ်းတို့နှင့် ညှို့ငင်ခေါ်ဆောင်ခဲ့မှန်းမသိ။ သူမ ကျောခိုင်းထွက်သွားသည်နှင့် ငုဝါ သူမနောက်ကနေ တိတ်ဆိတ်စွာ လိုက်ပါသွားခဲ့၏။ တောက်လျှောက်မှာ နာရီသံက စည်းချက်မှန်အတိုင်းထွက်ပေါ်နေခဲ့ပြီး ဝရန်တာတံခါးဘက်ကို လက်ညှိုးထိုးပြပြီး သူမ ရပ်လိုက်သည်နှင့် နာရီသံက ရပ်တန့်သွား၏။

'ခုန်ချလိုက်'

ငုဝါ ရှေ့သို့ ဆက်တိုးသွားသည်။

'ခုန်ချလိုက်'

သူမကို ပြန်ကြည့်တော့ ငုဝါကို စူးစိုက်လှမ်းကြည့်နေသည့် သူမမျက်ဝန်းတွေအား မီးရောင်ကိုကျောပေးထားပေမယ့် မြင်နေရသည်။

'ခုန်ချလိုက်စမ်း'

ငုဝါ ဝရန်တာစတီးပိုက်လုံးကြီးများကို ဆုပ်ကိုင်လိုက်၏။ ဒီတန်းတို့ကိုကျော်ခွ၍ တစ်ဖက်က တစ်ပေသာသာ အုတ်ပြားလေးပေါ် ခြေချမိလျှင် ခုန်ချဖို့အတွက် အသင့်ဖြစ်ပြီ။ ငုဝါသည်လည်း အောက်ကို ငုံ့ကြည့်၍ ငေးနေမိ၏။

'ခုန်ချလိုက်'

'ခုန်ချလိုက်'

ကျောဘက်မှ သူမ၏အမိန့်သံက နားထဲမှာ သာယာနေသည်။ အလွန်လေးစားဖွယ်ကောင်းသော ဆရာသမားတစ်ယောက်၏ အမိန့်တစ်ရပ်နှယ် သူမဟာ ထိုအမိန့်ကိုနာခံဖို့လည်း ညွှတ်ပျောင်းနေခဲ့ပြီဖြစ်၏။

'ခုန်ချလိုက်'

'ခုန်ချလိုက်'

ငုဝါ စတီးပိုက်တန်းတွေကို ဆုပ်ကိုင်ကာ ကျော်ခွတက်လိုက်၏။ သူမ မျက်လုံးထဲတွင် အောက်မှာအလွန်မြင့်မားသော ကွန်ကရစ်လမ်းနှင့် ဝရံတာ၏ အကွာအဝေးကိုမမြင်။

ကစားကွင်းတစ်ခုထဲမှာ ဆော့ကစားနေသော ကလေးတစ်ဦး၏ ပေါ့ပါးခြင်းမျိုးနှင့်ဖြစ်၏။

ဝရံတာကို ကျော်ခွတက်နေသည့် အရိပ်တစ်ခုကို ထွန်းဇော် လှမ်းမြင်လိုက်သည်။ သူ မျက်စိမှားတာလား။ ကားကိုခြံထဲမောင်းဝင်လာရင်း မှန်ချ၍ သေချာစွာလှမ်းကြည့်မိသည်။ ဟုတ်သည် ကျော်ခွဆင်းနေသည်။ အပေါ်ထပ်အိမ်တွင်းမှ မီးရောင်မှိန့်မှိန့်မှာ လှုပ်ရှားနေသည့်အရိပ်သည် ငုဝါဖြစ်နိုင်မှန်းလည်း ချက်ချင်းသိလိုက်၏။



ငုဝါ… ငုဝါ ဘာလုပ်နေတာလဲ။

သူ ဘာမှစဉ်းစား၍မရပါ။ ကားကို ရောက်သည့်နေရာမှာရပ်ပစ်ကာ ထိုနေရာဆီသို့ ပြေးဆင်းခဲ့မိသည်။

'ငုဝါ… ငုဝါ မလုပ်နဲ့၊ အဲဒီမှာ ရပ်နေစမ်း'

ငုဝါက ဝရံတာတန်းတို့ကို ကျော်ဆင်းပြီးပြီဖြစ်ကာ ဒီဘက် အုတ်ပြားလေးမှာ ခြေထောက်ချ၍ သူ့ကိုငုံ့ကြည့်သည်။ ငုဝါ၏ဆံပင်ရှည်ရှည်တို့က ထိုးပင့်တိုက်ခတ်ထားသောလေကြောင့် ဝေ့ဝဲ မျောလွင့်နေကြသည်။ ဆံပင်ရှည်တွေချည်းရှိနေခဲ့ကြသည့် မိန်းမလေးယောက်၏ တူညီမှုကို ဖျတ်ခနဲသတိရကာ ထွန်းဇော်ခေါင်းတွေ ပို၍ပူသွား၏။

ငုဝါက သူ့ကိုငုံ့ကြည့်ရင်း နောက်ဘက်တန်းမှာ တင်ထားဆဲ ခြေတစ်ဖက်ကို ချ၏။

'ငုဝါ ဘာလုပ်နေတာလဲ၊ ငြိမ်ငြိမ်လေးနေလိုက်၊ ကိုယ်လာ မယ်၊ မလှုပ်နဲ့နော်၊ လုံးဝမလှုပ်နဲ့၊ လက်တွေကိုဆုပ်ထား'

သူ တအားအော်ပြောကာ တိုက်ထဲပြေးဝင်ဖို့ ပြင်၏။ ငုဝါဆီ အချိန်မီပြေးဖို့ဖြစ်၏။ သို့သော် သူ ခြေလှမ်းပြင်လိုက်စဉ် ငုဝါသည် မိုက်မဲစွာ ခုန်ချပစ်လိုက်လေသည်။

'ဟာ… ငုဝါ'

ခေါင်းထဲမှာ ဒိုင်းခနဲ ပြာဝေသွားသည်။ သူ ဘာကိုမှ စဉ်းစားဖို့သတိရမတော့ဘဲ ငုဝါ ထိုးကျလာသည့် အောက်ကို ပြေးရပ်ပစ်လိုက်၏။

'အား…'

'အား…'

စူးရှသော ငုဝါ၏အော်သံအဆုံးတွင် နာကျင်သော ထွန်းဇော်၏ အော်သံက ဆက်တိုက်။ မြင့်မားသော အရပ်မှ ပြုတ်ကျလာသည့် ငုဝါကို ဆီးဖမ်းလိုက်မိသည့် ထွန်းဇော် ဝုန်းခနဲ ပစ်လဲသွား၏။ ခွပ်ခနဲမြည်သံတစ်ချက် ထွက်ပေါ်လာကာ ထွန်းဇော်၏ နောက်စေ့တစ်ခုလုံး ပွင့်ထွက်သွားပြီလားဟု ထင်ရလောက်အောင် နာကျင်လျက် သူ…

'အ… အား…'

သူ ငုဝါကိုယ်လေးကို စမ်းသည်။

ငုဝါ၏ ဦးခေါင်းဆံစဖျားထဲသို့ စမ်းကြည့်၏။ သူ အနာခံ ပစ်လိုက်တာဟာ ငုဝါ ထိခိုက်ဒဏ်ရာမဖြစ်စေချင်လို့ပါ။ ငုဝါ ဒဏ်ရာ ရသွားသလား သတိလစ်သွားတာလား။ သူ့လက်တွေ စမ်းသပ်ရင်း အင်အားချိနဲ့လာသည်။ နောက်ဆုံးစမ်းလိုက်မိသည့်အရာက နာရီ။

အမှောင်ကျလုဆဲဆဲ အသိတရားတို့က သေမင်းတမန်ကို တွန်းလှန်ရမှန်းတော့ သိနေသေးသည်။ သူ နာရီကို ကြိုးစားပမ်းစား ဖြုတ်ယူလိုက်၏။ ငုဝါကို တစ်ဖက်က ဖက်ထားရင်း နာရီကို ဆုပ်မိသွားသည့်လက်က လမ်းပေါ်သို့ ဘုတ်ခနဲ ဆန့်ကျသွား၏။ နာရီကို တော့ ဆုပ်ကိုင်ထားဆဲပါ။ ဒီနာရီကို ရွှန့်ပစ်ရမည်။

သူ၏ ပြာတစ်လှည့် မှောင်တစ်လှည့် အာရုံများကြားမှာ ဝရန်တာပေါ်တွင် ရပ်နေသော ဖြူလွှသည့်အရိပ်တစ်ရိပ်ကို တွေ့၏။

ထိုအရိပ်ဟာ နာရီရှိနေသော သူ့လက်နားသို့ ဖျတ်ခနဲ ဆင်း ကျလာပြန်သည်။

'အဟင်း… ဟင်း…'

ရယ်သံ သူမ ရယ်နေသည်။

'အဟင့်… ဟင့်…'

ပြီးတော့ ရှိုက်ကြီးတငင် ငိုချလိုက်သံ။ ထို့နောက် ထို့နောက် မှာ သူ ဘာမှမသိတော့ပါ။

## အခန်း (၃၂)

'အသက်အန္တရာယ် မရှိတော့ပါဘူး၊ ဒါပေမဲ့ သူ့ဦးနှောက်နဲ့ အာရုံကြောတွေ ထိခိုက်ခဲ့တာကတော့ ပကတိအတိုင်း ပြန်ရမရဆိုတာ အတပ်မပြောနိုင်ဘူးဗျာ၊ သူ သတိရလာမှပဲ အဖြေမှန်ကို သိကြရမှာ၊ ကံကိုပဲ ပုံရတော့မှာပဲ'

ဦးခေါင်းကိုပြင်းထန်စွာ ထိခိုက်ထားခဲ့သည်။ ခွဲစိတ်ဆရာဝန် ကြီးတွေ အထူးကြိုးစား၍ အသက်တစ်ချောင်းကို ကယ်တင်ခဲ့ကြ သည်။ ဒါပေမဲ့ ထွန်းဇော်ဦး အသိတရားမရ။ မူလအတိုင်းရှိနေ မနေ ဆိုတာကတော့ သောလောဆယ် ငါးဆယ်ရာခိုင်နှုန်းမပြည့်ချင်။

'ကိုဇော်ရယ်… ငုဝါကြောင့်'

ငုဝါ ဘာမှမဖြစ်ခဲ့ပါ။ ငုဝါအတွက် အသေခံ၍ ဆီးဖမ်းထား ခဲ့သည်၊ ငုဝါ၏ ပါးပြင်ထက်သို့ အတားဆီးမဲ့သော မျက်ရည်တွေ အဆက်မပြတ်ကျလာသည်။

ဝရန်တာပေါ်မှ ခုန်ချလိုက်ပြီဆိုကတည်းက ငုဝါ ကိုယ့်ကိုယ် ကိုယ် သတိရသွားသည်။ သို့သော် သူမဟာ ခြေထောက်လွတ် ပြုတ်ကျခဲ့ပြီ ဖြစ်၏။ ကြောက်လန့်တကြားအော်ဟစ်ရင်း ထွန်းဇော် ပြေးချလာတာ ကို လှမ်းမြင်ခဲ့သည်။ ထို့နောက်တွင် ထွန်းဇော်ဟာ သူမကြောင့် ဆေးရုံပေါ်မှာ သေလုမျောပါး…

'ကိုဇော်ရယ်…ငုဝါလေ ငုဝါ ကိုဇော့်ကိုချစ်လွန်းလို့ သံသယစိတ်တွေမှားခဲ့တာ၊ ငုဝါ မှားခဲ့တာပါ၊ ကိုဇော်ချစ်တာတွေကို ငုဝါသိပါပြီ၊ ငုဝါကို ခွင့်လွှတ်ပါနော်'

သူမ သတိမရသေးသည့် ထွန်းဇော်ဦးလက်ခုံကို ပါးပြင်မှာကပ်၍ တအင့်အင့် ရှိုက်ငိုနေမိသည်။ သူမနှင့်အတူ ငိုကြွေးနေခဲ့သော ဒေါ်ကြည်ကြည်။ ငုဝါကိုလည်း နှစ်သိမ့်၍ ထထွက်သွားပါပြီ။

ဒါဟာ ငုဝါစိတ်နဲ့ငုဝါတိုယ်လျှေးလွန့်ခဲ့တာမဖြစ်နိုင်။ ထွန်းဇော်လက်ထဲမှာလည်း နာရီလေး တွေ့သည်။ ငုဝါ သတိရ၍ ပြောကြတော့ ထိုနာရီကို သူမ ပတ်ထားခဲ့သည်ဟု ဝန်ခံ၏။ ဒေါ်ကြည်ကြည်ယ်သူနှင့်ပြိုင်၍ ငိုယိုမနေချင်မို့ ကွယ်ရာကိုထွက်ခဲ့ပြီး ကြိတ်ရှိုက်သည်။ သို့သော် သားလေး မသေဆုံးခဲ့တာကိုပဲ ကျေနပ်ရပါဦးမည်။ ငုဝါလည်း အံကလေးကြိတ်၍ ထွန်းဇော်ကို ငုံ့ကြည့်နေသည်။

'ကိုဇော်ဟာ ငုဝါကြောင့် ရူးသွပ်သွားခဲ့ရင်တောင် ကိုဇော့်ကိုပြုစုစောင့်ရှောက်ရင်း ဘဝကိုတံ့ပြန်ပေးဆပ်သွားပါ့မယ် ကိုဇော်၊ မြတ်မြတ်နိုးနိုး ပြုစုသွားမှာပါ'

ဝေဒနာများကြားမှ သူမလက်က နာရီကို ဖြုတ်ယူပစ်ခဲ့သေးသည့် ထွန်းဇော်၏စိုးရိမ်ကဲခြင်းကို သူမ စော်ကားခဲ့မိသည့်အတွက် ဖြေလို့ မရခဲ့ပါ။ ရင်ထဲမှာ နာကျင်ကျုပ်ခဲလာ၏။

ငိုရှိုက်နေရင်း အားမရ။ ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့ရင်းလည်း မကျေနပ်။ ထွန်းဇော်သာ မကယ်လျှင် သူမဘဝဟာ ခုလောက်ဆိုတမလွန်ဆိုသည့် ဘဝမှာ မမြင်မစမ်း လျှောက်လှမ်းနေခဲ့ရမည်သာ။

ခုတော့ သူမ မသေဆုံးခဲ့ပေမယ့် ထွန်းဇော် ရူးသွပ်ရတော့မည်။ အားလုံးဟာ သူမကြောင့်…

'ငုဝါ မှားပါတယ်၊ ခွင့်လွှတ်ပါ၊ ကိုဇော့်ကို ချစ်လွန်းလို့မှားခဲ့တာပါ'ဒီစကားတွေကိုတောင် သူမ ဖွင့်ဟဝန်ခံလို့မရနိုင်တော့ဘူးလား။

'ကိုဇော်… ကိုဇော် သတိရပါတော့၊ ငုဝါကို ကြည့်ပါဦး၊



ငုဝါကို ကိုဇော်ချစ်တယ်ဆို၊ တစ်လောကလုံးကို ကိုဇော်မေ့ပါ၊ ငုဝါကိုတော့ မေ့မပစ်လိုက်ပါနဲ့၊ ကြည့်ပါဦး ကိုဇော်ရယ်၊ ငုဝါခေါ်နေတာကိုကြည့်ပါဦး' ငုဝါ ရှိုက်ငိုရင်း ထွန်းဇော်၏ စင်းကျနေသော မျက်တောင်တို့ကိုငေးကြည့်ကာ တတွတ်တွတ်ခေါ်နေမိသည်။

သူသိသိ မသိသိ တတွတ်တွတ် တောင်းပန်နေမိသည်။ ထိုစဉ် ထွန်းဇော်ဦး၏ တင်းစေ့နေသော နှုတ်ခမ်းတစ်စုံ တွန့်ခနဲဖြစ်သွားသည်။

'ကိုဇော်' ခုတင်ဘေးသို့ ဖျတ်ခနဲပြောင်းထိုင်ရင်း ငုဝါအော်လိုက်မိသည်။ ထွန်းဇော် မျက်နှာရိပ်မျက်နှာကဲကို အဆက်မပြတ်ကြည့်ကာ နောက်ထပ်ခေါ်ရန် ပြင်နေဆဲ ထွန်းဇော်၏ မျက်တောင်များလှုပ်ခတ်လာသည်။

'ကိုဇော် ကိုဇော် သတိရပြီနော်၊ ငုဝါ… ငုဝါလေ'

ထွန်းဇော်မျက်ဝန်းတွေ ပွင့်လာသည်။

'ငုဝါ'

ထိုခေါ်သံတစ်ခွန်းအတွက် တစ်ဘဝစာ ငုဝါ ပျော်သွားသည်။

※

ဒေါ်ကြည်ကြည်၏ စီစဉ်မှုဖြင့် နှယ်သာကီဟု အမည်ပေးခဲ့သည့်ခြံတွင် မိသားစုအစဉ်အဆက်ကိုးကွယ်ခဲ့သည့် ကျောင်းတိုက်မှ ဆရာတော်ကြီး ဦးဆောင်သော သံဃာတော်(၁၀)ပါးကို ပင့်ဖိတ်၍ လှူဒါန်းမှုအစုစုနှင့်တကွ ဆွမ်းကပ်ခဲ့သည်။

သံဃာတော်များမှ မေတ္တာဖြင့် ချီးမြှင့်သည့် ပရိတ်တရားတော်များကို ကြားနာပြီးသည့်အဆုံးမှာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

တရားနာကြစဉ် ဒေါ်ကြည်ကြည်က သူ့နံဘေးတွင် နှယ်

သာကီ၏ လွယ်အိတ်နှင့် နာရီကိုချထားသည်။ ၄င်းနံဘေးတွင်မှ ထွန်းဇော်ဦးနှင့် ၎ဝါတို့ အစဉ်လိုက်ထိုင်ကြသည်။


အမှုပေးဝေစဉ် ဒေါ်ကြည်ကြည်က ကွယ်လွန်သွားကြပြီးဖြစ်သည့် နွယ်သာကီ၊ သက်သက်ခင်၊ ဌေးဌေးတို့ကို ရောက်ရာကြားရာအရပ်မှ သာဓုခေါ်ဆိုနိုင်ကြစေရန်အတွက် အသံကျယ်ကျယ်နှင့် နာမည်တပ်၍ အမျှသုံးကြိမ်ပေးဝေခဲ့သည်။

ညနေပိုင်းတွင် နွယ်သာကီ၏ လွယ်အိတ်နှင့် တစ်လျှောက်လုံး ဒုက္ခပေးခဲ့သည့် နာရီတို့ကို လှိုင်မြစ်အတွင်း ရေမျှောချခဲ့သည်။ ထိုအချိန်တွင် ထွန်းဇော်ဦး၏ ရင်ထဲ၌…

အယူအစွဲ လွဲမှား၍ တဝဲလည်လည် ကျင်လည်နေခဲ့ရသော ဘဝမှလွတ်မြောက်ပြီး ကောင်းမွန်ရာဘုံဘဝသို့ နွယ်သာကီတစ်ယောက် ကူးပြောင်းရောက်ရှိပါစေကြောင်း ဆုအကြိမ်ကြိမ်တောင်းလျက်…

၎ဝါကတော့ အယူအစွဲ အငြိုးအတေးကင်းလျက် သူမ ချစ်သော ကိုဇော်၏ရင်ခွင်မှာ ထာဝရ အေးချမ်းစွာနားခိုပါရစေဟု တွေးတောလျက်…။

နဝင်း


ဂိုဏ်း
ဝိညာဉ် မိစ္ဆာ